Forum of Federations
The Global Network on Federalism and Devolved Governance

Konrad Adenauer Stiftung

# အခြေပြု ဖက်ဒရယ်လစ်ဇင်

George Anderson



2016 © Copyright by Forum of Federations and Konrad-Adenauer Stiftung Ltd., Myanmar

Forum of Federations
75 Albert Street, Suite 411
Ottawa, ON K1P 5E7, Canada
Tel.: +1 613-244-3360
Fax: +1 613-244-3372
forum@forumfed.org
www.forumfed.org

ထုတ်ဝေသူ
Konrad-Adenauer Stiftung Ltd.
Myanmar Representative Office
Yangon, Myanmar
info.myanmar@kas.de
www.kas.de/myanmar/en/

ယခုစာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ မည်သည့်နည်းနှင့်မျှ တစ်ဆင့်ပြန်လည်ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု၊ မူပိုင်ခွင့်ရရှိထားသူ (သို့မဟုတ်) ထုတ်ဝေသူထံမှ ခွင့်ပြုချက်ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

ဤစာအုပ်တွင်ဖော်ပြထားသည့် အချက်အလက်များနှင့် သဘောထားအမြင်များသည်စာရေးသူ၏သဘောထားအမြင်များသာဖြစ်ပြီး Konrad-Adenauer Stiftung ၏သဘောထားအမြင်များကို ကိုယ်စားပြုထားခြင်း မရှိပါ။

စာရေးဆရာ – George Anderson
ဘာသာပြန် – ဇာနည်မောင်
မျက်နှာဖုံးဓာတ်ပုံ – သက်ထူးအောင်
မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းဒီဇိုင်း – ကျော်စွာငွေစိုး

# အခြေပြု
# ဖက်ဒရယ်လစ်ဇင်

George Anderson

Dr. Felix Knüpling (Forum of Federations) နှင့် Dr. Norbert Eschborn (Konrad-Adenauer Stiftung) တို့က အမှာစာရေးသားထားပါသည်။

Konrad
Adenauer
Stiftung

# အမှာစာ

ဖက်ဒရယ်စနစ်သည် စည်းလုံးညီညွတ်ခြင်းနှင့်မတူ ကွဲပြားခြားနားခြင်းတို့ကို ပေါင်းစည်းထားခြင်းကြောင့် ရရှိလာသော တန်ဖိုးအပေါ်တွင် အခြေခံထားသည်။ ဖက်ဒရယ်စနစ်တွင် နိုင်ငံရေးအရ သဘောတူညီမှုရယူကာ ပေါင်းစည်းထားသော ပြည်ထောင်စုကြီး၏ မူဘောင်အောက်တွင် မတူထူးခြားသော သရုပ်လက္ခဏာများကို ရှင်သန်ခွင့်၊ မြှင့်တင်ခွင့် ပေးသည်။ ဖက်ဒရယ်စနစ်ကျင့်သုံးသောနိုင်ငံများသည် တစ်ပြည်ထောင်စနစ်ဖြင့် ဆန့်ကျင်ဖက်ဖြစ်ကာ အနည်းဆုံးအစိုးရအဆင့်နှစ်ခုရှိရသည်။ ထို့ကြောင့်ပင် အားလုံးနှင့်ဆိုင်သော ဗဟိုအစိုးရတစ်ခု (အာဏာခွဲဝေထမ်းဆောင်ခြင်း) (Shared rule) နှင့် တိုင်းပြည်၏ အစိတ်အပိုင်းဒေသများဖြစ်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ကိုယ်ပိုင်အုပ်ချုပ်မှု (ကိုယ်ပိုင်ဆုံးဖြတ်အုပ်ချုပ်ခြင်း) (Self-rule) များဖြင့် မိတ်ဖက်သဖွယ် ပူးပေါင်းဆောင်ရွက်နေကြသော အစိတ်အပိုင်းများကို ပေါင်းဆက်စုစည်းပေးထားခြင်း ဖြစ်သည်။

လေ့လာသူများ၏ အဆိုအရ လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာတဝန်း၌ ဖက်ဒရယ်စနစ်ကို လိုက်နာကျင့်သုံးရန် စိတ်ဝင်စားမှုများ တိုးမြင့်လာနေကြောင်း တွေ့ရှိရသည်။ စင်စစ်အားဖြင့် ယခုလက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ လေးဆယ်ရာခိုင်နှုန်းကျော်ဖြင့် လွှမ်းခြုံထားသည့် နိုင်ငံပေါင်းနှစ်ဒါဇင်ကျော်မှာ ဖက်ဒရယ်နိုင်ငံများဟု ခေါ်ဆိုနိုင်သည်။ ကမ္ဘာ့အနှံ့ရေပန်းစားနေသော ဖက်ဒရယ်ဝါဒ၏ ထူးခြားချက်မှာ ဖက်ဒရယ်စနစ်တစ်ခုစီတိုင်းသည် ကိုယ်ပိုင်ပုံစံသီးခြားစီရှိကြပြီး အမျိုးသားရေးဦးစားပေးမှုပေါ်တွင် အခြေခံထားသည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် ဖက်ဒရယ်စနစ်ဆီသို့ စတင် လှမ်းရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးစုများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်နှင့် နိုင်ငံတော်စည်းလုံးညီညွတ်မှုကို အာမခံချက်ပေးနိုင်သော အသွင်သဏ္ဍာန်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တွင် ပံ့ပိုးကူညီပေးရန် Forum of Federations က ရည်ရွယ်ချက်များ ထားရှိပါသည်။ ကနေဒါအစိုးရ၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ၂၀၁၂ ခုနှစ်မှစတင်ကာ ဖက်ဒရယ်စနစ်၏ အခြေခံသဘောတရားနှင့် အတွေးအခေါ်များကို ဖြန့်ဝေပေးသည့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ အမြောက်အမြား စီစဉ်ကျင်းပပေးခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်ထောင်စုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်)၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်တက်ရောက် ကြသည်။

Forum of Federations ၏ ချဉ်းကပ်ပုံမှာ နိုင်ငံအချင်းချင်းထံမှပြန်လည်သင်ခန်းစာယူခြင်းဖြစ်သည်။ ဤစိတ်ထားအရင်းခံဖြင့် ဖက်ဒရယ်စနစ်ကျင့်သုံးလျက်ရှိသော ကမ္ဘာ့နေရာအနှံ့အပြားမှ နိုင်ငံတကာ အတွေ့အကြုံများနှင့် ၎င်းတို့ထံမှ ရရှိလာမည့် အကောင်းအဆိုးသင်ခန်းစာများကိုမြန်မာနိုင်ငံရေးအနာဂတ်အတွက် ဆွေးနွေးရာမှာထည့်သွင်းအကဲဖြတ်နိုင်ရန် အခြေခံထားလုပ်ဆောင်နေပါသည်။

ယခုစာအုပ်ကို မြန်မာဘာသာသို့ ဘာသာပြန်ဆို ထုတ်ဝေဖြစ်အောင် စီစဉ်ပံ့ပိုးပေး

သော Konrad Adenauer Stiftung မှ Dr. Norbert Eschborn အား အထူးကျေးဇူးတင်မိပါသည်။ ဤစာအုပ်၏ စာရေးဆရာလည်းဖြစ်၊ Forum of Federations ၏ အကြီးအကဲဟောင်းလည်းဖြစ်သည့် GeorgeAndersonက "ဖက်ဒရယ်စနစ်တွင်အားလုံးနှင့်သင့်လျော်သော တစ်ခုတည်းသောနည်းလမ်းဟူသည်မရှိ" ဟု ဆိုပါသည်။ မြန်မာနိုင်ငံနှင့် အကိုက်ညီဆုံးသော ဖက်ဒရယ်စနစ်ကို မြန်မာနိုင်ငံသားများက ဆုံးဖြတ်ဆွေးနွေးရွေးချယ်ကြရမည်ဖြစ်ပါသည်။ ဤစာအုပ်ကိုများစွာသောပြည်သူများက ဖတ်ရှုနိုင်ပါစေကြောင်းနှင့်မြန်မာနိုင်ငံတွင်း ဖက်ဒရယ်လစ်ဇင်အရေး ဆွေးနွေးရာတွင် အထောက်အကူ ဖြစ်နိုင်ပါစေရန် မျှော်လင့်မိပါသည်။

Felix Knüpling

Head of Programs, Forum of Federations

# အမှာစာ

"ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံသည် ဒီမိုကရေစီဆိုရှယ်ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်၏ အာဏာမှန်သမျှသည် ပြည်သူများထံမှ စီးဆင်းလာပါသည်"။ "Grundgesetz" ဟု ခေါ်သည့် ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသည့် ယင်းစာကြောင်းများသည်ဂျာမနီနိုင်ငံ၏ဖွဲ့စည်းပုံဖြစ်သည့်ဖက်ဒရယ်ဝါဒနှင့်ဂျာမနီနိုင်ငံရေးစနစ်၏သဘောသဘာဝဖြစ်သည့်ဒီမိုကရေစီကို ရိုးရှင်းသောစကားလုံးများဖြင့် ဖော်ပြထားပါသည်။ ဖက်ဒရယ်နိုင်ငံကိုပြည်နယ်များ (ဂျာမန်ဘာသာဖြင့် – လန်ဒါ ဟုခေါ်သည်) အဖြစ်သို့ ပိုင်းခြားသတ်မှတ်ထားခြင်း၊ သို့မဟုတ် ဥပဒေပြုလုပ်ငန်းစဉ်တွင် ယင်းတို့ မူအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ကို ထိခိုက်သက်ရောက်စေသော အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို ခွင့်မပြုရဟု ပုဒ်မ ၇၉ တွင် ပြဆိုထားသည်။

ဖက်ဒရယ်ဝါဒသည် ဂျာမနီနိုင်ငံတွင် ကာလရှည်ကြာတည်ရှိခဲ့သော အရာတစ်ခု ဖြစ်ပါသည်။ ဖက်ဒရယ်အစိုးရသည် ဥပဒေဆိုင်ရာမူဘောင်များပြဋ္ဌာန်းခြင်းကို လုပ်ဆောင်ပြီး အောက်ခြေအဆင့်များက လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းများ၊ စီမံခန့်ခွဲခြင်းများ ပြုလုပ်ကြသည်။ ပူးပေါင်းပြီး အစီအစဉ်ချမှတ်ခြင်းများလည်း လုပ်ဆောင်ကြသည်။ အခွန်အကောက်များကိုလည်းပူးတွဲပြီးခွဲဝေသတ်မှတ်ကြသည်။ ထို့အပြင် အစိုးရအဆင့်များ အားလုံးသည် အခွန်အကောက်များကို မျှဝေသုံးစွဲကြသည်။ ဒေသန္တရအဆင့်ရှိ အများပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေသည့် နည်းလမ်းအများစုသည် စုစုပေါင်းအချိန်၏ ၈၀% ခန့်တွင် ဒေသန္တရအင်စတီကျူးရှင်းများမှတဆင့် နိုင်ငံတော်အဆင့်နှင့် "ထိတွေ့" ကြသည်။

ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် အများပြည်သူအနေဖြင့် တိုက်ရိုက်ပါဝင်နိုင်သည့် အခွင့်အလမ်းဖြစ်သည့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနည်းလမ်းနှင့်တွဲဖက်ထားသောဖက်ဒရယ်ဝါဒကို အများအားဖြင့် "အခြေခံအကျဆုံးသောဒီမိုကရေစီ" ဟု ခေါ်ဆိုကြသည်။ ထို့အတူ နိုင်ငံတော်အဆင့်အစိုးရအဖွဲ့နှင့်နှိုင်းယှဉ်လျှင် ဒေသန္တရအာဏာပိုင်များအပေါ် ယုံကြည်မှုမှာ သိသိသာသာမြင့်မားသည်။

ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ပြီးမှ ပထမဆုံး အရပ်သားအစိုးရ တစ်ရပ်အောက်တွင် ရောက်ရှိလာရသည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏တိုးတက်မှုအတွက် အရေးပါဆုံးအချိန်၊ လမ်းဆုံတစ်ခုပေါ်တွင် ရောက်ရှိနေပြီဖြစ်ပါသည်။ အနာဂါတ်နိုင်ငံတော်တည်ဆောက်ရေးကို ကျယ်ပြန့်စွာဆွေးနွေးလျက်ရှိကြပြီး ဖက်ဒရယ်သဘောတရားမှာ စိတ်ဝင်စားမှုများစွာ ရရှိနေပါသည်။ သို့ပါသော်လည်း ပြီးမြောက်အောင်ဆောင်ရွက်ရမည့် အရာများမှာလည်း များစွာကျန်ရှိနေပါသေးသည်။ ၎င်းတို့အနက် ဖက်ဒရယ်သဘောတရားကို လူထုသို့ ကျယ်ပြန့်စွာ အသိပညာပေးနိုင်ရေးသည်လည်း တစ်ခုပါဝင်ပါသည်။

Konrad Adenauer Stiftung အနေဖြင့် Forum of Federations (FOF) ကို အထူးပင်ကျေးဇူးတင်မိပါသည်။ အထူးအားဖြင့် (FOF) မှာ အင်္ဂလိပ်ဘာသာဖြင့် မူပိုင်ထုတ်ဝေထားသည့် ဤဖက်ဒရယ်လစ်ဇင် ရည်ညွှန်းစာအုပ်ကို ဘာသာပြန်ဆိုထုတ်ဝေခွင့်ပေးသော Mr. Felix Knüpling ကိုကျေးဇူးတင်ရပါသည်။ ဤစာအုပ်ကိုပြည်သူအများအပြား သိမြင်ဖတ်ရှုနိုင်ပါစေရန်နှင့် ဖက်ဒရယ်သဘောတရားကို သင့်မြတ်မှန်ကန်စွာ အကျယ်တဝင့် ဆွေးနွေးရာတွင် တစ်တပ်တစ်အား ပါဝင်နိုင်ပါစေရန် စစ်မှန်စွာဆန္ဒပြုလိုက်ပါသည်။

ရန်ကုန်၊ နိုဝင်ဘာ ၂၀၁၆

Dr. Norbert Eschborn

Resident Representative

Konrad Adenauer Foundation

# စာရေးသူ၏ အတ္ထုပ္ပတ္တိ

George R.M. Anderson သည် ကုလသမဂ္ဂ၏ Mediation Support Unit တွင် အကြီးတန်း စေ့စပ်ညှိနှိုင်းရေးကျွမ်းကျင်သူအဖြစ် ဆောင်ရွက်နေပါသည်။ Forum of Federations တွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ် အထိ ဥက္ကဋ္ဌနှင့် CEO အဖြစ်ဆောင်ရွက်ခဲ့သည်။ နှစ်ပေါင်း ၃၀ ကျော်ကြာကြာ ကနေဒါနိုင်ငံ၏ ဖက်ဒရယ်ပြည်သူ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ခဲ့သည်။ သဘာဝသယံဇာတရေးရာ ဒုတိယဝန်ကြီး(၂၀၀၂ - ၂၀၀၅)၊ Privy Council Office ၏ Intergovernmental Affairs တွင် ဒုတိယဝန်ကြီး (၁၉၉၆ - ၂၀၀၂) စသည်ဖြင့် အသီးသီးတာဝန်များထမ်းဆောင်ခဲ့သည်။ စွမ်းအင်ဌာန၊ သတ္တုနှင့် သယံဇာတဌာန၊ ဘဏ္ဍာရေးဌာနနှင့် နိုင်ငံခြားရေးဌာန အသီးသီးတွင်လည်း ဒုတိယဝန်ကြီးလက်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

Queen's University နှင့် Oxford University တို့မှ နိုင်ငံရေး သိပ္ပံဘွဲ့များ ရရှိခဲ့သည်။ ပြင်သစ်နိုင်ငံ École nationale d'administration မှ ဒီပလိုမာတစ်ခုလည်း ရရှိခဲ့သည်။ Harvard University ၏ နိုင်ငံတကာဆက်ဆံရေးဌာနတွင် အဖွဲ့ဝင် (၁၉၉၂ - ၁၉၉၃) အဖြစ်ဆောင်ရွက်ခဲ့သည်။ Oxford University က ထုတ်ဝေပြီး ဘာသာပေါင်းများစွာသို့ ပြန်ဆိုထုတ်ဝေထားပြီးဖြစ်သည့် Federalism: An Introduction (2008) နှင့် Fiscal Federalism: An Introduction (2010) တို့ကိုရေးသားခဲ့သည်။ အွန်တာရီယိုပြည်နယ် ကင်စတန်ရှိ Board of Trustees of Queen's University ၏ ဒုတိယဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ The Mowat Center (University of Toronto) တွင် အကြံပေးကော်မတီ၏ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ Ottawa Hydro တွင် ညွှန်ကြားရေးမှူး ဖြစ်သည်။

Policy Leaders Recruitment Program ကို ဖန်တီးခဲ့သည့်အတွက် အကောင်းဆုံး ဖက်ဒရယ်ပြည်သူ့ဝန်ထမ်းဆုကို အပ်နှင်းခံရသည်။ ၂၀၁၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် Oil and Gas in Federal Systems နှင့် Internal Markets in Multi-Level Systems: Experience of Four Federations and the European Union စာအုပ်များကိုတည်းဖြတ်သူဖြစ်သည်။ သမိုင်းပညာရှင် Charlotte Gray နှင့် အိမ်ထောင်ပြုပြီး သားသုံးဦး ထွန်းကားခဲ့သည်။

# မာတိကာ

## အခန်း (၁)

### ဖက်ဒရယ်စနစ်ကို ခြုံငုံကြည့်ရှုခြင်း


ဖက်ဒရယ်စနစ်၏ အရေးကြီးပုံ ၁၇
ဖက်ဒရယ်စနစ်၏ အမျိုးစုံလင်မှု ၁၇
ဖက်ဒရယ်စနစ်တွင်တွေ့ရလေ့ရှိသော လက္ခဏာရပ်များ ၁၈
ဖက်ဒရယ်စနစ်နှင့် အာဏာဖြေလျှော့ပေးသော အစိုးရ ၂၁


## အခန်း (၂)

### ဖက်ဒရယ်စနစ်ကို ရွေးချယ်ခြင်း


ဖက်ဒရယ်ပြည်ထောင်စုများ၏ မူလအစ ၂၂
ဖက်ဒရယ်စနစ်၏ သမိုင်းကြောင်းဖြစ်စဉ်လိုင်းများ ၂၃
ဖက်ဒရယ်နိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်လာပုံများ ၂၆
ဖက်ဒရယ်စနစ်၏ ဆီလျော်မှု ၂၈


## အခန်း (၃)

### ကိုယ်စားပြုဒေသများ


ဖက်ဒရယ်နိုင်ငံများ၏ နိုင်ငံရေး ဂျီသြမေတြီ ၃၀
ကိုယ်စားပြုဒေသအမျိုးအစားများ ၃၂
ကိုယ်စားပြုဒေသများ၏ လူမှုရေးအရ ကွဲပြားခြားနားမှုများ ၃၃
နယ်နိမိတ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း ၃၅


## အခန်း (၄)

### အခွင့်အာဏာများကို ခွဲဝေခြင်း – ဘယ်သူက ဘာကို ဘယ်လိုလုပ်မှာလဲ


တရားဝင်အခွင့်အာဏာများကို ခွဲဝေသည့် ပုံစံနှစ်ခု ၃၈
အခွင့်အာဏာများ၏ ဥပဒေဆိုင်ရာ ဖစ်မြစ်များ ၄၀
မျိုးစုံကွဲပြားသော ဖက်ဒရယ်အာဏာ ခွဲဝေမှုများ ၄၁
အာဏာခွဲဝေရန် သတ်မှတ်ချက်များ ၄၄
အာဏာများ ခွဲဝေရာတွင် အချိုးမညီမှု (Asymmetry) ၄၄
အာဏာနှင့်ပတ်သက်သည့် ပဋိပက္ခများကို ကိုင်တွယ်ခြင်း ၄၇

## အခန်း (၅)
## ငွေကြေးနှင့် ဘဏ္ဍာငွေဆိုင်ရာ အခွင့်အာဏာ


ငွေကြေး၏ အရေးကြီးပုံ ၄၈
ဝင်ငွေရှာဖွေရေးအတွက် အခွင့်အာဏာများကို သတ်မှတ်တာဝန်ပေးခြင်း ၄၉
အစိုးရအဆင့်များကြားတွင် ဘဏ္ဍာငွေဆိုင်ရာ ချိန်ခွင်လျှာ ၅၂
ကိုယ်စားပြုဒေသများသို့ ဗဟိုမှ ငွေကြေးလွှဲပြောင်းပေးမှုများ ၅၃
ဘဏ္ဍာငွေဆိုင်ရာ မညီမျှမှုများနှင့် ညီမျှအောင် လုပ်ဆောင်မှုများ ၅၄
ငွေကြေးသုံးစွဲနိုင်သည့် အခွင့်အာဏာ ၅၇


## အခန်း (၆)
## ဗဟိုအစိုးရ၏ နိုင်ငံရေးနှင့်ဆိုင်သော အဖွဲ့အစည်းများ (အင်စတီကျူးရှင်းများ)


ဗဟိုအဆင့်အဖွဲ့အစည်းများ၏ အရေးပါပုံနှင့် အမျိုးစုံလင်မှု ၆၁
ပါလီမန်စနစ်၊ သမ္မတစနစ်နှင့် ပေါင်းစပ်ထားသောစနစ်များ ၆၂
အထက်လွှတ်တော်များနှင့် နယ်မြေအလိုက် ကိုယ်စားပြုမှုများ ၆၄
ကိုယ်စားပြုခြင်းနှင့်ဆိုင်သော မူများ ၆၅
အထက်လွှတ်တော်များ၏ အခွင့်အာဏာများ ၆၈
နိုင်ငံရေးပါတီများ ၆၉
လူနည်းစုများနှင့်ပတ်သက်သော ပြဿနာချက်များ ၇၃


## အခန်း (၇)
## ဖက်ဒရယ်စနစ်၏ ဥပဒေပိုင်းဆိုင်ရာ ဒေါက်တိုင်များ


ဖက်ဒရယ်စနစ်၏ အခြေခံဥပဒေဆိုင်ရာ အခြေခံ ၇၅
အခြေခံဥပဒေဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်း ၇၆
ဖက်ဒရယ်မဟုတ်သော အရေးပေါ်နှင့် အထူးအခွင့်အာဏာများ ၇၇
အခြေခံဥပဒေပြင်ဆင်ခြင်း ၇၉
ဖက်ဒရယ်အခြေခံဥပဒေများတွင် ပါရှိသော ရပိုင်ခွင့်များ ၈၁
တရားရုံးများ၏ အခန်းကဏ္ဍနှင့် လက္ခဏာ ၈၂

## အခန်း (၈)

### အစိုးရအချင်းချင်းကြားဆက်ဆံရေးနှင့် နိုင်ငံရေးများ


အပြန်အလှန်မှီခိုခြင်းနှင့် အပြန်အလှန်ဆက်ဆံခြင်း ၈၅
အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့၏ အခန်းကဏ္ဍများ ၈၆
အစိုးရအချင်းချင်းကြားဆက်ဆံရေးမှ အထက်လွှတ်တော်များ ၈၇
အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ ၈၈
တဖတ်သက်လွှမ်းမိုးသည့်သဘောရှိသော ဖက်ဒရယ်စနစ်နှင့်
အကြံပြုဆွေးနွေးသည့်ပုံစံပါဝင်သော ဖက်ဒရယ်စနစ်
**(Coercive versus consultative federalism)** ၉၀


## အခန်း (၉)

### စည်းလုံးညီညွတ်ခြင်းနှင့် မတူကွဲပြားခြင်း


စည်းလုံးညီညွတ်ခြင်းအတွက် စိန်ခေါ်မှု ၉၂
မတူကွဲပြားမှုကို ထိန်းချုပ်ခြင်း ၉၃
မတူကွဲပြားမှုကို လက်ခံပေးခြင်း ၉၃
မတူကွဲပြားမှုအား ဟန်ချက်ညီသော ချဉ်းကပ်မှု ၉၄
ရှိပြီးသားတည်ဆောက်ထားပုံတွင် တိုးချဲ့တည်ဆောက်ယူခြင်း
**(Building Out)** – အာဏာဖြေလျော့ခြင်း ၉၅
ရှိပြီးသားတည်ဆောက်ထားပုံတွင် ထည့်သွင်းခြင်း၏
**(Building In)** – ကိုယ်စားပြုစင်တာတစ်ခု ၉၇
ပဋိပက္ခအလွန် စည်းလုံးညီညွတ်ရေး ၁၀၀
ခွဲထွက်ရေးဆိုသည့် မေးခွန်း ၁၀၁


## အခန်း (၁၀)

### ဖက်ဒရယ်စနစ်အကြောင်း ပြင်ဆင်ခြင်း


ဖက်ဒရယ်စနစ်၏ အားသာချက်နှင့် အကန့်အသတ်များ ၁၀၃
ဖက်ဒရယ်စနစ် ကြီးထွားလာမှုသည် သင့်လျော်မှုရှိခြင်း ၁၀၃
ဖက်ဒရယ်စနစ် အောင်မြင်စေရန် အခြေအနေများ ၁၀၄
ဖက်ဒရယ်စနစ်ကို နှိုင်းယှဉ်လေ့လာခြင်းမှ သင်ယူခြင်းများ ၁၀၅

# အမှာစာ

ဤဖက်ဒရယ်မိတ်ဆက်ကို ရေးသားရခြင်းမူလအကြောင်းမှာ ဖက်ဒရယ်ကို လက်တွေ့စိတ်ဝင်စားမှုရှိသော၊ အထူးသဖြင့် ၎င်းတို့ကိုယ်၌က ဖက်ဒရယ်ကို အာရုံပြုလိုသူ သို့မဟုတ် အခြားသီးခြားနိုင်ငံများမှဖက်ဒရယ်ကိုအာရုံပြုလိုသူ၊ အစိုးရတစ်ခုတွင် ပါဝင်နေကြသူများအတွက် ရည်ရွယ်ရေးသားခြင်းဖြစ်သည်။ အစိုးရတစ်ခုတွင် ပါဝင်နေကြသူများဟုဆိုရာ နိုင်ငံရေးသမားများ၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ သတင်းစာဆရာများ၊ အစိုးရမဟုတ်သောအဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ စိတ်ဝင်စားသူ နိုင်ငံသားများကို ဆိုလိုသည်။ ၎င်းတို့က မေးကြလိမ့်မည်ဖြစ်သည်။ "တခြားဖက်ဒရယ်နိုင်ငံတွေရဲ့အတွေ့အကြုံတွေကနေ ကျွန်တော်တို့အ တွက် သူတို့နိုင်ငံမှာ ဖက်ဒရယ်ပုံစံကို ပြုပြင်တာ၊ ဒါမှမဟုတ် ဖွံ့ဖြိုးလာအောင်လုပ်တာတွေရဲ့သဘာဝတွေ၊ ရွေးချယ်မှုတွေ၊ အကန့်အသတ်တွေနဲ့ပတ်သက်ပြီးပိုနားလည်လာအောင် သင်ခန်းစာယူစရာ အတွေ့အကြုံတွေရမလား။" ဟု မေးကြလိမ့်မည်။ တချိန်တည်းမှာပင် ဖက်ဒရယ်စနစ်ကိုလေ့လာနေကြသောကျောင်းသားများအတွက်လည်းဤစာအုပ်က အသုံးဝင်လိမ့်မည်၊ အရေးကြီးသော အချက်အလက်များခြုံငုံရရှိလိမ့်မည် ဟု မျှော်လင့်ပါသည်။ ဤစာအုပ်ကို ဘာသာရပ်ဆိုင်ရာ စကားလုံးအနည်းဆုံးသာ အသုံးပြုထားပြီး ရိုးရှင်းစွာ ရေးသားထားသည်။ အောက်ခြေမှတ်စုများထည့်မထားပါ။ အခြားစာရေးသူများကိုလည်း ရည်ညွှန်းမထားပါ။ နိုင်ငံရေးဆွေးနွေးငြင်းခုန်မှုများ သို့မဟုတ် မူဝါဒရေးဆွဲမှုများတွင် ပါဝင်နေသော ပြည်သူများအတွက် အသုံးဝင်မည့် တိုက်ရိုက်နည်းလမ်း၊ အခြေခံအကျဆုံးနည်းလမ်းဖြင့် မသိမဖြစ်ပါရမည့်အချက်များကို ထည့်သွင်းပေးထားပါသည်။ ဖက်ဒရယ်စနစ်တွင် အားလုံးနှင့် သင့်လျော်သော တစ်ခုတည်းသော နည်းလမ်းဟူသည်မရှိ။ လူ့အဖွဲ့အစည်းတိုင်းသည် ရှုပ်ထွေးနေကြပြီး မြောက်များစွာသော အချက်များ (factors) က ၎င်းတို့၏ လက္ခဏာများကို ပုံဖော်ပေးသည်။ ထို့ကြောင့် ဤစာအုပ်သည် မည်သို့လုပ်ရမည်ဆိုသည်ကို များများဖော်ပြမထားပဲ၊ ဘာကို စဉ်းစားရမည်ဆိုသည်ကို ပိုမိုရေးသားထားသည်။ စာအုပ်တွင် မည်သို့သောအချက်များက ဆီလျော်သည်ဆို သည်ကို အကြမ်းဖျင်းပုံဖော်ထားကာ ထိုအချက်များ က စနစ်အတွင်းမည်သို့ သက်ဝင်လှုပ်ရှား အလုပ်လုပ်ကြသည် (functioning) ဆိုသည့် သဘောများကိုပါ ဖော်ပြထားသည်။ ဆီလျော်မည့်အချက်များကို စာရင်းပြုစုရမည်ဆိုပါကမူ မည်သို့မျှ ပြည့်စုံနိုင်လိမ့်မည်မဟုတ်ပေ။ အချို့သော အချက်များကလည်း မတူသောအခြေအနေများတွင် သိသိသာသာကွဲပြားခြားနားစွာ အလုပ်လုပ် (functioning) ကြသည်။ ထို့ကြောင့် ဤစာအုပ်တွင် ဖော်ပြထားသော အချက်အလက်များကို တိုင်းပြည်၏ သီးသန့်အကျိုးစီးပွားများနှင့်ဆိုင်သော ဗဟုသုတများနှင့် ပေါင်းစပ်၍ အသုံးပြုရပါလိမ့်မည်။ သို့တိုင်အောင် တစ်ခါတစ်ရံ အလွန်တရာ ကျွမ်းကျင်လှသည့်အခြေခံ ဥပဒေရေးဆွဲရေးပုဂ္ဂိုလ်များသည်ပင် ၎င်းတို့၏ဒီဇိုင်းသည် လက်တွေ့တွင် မျှော်မှန်းမထားသော အလုပ်လုပ်ပုံများကို တွေ့ရသောအခါ အံ့သြကြရသည်။ ဤစာအုပ်တွင် အခန်း ၁၀ ခန်းခွဲ၍ ရေးသားထားပြီး ခေါင်းစဉ်ခွဲများထပ်ခွဲထားရာ ခေါင်းစဉ်ခွဲတစ်ခုစီအစ၌ ထိုအပိုင်း၏သော့ချက်ကျသော ဖော်ပြချက်များအကျဉ်းကို စာလုံးမဲများဖြင့်ဖော်ပြထား

သည်။ ထိုအကျဉ်းဖော်ပြချက်များကို ဖတ်ရှုလိုပါက ပြောလိုသော အကြောင်းအရာကို ခြုံငုံ သိရှိနိုင်ပါမည်။ထို့နောက်တွင်အသေးစိတ်ရှင်းလင်းမှုများနှင့်နောက်ထပ်အကြောင်းအရာများကို မိတ်ဆက်ဖော်ပြထားပါသည်။ ထို့အပြင် ဖက်ဒရယ်စနစ်၏ သီးသန့်သွင်ပြင် လက္ခဏာများနှင့် ပတ်သက်ပြီး မတူသော ဖက်ဒရယ်နိုင်ငံများမှ အတွေ့အကြုံ ဥပမာများကို ဖော်ပြသော ဇယားကွက်များကိုလည်း ထည့်သွင်းထားပါသည်။ ဇယားကွက်များသည် သရုပ်ဖော်ရုံသာဖြစ်ပြီး ပြည့်စုံစွာဖော်ပြထားခြင်းမရှိပဲဖြစ်နိုင်ခြေအမျိုးမျိုး၏သဘောကိုဆုပ်ကိုင်မိရုံသာဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။ ၎င်းတို့ကို ဖတ်လိုက ဖတ်နိုင်သလို ကျော်လိုက ကျော်သွားနိုင်သည်။ အကြောင်းအရာကိုဤနည်းဖြင့်ဖော်ပြရခြင်းသည်ပြုလွယ်ပြင်လွယ်အသုံးပြုမှုဖြစ်ရန်၊ နားလည်မှုကိုအထောက်အကူဖြစ်ရန်၊ စာဖတ်သူများ၏မတူ သော လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် မျှော်လင့်ပါသည်။ ဤစာအုပ်မှာမိတ်ဆက်သာဖြစ်၍ ထိုထက်ပို၍ လေ့လာလိုသူ စာဖတ်သူများရှိနိုင်ပါသည်။ အကယ်၍ ဤစာအုပ်သည် နောက်ထပ်လေ့လာမှုပြုလုပ်လိုစိတ်ကို ဖြစ်ပေါ်စေသည်ဆိုပါက အတိုင်းထက်အလွန်ဖြစ်ပါသည်။ အဆုံးပိုင်းတွင် ဖတ်ရှုရန်အကြံပြုသည့်စာအုပ်စာရင်းကိုဖော်ပြထားသည်။ Forum of Federations သည်တိုက်ကြီးခြောက်တိုက်တွင် လှုပ်ရှားဆောင်ရွက်လျက်ရှိရာ ဤစာအုပ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် မျှော်မှန်းပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး မပါမဖြစ်အရေးကြီးသော အချက်များနှင့် သင်ကြားရေးပိုင်းလို အသေးမစိတ်သော ခြုံငုံသိရှိနိုင်မည်ဟု မိမိတို့ရှုမြင်သော အရာများကိုတတ်နိုင်သမျှဖြည့်ဆီးထားပါသည်။ နောက်ပိုင်းထုတ်ဝေမှုများတွင် ပိုမိုကောင်းမွန်လာအောင် ရည်ရွယ်၍ အကြံပြုမှုများရှိပါက ကျေးဇူးတင်နေမည် ဖြစ်သည်။

George Anderson
ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်
Forum of Federations

# အခန်း (၁)

## ဖက်ဒရယ်စနစ်ကို ခြုံငုံကြည့်ရှုခြင်း

### ဖက်ဒရယ်စနစ်၏ အရေးကြီးပုံ

**ဖက်ဒရယ်စနစ်သည် ကမ္ဘာပေါ်တွင် တိုး၍အရေးပါလာနေပါသည်။**

- ကမ္ဘာ့လူဦးရေ၏ ၄၀ ရာနှုန်းကျော် နေထိုင်နေသော နိုင်ငံပေါင်း ၂၈ နိုင်ငံသည် ၎င်းတို့ကိုယ် ၎င်းတို့ ဖက်ဒရယ်နိုင်ငံဟုလည်းကောင်း သို့မဟုတ် ဖက်ဒရယ် စနစ်ကျင့်သုံးသည်ဟု ယေဘုယျမှတ်ယူနိုင်သော နိုင်ငံဟုလည်းကောင်း ခေါ်ဆို နေကြသည်။
- အရွယ်အစားကြီးမားသော ဒီမိုကရေစီနိုင်ငံအားလုံးနီးပါး သို့မဟုတ် လူဦးရေများ လွန်းသော ဒီမိုကရေစီနိုင်ငံအများစုနီးပါးသည် ဖက်ဒရယ်နိုင်ငံများဖြစ်သည်။
- ဒီမိုကရေစီကို ဖေါ်ဆောင်ရင်းဖြင့် အာဂျင်တီးနားနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် မက္ကဆီကို နိုင်ငံတို့သည် ဖက်ဒရယ်စနစ်ကို တိုး၍ ကျင့်သုံးလာသော နိုင်ငံများဖြစ်လာသည်။
- ဘယ်လ်ဂျီယံ၊ အီသီယိုပီးယားနှင့်စပိန်နိုင်ငံတို့သည် ယခင်က တစ်ပြည်ထောင်စနစ် ကျင့်သုံးသော နိုင်ငံများဖြစ်ပြီးမှ ဖက်ဒရယ်စနစ်ကျင့်သုံးသော နိုင်ငံများဖြစ်လာခြင်း ဖြစ်သည်။
- ဖက်ဒရယ်စနစ်ကို ပဋိပက္ခအလွန်ကာလ အခင်းအကျင်းမျိုးတွင် ကျင့်သုံးလေ့ရှိရာ ဘောဇ့်စနီးယား၊ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ အီရတ်၊ ဆူဒန်နှင့် တောင်အာဖရိ ကတို့တွင် ဖြစ်ပြီး၊ သီရိလင်္ကာနှင့် နီပေါနိုင်ငံတို့တွင်လည်း ကျင့်သုံးရန် စဉ်းစားလျက် ရှိသည်။
- ဥရောပ သမဂ္ဂတွင် ဖက်ဒရယ်၏ သွင်ပြင်လက္ခဏာအများအပြား တွေ့ရသည်။

အာဂျင်တီးနား၊ သြစတေးလျ၊ သြစတီးယား၊ ဘဲလ်ဇ်၊ ဘယ်လ်ဂျီယံ၊ ဘောဇ့်စနီးယား – ဟာဇီကို ဗီးနား၊ ဘရာဇီး၊ ကနေဒါ၊ ကိုမိုရိုစ်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ *အီသီယိုပီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ အီရတ်၊မလေးရှား၊ မက္ကဆီကို၊ မက်ခရိုနီးရှီးယား၊ နိုက်ဂျီးရီးယား၊ ပါကစ္စတန်၊ ရုရှ၊ စိန့်ကစ်စ်နှင့် နီဗစ်စ်၊ တောင်အာဖရိက၊ စပိန်၊ ဆူဒန်၊ *ဆွစ်ဇာလန်၊ယူအေအီး၊ အမေရိကန် ပြည်ထောင်စု၊ ဗင်နီဇွဲလား၊

*ပဋိပက္ခအလွန်နိုင်ငံများဖြစ်ပြီး ၎င်းတို့၏ဖက်ဒရယ်အခြေခံဥပဒေများမှာ အပြီးမသတ် ရသေးပေ။

### ဖက်ဒရယ်စနစ်၏ အမျိုးစုံလင်မှု

**အမျိုးအစားစုံလင်မှုများခြင်းနှင့် အခြေအနေအမျိုးမျိုးရှိနေရာမ်များတွင် ဖက်ဒရယ်စနစ်ကို အသုံးပြုသည်။**

ဖက်ဒရယ်နိုင်ငံများတွင် ၎င်းတို့၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖွဲ့စည်းထားပုံများ၊ ၎င်းတို့၏အင်စတီကျူးရှင်းများ၌ အရျင်းချင်းများစွာ ကွဲပြားခြားနားပါသည်။ နိုင်ငံများတွင် အလွန်ကြီးသော နိုင်ငံနှင့် အလွန်သေးသောနိုင်ငံ၊ ချမ်းသာသောနိုင်ငံနှင့် ဆင်းရဲသောနိုင်ငံ၊ လူမျိုးတစ်မျိုးတည်းသာရှိသောနိုင်ငံနှင့် ကွဲပြားခြားနားမှုများလွန်းသော နိုင်ငံများ ပါဝင်ကြသည်။ အချို့ ဖက်ဒရယ်နိုင်ငံများသည် ကာလကြာရှည်ကပင် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများဖြစ်ပြီး အချို့မှာ ဒီမိုကရေစီသမိုင်းကြောင်းအတွင်း ပြဿနာများခဲ့ပြီး မကြာသေးမီကမှ ဒီမိုကရေစီကို ကျင့်သုံးသော နိုင်ငံများလည်းပါဝင်သည်။ ဖက်ဒရယ်တည်ဆောက်ထားပုံဆိုသည်မှာ နိုင်ငံအတွင်း အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်မှုများ ဖြစ်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကြီးစွာခြားနားပါသည်။ ဖက်ဒရယ်နိုင်ငံများတွင် နယ်မြေသတ်မှတ်ပေးထားသော အစိတ်အပိုင်း အနည်းဆုံးနှစ်ခုမှ အများဆုံး ၈၀ ကျော်အထိရှိနိုင်သည်။ အချို့ဖက်ဒရယ်နိုင်ငံများသည် ဗဟိုချုပ်ကိုင်မှု အားကြီးကာ အာဏာကို ဗဟိုအစိုးရတွင်သာ များများပေးထားသည်။ အချို့ကမူ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကျယ်ကျယ်ပြန့်ပြန့်ပေးထားကာ ကိုယ်စားပြုဒေသများသို့ အာဏာကို ချင့်ချိန်၍ ခွဲဝေပေးခြင်းဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချမှုကို ကျင့်သုံးသည်။ အချို့နိုင်ငံများတွင် ဗဟိုနှင့်ကိုယ်စားပြုဒေသအစိုးရများကြား အာဏာခွဲဝေမှုမှာ အတော်အတန် ရှင်းရှင်းလင်းလင်းရှိကာ အချို့တွင် အခွင့်အာဏာများမှာ အစိုးရနှစ်ခုကြား တော်တော်ထပ်နေသည်ကို တွေ့ရသည်။ အချို့တွင် ဝန်ကြီးချုပ်နှင့် ပါလီမန်အစိုးရများရှိကာ အချို့မှာ သမ္မတနှင့် ကွန်ဂရက်ဆိုင်ရာ အဖွဲ့အစည်းများ ရှိပါသည်။ ၎င်းတို့တွင် အချိုးကျကိုယ်စားပြုစနစ် သို့မဟုတ် အများစုရသူနိုင်သည့်စနစ်ပါဝင်သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများရှိသည်။ ၎င်းတို့တွင် နိုင်ငံရေးပါတီနှစ်ခုတည်းသာရှိနိုင်သလို အတော်များများလည်း ရှိနိုင်သည်။ အချို့ဖက်ဒရယ်နိုင်ငံများသည် တည်ငြိမ်ပြီး အေးချမ်းကြသော်လည်း အချို့မှာ မတည်ငြိမ်ပဲ ကွဲပြားနေခြင်းများရှိသည်။ အထက်ကဖော်ပြခဲ့သော အချက်များသည် မတူသော ဖက်ဒရယ်စနစ်အမျိုးမျိုး၏ ကောင်းစွာလည်ပတ်နိုင်မှုနှင့် အောင်မြင်မှုအတွက် သက်ရောက်မှုများပေးပါသည်။ အခြေအနေအားလုံးနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်တစ်ခုဆိုသည်မှာ မရှိပေ။ အမျိုးအစားစုံလင်မှုကို စွမ်းဆောင်ရည်ရှိရှိကိုင်တွယ်နိုင်ခြင်းသည် ဖက်ဒရယ်စနစ်၏ အင်အားပင် ဖြစ်သည်။

## ဖက်ဒရယ်စနစ်တွင် တွေ့ရလေ့ရှိသော လက္ခဏာရပ်များ

ဖက်ဒရယ်စနစ်တွင် ခြားနားမှုအမျိုးမျိုးရှိသည်ဟု ဆိုသော်လည်း ဖက်ဒရယ်နိုင်ငံများတွင် တွေ့ရလေ့ရှိသော တူညီသည့် လက္ခဏာရပ်များကပင်လျှင် ဖက်ဒရယ်စနစ်ကို အခြားစနစ်ကျင့်သုံးသည့် အစိုးရများနှင့် ကွဲပြားသွားစေသည့် လက္ခဏာများဖြစ်လာပါသည်။

အောက်ပါလက္ခဏာရပ်များသည် အစိုးရ၏စနစ်တစ်ခုကို ဖက်ဒရယ်ကျင့်သုံးသော နိုင်ငံဟု ယေဘူယျမှတ်ယူနိုင်သည် - အစိုးရအစီအစဉ်တွင် အနည်းဆုံးအစိုးရ နှစ်ခုရှိသည်၊ တစ်ခုမှာ တစ်နိုင်ငံလုံးနှင့်ဆိုင်သော အစိုးရဖြစ်ပြီး နောက်တစ်ခုမှာ ဒေသများနှင့်ဆိုင်သော အစိုးရဖြစ်သည်၊ အစိုးရတိုင်းကို နိုင်ငံသားများက တိုက်ရိုက် ရွေးချယ်တင်မြှောက်ရသည့် ပုံစံရှိသည်၊ ဒေသများတွင် အမည်အမျိုးမျိုးရှိပါသည်။ ဤစာအုပ်တွင်မူ ဖက်ဒရယ်နိုင်ငံများ၏ ကိုယ်စားပြုဒေသများ (constituent unit) ဟု သုံးနှုန်းပါမည်။

(မြန်မာနိုင်ငံတွင်လည်း အမျိုးအမျိုးခေါ်ဝေါ်သော ပြည်နယ်၊ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုသည်များသည် ကိုယ်စားပြုဒေသများဖြစ်သည်။ ဘာသာပြန်သူ)

**ကိုယ်စားပြုဒေသများ၏ အမည်နမူနာများ**

ကိုယ်စားပြုဒေသများအတွက် အများစုတွေ့ရလေ့ရှိသော အမည်များမှာ (ဩစတြေးလျ၊ ဘရာဇီး၊ အီသီယိုပီးယား၊ အိန္ဒိယ၊ မလေးရှား၊ မက္ကဆီကို၊ နိုင်ဂျီရီးယား၊ အမေရိကန်)၊ (အာဂျင် တီးနား၊ ကနေဒါ၊ ပါကစ္စတန်၊ တောင်အာဖရိက) တို့ဖြစ်သည်။ အခြားအခေါ်အဝေါ်များလည်းရှိသေးရာ (ဩစတြီးယားနှင့်ဂျာမနီ) နှင့် (ဆွစ်ဇာလန်) တို့ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် ဒေသများရော လူမျိုးအုပ်စုများလည်းရှိပြီး စပိန်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရလူမျိုးအုပ်စုရှိပါသည်။ ရုရှားနိုင်ငံတွင် ဒေသများ၊ သမ္မတနိုင်ငံများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ အချုပ်အချာနယ်မြေများ၊ ဖက်ဒရယ်၏ အရေးပါသော အနှစ်သာရများရှိသည့် မြို့ကြီးများရှိပါသည်။ အချို့သေးငယ်သော ဖက်ဒရယ်နိုင်ငံများတွင် ကျွန်းများပါဝင်သည်။

- ရေးဆွဲထားသော အခြေခံဥပဒေ၏ အချို့သောအစိတ်အပိုင်းများကို ဖက်ဒရယ် (ဗဟို) အစိုးရတစ်ခုတည်းက ပြင်ဆင်ခြင်းမပြုနိုင်ပါ။ ကိုယ်စားပြုဒေသများအပေါ် သက်ရောက်မှုများရှိနိုင်သော အဓိကကျသည့် ပြင်ဆင်မှုများတွင် ၎င်းဒေသများမှ အတော်အတန်များပြားသော သဘောတူညီမှု လိုအပ်မည်ဖြစ်သလို ဗဟိုအစိုးရ၏ သဘောတူညီမှုလည်းလိုအပ်ပါသည်။
- အခြေခံဥပဒေတစ်ခုသည် အစိုးရအဆင့်နှစ်ခုသို့ ဘဏ္ဍာငွေဆိုင်ရာအပါအဝင် ဥပဒေပြုရေးအာဏာများကို တရားဝင်ခွဲပေးခြင်းဖြင့် အစိုးရတစ်ခုချင်းစီအား စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်အချို့ကို သေချာစေရပါသည်။ သို့သော် အစိုးရနှစ်ခုအတွက် အခွင့်အာဏာများကို တိတိကျကျ ခွဲဝေ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် နည်းလမ်းနှင့်အခွင့်အာဏာအတိုင်းအတာမှာ ဖက်ဒရယ်နိုင်ငံများကြားတွင် ကြီးစွာခြားနားပါသည်။
- ဗဟိုတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ ဒေသအသီးသီးက ထည့်ဝင်မှုများပေးနိုင်ရန် သော့ချက်ကျသည့် ဗဟိုအဆင့်အဖွဲ့အစည်းများတွင် ကိုယ်စားပြုဒေသများမှ ကိုယ်စားပြုမှုအတွက် အထက်လွှတ်တော်ကဲ့သို့သော အဖွဲ့အစည်းများ၌ ပါဝင်နိုင်အောင် အထူးစီစဉ်ပေးမှုများ များသောအားဖြင့် လုပ်ဆောင်ပေးရသည်။ အကြောင်းမှာ လူဦးရေများသော ဒေသများကသာ အကျိုးအမြတ် ရမသွားစေရေးအတွက် ပို၍ သေးငယ်သောဒေသများကိုပိုမိုအရေးပါလာအောင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။
- အစိုးရများကြားတွင် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများဖြစ်လာပါက တရားဝင် ဆုံးဖြတ်ချက်များပေးနိုင်ရန် ခုံသမာဓိအဖွဲ့ သို့မဟုတ် လုပ်ထုံးလုပ်နည်းရှိသည် (များသောအားဖြင့် တရားရုံးများ သို့မဟုတ် အထက်လွှတ်တော်ကို ခုံအဖွဲ့အဖြစ် တာဝန်ပေးပြီး၊ သို့သော် တစ်ခါတစ်ရံ ပြည်သူ့ဆန္ဒခံယူပွဲလုပ်သည်)။

- အစိုးရများကြား ဆက်ဆံရေးကို ချောမွေ့အောင်ကူညီရန် သို့မဟုတ် ဖေါ်ဆောင်ပေးရန်အတွက် လုပ်ငန်းစဉ်နှင့် အဖွဲ့အစည်းများရှိသည်။

ဖက်ဒရယ်၏အနှစ်သာရအရဆိုပါက အခြေခံဥပဒေအရ ဖွဲ့စည်းထားသော အစိုးရနှစ်ရပ်ရှိရမည်ဖြစ်ပြီး အစိုးရတစ်ခုစီတွင် စစ်မှန်သော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာအချို့ရှိရပါသည်။ အဆင့်တစ်ခုစီမှ အစိုးရများသည် မူလအားဖြင့် ၎င်းတို့နှင့်သက်ဆိုင်သော မဲဆန္ဒနယ်မြေများကို တာဝန်ခံရသည်။ ဖက်ဒရယ်နိုင်ငံတစ်ခုစီတွင် သီးသန့်ဆွဲထားသော ဒီဖိုင်း၏ သွင်ပြင်လက္ခဏာရပ်များသည် ရပ်ရွာအဖွဲ့အစည်းဆိုင်ရာ ရိုးရာများကိုလည်း ထင်ဟပ်ထားပါသည်၊ ထိုရိုးရာများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အမျိုးအစားနှင့် အာဏာအတိုင်းအတာအဆင့်ကိုလည်း ဆန္ဒအတိုင်းပေးထားသည်။ ပုံမှန်အားဖြင့် ဖက်ဒရယ်စနစ်တွင် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးမှု လိုအပ်သည်၊ အဘယ်ကြောင့်ဆိုသော် ဒီမိုကရက်တစ်မဟုတ်သော စနစ်များသည်ကိုယ်စားပြုဒေသများကို စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်မပေးပါ။ စာရင်းတွင် ပါဝင်သော ဖက်ဒရယ်နိုင်ငံ ၂၈ နိုင်ငံအနက် ၉ နိုင်ငံကသာ ဖက်ဒရယ်စနစ်အတွက် သတ်မှတ်ချက်အမျိုးအစားများကို လုံးဝပြည့်မီပါသည်၊ အချို့သည် ဗဟိုချုပ်ကိုင်မှုအားကြီးသောကြောင့် အားနည်းသောဖက်ဒရယ်ဖြစ်သည်ဟုဆိုရမည်။ အခြားနိုင်ငံများတွင် တစ်ပြည်ထောင်စနစ်၏ သွင်ပြင်လက္ခဏာများက ကဲလွန်းသောကြောင့် တစ်ခါတစ်ရံ ကိုယ်စားပြုဒေသများ၏ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာအပေါ် ဗဟိုအစိုးရ၏ အခွင့်အာဏာဖြင့် လွှမ်းမိုးခွင့်ပေးကြသည်များလည်းရှိသည်။ ထိုသို့ဆိုလျှင် ထိုနိုင်ငံများကို ဖက်ဒရယ်နိုင်ငံမဟုတ်ဟု ဆိုရမည်လား။ တိကျသောအဖြေမရှိပေ။ လက်တွေ့ကျကျဆိုရလျှင် ဖက်ဒရယ်နိုင်ငံဖြစ်မဖြစ်ဆိုသည့်ကိစ္စမှာ အဆိုပါနိုင်ငံသည် ပုံမှန်အားဖြင့် ဖက်ဒရယ်နည်းလမ်းဖြင့် လည်ပတ်နေခြင်းရှိ မရှိဆိုသည့်အပေါ် တည်ပါသည်၊ ဆိုလိုသည်မှာ အစိုးရအဆင့်နှစ်ဆင့်စလုံးတွင် အခြေခံဥပဒေအရခွင့်ပြုထားသော စစ်မှန်သည့်ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အချို့ရှိသည်ဆိုလျှင် ဖက်ဒရယ်နိုင်ငံဟု ပြောနိုင်မည်ဖြစ်သည်၊ နောက်ဆုံးဆိုရလျှင် အချို့နိုင်ငံများသည် ဖက်ဒရယ်ဆိုသည့်စကားလုံးကို ရှောင်ကြသည်၊ အဘယ်ကြောင့်ဆိုသော် ထိုစကားလုံးသည် ၎င်း၏ အဓိပ္ပာယ်အပြင် သမိုင်းကြောင်းအရ သို့မဟုတ် တင်စားမှုအရ အခြားနိုင်ငံရေးနှင့်ဆိုင်သော အဓိပ္ပာယ်များထွက်နေသောကြောင့်ဖြစ်သည်၊ ထို့ကြောင့် စပိန်နှင့် တောင်အာဖရိကတို့သည် ဖက်ဒရယ်နိုင်ငံများဖြစ်သည်ဟု ပညာရှင်များက ပြောကြလိမ့်မည်။ သို့သော် အဆိုပါနိုင်ငံအများအပြားတွင် ဖက်ဒရယ်ဆိုသည့်စကားရပ်ကို မသုံးကြပေ။ အကြောင်းမှာ စပိန်က ထိုစကားလုံးသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို အားနည်းစေမည်ဟု ဆက်စပ်စဉ်းစား၍လည်းကောင်း၊ တောင်အာဖရိကသည် အသားအရောင်ခွဲခြားမှုစနစ်နှင့် ဆက်စပ်စဉ်းစား၍လည်းကောင်း ဖြစ်ပါသည်၊ အင်ဒိုနီးရှားသည် လွတ်လပ်ရေးမရမီကဒတ်ချ်တို့သွတ်သွင်းရန်ကြိုးစားသောဖက်ဒရယ်စနစ်ကို ငြင်းပယ်ခဲ့ပြီး ယခုအခါ လက်တွေ့တွင် ပို၍ ဖက်ဒရယ်ကျကျ ကျင့်သုံးနေသည့်တိုင် ထိုစကားလုံးကို အသုံးမပြုပေ။

## ဖက်ဒရယ်စနစ်နှင့် အာဏာဖြေလျှော့ပေးသော အစိုးရ

ကွန်ဖက်ဒရယ်စနစ်များ (ကွန်ဖက်ဒရေးရှင်းနိုင်ငံများကျင့်သုံးသောစနစ်) တွင် ဗဟိုအစိုးရဆိုသည်မှာ ကိုယ်စားပြုဒေသများက ဥပဒေအရ ဖွဲ့စည်းပေးသော အစိုးရဖြစ်သည်၊ တစ်ပြည်ထောင်စနစ်များတွင် ပြည်နယ်အစိုးရမှန်သမျှကို ဗဟိုအစိုးရက ဥပဒေအရ ဖွဲ့စည်းပေးသည်၊ ဖက်ဒရယ်စနစ်များတွင်မူ အစိုးရအဆင့်တစ်ခုချင်းစီသည် အခြေခံဥပဒေအရ လွတ်လပ်စွာ တည်ရှိနိုင်သည်၊ အချို့သော တစ်ပြည်ထောင်စနစ်ကျင့်သုံးသော နိုင်ငံများသည် အချို့သော ဖက်ဒရယ်နိုင်ငံများထက် လက်တွေ့တွင်ပို၍ ဗဟိုချုပ်ကိုင်မှုကို လျှော့ချနိုင်သည်ကို တွေ့ရသည်၊

သက်တမ်းအရင့်ဆုံးဖက်ဒရယ်နိုင်ငံနှစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်တို့သည် ကွန်ဖက်ဒရေးရှင်းနိုင်ငံများအဖြစ် စတင်ခဲ့ကြသည်။ ထိုစနစ်များသည် သဘာဝအရအားနည်းပြီး တည်ငြိမ်မှုမရှိကြောင်း သက်သေပြခဲ့သည်၊ ယနေ့မျက်မှောက်ခေတ်ကမ္ဘာတွင် ၎င်းတို့သည် စစ်မှန်သော ကွန်ဖက်ဒရေးရှင်းဖြစ် မဖြစ် ဆိုသည်ကို အခြေအတင်ငြင်းခုန်နိုင်သည်၊ ဥရောပသမဂ္ဂသည် ကွန်ဖက်ဒရယ်နှင့် ဖက်ဒရယ်နှစ်ခုစလုံး၏ သွင်ပြင်လက္ခဏာများဖြင့် တမူထူးခြားစွာ နိုင်ငံရေးအရ ဖန်တီးထားသော အဖွဲ့ဖြစ်သည်။ Benelux သည်ကက်ရစ်ဘီယန် (Caribbean)အတွင်းကက်ရစ်ဘီယန်နိုင်ငံများအသိုင်းအဝိုင်းအတွင်းတွင်ကွန်ဖက်ဒရယ်အစီအစဉ်များပါဝင်သောရှားရှားပါးပါးနိုင်ငံတစ်ခုဖြစ်သည်။ United Arab Emirates သည်၎င်းတို့ကိုယ်၎င်းတို့ဖက်ဒရယ်နိုင်ငံဟု ဆိုသော်လည်း၎င်းတွင်ကွန်ဖက်ဒရယ်သွင်ပြင်လက္ခဏာများစွာ ရှိနေပါသည်။ နိုင်ငံအများစုသည် တစ်ပြည်ထောင်အစိုးရစနစ်ကို ကျင့်သုံးကြသည်။ များသောအားဖြင့် ၎င်းတို့တွင်လည်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများရှိသော်လည်း ရွေးကောက်တင်မြှောက်ထားသော အစိုးရမဟုတ်ပေ၊ အချို့သော ကိစ္စရပ်များတွင် ၎င်းတို့တွင် လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ထားသော အစိုးရများနှင့် တာဝန်ဝတ္တရားအတော်များများပါဝင်သည့်ကိုယ်စားပြုဒေသများ (တစ်ခါတစ်ရံပြည်နယ်များသို့မဟုတ်နယ်မြေများ ဟုခေါ်သည်) ရှိနိုင်သော်လည်း ထိုသို့သော အစိုးရများကို ပေးထားသော အခွင့်အာဏာအားလုံးမှာ ဗဟိုအစိုးရက ပေးထားခြင်း သို့မဟုတ် ဥပဒေပြု၍ ပေးထားခြင်းဖြစ်၍ မူအရ ထိုအခွင့်အာဏာအားလုံးကို ပြန်လည်ရုတ်သိမ်းသွားနိုင်သည်၊ သို့သော်လည်း ထိုသို့သော နိုင်ငံရေးအရပြောင်းပြန်အနေအထားမျိုးကို ပြောင်းလဲသွားခြင်းမျိုးအား စိတ်ကူးရန်ပင် ခက်ခဲပါသည်။ တစ်ပြည်ထောင်စနစ်နိုင်ငံများတွင်လည်း ဖက်ဒရယ်နိုင်ငံများတွင် တွေ့ရသည့် အားကောင်းသော လက္ခဏာများ ရှိနေနိုင်သည်။ တကယ်တမ်းတွင်လည်း အချို့သော တစ်ပြည်ထောင်စနစ် ကျင့်သုံးသော နိုင်ငံများသည် ၎င်းတို့၏ ကိုယ်စားပြုဒေသများသို့ အရေးပါသော အခွင့်အာဏာများ ပိုမိုခွဲဝေပေးရာ အချို့သော ဖက်ဒရယ်နိုင်ငံများထက်ပင် ပိုမိုအာဏာ ခွဲဝေပေးခြင်းရှိနိုင်သည်၊ အဆုံးဆိုရလျှင် ဖက်ဒရယ်နိုင်ငံများသည် များသောအားဖြင့် လက်တွေ့တွင် တစ်ပြည်ထောင်စနစ်များထက် ပိုမို၍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို လုပ်ဆောင်ကြသည်၊ သို့သော်အမြဲတစေတော့လည်း မဟုတ်ပေ၊

**အာဏာခွဲဝေပေးသော တစ်ပြည်ထောင်စနစ်နိုင်ငံများ**

ကိုလံဘီယာ၊ အီတလီနှင့် ဂျပန်နိုင်ငံများကဲ့သို့သော အချို့တစ်ပြည်ထောင်နိုင်ငံများတွင် အခြားတိုင်းပြည်များနှင့်ယှဉ်လျှင်အားကောင်းသောဒေသဆိုင်ရာအစိုးရများရှိတတ်သည်။ ပြင်သစ်နှင့် ပီရူးကဲ့သို့သော ယခင်က ဗဟိုချုပ်ကိုင်သော တစ်ပြည်ထောင်စနစ်နိုင်ငံအများအပြားသည် ရွေးချယ်တင်မြှောက်သော ဒေသဆိုင်ရာ အစိုးရများသို့ အရေးပါသော အခွင့်အာဏာခွဲဝေပေးသည့်သဘောသို့ ပြောင်းလာနေကြပြီ ဖြစ်သည်။ အချို့ကိစ္စရပ်များတွင် အချို့နယ်မြေများက အခွင့်အာဏာခွဲဝေပေးရန် နိုင်ငံရေးအရ ဖိအားပေးမှု အားကောင်းလာရာ၊ ဗြိတိန်နိုင်ငံသည် စကော့တလန်ပါလီမန်သို့ အရေးပါသော အာဏာများခွဲဝေပေးခဲ့သည်။ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသန္တရရေးရာများတွင် ခွဲဝေပေးခဲ့သည် (ဝေးလ်နှင့် မြောက်အိုင်ယာလန်တို့ကိုမူ အခွင့်အာဏာနည်းနည်းသာပေးသည်)။ အင်ဒိုနီးရှားသည် မကြာသေးမီကမှ ပြည်နယ်များနှင့် ဒေသန္တရများသို့ တာဝန်ဝတ္တရားအမြောက်အများခွဲပေးခဲ့ရာ အာချေပြည်နယ်အတွက် အထူးအစီအစဉ်များပင်ပါဝင်သည်။ ဤစာအုပ်တွင် အထက်ကဆိုခဲ့သော နိုင်ငံများအပေါ် သုံးသပ်ချက်များသာ ပါဝင်ပါသည်။ နောက်ပိုင်းအချို့တိုင်းပြည်များသည် ဖက်ဒရယ်စနစ်ကို အပြည့်အဝကျင့်သုံးသောနိုင်ငံအဖြစ် ထွက်ပေါ်လာနိုင်သည်များလည်း ရှိသည်။

# အခန်း (၂)

## ဖက်ဒရယ်စနစ်ကို ရွေးချယ်ခြင်း

### ဖက်ဒရယ်ပြည်ထောင်စုများ၏ မူလအစ

ဖက်ဒရယ်နိုင်ငံများသည် အလွန်ကွဲပြားသော အခြေအနေအမျိုးမျိုးမှ ထွက်ပေါ်လာခဲ့ကြခြင်းဖြစ်ပြီး တစ်နိုင်ငံချင်းစီသည် နိုင်ငံရေးခေါင်းဆောင်များနှင့် သမိုင်းနောက်ခံအင်အားစုကြီးများ၏ ရွေးချယ်မှုများက ထွက်ပေါ်လာသော သီးသန့်ရလဒ်များ ဖြစ်ကြသည်။ ဖက်ဒရယ်စနစ်သည် ယခင်က သီးခြားကွဲပြားနေသောအပိုင်းများကို နိုင်ငံသစ်တစ်ခုအဖြစ် အတူတကွပေါင်းစည်းရန်ဖြစ်စေ၊ ယခင်က တစ်ပြည်ထောင်နိုင်ငံကို ပြန်လည်ဖွဲ့စည်းရန် ဖြစ်စေ လုပ်ဆောင်ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်နှစ်ခုကို အတူတကွလုပ်ဆောင်ခြင်း၏ ရလဒ်လည်း ဖြစ်နိုင်သည်။

ဖက်ဒရယ်နိုင်ငံတိုင်းသည် သီးခြားအခြေအနေများရှိကြသည်။ ဖက်ဒရေးရှင်းပြည်ထောင်စုများကို ဘာကြောင့် ဖန်တီးသလဲ၊ ဘယ်လိုဖြစ်ပေါ်တိုးတက်လာသလဲ ဟူသော ကိစ္စတွင် အားလုံးဆင်တူသော အချက်အနည်းငယ်သာရှိသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ဖက်ဒရယ်နိုင်ငံထူထောင်မှုတိုင်းတွင် ရှိရင်းစွဲအကြမ်းဖက်ပဋိပက္ခကို လျှော့ချရာတွင်ဖြစ်စေ၊ အဆုံးသတ်လုပ်ဆောင်ရာတွင်ဖြစ်စေ အဆိုပါရည်မှန်းချက်အသီးသီးကို သိရှိနားလည်ပြီး ပြန်လည်စုစည်းနိုင်သည့် နည်းလမ်းအနေနှင့် နိုင်ငံရေးခေါင်းဆောင်များက အစိုးရအလွှာနှစ်မျိုး

(ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ) ကို အခြေခံဥပဒေတွင် ပြဌာန်းကြသည်။ ယနေ့အချိန်တွင် ကုလသမဂ္ဂ၌ အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိရာ ၂၈ နိုင်ငံမှာ ဖက်ဒရယ်ပြည်ထောင်စုများ ဖြစ်ကြသည်။ နိုင်ငံအများစုသည် လွန်ခဲ့သောနှစ် ၁၀၀က လက်ရှိပြည်ထောင်စုနယ်နမိတ်အတွင်း၌ မရှိခဲ့ကြပဲ လွန်ခဲ့သော နှစ် ၂၀၀ ခန့်ကတည်းက ယင်းကဲ့သို့ရှိခဲ့သောနိုင်ငံမှာ လက်တစ်ဆုပ်စာမျှသာ ရှိသည်။ နိုင်ငံတိုင်းသည် ၎င်းတို့၏ မူလဇစ်မြစ်၊ နယ်မြေပိုင်နက်၊ နိုင်ငံရေးတိုးတက်မှုဖြစ်စဉ်တို့နှင့်ပတ်သက်၍ သီးခြားဇာတ်ကြောင်းကိုယ်စီရှိကြသည်။ ယင်းဇာတ်ကြောင်းများတွင် စစ်ပွဲများ၊ တော်လှန်ရေးများ၊ မင်းဆက်ချင်းပေါင်းစည်းမှုများ၊ ကိုလိုနီအင်ပါယာများ၊ နိုင်ငံတကာစာချုပ်များ၊ ငြိမ်းချမ်းသော ဒီမိုကရေစီဖြစ်စဉ်များ စသည်ဖြင့် ပါဝင်ကြသည်။ ဖက်ဒရယ်နိုင်ငံများသည် တိုင်းပြည်ဖွဲ့စည်းခြင်းနှင့် ဖြစ်ပေါ်တိုးတက်ခြင်း လုပ်ငန်းစဉ်ကြီးများမှ ထွက်ပေါ်လာရာ အောက်ပါနည်းလမ်းအမျိုးမျိုးရှိပါသည် –

- အချို့ဖြစ်ရပ်များတွင် အတူတကွပေါင်းစည်းခြင်းသည် ဖက်ဒရယ်နိုင်ငံသစ် ထွက်ပေါ်လာရာတွင်အခရာကျသည်။ ယခင်ကကွဲပြားနေသောနယ်မြေများ(လွတ်လပ်သောပြည်နယ်များ သို့မဟုတ် ကိုလိုနီနယ်များ) သည် ဖက်ဒရယ်ဖွဲ့စည်းပုံတွင် အတူတကွပါဝင်ရန် လုံလောက်သော ဘုံအကျိုးစီးပွားနှင့် သရုပ်လက္ခဏာတစ်ခုကို မျှဝေခံယူကြရန်ရှိသည်ဟု သုံးသပ်ကြသည်။ ဘာကြောင့် ဖက်ဒရယ်ကို ရွေးချယ်ရသနည်း။ ဖက်ဒရယ်ဖွဲ့စည်းပုံသည် ဒေသတစ်ခုချင်းစီကို ပြည်ထောင်စုအသစ်တွင် အချို့လက္ခဏာများကို စုပေါင်းထည့်ဝင်ရင်း ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်အချို့ကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် ခွင့်ပြုထားသောကြောင့် ဖြစ်သည်။
- အချို့ဖြစ်ရပ်များတွင် နိုင်ငံသည် မူလကတည်းကပင် တစ်ပြည်ထောင်နိုင်ငံကို ဗဟိုက အလွန်အမင်း ချုပ်ကိုင်သည့်ပုံစံ (များသောအားဖြင့် အာဏာရှင်စနစ်နှင့် ဒီမိုကရေစီမဟုတ်သောစနစ်) ဖြင့် ဖွဲ့စည်းထားသည်။ ဖက်ဒရယ်စနစ်ကို တဖြည်းဖြည်း ရွေးချယ်လာရခြင်းမှာ တိုင်းပြည်တွင် ဘာသာစကား၊ ကိုးကွယ်မှုနှင့် လူမျိုးစုံလင်များပြားခြင်း၊ ဒေသများအကြား အဓိကစီးပွားရေးအရကွာဟခြင်းတို့ကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် ဒီမိုကရေစီတောင်းဆိုလာသည့် နိုင်ငံရေးဖိအားများကို တုန့်ပြန်ဆောင်ရွက်လာရခြင်းဖြစ်သည်။ အချို့နိုင်ငံများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုသောဒေသများသည် အတိတ်က ထူးခြားသော နိုင်ငံရေးအရ အဖွဲ့အစည်းများဖြစ်တည်မှု ရှိခဲ့သောနေရာများဖြစ်နေခြင်းဖြစ်သည်။
- အခြားဖြစ်ရပ်များတွင်လည်း အဆိုပါလုပ်ငန်းစဉ်နှစ်ခု ဒွန်တွဲလျက်ရှိသည်။ ကနေဒါနိုင်ငံသည် ယခင်က တစ်ပြည်ထောင်စနစ်မှ အွန်တာရီယို(Ontario) နှင့် ကွိဘက် (Quebec) တို့ကို ဖွဲ့စည်းပြီး ပြည်နယ်သစ်များ ထပ်တိုးခြင်းတို့မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

## ဖက်ဒရယ်စနစ်၏ သမိုင်းကြောင်းဖြစ်စဉ်လှိုင်းများ

ဖက်ဒရယ်နိုင်ငံများသည် လွန်ခဲ့သောနှစ် ၂၀၀ ခန့်အတွင်း သမိုင်းကြောင်းပြောင်းလဲ

မှ ဖြစ်စဉ်များစွာမှတဆင့် ဖွဲ့စည်းဖြစ်ပေါ်လာခြင်းဖြစ်သည်။

၁၈ ရာစုအကုန်နှင့် ၂၀ ရာစု အစောပိုင်းအကြား ပထမလှိုင်းတွင် ယခင်က လွတ်လပ်သောနယ်မြေများသည် ဖက်ဒရယ်ပုံစံဖြင့် အတူပေါင်းစည်းကာ နိုင်ငံသစ်များဖွဲ့စည်းခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်သည် ကွန်ဖက်ဒရေးရှင်းနိုင်ငံများအဖြစ် ဦးစွာ စုစည်းခဲ့ကြခြင်းဖြစ်သည်။ အမေရိကန်တို့၏ ကွန်ဖက်ဒရေးရှင်းအဖြစ် စမ်းသပ်မှုသည် ၁၇၈၁ မှ ၁၇၈၉ အထိ ရှစ်နှစ်သာခံပြီး ထို့နောက်တွင် ပြည်နယ် ၁၃ ခု က ပထမဆုံး ခေတ်သစ်ဖက်ဒရယ် ပြည်ထောင်စုကို ဖွဲ့စည်းခြင်းဖြင့် အဓိကကျသော အားနည်းချက်ကို ဖြေရှင်းခဲ့ကြသည်။ ဆွစ်ကွန်ဖက်ဒရေးရှင်းနိုင်ငံသည် နှစ်ပေါင်း ၅၀၀ ကျော်က တဖြည်းဖြည်းဖြစ်ပေါ် တိုးတက်လာခဲ့သော်လည်း ပြည်တွင်းစစ်အပြီး ၁၈၄၈ တွင် အမေရိကန်နမူနာကို အခြေခံသည့် ပထမဆုံးဖက်ဒရယ်အခြေခံဥပဒေကို ချမှတ်ခဲ့သည်။ ဂျာမနီ၏ ပထမဆုံးဖက်ဒရယ်အခြေခံဥပဒေသည်လည်း အားနည်းသော ကွန်ဖက်ဒရေးရှင်း အစီအစဉ်များ၏ အလွန်တွင် ၁၈၇၁ ၌ပေါ်ထွက်လာခဲ့သည်။ ကနေဒါကို ဗြိတိသျှတို့၏ မြောက်အမေရိက ကိုလိုနီနယ်သုံးခု အတူပေါင်းစည်းရာမှ ၁၈၆၇ တွင် စတင်ဖွဲ့စည်းခဲ့ပြီး (ပြည်နယ်အသစ်များ ထပ်တိုး၍ ဆက်လက်တိုးချဲ့သည်) ၎င်း၏ ဖက်ဒရယ်မှုတွင် အကြီးဆုံးနယ်မြေကို ပြည်နယ်နှစ်ခုခွဲထုတ်ခဲ့ခြင်းဖြစ်သည် (၎င်း၏မူလသည် အတူတကွပေါင်းစည်းမှုနှင့် အာဏာဖြေလျှော့မှု နှစ်မျိုးစလုံးပါဝင်သည်)။ ဩစတြေးလျတိုက်မှ ကိုလိုနီနယ် ၆ ခုသည်လည်း ၁၉၀၁ တွင် စုစည်းကာ ဖက်ဒရယ်နိုင်ငံတစ်ခုအဖြစ် ဖွဲ့စည်းခဲ့ကြသည်။

လက်တင် အမေရိကတွင် ၁၉ ရာစုနှင့် ၂၀ ရာစု အစောပိုင်းကာလအတွင်း ဖက်ဒရယ်နိုင်ငံ ၄ ခု ထွက်ပေါ်လာခဲ့သည်။ ၎င်းတို့အားလုံးသည် စပိန်ကို နယ်ပိုလီယံက သိမ်းယူပြီးနောက်တွင် လွတ်လပ်ရေးရခဲ့ကြသော်လည်း နောက်ပိုင်းတွင် အာဏာရှင်စနစ်နှင့် လူထုအုံကြွမှုများဖြင့် အကောင်းအဆိုးရောနေသော အခြေခံဥပဒေဆိုင်ရာ သမိုင်းကြောင်းများကို ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့၏ ဖက်ဒရယ်အခြေခံဥပဒေသည် ဖက်ဒရယ်စနစ်နှင့် တစ်ပြည်ထောင်စနစ်တို့ကို အတန်ကြာအောင် စမ်းသပ်ခဲ့ပြီး အချိန်နှောင်းမှ ထွက်ပေါ်လာခဲ့သည်။ ပြီးခဲ့သော နှစ် ၂၀ အတွင်း အာဂျင်တီးနား၊ ဘရာဇီးနှင့် မက္ကဆီကိုတို့တွင် စစ်မှန်သော ဒီမိုကရေစီသို့ အသွင်ကူးပြောင်းမှုသည် ထိုနိုင်ငံများ၏ ဖက်ဒရယ်အခြေခံဥပဒေဆိုင်ရာ အစီအစဉ်များအား ဖော်ဆောင်ပေးနိုင်ပေးခဲ့သည်။ ဗင်နီဇွဲလားတွင်မူ ယခုနောက်ပိုင်းတွင် အာဏာကို ဗဟိုမှ အလွန်အမင်း ချုပ်ကိုင်ထားသည်။

ဥရောပအင်ပါယာများ၏စစ်ပွဲအလွန်ပြိုကွဲမှုသည်ကိုလိုနီခေတ်လွန် ဖက်ဒရယ်နိုင်ငံအမျိုးမျိုးကို ထွက်ပေါ်လာစေခဲ့ပြီး အချို့ကြိုးပမ်းမှုများလည်း အောင်မြင်မှုမရခဲ့ပေ။ အိန္ဒိယ၊ ပါကစ္စတန်၊ မလေးရှားနှင့် နိုင်ဂျီးရီးယားတို့သည် ဖက်ဒရယ်စနစ်အတွက် အားထုတ်လုံးပမ်းခဲ့ကြရသည်။ ထိုသို့ယခင်က ကွဲပြားနေသော ကိုလိုနီနယ်များကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် အတူတကွစုစည်းရန် ထွက်ခွာတော့မည့် ကိုလိုနီအာဏာ၏ ကြိုးစားမှုများသည် အနောက်အိန္ဒိယ၊ ဗဟိုအာဖရိက၊ ပြင်သစ်ပိုင် အနောက်အာဖရိကနှင့် အရှေ့အာဖရိကတွင် အောင်မြင်မှုမရသကဲ့သို့ အင်ဒိုနီးရှား၊ မာလီနှင့် ယူဂန်ဒါတို့တွင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရန် ကြိုးစားမှုများသည်လည်း အောင်မြင်မှုမရခဲ့ပေ။ ဘယ်လ္ဂျီ၊ ကိုမိုရော့စ်၊ မိုက်ခရိုနီးရှား၊ စိန့်ကစ်နှင့် နီးဗစ်

အစရှိသော အသေးစား ဖက်ဒရယ်နိုင်ငံများသည် ကိုလိုနီစနစ်ဖျက်သိမ်းရာမှ ပေါ်ထွက်လာခဲ့သည်။

နောက်ထပ်အရေးကြီးသောလှိုင်းမှာ ကွန်မြူနစ်ဝါဒပြိုလဲရာမှ ဖက်ဒရယ်နိုင်ငံသစ်များ ပေါ်ထွက်လာခြင်းဖြစ် သည်။ ကွန်မြူနစ်ဝါဒကျင့်သုံးသော ဆိုဗီယက်ယူနီယံ၊ ချက်ကိုဆလိုဗက်ကီးယားနှင့် ယူဂိုဆလပ်ဗီးယားတို့တွင် အမည်ခံဖက်ဒရယ် အခြေခံဥပဒေများရှိကြသော်လည်း အမှန်တကယ်တွင် တစ်ပါတီစနစ်ဖြင့် ဗဟိုမှ ထိန်းချုပ်ထားကြသည်။ သို့ရာတွင် ၎င်းတို့ ဒီမိုကရေစီစနစ်သို့ကူးပြောင်းသည့်အခါ ၎င်းတို့၏ဖက်ဒရယ်ပုံစံက နိုင်ငံရေးအရအမှန်တကယ် အရေးပါလာခဲ့သည်။ ဒီမိုကရေစီအတွေ့အကြုံနည်းပါးမှုနှင့် အသွင်ကူးပြောင်းမှု၏ကြီးမားသော ဖိအားတို့ကြောင့် အဆိုပါဖက်ဒရယ်နိုင်ငံများအားလုံး အောင်မြင်မှုမရခဲ့ပေ။ သို့ရာတွင် ဆိုဗီယက်ယူနီယံဟောင်းအတွင်းမှ ဖက်ဒရေးရှင်းတစ်ခုဖြစ်ခဲ့သော ရုရှားမှာမူ ကွန်မြူနစ်ခေတ်လွန် ဖက်ဒရယ်နိုင်ငံအဖြစ်ပေါ် ထွက်လာခဲ့သည်။ ဘော့စနီးယားဟာဇီဂိုဗီးနားသည် ယူဂိုဆလပ်ဗီးယားမှခွဲထွက်ကာ ဖက်ဒရယ်တည်ဆောက်ပုံဖြင့် ထွက်ပေါ်လာခဲ့သော်လည်း နိုင်ငံတကာ၏ကြပ်မတ်မှုအောက်တွင်ရှိနေဆဲဖြစ်သည်။

တစ်ချိန်တည်းတွင် တစ်ပြည်ထောင်နိုင်ငံများမှလည်း ဖက်ဒရယ်နိုင်ငံအသစ်များ ထွက်ပေါ်ခဲ့သည်။ ဘယ်လ်ဂျီယံသည် အထင်ရှား ဆုံးဥပမာဖြစ်ပြီး ၁၉၉၃ တွင် ဖက်ဒရယ် အခြေခံဥပဒေကို တရားဝင်ချမှတ်ခဲ့သည်။ အာဏာရှင် ဖရန်ကိုအလွန် ဒီမိုကရေစီကျင့်သုံးခဲ့သောစပိန်တွင် အရေးပါသောအာဏာများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသများသို့ခွဲဝေပေးခဲ့ပြီး ထိရောက်သော ဖက်ဒရယ်စနစ်ကို ကျင့်သုံးနိုင်ခဲ့သည်။ တောင်အာဖရိကနိုင်ငံသည်လည်း အသားအရောင်ခွဲခြားသောခေတ်အလွန်တွင် ဒီမိုကရေစီသို့ ကူးပြောင်းသောအခါ ဂျာမနီပုံစံအတိုင်းဖက်ဒရယ်တည်ဆောက်ပုံကိုချမှတ်ကျင့်သုံးခဲ့သည်။ အီတလီ၊ အင်ဒိုနီးရှား၊ ပီရူး၊ ယူကေစသော အခြားနိုင်ငံများမှာမူ  ဒေသဆိုင်ရာအစိုးရများထံ အာဏာခွဲဝေပေးထားသော်လည်း ယခုတိုင် ဖက်ဒရယ်စနစ်ကိုအပြည့်အဝကျင့်သုံးသောနိုင်ငံများမဟုတ်သေးပေ။ ဘိုလစ်ဗီးယားနှင့် ဖိလစ်ပိုင်တို့သည်လည်း ဖက်ဒရယ်စနစ် ကျင့်သုံးရန် အခြေအတင်ဆွေးနွေးလျက်ရှိသည်။

အခက်ခဲဆုံးဖြစ်ရပ်များမှာ ပဋိပက္ခအလွန်အခြေအနေများမှ ပေါ်ထွက်လာသော ဖက်ဒရယ် နိုင်ငံသစ်များဖြစ်သည်။ Dayton စာချုပ်အရ ဘော့စနီးယားဟာဇီဂိုဗီးနားသည် ဖက်ဒရယ်စနစ်ကိုထူထောင်ခဲ့သော်လည်းနိုင်ငံတကာကြပ်မတ်မှုအောက်တွင် ရှိနေဆဲဖြစ်သည်။ ဆူဒန်တွင် တောင်ပိုင်းနှင့် ကြာမြင့်စွာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကို ပြည့်ပြည့်စုံစုံပါဝင်သော ငြိမ်းချမ်း ရေးစာချုပ်ဖြင့် အဆုံးသတ်ခဲ့သကဲ့သို့၊ ဒီမိုကရေစီနိုင်ငံ မဖြစ်ခဲ့ဘူးသော အီသီယိုပီးယားတွင် မင်ဂျစ်စတူးအစိုးရကို သူပုန်များက အနိုင်ယူပြီးနောက် ဖက်ဒရယ်စနစ်ကို ချမှတ်ကျင့်သုံးခဲ့သည်။ မကြာသေးမီက အခြေခံဥပဒေသစ်အရ ပထမဆုံးပြည်လုံးကျွတ် ရွေးကောက်ပွဲများ ကျင်းပခဲ့သော ကွန်ဂိုနိုင်ငံ၏  ထိုအခြေခံဥပဒေသစ်သည်  ထိရောက်သော ဖက်ဒရယ်ဖြစ်သည်။ အီရတ်တွင်မူ ၂၀၀၅ တွင် ဖက်ဒရယ်အခြေခံဥပဒေကို မဲဆန္ဒရှင်များက ပြဌာန်းခဲ့ကြသော်လည်း အကောင်အထည်ဖော်ရာတွင် ကြီးမားသော စိန်ခေါ်မှုများရှိနေကြောင်း ထင်ရှားပေါ်လွင်လျက်ရှိသည်။ အဆိုပါအခြေအနေအားလုံးသည် ခက်ခဲနေဆဲပင် ဖြစ်သည်။ သီရိ

လက်ာနှင့် ဆိုက်ပရပ်စ်ကဲ့သို့သော နိုင်ငံများတွင် ပဋိပက္ခနှင့် ကွဲပြားနေမှုများကို အဆုံးသတ်ရန် ဖက်ဒရယ်ဖြင့်ဖြေရှင်းရန် ကြိုးပမ်းမှုများမှာ ယခုတိုင်မအောင်မြင်သေးပေ။ နီပေါတွင်မူ ပြည်တွင်းစစ်ကို အဆုံးသတ်ပြီးနောက် ဖက်ဒရယ်စနစ်ကျင့်သုံးရန် ဖြစ်နိုင်ခြေကို မကြာသေးမီက ရှာဖွေလျက်ရှိသည်။

ဖက်ဒရယ်စနစ်၏ သမိုင်းကြောင်းတွင် ဖော်ပြသင့်သည့် နောက်ဆုံးဖြစ်ရပ်မှာ ဥရောပသမဂ္ဂဖြစ်သည်။ အီးယူသည် ဖက်ဒရယ်ပုံစံထက် ကွန်ဖက်ဒရေးရှင်းပုံစံနှင့် ပိုတူသော သီးသန့်နိုင်ငံရေးအင်စတီကျူးရှင်းတစ်ခုဖြစ်သော်လည်း ဖက်ဒရယ်လက္ခဏာများစွာပါဝင်နေပြီး ဖက်ဒရယ်လမ်းကြောင်းအတိုင်း အပြည့်အချဉ်းကပ်ရန် သင့်၊ မသင့်ကို ဥရောပတိုက်သားများ အကြား ဆက်လက်ငြင်းခုန်ဆွေးနွေးနေကြသည်။ မည်သည့်ဖြစ်ရပ်တွင်မဆို အီးယူစမ်းသပ်မှုသည် ဖက်ဒရယ်စနစ်ကို လေ့လာနေသူများအတွက် အလွန်ကိုက်ညီသော ဥပမာကောင်းတစ်ခု ဖြစ်နေဆဲပင်ဖြစ်သည်။

## ဖက်ဒရယ်နိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်လာပုံများ

ဖက်ဒရယ်နိုင်ငံအားလုံးသည် အချိန်ယူ၍ တဖြည်းဖြည်းဖြစ်ပေါ် တိုးတက်လာရခြင်းဖြစ်သည်။ အချို့မှာ အဓိကကျသော တရားဝင်အခြေခံဥပဒေပြောင်းလဲမှုများမှတဆင့် ပေါ်ထွက်လာကြပြီး အချို့မှာမူ အလွန်တည်ငြိမ်သော အခြေခံဥပဒေများရှိသည့်ကြားမှ သိသိသာသာ ပြောင်းလဲခဲ့ကြခြင်းဖြစ်သည်။ ကိုယ်စားပြုဒေသ အသစ်များဖွဲ့စည်းခြင်း၊ မြို့ပြများ ထူထောင်ခြင်း၊ အဓိကကျသော လူဦးရေနှင့် စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများ၊ နည်းပညာသစ်များ၊ အဓိကကျသော ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းနိုင်ငံရေးတိုးတက်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအတွေ့အကြုံများကဲ့သို့ အကြောင်းရင်းတို့သည် ဖက်ဒရယ်ကြိုးပမ်းမှုများကို ပုံသွင်းရာတွင် လွန်စွာအရေးပါသည်။

သက်တမ်းအရင့်ဆုံး ဖက်ဒရယ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် အခြေခံဥပဒေတစ်မျိုးတည်းကို နှစ်ပေါင်း ၂၀၀ ကျော် အသုံးပြုခဲ့ပြီး ပြင်ဆင်မှု ၂၇ ခုမျှသာ ပြုလုပ်ခဲ့သည်။ အိန္ဒိယသည် ၎င်း၏အခြေခံဥပဒေကို နှစ်ပေါင်း ၆၀ အတွင်း ပြင်ဆင်မှု ၉၄ ခု ပြုလုပ်ခဲ့သည်။ ဘရာဇီးသည် လွတ်လပ်ရေးရပြီးနောက် အခြေခံဥပဒေ ၇ ခုရှိခဲ့ပြီး၊ မက္ကဆီကိုသည် ၆ ခု၊ ဗင်နီဇွဲလားသည် ၂၆ ခုရှိခဲ့သည်။ အချို့ဖက်ဒရယ်နိုင်ငံများသည် အခြေခံဥပဒေကို အဆက်မပြတ်ရန် ထိန်းသိမ်းခဲ့ကြသော်လည်း အချို့နိုင်ငံများမှာမူ တော်လှန်အုံကြွမှုများ၊ စစ်အစိုးရများ ကြားဖြတ်ပေါ်ပေါက်မှုကြောင့် အခြေခံဥပဒေပြတ်တောက်မှုများရှိခဲ့သည်။ တွေ့ရှိမှတ်သားမှုများအရ ဖက်ဒရယ်နိုင်ငံများစွာတွင် ကိုယ်စားပြုဒေသများ၏ အရေအတွက်နှင့် သွင်ပြင်လက္ခဏာများသည် အချိန်နှင့်အမျှ သိသာစွာ ပြောင်းလဲနေသည်။ တရားဝင်အခြေခံဥပဒေပြောင်းလဲမှုအတိုင်းအတာမည်သို့ရှိစေကာမူ ဖက်ဒရယ်နိုင်ငံတိုင်းသည် များသောအားဖြင့် အချိန်ကြာလျှင် ထူထောင်သူများ အံ့အားသင့်လောက်အောင်ပင် နည်းလမ်းများ ပြောင်းလဲသွားလေ့ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့သည် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ဖက် ဒရယ်နိုင်ငံများဖြစ်သော်လည်း ဗဟိုချုပ်ကိုင်မှု တဖြည်းဖြည်းများလာသည်ကို တွေ့

ရပြီး၊ ဗဟိုချုပ်ကိုင်မှုများခဲ့သော ကနေဒါမှာမူ ဆန့်ကျင်ဖက်လားရာဖြင့် တဖြည်းဖြည်း ဗဟိုချုပ်ကိုင်မှုလျော့ချလာသည်ကို တွေ့ရသည်။

**ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီ**

ဆိုဗီယက်ယူနီယံ၊ ယူဂိုဆလပ်ဗီးယားနှင့် ချက်ကိုဆလိုဗက်ကီးယားတို့သည် ကွန်မြူနစ် အုပ်ချုပ်မှုကာလတွင် ဖက်ဒရယ်အခြေခံဥပဒေများရှိသည့်တိုင်အောင် စစ်မှန်သော ဖက်ဒရယ်နိုင်ငံများ မဟုတ်ပေ။ တကယ့်အာဏာအားလုံးကို ကွန်မြူနစ်ပါတီကသာ ဗဟိုမှ ထိန်းချုပ်ထားသည်။ လက်တင်အမေရိကမှ အခြေအနေသည် ပိုမို ရှုပ်ထွေးပြီး ဘရာဇီးနှင့် အာဂျင်တီးနားတို့တွင် ဗဟိုက စစ်အုပ်ချုပ်ရေးကျင့်သုံးနေသော်လည်း ပြည်နယ်များတွင် အတော်အတန် လွတ်လပ်သော ရွေးကောက်ပွဲများကို တစ်ခါတစ်ရံ ခွင့်ပြုသည့် ကာလများရှိခဲ့သည် (အထူးသဖြင့် စစ်အုပ်ချုပ်ရေးမှ အသွင်ကူးပြောင်းသောကာလအတွင်းဖြစ်ကာ စစ်အုပ်ချုပ်ရေးကို အဆုံးသတ်သည့် အခြေခံဥပဒေကို ရေးဆွဲရာတွင် ပြည်နယ်များက အဓိကကဏ္ဍမှ ပါဝင်ခဲ့ကြသည်)။ မက္ကဆီကိုတွင် ပါတီက ရွေးကောက်ပွဲများကို နှစ်ပေါင်းများစွာ ထိန်းချုပ်ထားခဲ့သော်လည်း အချိန်ကြာလာသောအခါ အထူးသဖြင့် ပြည်နယ်အချို့တွင် ချုပ်ကိုင်မှု အားလျော့လာခဲ့သည်။ နိုက်ဂျီးရီးယားနှင့် ပါကစ္စတန်တွင် စစ်အုပ်ချုပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ တစ်လှည့်စီ ထွက်ပေါ်ခဲ့သော အလားတူ အတွေ့အကြုံမျိုး ရှိခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီ မဟုတ်သော ဖက်ဒရယ်နိုင်ငံများသည် ဟန်ပြဖြစ်ကြောင်းထင်ရှားသော်လည်း နိုင်ငံအချို့တွင် ဖက်ဒရယ်တည်ဆောက်ပုံများမှာ အမှန်တကယ်အသက်ဝင်မှုရှိသည်။ ထို့အပြင် အဆိုပါနိုင်ငံအားလုံးတွင် ယခင်က အရေးမပါခဲ့သော ကိုယ်စားပြုဒေသများကို လုပ်ပိုင်ခွင့်အာဏာပေးခဲ့သောကြောင့် ဖက်ဒရယ်အခြေခံဥပဒေဆိုင်ရာ အစီအစဉ်များသည် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းမှုဖြစ်စဉ်အတွင်း အမှန်တကယ်အရေးပါခဲ့ကြသည်။ ယခင်ကကွန်မြူနစ်နိုင်ငံများ၏ပြိုကွဲမှုတွင်ဖက်ဒရယ်တည်ဆောက်ပုံသည် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ခဲ့သည်။

ကာလကြာရှည်တူထောင်ထားသော ဖက်ဒရယ်နိုင်ငံအားလုံးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး နည်းပညာများသည် အကွာအဝေးကို ချုံ့ကာ ၎င်းတို့အတွင်းရှိ နိုင်ငံရေးအရ ပို၍အသိအမြင်များသည့် အသိုင်းအဝိုင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ပေးခဲ့သည်။ ထို့အတူ ဖက်ဒရယ်နိုင်ငံ၏ အစောပိုင်းသမိုင်းတွင် မရှိနိုင်သော (သို့) အနည်းငယ်သာ အရေးပါသော နယ်ပယ်များ (အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါအနောက်ပိုင်း၊ ဘရာဇီးအတွင်းပိုင်းနှင့် မြောက်ပိုင်း) သည် အချိန်ကြာလာသည်နှင့်အမျှ ပိုမိုအရေးပါ အရာရောက်လာခဲ့ကြသည်။ ကမ္ဘာ့စစ်များအပြီးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြိုးပမ်းကြရခြင်းကြောင့် ဖက်ဒရယ်နိုင်ငံများတွင် ဗဟိုအစိုးရအချို့ကို ပိုမိုနိုင်မာတောင့်တင်းစေခဲ့ပြီး သာယာဝပြောသော နိုင်ငံများ၏ နီးထလာမှုကို ဖြစ်စေသည်။

ဖက်ဒရယ်နိုင်ငံများကို ပုံသဏ္ဍာန်ပြောင်းလဲရာတွင် ဒီမိုကရေစီအတွေ့အကြုံသည်

လွန်စွာအရေးပါသည်။ မက္ကဆီကိုနှင့် ဘရာဇီးတွင် ဒီမိုကရေစီစနစ်သည် ဗဟိုချက်မျိုးစုံနှင့် ပါတီများသို့ အာဏာလွှဲပြောင်းပေးခဲ့သောကြောင့် ပို၍ဖက်ဒရယ်ပီသလာသည်။ အိန္ဒိယသည် သံသယများကိုကျော်လွှားကာ ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်သော်လည်း လွတ်လပ်ရေးရပြီးစ ကွန်ဂရက်ပါတီက ပြည်ထောင်စုအစိုးရအဆင့်နှင့် ပြည်နယ်အစိုးရအားလုံးကို ထိန်းချုပ်ခဲ့သည့်ကာလထက် ယနေ့အချိန်တွင် လုပ်နည်းလုပ်ဟန်များ များစွာခြားနားသွားခဲ့ပြီ ဖြစ်သည်။

## ဖက်ဒရယ်စနစ်၏ ဆီလျော်မှု

ဖက်ဒရယ်စနစ်သည် အမြဲတမ်း အကောင်းဆုံးမဟုတ်သကဲ့သို့ ဖက်ဒရယ်စနစ်၏ အကောင်းဆုံးပုံစံဟူ၍လည်း မရှိပေ။ ဖက်ဒရယ်စနစ်သည် အလွန်များသော လူဦးရေ သို့မဟုတ် အလွန်ကြီးမားသောပိုင်နက် သို့မဟုတ် ဒေသအလိုက်လွန်စွာကွဲပြားခြားနားမှုရှိသည့် လူဦးရေများ ထူထပ်စွာရှိနေသည့် ဒီမိုကရေစီနိုင်ငံများနှင့် အထူးသဖြင့် ဆီလျော်မှုရှိနိုင်သည်။ အချိန်ကြာလာသောအခါ ဖက်ဒရယ်စနစ်သည် လူထုအတွင်း နိုင်ငံတစ်ခုလုံးနှင့်ဆိုင်သော သရုပ်လက္ခဏာသဘောကို နားလည်သည့် လူအတော်များများရှိရန် လိုအပ်သကဲ့သို့ ဒေသအဆင့်တွင် တက်ကြွပြီး ပူးပေါင်းပါဝင်မှုရှိသော နိုင်ငံရေး အသိုင်းအဝိုင်းများရှိရန်လည်း လိုအပ်သည်။

ဖက်ဒရယ်စနစ်သည် နိုင်ငံအချို့နှင့် သင့်လျော်မှုရှိသော်လည်း နိုင်ငံအားလုံးတော့ မဟုတ်ပေ။ ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီအစိုးရပုံစံတစ်မျိုးဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အယူဝါဒနှင့် တရားဥပဒေစိုးမိုးမှုတို့အပေါ်တွင် အခြေခံသည်။ ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီမဟုတ်သော နိုင်ငံများတွင် ဟန်ပြဖြစ်နိုင်သော်လည်း ဖက်ဒရယ်ဖွဲ့စည်းတည်ဆောက်ပုံအချို့ အမှန်တကယ်အသက်ဝင်သော တစိတ်တပိုင်းဒီမိုကရေစီ (သို့) လစ်ဘရယ်ကျင့်သုံးမှု ဖြစ်ရပ်များလည်းရှိသည်။

လူဦးရေသန်း ၁၀၀ ကျော်သော ဒီမိုကရေစီနိုင်ငံအားလုံး ဖက်ဒရယ်နိုင်ငံဖြစ်နေခြင်း (ဂျပန်နှင့် အင်ဒိုနီးရှားသည် ဖက်ဒရယ်မဟုတ်သော အကြီးဆုံး ဒီမိုကရေစီနိုင်ငံများ ဖြစ်သော်လည်း နှစ်နိုင်ငံစလုံးသည် ဒေသန္တရ အုပ်ချုပ်ရေးစနစ် ကျင့်သုံးကြသည်) နှင့် တိုက်ကြီးများ အရွယ်အစား (continental size) ရှိသော ဒီမိုကရေစီနိုင်ငံအားလုံး ဖက်ဒရယ်နိုင်ငံဖြစ်နေခြင်းမှာ မတော်တဆတိုက်ဆိုင်မှုမဟုတ်ပေ။ ရွေးကောက်တင်မြှောက်ခံလူကြိုက်များသည့် အစိုးရတစ်ဖွဲ့တည်းက ထိရောက်စွာ စီမံအုပ်ချုပ်နိုင်သော လူဦးရေနှင့် နယ်မြေအရွယ်အစားသည် အကန့်အသတ်ရှိပုံရသည်။ ထို့အတူ ကွဲပြားမှုများလွန်းသော၊ အထူးသဖြင့် ဒေသအလိုက် လူဦးရေထူထပ်မှုရှိသော ဒီမိုကရေစီနိုင်ငံများသည် အဆိုပါဒေသခံလူထုအတွက် အထူးတာဝန်ဆောင်ရွက်မည့် ကိုယ်ပိုင်အစိုးရမျိုးကို ဖွဲ့စည်းပေးရန် ဖိအားများရှိလာတတ်သည်။ ထို့ကြောင့် ယခင်က တစ်ပြည်ထောင်နိုင်ငံအချို့အတွက်နှင့် အောင်မြင်နိုင်သည့် ဒီမိုကရေစီပုံစံကျင့်သုံးရန် ကြိုးစားနေသောအသွင်ကူးပြောင်းဆဲသို့မဟုတ်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖက်ဒရယ်စနစ်သည် ကောင်းစွာဆွဲဆောင်နိုင်ကြောင်း တိုး၍ သက်သေပြလာနိုင်သည်။ ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံများသည် တစ်ပြည်ထောင်ဒီမိုကရေစီနိုင်ငံများကဲ့သို့ပင် တရားဥပဒေစိုးမိုးမှု၊ လူ

နည်းစုရပိုင်ခွင့်၊ သရုပ်လက္ခဏာတစ်ခုတည်းအတွက် တူညီသော လက္ခဏာအစိတ်အပိုင်း အပါအဝင်ယဉ်ကျေးမှုနှင့်အခြားသွင်ပြင်လက္ခဏာများလိုအပ်သည်။ ဒီမိုကရေစီရှင်သန်နိုင်မည့် နေရာနှင့် ပတ်သက်သည့် အကောင်းအဆိုးဝေဖန်ခန့်မှန်းမှုများသည် လွဲမှားမှုရှိနိုင်သည်။ ယခုအခါ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ် သို့မဟုတ် လေးဆယ်ခန့်ကထက် ဒီမိုကရေစီနိုင်ငံ ပိုမိုများပြားလာသည်။ လွန်ခဲ့သော နှစ် ၆၀ က အိန္ဒိယတွင် ငြိမ်းချမ်းသော ဒီမိုကရေစီထွန်းကား နိုင်မှုကို အများက သံသရှိခဲ့ကြသော်လည်း အမှန်တကယ်လုပ်ဆောင်နိုင်ခဲ့သည်။ ထို့အပြင် ဒီမို ကရေစီနိုင်ငံအဖြစ် အိန္ဒိယ၏ အောင်မြင်စွာ ရပ်တည်နိုင်မှုသည် အမှန်တကယ်၌ ဖက်ဒရယ်စနစ် ကိုလက်ခံကျင့်သုံးခဲ့ခြင်းအပေါ်မူတည်သည်။ သို့ရာတွင် ဖက်ဒရယ်နိုင်ငံအချို့သည် စတင်ထွက် ပေါ်ကာစ အစောပိုင်းကာလတွင် အောင်မြင်မှု မရခဲ့ကြပေ။ အများစုမှာ ဒီမိုကရေစီအတွေ့အကြုံ နည်းပါးခြင်း၊ အတူတကွမျှဝေခံစားနေထိုင်သော နိုင်ငံအဖြစ် သမိုင်းကြောင်း အနည်းငယ်သာ ရှိခြင်း၊ ဘုံသရုပ်လက္ခဏာသဘောကို သိရှိနားလည်မှုအားနည်းခြင်း စသောအချက်များ ရှိခဲ့ကြ သည်။ ကွန်မြူနစ်ခေတ်လွန်နှင့် အချို့ကိုလိုနီခေတ်လွန် ဖက်ဒရယ်နိုင်ငံများမအောင်မြင်ရခြင်းမှာ ဒီမိုကရေစီ၏ဖိအားအပြင် ကိုယ်စားပြုဒေသများအလွန်အမင်းဟန်ချက်မညီခြင်းနှင့် ဗဟိုအစိုးရ များ အားနည်းလွန်းခြင်းကဲ့သို့သော အခြားအချက်များကြောင့် ဖြစ်သည်။ ဒေသန္တရ (သို့) ဒေသ အလိုက် သရုပ်လက္ခဏာများသည် ပိုကြီးသော အမျိုးသားအဆင့်သရုပ်လက္ခဏာထက် ပိုမို အားကောင်းနေပြီး သရုပ်လက္ခဏာအချင်းချင်း ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်ဖက် ဖြစ်နေခြင်းများရှိပါသည်။ ယင်းသို့မအောင်မြင်မှုသည် နှစ်ပိုင်းကွဲခြင်း သို့မဟုတ် ခွဲထွက်ခြင်း ပုံစံမျိုးဖြင့်တွေ့ရလေ့ရှိသည် (သို့မဟုတ် မလေးရှားမှ စင်ကာပူခွဲထွက်သည့်ဖြစ်ရပ်တွင် လုံးဝခွဲ ထုတ်ပစ်လိုက်သကဲ့သို့)။

# အခန်း သုံး

## ကိုယ်စားပြုဒေသများ

### ဖက်ဒရယ်နိုင်ငံများ၏ နိုင်ငံရေးဂျီဩမေတြီ

ဖက်ဒရယ်နိုင်ငံများကို ၎င်းတို့၏နိုင်ငံရေးဂျီဩမေတြီက ပုံသွင်းပေးသည်။ ကိုယ်စားပြုဒေသများသည် အနည်းဆုံး ၂ ခုမှ အများဆုံး ၈၀ ကျော်အထိ ရှိနိုင်သည်။ အကြီးဆုံးဒေသ တစ်ခု (သို့) နှစ်ခုသည် နိုင်ငံ၏ လူများစု ဖြစ်နိုင်သလို အနည်းငယ်သာအရေးပါခြင်းလည်း ဖြစ်နိုင်သည်။ အကြီးဆုံးဒေသသည် အသေးဆုံးနယ်မြေထက် အရွယ်အစားများစွာ ကြီးမား နိုင်သကဲ့သို့ ရွယ်တူနီးပါးလည်း ဖြစ်နိုင်သည်။ အလွန်သေးငယ်ပြီး ဖွံ့ဖြိုးမှုနည်းသော ဒေသများ သည် အစိုးရတစ်ခု၏ တာဝန်ဝတ္တရားအချို့ကို တာဝန်ယူရန် စွမ်းဆောင်ရည်မရှိနိုင်ပေ။

ဖက်ဒရယ်နိုင်ငံများ၏ လူဦးရေသည် အိန္ဒိယကဲ့သို့ သန်းထောင်ချီသောပမာဏ ရှိ နိုင်သလို စိန့်ကစ်တီနှင့် နီးဗစ် (St.kitts and Navis) ကဲ့သို့ ၄၆၀၀၀ ဦးခန့်သာလည်း ရှိနိုင် သည်။ အချို့ဖက်ဒရယ်နိုင်ငံများရှိ အကြီးဆုံးကိုယ်စားပြုဒေသသည် အခြားနိုင်ငံများစွာထက် ပိုမိုကြီးမားကာအိန္ဒိယရှိဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင်လူဦးရေသန်း၁၆၀ရှိပြီးကယ်လီဖိုးနီးယား ပြည်နယ်တွင် ၃၄ သန်း ရှိသည်။ ထို့ပြင်အချို့သေးငယ်လှသော ပြည်နယ်များ (အထူးဒေသများ အပါအဝင်) တွင်ပါဝင်သော နီးဗစ်တွင် လူးရေ ၁၂၀၀၀ ခန့်သာ ရှိသော်လည်း ကြီးမားသော ရုရှားဖက်ဒရေးရှင်းကဲ့သို့နိုင်ငံမှ အီဗင်ကီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်လည်း လူဦးရေ ၁၄၀၀၀ ခန့်သာရှိသည်။ ထို့ကြောင့်အရွယ်အစားတစ်ခုတည်းသည်ပင်အစိုးရစွမ်းဆောင်ရည်နှင့် နိုင်ငံရေး လှုပ်ရှားပြောင်းလဲမှုတို့အပေါ် သက်ရောက်မှုရှိသည်ဆိုသည်မှာ ထင်ရှားပါသည်။ ကိုယ်စားပြုဒေသများ၏ အရေအတွက်နှင့် အရွယ်အစားသည် ဖက်ဒရယ်နိုင်ငံတစ်ခု၏ နိုင်ငံ ရေးကိုပုံသွင်းရာတွင်ပါဝင်သောအချက်များဖြစ်သည်။ ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့တွင် ကိုယ်စားပြုဒေသ (ပြည်နယ်) အရေအတွက် (၈၆ နှင့် ၅၀) ရှိကြရာ အများဆုံးရှိသော နိုင်ငံများ ဖြစ်ပြီး ၎င်းတို့၏ အကြီးဆုံးပြည်နယ်ရှိ လူဦးရေသည် နိုင်ငံလူဦးရေ၏ သေးငယ်သောအချိုး (မော်စကိုတွင် ၇ ရာခိုင်နှုန်း၊ ကယ်လီဖိုးနီးယားတွင် ၁၂ ရာခိုင်နှုန်း) မျှသာရှိသည်။ အရွယ်အစား လွန်စွာမကြီးသော ပြည်နယ်များစွာရှိခြင်းသည် အဆိုပါနိုင်ငံများတွင် အာဏာကိုဗဟိုမှ ချုပ်ကိုင် ထားရန် ပိုမိုလွယ်ကူစေနိုင်သည်။ ပြည်နယ်တစ်ခုတွင်မျှ နိုင်ငံလူဦးရေ၏ ၇ ရာခိုင်နှုန်းထက် မကျော်သော ပြည်နယ် ၃၆ ခုရှိသော နိုင်ဂျီးရီးယား၌ အရပ်ဖက်အုပ်ချုပ်ရေးစနစ်သို့ ပြန်လည် ကူးပြောင်းပြီး နောက်ပိုင်းတွင် အလားတူဖြစ်ခဲ့သည်ဟု ဆိုနိုင်သည်။ အခြားတဖက်စွန်းမှ ပုံစံ တစ်ခုမှာ ပြည်နယ်နှစ်ခုမှ လေးခုအထိရှိသော ဖက်ဒရယ်နိုင်ငံများတွင် ဩဇာလွှမ်းမိုးသော ပြည်နယ်တစ်ခုရှိသောအခါမျိုး၌ နိုင်ငံရေးမတည်ငြိမ်ပဲ ခွဲထွက်ရေးလှုပ်ရှားမှုမျိုးပါဝင်လာတတ် ကာ ခွဲထွက်ရေးလှုပ်ရှားသူမှာ အကြီးဆုံးပြည်နယ်သော်လည်းကောင်း သို့မဟုတ် အသေးဆုံး ပြည်နယ်သော်လည်းကောင်း အမျိုးမျိုး ကွဲပြားတတ်သည်။

### ကိုယ်စားပြုဒေသအနည်းငယ်သာရှိသော ဖက်ဒရယ်နိုင်ငံများ

စိန့်ကစ်နှင့် နီးဗစ်သည် ကျွန်းနှစ်ကျွန်း ပါဝင်ပြီး လူဦးရေ ၇၅ ရာခိုင်နှုန်းမှာ စိန့်ကစ်တွင် နေထိုင်သည်။ ဘော့စနီးယားဟာ ဇီဂိုဗီးနားတွင် သီးခြားနယ်မြေနှစ်ခုပါဝင်ပြီး ဘော့စနစ်ခရုတ် ဖက်ဒရေးရှင်းနယ်မြေတွင် လူဦးရေ ၆၁ ရာခိုင်နှုန်းနေထိုင်သည်။ ကိုမိုရိုနိုင်ငံ၏ ကျွန်းသုံးကျွန်းတွင် ဂရန်ဒီကိုမိုရို၌ လူဦးရေ ၅၁ ရာခိုင်နှုန်း နေထိုင်သည်။ မိုက်ခရိုနီးရှား၏ ပြည်နယ်လေးခုတွင်မှ လူဦးရေ ၅၀ ရာခိုင်နှုန်းမှာ ချပ်ခ်တွင် နေထိုင်သည်။ ဘယ်လ်ဂျီယံ၏ ဒေသသုံးခုတွင်လည်း ကွဲပြားသော ယဉ်ကျေးမှုအသိုင်းအဝိုင်းသုံးခုရှိပြီး လူဦးရေ ၅၈ ရာခိုင်နှုန်းမှာ ဖလင်ဒါစ်တွင် နေထိုင်ကြသည်။ ယနေ့ပါကစ္စတန်တွင် ပြည်နယ်လေးခုရှိကာ လူဦးရေ၅၆ ရာခိုင်နှုန်းမှာ ပန်ဂျပ်တွင် နေထိုင်ကြသည် (မူလပါကစ္စတန်တွင် အိန္ဒိယနိုင်ငံက အလယ်တွင်ခြားထားသော အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ ပြည်နယ်နှစ်ခုသာ ရှိခဲ့ရာမှ ၁၉၇၁ ပြည်တွင်းစစ်အပြီးတွင် အရှေ့ပါကစ္စတန်က ဘင်္ဂလားဒေ့ရှ်အဖြစ် ခွဲ ထွက်ခဲ့သည်)။ ကွန်မြူနစ်ချက်ကို ဆလိုဗက်ကီးယားသည် ချက်နှင့် ဆလိုဗက်ဖက်ဒရယ်နိုင်ငံများအဖြစ်ပေါ်ထွက်လာသော်လည်း သုံးနှစ်အတွင်းပျက်ပြားသွားသည်။ နိုက်ဂျီးရီးယားသည် မူလကပင် ဒေသသုံးခုသာ ရှိခဲ့ပြီး လူဦးရေ၅၀ ရာခိုင်နှုန်းမှာ မြောက်ပိုင်းဒေသတွင် နေထိုင်ကြသည်။ တိုင်းပြည်၏ အစောပိုင်းသမိုင်းတွင် ဒေသအချင်းချင်း တင်းမာမှုများရှိခဲ့ပြီး အရပ်သားအစိုးရပြိုလဲမှုနှင့် ပြည်တွင်းစစ်ဖြစ်ပွားခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ ယနေ့ နိုက်ဂျီးရီးယားတွင် ၃၆ ပြည်နယ်ရှိသည်။ အဆိုပါဖြစ်စဉ်အားလုံးတွင် ပြည်နယ်အရေအတွက် နည်းပါးပြီး လူဦးရေထက်ဝက်ကျော်မှာ ပြည်နယ်တစ်ခုထဲတွင် နေထိုင်သောအချက်က တင်းမာမှုများနှင့် မတည်ငြိမ်မှုတို့ကို ဖန်တီးဖြစ်ပေါ်စေခဲ့သည်။ နှစ်ပြည်နယ် ဖက်ဒရယ်နိုင်ငံများတွင် ဗဟိုမှ ဆုံးဖြတ်ချက်ချမှတ်မှု တန်းတူညီမျှရှိရေးကို ပြည်နယ်အသေးက တောင်းဆိုလေ့ရှိပြီး ပြည်နယ်အကြီးက များသောအားဖြင့် ငြင်းဆန်လေ့ရှိသည်။

ဖက်ဒရယ်နိုင်ငံအများစုသည် အဆိုပါ အစွန်းနှစ်ဖက်ပုံစံများကြားတွင် ရှိကြပြီး ၆ ပြည်နယ် (ဩစတြေးလျ) မှ ၃၁ ပြည်နယ် (မက္ကဆီကို) အထိပါဝင်ဖွဲ့စည်းထားကြသည်။ အဆိုပါ အရေအတွက်သည် (အဖွဲ့ဝင် ၈ နိုင်ငံမှ ၂၇ နိုင်ငံအထိ ကြီးထွားလာသော ဥရောပအသိုင်းအဝိုင်း အနေနှင့် ၎င်း၏ ဆုံးဖြတ်ချက်ချမှတ်မှုစနစ်ကို မည်မျှအလေးထားသနည်းဟူသော အချက်မှာ အထူးစိတ်ဝင်စားစရာကောင်းသော်လည်း) အစိုးရများအကြား ဆက်ဆံရေးကို စီမံရလွယ်ကူအောင်၊ စနစ်များပိုမိုတည်ငြိမ်မှုရှိအောင် ပြုလုပ်ပေးနိုင်ပုံရသည်။ အနည်းငယ်သော ဖက်ဒရယ်နိုင်ငံများတွင် အထူးသဖြင့် လူဦးရေထူထပ်သောပြည်နယ် (အွန်တာရီယိုပြည်နယ်တွင် ကနေဒါ လူဦးရေ၏ ၃၉ ရာခိုင်နှုန်း၊ ဗျူနိုအေရီစ်ပြည်နယ်တွင် အာဂျင်တီးနားလူဦးရေ၏ ၃၈ ရာခိုင်နှုန်း၊ နယူးဆောက်ဝေးလ်ပြည်နယ်တွင် ဩစတြေးလျလူဦးရေ၏ ၃၄ ရာခိုင်နှုန်း) သည် တိုင်းပြည်၏ နိုင်ငံရေးတွင် ဗဟိုချက်ကျသောကဏ္ဍမှ ပါဝင်နိုင်၍ အခြားပြည်နယ်များနှင့် တင်းမာမှုများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ရာတွင် အခြားအကြောင်းရင်းများကလည်း ဖက်ဒရယ်နိုင်ငံအတွင်းတွင် ဖြစ်ပေါ်နေသောတင်းမာမှုများအပေါ်သက်ရောက်မှုရှိနိုင်ရာသိသာသောအကြောင်းရင်းတစ်ခုမှာ ၎င်းတို့၏ ပြည်တွင်းမှ မတူကွဲပြားခြားနားမှုများဖြစ်သည်။

## ကိုယ်စားပြုဒေသအမျိုးအစားများ

ဖက်ဒရယ်နိုင်ငံများသည် သဘာအားဖြင့် ကိုယ်စားပြုဒေသများကို အမျိုးအစား သတ်မှတ်သော မူတစ်ခုဖြင့် ဒေသဆိုင်ရာအဆင့်တွင် ဖွဲ့စည်းထားရာ ပြည်နယ် **(State or province)** ဟုခေါ်ဆိုလေ့ရှိသည်။ ထို့အပြင် ဖွံ့ဖြိုးမှုနိမ့်သော နယ်မြေများနှင့် မြို့တော်နယ်မြေများအတွက် ဒုတိယတန်းစားနယ်မြေတစ်မျိုးကိုလည်း ထားရှိကြသည်။ များသောအားဖြင့် နယ်မြေများသည် အချိန်ကြာလာသောအခါ ကိုယ်စားပြုဒေသတစ်ခုဟူသော အနေအထားကို အပြည့်အဝရရှိလာကြသည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် တတိယအလွှာအစိုးရတစ်မျိုးအဖြစ် အခြေခံဥပဒေတွင် ထည့်သွင်းထားသော မြူနီစပယ်အစိုးရတစ်မျိုးရှိကြသည်။

ဖက်ဒရယ်နိုင်ငံများသည် သဘာဝအားဖြင့် ၎င်းတို့၏နယ်မြေကို အဓိကအားဖြင့် ပြည်နယ်ကဲ့သို့သော ကိုယ်စားပြုဒေသ အဓိကအမျိုးအစားတစ်ခုဖြင့် ခွဲခြားထားကြသည်။ သို့ရာတွင် အချို့ဖက်ဒရယ်နိုင်ငံများသည် ကိုယ်စားပြုဒေသထက် အဆင့်နိမ့်သော အထူးနယ်မြေဒေသများကို ဖွဲ့စည်းထားပြီး များသောအားဖြင့် ဗဟိုအစိုးရ၏ တရားဝင်ထိန်းချုပ်မှုအောက်တွင် ထားရှိသည်။ ၎င်းနယ်မြေများမှာ နိုင်ငံ၏ မြို့တော်နယ်မြေ၊ ဝေးလံ၍ လူဦးရေနည်းသော နယ်မြေများ၊ လူမျိုးစုအထူးဒေသများ သို့မဟုတ် ပင်လယ်ရပ်ခြားပိုင်နက်များစသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။ ၎င်းတို့အတွက် အထူးရန်ပုံငွေထောက်ပံ့သည့် အစီအစဉ်များလည်း ရှိနိုင်သည်။ နိုင်ငံ၏မြို့တော်နယ်မြေများမှလွဲ၍အဆိုပါအထူးနယ်မြေဒေသများသည်လူဦးရေသိသိသာသာနည်းပါးပြီး ဖက်ဒရယ်နိုင်ငံ၏ လုပ်ငန်းဆောင်တာများတွင် အနည်းငယ်သာ အရေးပါသည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် ရွှေ့ပြောင်းနေထိုင် သူများကြောင့် လူဦးရေထူထပ်ကာ ဖွံ့ဖြိုးတက်လာသော နယ်မြေများကို ကိုယ်စားပြုဒေသအသစ်များ တိုးချဲ့ဖွဲ့စည်းပေးသည်။ (ပြည်ထောင်စုအတွင်း ပြည်နယ်အသစ်များ တိုးချဲ့သည့်ကိစ္စသည် အမေရိကန်ပြည်တွင်းစစ်၏ အဓိကအကြောင်းရင်းဖြစ်သည်)

### ဖက်ဒရယ်စနစ်များမှ နယ်မြေများ

အမေရိကန်ပြည်ထောင်စုသည် ရှိရင်းစွဲပြည်နယ်များတွင် နယ်မြေသစ်များ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ၁၃ ပြည်နယ်မှ ၅၀ ပြည်နယ်အထိ ကြီးထွားလာခဲ့သည်။ ကနေဒါသည် ယခင်ရှိရင်းစွဲ နယ်မြေများကို အခြေပြု၍ ပြည်နယ်သစ်နှစ်ခုကို ဖွဲ့စည်းခဲ့ပြီး အခြားပြည်နယ်လေးခုကိုလည်း သိသာစွာ တိုးချဲ့ခဲ့သည်။ ဘရာဇီးသည် ၁၉၈၈ ခုနှစ်က ရှိရင်းစွဲနယ်မြေများမှပင် ပြည်နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယနေ့ကာလတွင် ကနေဒါတွင် နယ်မြေ ၃ ခု၊ ဩစတြေးလျတွင် ၁ ခု၊ အိန္ဒိယတွင် ပြည်ထောင်စုနယ်မြေ ၇ ခုရှိရာ အားလုံးသည် တစ်နိုင်ငံလုံး လူဦးရေအချိုးအရ နေထိုင်သူ အလွန်နည်းပါးသည်။ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ အီသီယိုပီးယား၊ မက္ကဆီကို၊ နိုက်ဂျီးရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ၎င်းတို့၏ နိုင်ငံ၏ မြို့တော်နယ်မြေသို့မဟုတ် ဒေသသည် ပုံမှန်ကိုယ်စားပြုဒေသ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ခြင်း မပြုသောစနစ်ကို ကျင့်သုံးကြသည်။

ရုရှားတွင် ကိုယ်စားပြုဒေသအမျိုးမျိုး ရှုပ်ထွေးစွာရှိနေရာ ကိုယ်စားပြုဒေသများကို republics၊ oblasts (ဒေသများ)၊ krais (နယ်မြေများ)၊ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ)၊ ဖက်ဒရယ်စနစ်အတွက် အရေးပါသော မြို့ကြီးများအမည်ဖြင့် ခေါ်ဝေါ်ကြသည်။ သို့သော်လည်း ပူတင်အစိုးရလက်ထက်တွင် ၎င်းတို့၏အဆင့်အတန်းနှင့် အခွင့်အာဏာ သိသိသာသာ ကွဲပြားမှုကို ပယ်ဖျက်ခဲ့သည်။

ဖက်ဒရယ်နိုင်ငံအများစုတွင် မြူနီစပယ်နှင့် ဒေသန္တရအစိုးရများနှင့်ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အခွင့်အာဏာတို့ကို ကိုယ်စားပြုဒေသအစိုးရများ၏ ဥပဒေပြုခွင့်အာဏာအတွင်းတွင် ထည့်သွင်းပေးထားသည်။ အချို့ဖက်ဒရယ်နိုင်ငံများ (ဘရာဇီး၊ အိန္ဒိယ၊ မက္ကဆီကို၊ တောင်အာဖရိက) တွင်မူ အဆိုပါအစိုးရအဆင့်ဆင့်ကိုအခြေခံဥပဒေတွင် ထည့်သွင်းပြဌာန်းထားသဖြင့် လွတ်လပ်သောအဆင့် အပ်နှင်းထားသော်လည်း ပြည်နယ်အဆင့် ကိုယ်စားပြုဒေသများထက် လျော့နည်းပါသည်။

## ကိုယ်စားပြုဒေသများ၏ လူမှုရေးအရ ကွဲပြားခြားနားမှုများ

ဖက်ဒရယ်နိုင်ငံများတွင် ကိုယ်စားပြုဒေသဘယ်လောက်များများဖွဲ့စည်းထားသလဲ ဆိုသည်မှာ ဒေသအလိုက် ထူးခြားသော လူဦးရေကို ထင်ဟပ်ပြီး နိုင်ငံတစ်ခုနှင့် တစ်ခုကြီးစွာ ခြားနားသည်။

အချို့ဖက်ဒရယ်နိုင်ငံများ (အာဂျင်တီးနား၊ ဩစတြီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ဂျာမဏီ၊ မက္ကဆီကို၊ အမေရိကန်ပြည်ထောင်စု) သည် ပြတ်ပြတ်သားသားလွှမ်းမိုးသော ဘာသာစကားရှိပြီး ကိုးကွယ်သည့်ဘာသာ သို့မဟုတ် တိုင်းရင်းသားလူမျိုးအရ ကွဲပြားမှုသိပ်မရှိပေ။ ၎င်းတို့တွင် ဒေသအလိုက်ကွဲပြားခြားနားမှုများမှာ အရေးပါသော်လည်း ဖက်ဒရယ်စနစ်အရ ဒေသများသတ်မှတ်၍ ဖွဲ့စည်းရာတွင် တိုင်းရင်းသားကို အခြေခံ၍လည်းကောင်း၊ ကိုးကွယ်သည့်ဘာသာကို အခြေခံ၍လည်းကောင်း၊ ဘာသာစကားကွဲပြားမှုများအပေါ်အခြေခံ၍လည်းကောင်းဖွဲ့စည်းထားခြင်းမဟုတ်ပေ။ ကွဲပြားခြားနားမှုများလွှမ်းသော ဖက်ဒရယ်နိုင်ငံများတွင်မူ နိုင်ငံသားများက ထူးခြားသော သရုပ်လက္ခဏာများအပေါ် ပြင်းပျသော ခံစားမှုများရှိနိုင်သည့်အပြင် ယင်းတို့နှင့် ပတ်သက်သည့် ကွဲပြားမှုများက နိုင်ငံရေးရပ်ဝန်း၏ အဓိကလက္ခဏာရပ်များဖြစ်နေသည်။ ထိုသို့သောအုပ်စုများသည် ဒေသအလိုက်ထူထပ်စွာ စုစည်းနေထိုင်ကြသောအခါထိုကိုယ်စားပြုဒေသများ၏လက္ခဏာနှင့်ဖွဲ့စည်းတည်ဆောက်ထားပုံသည်ဖက်ဒရယ်စနစ်၏ အဓိကကျသော သွင်ပြင်လက္ခဏာတစ်ခု ဖြစ်လာနိုင်သည်။

### ဖက်ဒရယ်စနစ်များမှ နယ်မြေများ

အမိကဘာသာစကားသုံးမျိုး၊ ကိုးကွယ်သည့်ဘာသာနှစ်မျိုးနှင့် တောင်ထူထပ်သော ဒေသတစ်ခုရှိသည့် ဆွစ်ဇာလန်ကို အပြည့်အဖွဲ့စည်းထားသော canton (ပြည်နယ်) ၂၀ နှင့် ထက်ဝက်သာဖွဲ့စည်းထားသော ၆ ခုဖြင့် ခွဲခြားဖွဲ့စည်းထားကာ ၎င်းတို့အများစုမှာ ဘာသာစကားတစ်မျိုးကိုသာသုံးစွဲပြီး ပရိုတက်စတင့် (သို့) ကက်သိုလစ်လူများစုက ပြတ်ပြတ်သားသား လွှမ်းမိုးထားသည်။ အိန္ဒိယ၌ တိုင်းရင်းသားနှင့် ဘာသာစကားအပေါ်တွင် အခြေခံကာပြည်နယ်များကို ခွဲခြားသတ်မှတ်ရန်ကိစ္စတွင် ကွဲပြားမှုများမြင့်တက်လာမည်ကို စိုးရိမ်သောကြောင့် မူလက ဆန့်ကျင်ခဲ့သော်လည်း ၁၉၅၆ နှင့် ၁၉၆၆ ကြားကာလတွင် ပြည်နယ်နယ်နမိတ်များကို တိုင်းရင်းသားနှင့် ဘာသာစကားအပေါ်အခြေပြု၍ ပြန်လည်ရေးဆွဲခဲ့ရာ ပြည်နယ်တစ်ခု (ပန်ဂျပ်) တွင် ထူးခြားသော ကိုးကွယ်မှုဆိုင်ရာ ရှုဒေါင့်တစ်မျိုးရှိသည်။ ကနေဒါ၏ ပြင်သစ်စကားပြောအသိုင်းအဝိုင်းသည် ကွီဘက်ပြည်နယ်တွင် ကြီးကြီးမားမားစုစည်းနေပြီး အခြားပြည်နယ်ကိုးခုတွင်မူ အင်္ဂလိပ်စကားပြောသူက အများစုဖြစ်သည်။ အီသီးပီးယား၏ ဖက်ဒရယ်ပုံစံသစ်တွင် တိုင်းရင်းသားလူမျိုးကို အခြေခံ၍ လွယ်ကူရှင်းလင်းစွာ ဖွဲ့စည်းထားသော်လည်း အချို့ပြည်နယ်များတွင် အလွန်ကွဲပြားခြားနားသော ဖွဲ့စည်းပုံများရှိနေသေးရာ ဖိအားများကို ဖြစ်ပေါ်စေသည်။ စပိန်နိုင်ငံ၏ ဖက်ဒရယ်စနစ်သို့ ကူးပြောင်းမှုတွင် သမိုင်းကြောင်းရှိသော လူမျိုးများကို ပြန်လည်ပေါင်းစည်း၍ ပြည်နယ်ဖွဲ့ခွင့်ပြုခဲ့သည်။ ဘယ်လ်ဂျီယံသည် နယ်မြေနှင့် ယဉ်ကျေးမှု ကွဲပြားမှုနှစ်မျိုးစလုံးကို ထင်ဟပ်သော ဖက်ဒရယ်အလွှာနှစ်မျိုးရှိသောကြောင့် ထူးခြားမှုရှိသော်လည်း မြို့တော်ဘရပ်ဆယ်မှလွဲ၍ နယ်မြေခွဲခြားမှုများတွင် ဘာသာစကားကွဲပြားမှုကိုလည်းထင်ဟပ်ထားသည်။ နိုက်ဂျီးရီးယား၏ ၃၆ ပြည်နယ်ကိုမူ အမိကကျသော ဘာသာဗေဒ၊ တိုင်းရင်းသားနှင့် ကိုးကွယ်မှုဆိုင်ရာ ကွဲပြားမှုများကို အခြေခံ၍ သတ်မှတ်ထားသည်။ ရုရှားနိုင်ငံတွင် လွှမ်းမိုးသော တိုင်းရင်းသားလူမျိုးနှင့် ဘာသာစကားမှာ ရုရှဖြစ်သော်လည်း ၎င်း၏ သေးငယ်သော ကိုယ်စားပြုဒေသများတွင်မူ လူမျိုး သို့မဟုတ် ဘာသာဗေဒ ထူးထူးခြားခြား ကွဲပြားသူ အများစုနေထိုင်ကြသည်။

အချို့ဖက်ဒရယ်နိုင်ငံများတွင် ဘာသာဗေဒအရ သို့မဟုတ် တိုင်းရင်းသားလူမျိုးအရ အများစုရှိနေမှုမှာ ထင်ထင် ရှားရှားရှိနေသော်လည်း (ဘယ်လ်ဂျီယံ၊ ကနေဒါ၊ စပိန်၊ ရုရှား)၊ အကြီးဆုံး လူနည်းစုတစ်စု ဖြစ်စေ (ဘယ်လ်ဂျီယံနှင့် ကနေဒါ)၊ အသေးစားလူနည်းစု အမြောက်အများဖြစ်စေ (စပိန်နှင့် ရုရှား) ရှိကြသည်။ အခြားဖက်ဒရယ်နိုင်ငံများ (အီသီယိုးပီးယား၊ အိန္ဒိယ၊ နိုက်ဂျီးရီးယား) တွင် ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာနှင့်လူမျိုးအရ ထူးထူးခြားခြားကို များပြားစွာကွဲပြားမှုရှိနေပြီးတစ်နိုင်ငံလုံးအနေဖြင့်မည်သည်ကမျှလူများစုဟုဆိုလောက်အောင် စုစည်းနေထိုင်မှုမရှိပေ။ တစ်ခါတစ်ရံ လူမျိုး၊ ဘာသာစကားနှင့် ကိုးကွယ်မှု ကွဲပြားမှုများရှိသော်လည်း ကွဲပြားမှုကို ကျော်လျက် အပြန်အလှန်ဆက်ဆံမှုများရှိခြင်းကြောင့် (ဆွစ်ဇာလန်သည် အထူးသာဓကဖြစ်သည်) လူမှုဆိုင်ရာ နစ်ဖက်စွန်းကွာဟမှုကို ကူညီလျှော့ချပေးနိုင်သည်။

တစ်ခါတစ်ရံတွင် လူဦးရေအတော်များများကြားတွင်ရှိနေသော ကွဲပြားမှုများစွာကို ကိုင်တွယ်ရခြင်းထက် အလွန်ကွဲပြားခြားနားမှုရှိနေသော လူ့အဖွဲ့အစည်းနှစ်ခုအကြားမှ လွှမ်းမိုးနေသော ကွဲပြားမှု သို့မဟုတ် ကွဲပြားမှုကို အားကောင်းစွာ အထောက်အပံ့ပြုနေသော အရာများကို ကိုင်တွယ်စီမံရခြင်းက ပိုမိုခက်ခဲတတ်သည်။ ဖက်ဒရယ်စနစ်သည် ယင်းကဲ့သို့ မတူကွဲပြားမှုများကို နေရာပေးရာတွင် အထောက်အကူပြုနိုင်သည်။ ဤနေရာတွင် အရေးပါပြီး ဒေသအလိုက် လူဦးရေများသည့်အုပ်စုသည် ၎င်းတို့၏ သက်ဆိုင်ရာကိုယ်စားပြုဒေသများတွင် လူများစုဖြစ်နိုင်သည်။ သို့ရာတွင် အုပ်စုအားလုံးသည် ကိုယ်စားပြုဒေသတစ်ခုတွင် အံကိုက်ရှိနိုင်သည့် များပြားသော လူဦးရေပမာဏ သို့မဟုတ် လူဦးရေထူထပ်စွာရှိနေရန် မဖြစ်နိုင်ပေ။ ထို့အပြင် နယ်မြေကို အခြေခံ၍ သတ်မှတ်ထားသော ကိုယ်စားပြုဒေသတစ်ခုတွင်လည်း တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းကသာ နေထိုင်နေခြင်းမျိုးမှာလည်း မရှိနိုင်ပေ။ သို့ဖြစ်ရာ ကိုယ်စားပြုဒေသအတွင်းရှိ လူနည်းစုများ၏ ရပိုင်ခွင့်များနှင့် အဆိုပါ "လူနည်းစုအတွင်းမှ လူနည်းစုများ" က ကိုယ်စားပြုဒေသအသစ်တောင်းဆိုမှုများကို ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်သည်။ ထို့အတူ အချို့တိုင်းပြည်များတွင် (လာမည့် အခန်း ၉ တွင် ဆွေးနွေးထားသကဲ့သို့) ကိုယ်စားပြုဒေသများ၏ သဘာဝကြောင့် သက်ရောက်မှုအဖြစ် ခွဲထွက်ရန်တောင်းဆိုသည့် ဖိအားများလည်းရှိသည်။ နိုင်ငံရေးအရအရေးပါသော ကွဲပြားခြားနားမှုသည် ကိုးကွယ်သည့် ဘာသာဖြစ်စေ၊ ဘာသာစကားဖြစ်စေ၊ တိုင်းရင်းသားလူမျိုးဖြစ်စေ၊ ၎င်းကွဲပြားခြားနားမှု၏ အရေးပါမှုသည် အားကောင်းသော သရုပ်လက္ခဏာနှင့် ခံယူချက်သဘောထားများအပေါ်တွင် မူတည်သည်။ တစ်ချိန်က ပရိုတက်စတင့်နှင့် ကက်သိုလစ် ဘာသာဝင်များအကြား နိုင်ငံရေးအရ ကွဲပြားနေသော ခြားနားမှုများရှိပြီး ကွဲပြားနေသော လူဦးရေအရေအတွက်မှာ ကိန်းဂဏန်းအရ အရေးပါနေဆဲ ဖြစ်သော်လည်း အချိန်ကြာလာသောအခါ ၎င်းတို့၏ နိုင်ငံရေးအရ အရေးပါမှု မရှိတော့သည်ကို တွေ့ရသည်။

## နယ်နိမိတ်များသတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း

ဖက်ဒရယ်နိုင်ငံများတွင် စတင်ထူထောင်ကတည်းက ရှိပြီးသားပြည်နယ်များ၏ ပိုင်နက်ကို နယ်နမိတ်သတ်မှတ်ပြီးပါက လျှော့ချရန် ခက်ခဲသောသဘာရှိသည်။ နယ်မြေပိုင်နက်များအား တိုးချဲ့ခြင်းနှင့် ပြည်နယ်အသစ် ဖွဲ့စည်းခြင်းက ပိုမိုလွယ်ကူသည်။ နယ်နမိတ်များ ပြန်လည်သတ်မှတ်ခြင်းသည် ပြည်တွင်းစစ် သို့မဟုတ် စစ်အုပ်ချုပ်ရေးကဲ့သို့သော ထူးထူးခြားခြား ကာလမျိုးတွင်တစ်ခါတစ်ရံဖြစ်ပေါ်လေ့ရှိသည်။ ဖက်ဒရယ်စနစ်ကိုပြောင်းလဲကျင့်သုံးလာသော တစ်ပြည်ထောင်နိုင်ငံများသည် သမိုင်းဝင်ခဲ့သော နယ်နမိတ်များအတိုင်း လက်ခံသတ်မှတ်နိုင်သည် သို့မဟုတ် နယ်နမိတ်သတ်မှတ်ရန် အမျိုးအစားသတ်မှတ်ချက်အသစ်များ ရေးဆွဲရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။ ဖက်ဒရယ်နိုင်ငံများ၏ကိုယ်စားပြုဒေသများ အရေအတွက်နှင့် သွင်ပြင်လက္ခဏာသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာနှင့် တည်ငြိမ်မှုကို အားကောင်းသော သက်ရောက်မှုရှိနိုင်သော်လည်း ပုံမှန်အားဖြင့် ဒီမိုကရေစီအစိုးရ အုပ်ချုပ်နေသောကာလမျိုး တွင် ဖွဲ့စည်းပြီးသား ကိုယ်စားပြုဒေသများ၏ ပိုင်နက်ကို လျှော့ပစ်ရန် အလွန်ခက်ခဲသည်။

များသောအားဖြင့် ကိုယ်စားပြုဒေသများအနေဖြင့် ဆန္ဒခံယူပွဲပါဝင်သော လုပ်ထုံးလုပ်နည်းများမှတဆင့်သာ လုပ်ဆောင်ရမည်ဆိုသည်ကို ၎င်းတို့ကိုယ်တိုင် သဘောတူထားရမည်ဖြစ်သည်။ အိန္ဒိယတွင် ပြည်နယ်များက ထိုကိစ္စနှင့်ပတ်သက်ပြီး ပြောရေးဆိုခွင့်မရှိခြင်းနှင့် နိုက်ဂျီးရီးယားတွင်စစ်အစိုးရများက နယ်နမိတ်များကိုကျယ်ကျယ်ပြန့်ပြန့်ပြန်လည်ရေးဆွဲခဲ့ခြင်းတို့သည်အထင်ရှားဆုံးဖြစ်ရပ်များဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် ကနေဒါတို့တွင် ရှိပြီးသား နယ်မြေများအပြင် ပြည်နယ်နှင့် ဒေသသစ်များ ဖွဲ့စည်းခြင်းအားလုပ်လေ့လုပ်ထရှိသော ဒီမိုကရေစီနည်းကျသော လုပ်ဆောင်ပုံအဆင့်ဆင့်ကို အသုံးပြုခဲ့ကြသည်။ ဖက်ဒရယ်နိုင်ငံအများစုသည် ပြည်နယ်သစ်များ ဖွဲ့စည်းရန်အတွက် ဥပဒေစည်းမျဉ်းများကိုအထူးပြင်ဆင်ရေးလုပ်ဆောင်ပုံအဆင့်ဆင့်ရှိကြရာ များသောအားဖြင့်ရှိပြီးသားပြည်နယ်များ၏ သဘောတူညီမှုကို ရယူသော အစီအစဉ်များဖြစ်စေ၊ အနည်းဆုံးအားဖြင့် အထက်လွှတ်တော်တွင် အများစုထောက်ခံမှုကိုဖြစ်စေ လိုအပ်သည်။

ယခင်က တစ်ပြည်ထောင်နိုင်ငံများသည် အကယ်၍ဖက်ဒရယ်နိုင်ငံဖြစ်လာမည်ဆိုပါက ပြည်နယ်များ၏အရေအတွက်နှင့် နယ်နမိတ်များကို ဆုံးဖြတ်ကြရသည်။ ပြည်နယ်သစ်များ၏ နယ်နမိတ်များသည် ရှိးရာအရ သတ်မှတ်ထားပြီးသော အုပ်ချုပ်ရေးနယ်မြေများ သို့မဟုတ် (စပိန်မှာကဲ့သို့) ယခင်နိုင်ငံရေးနယ်မြေများအတိုင်း ပြည်နယ်များ၏ နယ်နမိတ်များကို ဆက်လက်သတ်မှတ်နိုင်သည်။ အချို့ဖြစ်ရပ်များ၌ ပြည်နယ်ခွဲခြားရာတွင် ဒေသခံလူထု၏ လက္ခဏာများနှင့်ပတ်သက်သော သန်းခေါင်စာရင်းအချက်အလက် သို့မဟုတ် ဆန္ဒခံယူပွဲအပေါ် အခြေခံကြသည်။ ပြည်နယ်များ၏ အရေအတွက်နှင့် နယ်နမိတ်ကိစ္စသည် အရေးပါသော ပြည်နယ် သို့မဟုတ် နယ်နမိတ်သတ်မှတ်ထားပြီးသည့် အစဉ်အလာမရှိသော တိုင်းပြည်ကို ဖက်ဒရယ်နိုင်ငံအဖြစ် ဖော်ဆောင်ရာတွင် အထူးသဖြင့် စိန်ခေါ်မှုရှိနိုင်သည်။ အီရတ်တွင် အဆိုပါကိစ္စရပ်သည် အဓိကကိစ္စဖြစ်နေသကဲ့သို့ နီပေါတွင် ဖက်ဒရယ်စနစ်အတွက် ထိုကိစ္စရပ်ကို ငြင်းခုန်နေရဆဲဖြစ်သည်။

**ရှိပြီးသားကိုယ်စားပြုဒေသများ၏ နယ်နိမိတ်များကို ပြန်လည်ရေးဆွဲခြင်း**

အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံဥပဒေ ဗဟိုလွှတ်တော်သည် အမိကဘာသာစကားပြောဆိုမှုများကို ထင်ဟပ်ရန်အတွက် ပြည်နယ်နယ်နမိတ်များကို စနစ်တကျ ပြန်လည်ရေးဆွဲရန် ၁၉၅၀ ခုနှစ်များ အလယ်ပိုင်းတွင် ဆုံးဖြတ်ခဲ့ရာ လွှတ်တော်သည် ပြည်နယ်၏ သဘောထားကို ရယူရန်မလိုအပ်ပဲ ထိုသို့လုပ်ဆောင်ရန် အခြေခံဥပဒေဆိုင်ရာ အခွင့်အာဏာရှိသည်။ နိုက်ဂျီးရီးယားသည် လွတ်လပ်ရေးရသည့် အချိန်တွင် သုံးပြည်နယ်သာရှိရာမှ ယခုအခါ တိုင်းရင်းသားလူမျိုးကို အခြေခံသော ပြည်နယ် ၃၆ ခုအထိ တိုးချဲ့ထားပြီး ဒီမိုကရေစီရုတ်သိမ်းထားသည့် အချိန်တွင် စစ်အစိုးရများ၏အမိန့်ဖြင့် အားလုံးကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်သည် ရှုပ်ထွေးသော ဆန္ဒခံယူပွဲ လုပ်ထုံးလုပ်နည်းမှတဆင့် canton  အသစ် Jura ကို ဖွဲ့စည်းခဲ့သည်။ ရုရှားသည် ဆန္ဒခံယူပွဲများ ကျင်းပပြီးနောက် ၁၁ ပြည်နယ်ကို ၅ ပြည်နယ်အဖြစ်သို့ ပေါင်းစည်းခဲ့သည်။ ဂျာမနီသည် ဖက်ဒရယ်နိုင်ငံသစ် ထူထောင်ပြီးနောက် မကြာမီတွင်ပင် Lander နှစ်ခုကို ပေါင်းစည်းခဲ့သည်။ ကနေဒါသည် ယခင်ပိုင်နက်သတ်မှတ်ပြီးသားနယ်မြေများကို အချို့ပြည်နယ်များတွင် ပေါင်းထည့်ခြင်းဖြင့် ထိုပြည်နယ်များကို ပိုမိုကျယ်ပြန့်သွားစေသည်။ အမေရိကန်ပြည်ထောင်စုတွင် ပြည်တွင်းစစ်ကာလအတွင်း ဗာဂျီးနီးယားပြည်နယ် နှစ်ပိုင်းကွဲသွားသည့်အခါ အနောက်ဗာဂျီးနီးယား ပြည်နယ်ကို ဖွဲ့စည်းခဲ့သည်။

# အခန်း (၄)

## အခွင့်အာဏာများကို ခွဲဝေခြင်း – ဘယ်သူက ဘာကို ဘယ်လိုလုပ်မလဲ?

### တရားဝင်အခွင့်အာဏာများကို ခွဲဝေသည့် ပုံစံနှစ်ခု

ဖက်ဒရယ်နိုင်ငံများအတွင်း အခွင့်အာဏာများ ခွဲဝေရန် ကျယ်ပြန့်၍ ကွဲပြားခြားနား သော နည်းလမ်းနှစ်ခုရှိရာ နှစ်လမ်းသွား dualist ပုံစံနှင့် ချိတ်ဆက်ထားသော integrated ပုံစံတို့ ဖြစ်သည်။ နိုင်ငံ အများစုတွင် နည်းလမ်းနှစ်မျိုးစလုံး၏ အစိတ်အပိုင်းများရှိကြသည်။ နှစ်လမ်းသွား dualist ပုံစံသည် သဘာဝအားဖြင့် အစိုးရတစ်မျိုးစီအား မတူညီသော အခွင့် အာဏာများခွဲဝေပေးပြီး သက်ဆိုင်ရာအစိုးရများက မိမိတို့အားပေးထားသောအခွင့်အာဏာကို ကျင့်သုံး၍ စီမံအုပ်ချုပ်ခြင်း ဖြစ်သည်။ ချိတ်ဆက်ထားသော integrated ပုံစံသည် အခွင့် အာဏာတစ်ခုတည်းကို အစိုးရများက မျှဝေထမ်းဆောင်ရသော ကိစ္စများအတွက်ဖြစ်ကာ များသောအားဖြင့် ကိုယ်စားပြုဒေသအစိုးရများသည် ဗဟိုက ဥပဒေပြုခဲ့သော အစီအစဉ်များ သို့မဟုတ် ဥပဒေများကို စီမံအုပ်ချုပ်ရသည်။

ဖက်ဒရယ်စနစ်တွင်မြင်နေကျစံစနစ်ဟု အများလက်ခံထားကြသည့် dualist နှစ် လမ်းသွားပုံစံအရ အစိုးရတစ်ခုစီကို မတူညီသော အခွင့်အာဏာများ သီးသန့်စီ ခွဲဝေတာဝန် ပေးထားရာ အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြ၍ ခွဲဝေပေးထားခြင်း ဖြစ်သည်။ ဤပုံစံတွင် အစိုးရတစ်မျိုးစီသည် ၎င်းတို့တာဝန်ယူရသောနယ်မြေတွင် ၎င်း၏ ဝန်ထမ်းအဖွဲ့အစည်းနှင့် ဌာနများကို အသုံးပြုကာ အစီအစဉ်များကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပြီး ထို့အတွက် ဖက် ဒရယ် (ဗဟို) အစိုးရ၏ ဌာနများကို နိုင်ငံတစ်ဝှမ်းတွင် ထားရှိရသည်။

လက်တွေ့တွင်မူ နှစ်လမ်းသွား dualist ပုံစံသည် အာဏာများကို တိကျပြတ်သားစွာ ခွဲခြားနိုင်ခြင်းမရှိပေ။ အကြောင်းမှာ ကိစ္စအများစုသည် ဒေသအလိုက်သော်လည်းကောင်း၊ နိုင်ငံ တစ်ခုလုံးသော်လည်းကောင်း၊ နိုင်ငံတကာမှုလည်းကောင်း ပါဝင်ပတ်သက်မှုပမာဏနှင့် အတိုင်း အတာအမျိုးမျိုးရှိနေသည့်အပြင် အစိုးရများ၏ မတူညီသော တာဝန်ဝတ္တရားအမျိုးမျိုးတွင်လည်း ၎င်းတို့ကိုယ်တိုင် ချိတ်ဆက်ပါဝင်နေတတ်သောကြောင့် အခွင့်အာဏာကို အစိုးရတစ်ခုသို့ သီးသန့်ခွဲပေးရန် မလွယ်ပေ။

- နှစ်လမ်းသွား dualist ပုံစံ အခြေခံဥပဒေအားလုံးတွင် အစိုးရနှစ်ရပ် ပူးပေါင်း ကျင့်သုံးရသော အခွင့်အာဏာ သို့မဟုတ် အခွင့်အာဏာတစ်မျိုးထဲကို အစိုးရ နှစ်ရပ်လုံးသို့ ပေးထားသည့်ပုံစံ (concurrent) အချို့ပါဝင်ရာ ထိုပုံစံတွင် အစိုးရ နှစ်မျိုးစလုံးက ဥပဒေများကို ပြဌာန်းနိုင်သည်။ ကနေဒါနှင့် ဘယ်လ်ဂျီယံတွင် ထိုသို့သော ပူးပေါင်းကျင့်သုံးသည့် အခွင့်အာဏာ အနည်းငယ်သာရှိသော်လည်း ဩစတြေးလျတွင်မူ အလွန်ကျယ်ပြန့်သော ပူးပေါင်းကျင့်သုံးရသည့် အာဏာများ ကို ခွင့်ပြုထားသည်။ အာဏာများကို ပူးပေါင်းကျင့်သုံးကြသည့်အခါ ဖက်ဒရယ် ဥပဒေ (ဗဟိုအဆင့်ကပြုသော ဥပဒေ) သည် အမြဲတစ်စေ မဟုတ်သော်လည်း

ယေဘုယျအားဖြင့် အခွင့်အာဏာအကြီးဆုံး ဖြစ်သည်။ ဆိုလိုသည်မှာ ဝိရောဓိဖြစ်လာသော ကိစ္စရပ်များတွင် ဖက်ဒရယ်ဥပဒေကသာ လွှမ်းမိုးရမည်ဟုဖြစ်သည်။

- ထို့အပြင် အစိုးရနှစ်မျိုးစလုံးတွင် မတူညီသော အာဏာများကို ရရှိထားသော အခြေအနေမျိုးတွင် ထိုအခွင့်အာဏာများအပေါ် မေးခွန်းမေးစရာဖြစ်လာပါက ဥပဒေအရသတ်မှတ်မထားသော်လည်း အလိုအလျောက် ပူးပေါင်းကျင့်သုံးရမည့် အခွင့်အာဏာ (de facto concurrency) အဖြစ်သတ်မှတ်နိုင်ပြီး ၎င်းတွင် မည်သည့်အာဏာက လွှမ်းမိုးရမည်ဟူသော သဘောမပါဝင်ပေ။ သာဓကအားဖြင့် သက်တမ်းရင့် အခြေခံဥပဒေများတွင် သဘာပတ်ဝန်းကျင်သည် များသောအားဖြင့် အခွင့်အာဏာအမျိုးအစားများတွင် ပါဝင်ခြင်းမရှိသော်လည်း အစိုးရနှစ်မျိုးစလုံးသည် အဓိကျသော အခြေခံအဆောက်အဦစီမံကိန်း၏ သဘာပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းနိုင်သော တရားဝင်အခွင့်အာဏာအမျိုးမျိုးကို ရရှိထားကြရာ အစိုးရနှစ်မျိုးစလုံးက သဘောတူပါက ဆက်လက် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဖက်ဒရယ်စနစ်၏ ချိတ်ဆက်ထားသောပုံစံ (integrated) (or interlocking) တွင် ဂျာမနီနိုင်ငံ၏ ဥပမာတွင် တွေ့နိုင်သည်။ ၎င်းတွင် အချို့ကိစ္စတာဝန်များကို အစိုးရတစ်မျိုးထံ သီးသန့်အပ်နှင်းထား (ဥပမာ ကာကွယ်ရေးနှင့်ဆိုင်သော အခွင့်အာဏာကို ဖက်ဒရယ်အစိုးရထံပေးအပ်ထား) သော်လည်း ကိစ္စတာဝန်အများစုမှာ ပူးပေါင်းကျင့်သုံးရသော အခွင့်အာဏာများ (concurrent) ဖြစ်ကြပြီး ဗဟိုအစိုးရက မူဘောင်ကို ဥပဒေပြုပေးကာ ကိုယ်စားပြုဒေသများက ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေပြုအာဏာကို ကျင့်သုံးလျက် သက်ဆိုင်ရာဥပဒေဖြင့် (မူလဥပဒေကို သွေဖယ်ခြင်းမပြုပါက) မူလဥပဒေကို ပိုမိုကောင်းမွန်အောင် ထပ်ပေါင်းမှုများ ပြုလုပ်နိုင်သည်။ ထို့အတူ ကိုယ်စားပြုဒေသများ၏ အစိုးရများသည် ထိုပူးပေါင်းကျင့်သုံးရသည့် အခွင့်အာဏာနယ်ပယ်များမှ အစီအစဉ်များကို တာဝန်ယူလုပ်ကိုင်ရသည်။ ထို့ကြောင့် ဗဟိုအစိုးရသည် ဒေသဆိုင်ရာများတွင် ၎င်း၏ဝန်ထမ်းအဖွဲ့အစည်းများကို အနည်းငယ်သာထားရှိပြီး ၎င်းထမ်းဆောင်ရမည့် သီးသန့်အခွင့်အာဏာနယ်ပယ်များတွင်သာ အသုံးပြုရန် ကြီးစွာကန့်သတ်ထားသည်။ ဤပုံစံကို စီမံအုပ်ချုပ်မှုဆိုင်ရာ ဖက်ဒရယ်စနစ်ဟုလည်းခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်စားပြုဒေသများ၏ အခွင့်အာဏာများမှာ မူအရစီမံအုပ်ချုပ်မှုနှင့်ဆိုင်သောကြောင့် ဖြစ်သည်။ ဤပုံစံ၏ ကြီးမားသော စိန်ခေါ်မှုမှာ ဗဟိုအဆင့်မှ မူဝါဒရေးဆွဲခြင်းများ၏ အသေးစိတ်အဆင့်များတွင် ကန့်သတ်မှုများပြုလုပ်ထားခြင်းဖြစ်ပြီး ထိုသို့ကန့်သတ်ထားရခြင်းမှာ ကိုယ်စားပြုဒေသများအဆင့်တွင် ဆုံးဖြတ်ချက်များနှင့် ဥပဒေများအတွက် လုပ်သာကိုင်သာအောင် နေရာပေးနိုင်ရန်ဖြစ်သည်။ ဂျာမနီနိုင်ငံ၏ ပုံစံတွင် ပူးပေါင်းကျင့်သုံးရမည့် အခွင့်အာဏာ (concurrency) နယ်ပယ်များတွင် ဆုံးဖြတ်ချက်ကို ပူးတွဲချမှတ်ရန် သတ်မှတ်ထားရာ ဖက်ဒရယ်ဥပဒေများ (ဗဟိုအဆင့်က ဥပဒေပြုမှုများ) ကို Bundesrat လွှတ်တော်ရှိ Lander များမှ ကိုယ်စားလှယ်များ၏ အများစုမဲဖြင့် အတည်ပြုပေးရသည်။ တောင်အာဖရိကတွင်လည်း ၎င်းပုံစံ၏ သွင်ပြင်လက္ခဏာများကို ကျင့်သုံးလျက်ရှိသည်။

ကနေဒါ၊ ဘရာဇီးနှင့် အမေရိကန် ပြည်ထောင်စုတို့သည် နှစ်လမ်းသွား (dualist) ပုံစံကို အတော်များများ ကျင့်သုံးသည့် ဖက်ဒရယ်နိုင်ငံများဖြစ်ကြပြီး ဂျာမနီ၊ ဩစတြေးလျ၊ တောင်အာဖရိကနှင့် စပိန်တို့သည် ချိတ်ဆက်ထားသည့် (interlocking) ပုံစံကို ကျင့်သုံးကြသည်။ အိန္ဒိယနှင့် ဆွစ်ဇာလန်တွင်မူ ပုံစံနှစ်မျိုးစလုံး၏ အားကောင်းသောအချက်များကို ချမှတ်ကျင့်သုံးကြသည်။ ဩစတြေးလျတွင်မူ အုပ်ချုပ်စီမံမှုကဏ္ဍများတွင် နှစ်လမ်းသွား (dualist) ပုံစံကို အဓိကကျင့်သုံးသော်လည်း ပူးပေါင်းကျင့်သုံးရသည့်အခွင့်အာဏာ (concurrency) နယ်ပယ်များစွာရှိနေရာ ချိတ်ဆက်ထားသည့် (interlocking) ပုံစံ၏ အားကောင်းသော သွင်ပြင်လက္ခဏာများ ရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။ ပုံစံတစ်မျိုးတည်းသက်သက် ချမှတ်ကျင့်သုံးသော ဖက်ဒရယ်နိုင်ငံ မရှိပေ။

ဖက်ဒရယ်နိုင်ငံတစ်ခုတွင် အဆိုပါ ဥပဒေအရ သတ်မှတ်ပေးသော အခွင့်အာဏာများကို စဉ်းစားရာတွင် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များကိုပါ ပေါင်းစပ်၍ စဉ်းစားရန် လိုအပ်သည်။ ရှေ့လာမည့်အခန်းတွင် ဖက်ဒရယ်နိုင်ငံတစ်ခု၏ ဝင်ငွေကို ထိန်းချုပ်မှုနှင့် ခွဲဝေသုံးစွဲမှုသည် အမှန်တကယ်အာဏာခွဲဝေမှုတွင် ဗဟိုချက်ဖြစ်ကြောင်းကို ဆွေးနွေးမည်ဖြစ်သည်။

## အခွင့်အာဏာများ၏ ဥပဒေဆိုင်ရာ ဖစ်မြစ်များ

ပုံမှန်အားဖြင့် ဥပဒေပြုအာဏာနှင့် ဘဏ္ဍာငွေဆိုင်ရာ အခွင့်အာဏာတို့ ခွဲဝေခြင်းကို အခြေခံဥပဒေတွင် သတ်မှတ်ပေးသည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် ကိုယ်စားပြုဒေသအစိုးရတစ်ခုချင်း၏ အခွင့်အာဏာများကို ဖက်ဒရယ် (ဗဟို) အစိုးရနှင့် အပြန်အလှန် သဘောတူညီချက်မှတဆင့် အဆက်မပြတ်ဆုံးဖြတ်ချက်များချ၍ အခွင့်အာဏာပေးနိုင်သည်။ ဖက်ဒရယ်နိုင်ငံအချို့တွင်မူ အစိုးရအဆင့်တစ်ခုခုသည် ဥပဒေပြုတာဝန်ကို မထမ်းဆောင်နိုင်ပါက အစိုးရအဆင့်များကြားတွင် ဥပဒေပြုတာဝန်ကို အောက်သို့ခွဲဝေပေးရန် ခွင့်ပြုထားသည်။

ဖက်ဒရေးရှင်းနိုင်ငံအားလုံး၏ အခြေခံဥပဒေများတွင် ဗဟိုအစိုးရနှင့် ကိုယ်စားပြုဒေသ (ပြည်နယ်) အစိုးရများအကြား အာဏာခွဲဝေမှုကိစ္စများနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းချက်များရှိပါသည်။ အခြေခံဥပဒေများတွင် အာဏာခွဲဝေမှုနှင့်ပတ်သက်သော အသေးစိတ်အဆင့်နှင့် နည်းလမ်းတွင် များစွာကွာခြားမှုရှိသည်။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေတွင် ဖက်ဒရယ်အစိုးရ၏ အာဏာများအတွက် ခေါင်းစဉ် ၁၈ ခုမျှသာရှိပြီး ၎င်းတို့အနက် အများစုမှာ အမှန်တကယ်တွင် ပူးပေါင်းကျင့်သုံးရမည့် အခွင့်အာဏာ (concurrent) များဖြစ်ပြီး ဗဟိုက အခွင့်အာဏာသည် အမြင့်ဆုံးတွင်ရှိသည်။ ကျန်ရှိသောအာဏာများ (ကြွင်းကျန်အာဏာ) (residual powers) ကို ပြည်နယ်များသို့ အပ်နှင်းထားသည်။ အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေသည် အများနှင့်မတူပဲ အာဏာခွဲဝေသည့် ရှည်လျားသော စာရင်းသုံးခုရှိပြီး ပြည်ထောင်စုအဆင့်အတွက် ခွဲဝေပေးထားသော အခွင့်အာဏာစာရင်းတွင် ခေါင်းစဉ် ၉၇ ခု၊ ပူးပေါင်းကျင့်သုံးရမည့်အခွင့်အာဏာစာရင်းတွင် ၄၇ ခု၊ ပြည်နယ်များအတွက် အခွင့်အာဏာစာရင်းတွင် ၆၆ ခု ပါဝင်သည်။ စပိန်အခြေခံဥပဒေတွင်မူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအုပ်စုများသို့ အပ်နှင်းနိုင်သည့် အခွင့်အာဏာများစာရင်းကို ဖေါ်ပြထားသော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

နယ်မြေတစ်ခုချင်းစီအတွက် ၎င်းတို့၏ ဥပဒေပြုခွင့်ဖြင့် ဥပဒေပြု၍ တရားဝင်ဆောင်ရွက်ကြရပြီး ၎င်းဥပဒေများမှာ အမျိုးမျိုးကွဲပြားနိုင်သည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် အခွင့်အာဏာ ခွဲဝေမှုနှင့်ပတ်သက်ပြီး ခုံရုံးများက အဓိပ္ပာယ်ဖွင့်ဆိုမှုများနှင့် လက်တွေ့လုပ်ထုံးလုပ်နည်းများ သည် တဖြည်းဖြည်းနှင့် အခြေခံဥပဒေရေးဆွဲသူများ၏ ရည်မှန်းချက်များနှင့် သွေဖယ်သွားကာ မူလက မျှော်မှန်းထားသည်ထက် အနည်းနှင့်အများဆိုသလို ဗဟိုချုပ်ကိုင်မှုများသော ဖက်ဒရယ် နိုင်ငံဖြစ်လာစေသည်။ ထိုသို့သော ဖြစ်ရပ်များမှာ အထူးသဖြင့် အသေးစိတ်အချက်အလက်များ နည်းပါးစွာ ထည့်သွင်းထားသော အခြေခံဥဒေအဟောင်းများတွင် အများဆုံးဖြစ်လေ့ရှိသည်။

## မျိုးစုံကွဲပြားသော ဖက်ဒရယ်အာဏာခွဲဝေမှုများ

မည်သည့်အစိုးရအဆင့်ကို မည်သို့သောအာဏာများကို ခွဲဝေပေးမည်ဟူသော ကိစ္စနှင့်ပတ်သက်၍ ဖက်ဒရယ်နိုင်ငံများအကြား အရေးကြီးသော တူညီမှုများရှိသော်လည်း သိသာထင်ရှားသော ကွဲပြားခြားနားမှုများလည်း ရှိသည်။

ဖက်ဒရယ်အခြေခံဥပဒေများကို လွန်ခဲ့သော နှစ်ပေါင်း ၂၃၀ ကျော်က ကွဲပြားခြား နားသော အခြေအနေအမျိုးမျိုးတွင် ရေးသားခဲ့ကြခြင်းဖြစ်သည်။ မကြာသေးမီက အခြေခံဥပဒေ များမှာမူ အစောပိုင်းအခြေခံဥပဒေများ၏ အတွေ့အကြုံများ၊ အကောင်း၊ အဆိုးများမှ သင်ခန်းစာ များကို ရယူထင်ဟပ် ရေးဆွဲထားကြသည်။ သို့ဖြစ်ရာ အာဏာခွဲဝေမှုနှင့်ပတ်သက်၍ ဖက်ဒရယ် နိုင်ငံများအကြားတွင် နည်းလမ်းများအလွန်အမင်းကွဲပြားနေခြင်းမှာ အံ့အားသင့်စရာတော့ မဟုတ်ပေ။ အခွင့်အာဏာအနည်းငယ်ကိုသာ ဖက်ဒရယ်အစိုးရ (ဗဟိုအစိုးရ) ထံ အပ်နှင်းကာ ကျန်အာဏာအားလုံးကို ကိုယ်စားပြုဒေသအစိုးရများထံ အမြဲတစေအပ်နှင်းလေ့ရှိကြသော် လည်း အာဏာအများစုနှင့် ပတ်သက်၍ ဦးတည်သွားတတ်သည့်ပုံစံမှာ အားကောင်းသည် ဖြစ်စေ၊ အားနည်းသည်ဖြစ်စေ၊ ရည်ရွယ်ထားသည့်ပုံစံနှင့် ကွဲပြားနေတတ်သည်။ တစ်ခါတစ်ရံ တွင် ရှင်းလင်းပြတ်သားမှုမရှိသောပုံစံကိုလည်း တွေ့ရတတ်သည်။ အောက်ပါဇယားကွက်တွင် အဆိုပါပုံစံများ၏ အကြမ်းဖျင်းသဘောတရားကို ဖော်ပြထားသည်။ လက်တွေ့တွင် မည်သည့် ဖက်ဒရယ်နိုင်ငံတွင်မဆို တိကျသော အာဏာခွဲဝေမှုသည် ရှုပ်ထွေးပြီး အခြေခံဥပဒေတွင် ဖော် ပြထားချက်ကိုသာမကပဲ ခုံရုံးဆုံးဖြတ်ချက်များနှင့် အခြားဖြစ်ပေါ်တိုးတက်မှုများပါ ထင်ဟပ် နေသည်။

ဖက်ဒရေးရှင်းနိုင်ငံများအတွင်း အရိုးအခွင့်အာဏာခွဲဝေသည့်ပုံစံများ

အောက်ပါတို့သည် ဖက်ဒရယ်နိုင်ငံအများစုတွင် အာဏာများခွဲဝေမှုနှင့်ပတ်သက်သည့် လုပ်လေ့လုပ်ထပုံစံများကို ရည်ညွှန်းဖော်ပြထားသည်။ ပူးပေါင်းကျင့်သုံးရသော အခွင့်အာဏာ (concurrent) ဆိုသည်မှာ အစိုးရ နှစ်ရပ်စလုံးက သတ်မှတ်ထားသော နယ်ပယ်တွင် ဥပဒေများပြုနိုင်ပြီး များသောအားဖြင့် ဖက်ဒရယ် (ဗဟို) ဥပဒေက လွှမ်းမိုးခွင့်ရှိသည်။ ပူးတွဲ (joint) ဆိုသည်မှာ အချို့ပူးပေါင်းကျင့်သုံးရသည့် အခွင့်အာဏာများအတွက် ဆုံးဖြတ်ချက်များကို အစိုးရနှစ်မျိုးစလုံးက အတူတကွချမှတ်ခြင်းဖြစ်သည်။ မျှဝေကျင့်သုံးခြင်း (Share) ဆိုသည်မှာ ကျယ်ပြန့်သော နယ်ပယ်တစ်ခုတွင် အစိုးရတစ်မျိုးစီက မတူညီသော ဥပဒေအရ အခွင့်အာဏာများကို ရရှိထားကြပြီး ဆုံးဖြတ်ချက်များကို လွတ်လပ်စွာ ချမှတ်သည်။

- ငွေကြေး – အမြဲတမ်း ဖက်ဒရယ်ကိုသာ ပေးပါသည်။
- ကာကွယ်ရေး – အမြဲတမ်း ဖက်ဒရယ်ကို သာပေးပါသည်။ တစ်ခါတစ်ရံမှ ကိုယ်စားပြုဒေသ (ပြည်နယ်) များသို့ပေးသည်။
- စာချုပ်အကောင်အထည်ဖော်ခြင်း – အမြဲတမ်းနီးပါး ဖက်ဒရယ်ကိုသာ ပေးပါသည်။ တစ်ခါတစ်ရံမှ ကိုယ်စားပြုဒေသ (ပြည်နယ်) များသို့ပေးသည်။
- ပြည်ပကုန်သွယ်ရေး – များသောအားဖြင့် ဖက်ဒရယ်ကိုသာပေးပါသည်။ ရံဖန်ရံခါ ပူးပေါင်းကျင့်သုံး၊ ပူးတွဲ သို့မဟုတ် မျှဝေကျင့်သုံး။
- ပြည်နယ်ချင်း ကုန်သွယ်မှု – များသောအားဖြင့် ဖက်ဒရယ်ကိုသာပေးပါသည်။ ရံဖန်ရံခါ ပူးပေါင်းကျင့်သုံး၊ ပူးတွဲ သို့မဟုတ် မျှဝေကျင့်သုံး။
- ပြည်နယ်အတွင်းကုန်သွယ်မှု – များသောအားဖြင့် ကိုယ်စားပြုဒေသကိုပေးသည်။ တစ်ခါတစ်ရံ ပူးပေါင်းကျင့်သုံး။
- အဓိကရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အဦ – များသောအားဖြင့် ဖက်ဒရယ်ကိုသာ ပေးပါသည်။ ရံဖန်ရံခါ ပူးပေါင်းကျင့်သုံး၊ ပူးတွဲ သို့မဟုတ် မျှဝေကျင့်သုံး သို့မဟုတ် ကိုယ်စားပြုဒေသသို့ပေးသည်။
- မူလတန်းနှင့် အလယ်တန်းပညာရေး – များသောအားဖြင့် ကိုယ်စားပြုဒေသများသို့ ပေးသည်။ တစ်ခါတစ်ရံ ပူးတွဲကျင့်သုံး၊ ဖက်ဒရယ်ကို ပေးသည်မှာ ရှားပါးသည်။
- အလယ်တန်းလွန် ပညာရေးနှင့် သုတေသန – ရှင်းလင်းသော ပုံစံမရှိ။
- ဝင်ငွေအာမခံချက်ရှိမှု – ဖက်ဒရယ်၊ ပူးပေါင်းကျင့်သုံးမှု၊ ပူးတွဲ၊ မျှဝေခြင်းများကိုရောနှော၍ အသုံးပြု။
- ပင်စင်လစာ – စင်ပြိုင်၊ ပူးတွဲ၊ တန်းတူ အာဏာ (သို့) ဖက်ဒရယ်အာဏာ
- ကျန်းမာရေးစောင့်ရှောက်မှု – များသောအားဖြင့် ကိုယ်စားပြုဒေသသို့ပေး၊ တစ်ခါတစ်ရံ ပူးပေါင်းကျင့်သုံး၊ ပူးတွဲ သို့မဟုတ် မျှဝေ။
- သဘာဝသယံဇာတ – ရှင်းလင်းသော ပုံစံမရှိ။
- စိုက်ပျိုးရေး – ရှင်းလင်းသော ပုံစံမရှိ။

- သဘာပတ်ဝန်းကျင် – များသောအားဖြင့် ပူးပေါင်းကျင့်သုံး (သို့) ပူးတွဲ၊ ကိုယ်စားပြု ဒေသသို့ပေးသည်မှာ ရှားပါသည်။
- မြူနီစပ်ရေးရာ* – များသောအားဖြင့် ကိုစားပြုဒေသသို့ပေး၊ တစ်ခါတစ်ရံပူးတွဲ (သို့) မျှဝေ။
- တရားရုံးစနစ်* – များသောအားဖြင့် ပူးတွဲ (သို့) ပူးပေါင်းကျင့်သုံး၊ ရံဖန်ရံခါ ဖက်ဒရယ်သို့ပေးသည်၊ ကိုယ်စားပြုဒေသသို့ ပေးခဲသည်။
- ရာဇဝတ်မှုဥပဒေ – ရှင်းလင်းသော ပုံစံမရှိ။
- ရဲတပ်ဖွဲ့ – များသောအားဖြင့် မျှဝေ၊ တစ်ခါတစ်ရံ ပူးပေါင်းကျင့်သုံး (သို့) ပူးတွဲအာဏာ၊ ဖက်ဒရယ် (သို့) ကိုယ်စားပြုဒေသသို့ ပေးခဲသည်။
- အကောက်ခွန်/ယစ်မျိုးခွန် – အမြဲတစ်စေလိုလို ဖက်ဒရယ်သို့ပေးသည်။ တစ်ခါတစ်ရံ ပူးပေါင်းကျင့်သုံး။
- ကော်ပိုရေးရှင်းများအခွန်နှင့် တစ်ဦးချင်းအခွန် – များသောအားဖြင့် ပူးတွဲ၊ မျှဝေ (သို့) ပူးပေါင်းကျင့်သုံး၊ တစ်ခါတစ်ရံ ဖက်ဒရယ်သို့ပေးသည်။

*ဗဟိုတရားရုံးနှင့် အခြေခံဥပဒေခုံရုံးတို့ကို အမြဲတမ်း အခြေခံဥပဒေအရသာ ဖွဲ့စည်းထားရ၍ ၎င်းတို့သည် အာဏာ၏ အကြီးအမှူးမဟုတ်ပေ။ အချို့ဖက်ဒရယ်နိုင်ငံများတွင် မြူနီစပ် (သို့) ဒေသန္တရအစိုးရများကိုလည်း အခြေခံဥပဒေတွင် ထည့်သွင်း၍ ဖွဲ့စည်းထားသောကြောင့် ဖက်ဒရယ် (သို့) ကိုယ်စားပြုဒေသအစိုးရများသည် ၎င်းတို့ထက်ပင် အာဏာပိုရှိသည့်အခါရှိနိုင်သည်။

အခြေခံဥပဒေများသည် အာဏာခွဲဝေရာတွင်သာမကပဲ တိတိကျကျ ဖော်ပြနိုင်မှုများတွင်လည်း ကွာခြားကြသည်။ အပြည့်စုံဆုံးစာရင်းပင်လျှင် အချို့အရာများကို လျှံသွားတတ်သောကြောင့် အခြေခံဥပဒေများသည် ကြွင်းကျန်အာဏာများ (residual powers) ကိုအပ်နှင်းရမည်ဖြစ်ပြီး စာရင်းတွင်ဖော်ပြမထားသော အာဏာမှန်သမျှကို မည်သည့်အစိုးရအမျိုးအစားသို့ အပ်နှင်းကြောင်း သီးသန့်သတ်မှတ်ပေးရသည်။ အထူးသဖြင့် ယခင်တစ်ပြည်ထောင်နိုင်ငံများမှ ကူးပြောင်းလာသော ဖက်ဒရယ်နိုင်ငံများတွင် ကြွင်းကျန်အာဏာကို ဖက်ဒရယ် (ဗဟို) အစိုးရကိုသာပေးလေ့ရှိပြီး၊ ယခင်သီးခြားနယ်မြေများပေါင်းစည်း၍ ဖြစ်ပေါ်လာသော ဖက်ဒရယ်နိုင်ငံများတွင်မူ ကိုယ်စားပြုဒေသအစိုးရများကိုပေးလေ့ရှိသည်။ ကြွင်းကျန်အာဏာများနှင့်ပတ်သက်သော အပိုဒ်များသည် အရေးကြီးသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၏အခြေခံဥပဒေတွင်ဖက်ဒရယ်အစိုးရအာဏာများကိုသာ (အလွန်တိုသောစာရင်းဖြင့်) သတ်မှတ်ဖော်ပြ၍ ဖော်ပြရာတွင်မပါဝင်သော အာဏာများသည် ကိုယ်စားပြုဒေသအစိုးရများအတွက် အာဏာဖြစ်ခြင်းကြောင့် ကြွင်းကျန်အာဏာကို ဖော်ပြရန်မှာ အရေးကြီးသည်။ သို့ရာတွင် ခုံရုံးများက သီးခြားအာဏာများအတွက် ဖက်ဒရယ်အစိုးရထံဖြစ်စေ၊ ကိုယ်စားပြုဒေသအစိုးရထံဖြစ်စေ အပ်နှင်းမည်ဆိုသည်ကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုလာကြသောကြောင့် ကြွင်းကျန်အာဏာရပ်နှင့်ဆိုင်သည့် အပိုဒ်များ၏ သက်ရောက်မှုသည် မူလအခြေခံဥပဒေရေးဆွဲသူများ မျှော်မှန်းထားသလောက် မရှိတော့ပေ။

## အာဏာခွဲဝေရန် သတ်မှတ်ချက်များ

အစိုးရအဆင့်ဆင့်ကြား အာဏာဆီလျော်စွာခွဲဝေရေးကို ဆုံးဖြတ်ရန်အတွက် ရိုးရှင်းသောပုံသေနည်း မရှိပေ။

ဖက်ဒရယ်နိုင်ငံများတွင် အာဏာခွဲဝေသည့် ပုံစံအချို့ရှိသော်လည်း အမျိုးမျိုး စုံလင်များပြားလွန်းသည်။ ဥရောပသမဂ္ဂသည် ဘရပ်ဆယ်ဌာနချုပ်အား မည်သည့်အာဏာများအပ်နှင်းမည်၊ အဖွဲ့ဝင်နိုင်ငံများအား မည်သည့်အာဏာများအပ်နှင်းမည် စသည့်အချက်များကို ဆက်လက်ဆွေးနွေးငြင်းခုန်နေဆဲပင်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ဥရောပနိုင်ငံများသည် ဗဟိုက အာဏာလျော့ယူရန်၊ အောက်အဆင့်အစိုးရများ မကိုင်တွယ်နိုင်သည့်အာဏာကိုသာ ဗဟိုက ရယူရန် (subsidiarity) အယူအဆကို ဖော်ထုတ်နေကြပြီး ၎င်းအယူအဆအရ ဗဟိုအစိုးရသည် ရည်မှန်းချက်တစ်ခု အောင်မြင်ရန်အတွက် လိုအပ်သောအခါနှင့် ပြည်နယ်အစိုးရများကိုယ်တိုင်ရရှိနိုင်သော အောင်မြင်မှုအပေါ် ထပ်ပေါင်းထည့်ပေးလိုသည့်အခါများတွင်သာ အာဏာကို ရယူရမည်ဖြစ်သည်။ ၎င်းအယူအဆသည် အထောက်အကူဖြစ်သော်လည်း လက်တွေ့တွင် ခက်ခဲကြောင်းထင်ရှားသည်။ ဥရောပသမဂ္ဂသည် ဖက်ဒရယ်နိုင်ငံများတွင် ဗဟိုအစိုးရက ရယူထားလေ့ရှိသည့် အဓိကအရေးပါသော အာဏာများဖြစ်သည့် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမူဝါဒကဲ့သို့ အခွင့်အာဏာများကို ဘရပ်ဆယ်ဌာနချုပ်သို့ အပ်နှင်းခြင်းမရှိကြောင်းတွေ့ရသည်။ နိုင်ငံတိုင်းသည် အာဏာခွဲဝေမှုနှင့်ပတ်သက်၍ ငြင်းခုန်မှုကိုမှ လွှဲရှောင်နိုင်မည်မဟုတ်ပေ။ ဆုံးဖြတ်ချက်များသည် စွမ်းဆောင်မှုနှင့် ထိရောက်မှုနှင့်ပတ်သက်သော မေးခွန်းများကို တုန့်ပြန်ထင်ဟပ်ရုံသာမကပဲ ဖက်ဒရယ်နိုင်ငံတစ်လွှား အားလုံးမျှဝေတာဝန်ယူကြရန် သဘောတူကြသည့် ဘုံရည်မှန်းချက်များက ဘာတွေလဲဟူသည့်အမြင်များကို ထင်ဟပ်မှုမှာ ပို၍အရေးကြီးလှသည်။

## အာဏာများ ခွဲဝေရာတွင် အချိုးမညီမှု (Asymmetry)

ဖက်ဒရယ်နိုင်ငံများသည် များသောအားဖြင့် ကိုယ်စားပြုဒေသအစိုးရအားလုံးထံ တူညီသောအာဏာများကို ခွဲဝေပေးလေ့ရှိသည်။ သို့ရာတွင် အချို့ဖက်ဒရယ်နိုင်ငံများတွင် ကိုယ်စားပြုဒေသအစိုးရအချို့က အချို့ထက် အာဏာပိုရတတ်သည်။ အာဏာခွဲဝေမှုတွင် ကြီးကြီးမားမားအချိုးမညီမှုသည် ဖက်ဒရယ်နိုင်ငံ၏ စီမံခန့်ခွဲမှုအပေါ် စိန်ခေါ်မှုများဖြစ်စေသောကြောင့် အခြေခံဥပဒေအရအချိုးမညီအာဏာခွဲဝေမှုကို ကန့်သတ်မှုများပြုလုပ်ထားလေ့ရှိသည်။ အချိုးမညီအာဏာခွဲဝေမှုကို ပို၍လက်တွေ့ကျစွာ လုပ်ဆောင်သည့် ပုံစံများလည်း ရှိနိုင်သည်။

"အချိုးမညီမှု" ဟူသော အသုံးအနှုန်းကို ဖက်ဒရယ်နိုင်ငံတို့၏ ကိုယ်စားပြုဒေသများအကြား မတူကွဲပြားနေသော သွင်ပြင်လက္ခဏာများတွင် အသုံးပြုကြသည်။ အချိုးမညီသော နိုင်ငံရေးအရအရေးပါအရာရောက်မှု၊ အချိုးမညီသောအုပ်စု (သို့) ဘာသာစကားရပိုင်ခွင့်များနှင့် အဆင့်အတန်း၊ အချိုးမညီသောအာဏာ စသည်ဖြင့်အသုံးပြုကြသည်။ ၎င်းအချက်တစ်ခုချင်းစီသည် မတူညီသောပြဿနာများကိုဖြစ်စေသည်။ ကိုယ်စားပြုဒေသတစ်ခုနှင့်တစ်ခုသည် ၎င်းတို့

၏ လူဦးရေ၊ ကြွယ်ဝမှုနှင့် မဟာဗျူဟာမြောက် တည်နေရာတို့ကြောင့် နိုင်ငံရေးအရ အရေးပါ အရာရောက်မှုမတူညီကြဆိုသည့်အချက်မှာ ရှင်းနေသောအချက်ဖြစ်သည်။ ထို့ကြောင့်ပင် အချို့သော ဖက်ဒရယ်နိုင်ငံများသည် ဤအချက်ကို ကန့်သတ်ရန် ကြိုးစားသည့်အနေဖြင့် ဗဟို အဆင့်အဖွဲ့အစည်းများတွင် သေးငယ်သော ကိုယ်စားပြုဒေသများ၏ ကိုယ်စားပြုမှုတွင် ပို၍ အခွင့်အလမ်းပေးခြင်းမျိုးကို လုပ်ဆောင်ပါသည်။ ကိုယ်စားပြုဒေသတစ်ခုချင်းအတွင်းမှ အုပ်စုနှင့်ဆိုင်သော၊ ဘာသာဗေဒနှင့်ဆိုင်သော သို့မဟုတ်  ကိုးကွယ်မှုနှင့်ဆိုင်သော ရပိုင်ခွင့်များနှင့်ပတ်သက်၍ အထူးပြဋ္ဌာန်းချက်များ၊ ထူးခြားသော ပြဋ္ဌာန်းချက်များသည် မတူကွဲပြားခြားနားမှုများလွန်းသော ဖက်ဒရယ်နိုင်ငံများတွင် တွေ့ရလေ့ရှိသော သွင်ပြင်လက္ခဏာဖြစ်သည်။

ဖက်ဒရယ်နိုင်ငံတစ်ခုရှိ ကိုယ်စားပြုဒေသများအကြား အရှိုးမညီသော အာဏာခွဲဝေမှုပုံစံသည် ဖြစ်လေ့ဖြစ်ထရှိသည်တော့ မဟုတ်ပေ။ ၎င်းသည် အခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော အရှိုးမညီသော အာဏာခွဲဝေမှုပုံစံ ဖြစ်သည်မှာ မှန်ကန်မှုရှိပါသည်။ ဤသို့သော ကိစ္စရပ်တွင် ပြုလွယ်ပြင်လွယ်ရှိမှုသည် ပြည်နယ်တစ်ခုခုမှ ဗဟိုချုပ်ကိုင်မှုအာဏာလျှော့ချရန် တောင်းဆိုလာမှု သို့မဟုတ် ပေးထားသောအာဏာကို ထိုပြည်နယ်က ဦးစားပေးသောအာဏာဟု မသတ်မှတ်ရန် စဉ်းစားသည့်ကိစ္စရပ်များကို ဖြေရှင်းပေးနိုင်သည်။ သို့ရာတွင် ကိုယ်စားပြုဒေသတစ်ခုကို အထူးအခွင့်အရေးပေးမှုသည် အခြားပြည်နယ်များကလည်း အလားတူအခွင့်အရေးပေးရန် ဖိအားပေး မှုများရှိလာနိုင်သည်။ ထိုနည်းတူစွာပင် အကယ်၍ ဖြေလျှော့ပေးထားသော အခွင့်အာဏာသည် အရှိုးမညီ အခွင့်အာဏာဖြစ်ပြီး ၎င်းကအရေးပါသော အခွင့်အာဏာဖြစ်နေပါကလည်းကောင်း သို့မဟုတ် ကြီးမားသော ကိုယ်စားပြုဒေသသို့ ပေးထားမိပါကလည်းကောင်း၊ ထိုအာဏာနှင့်ဆိုင်သော ကိစ္စရပ်များကို ဗဟိုအစိုးရက ဆုံးဖြတ်ချက်ချရာ၌ ထိုကိုယ်စားပြုဒေသမှ ကိုယ်စားလှယ်များ၏ အရေးပါမှုကို ကန့်သတ်ရန် ဖိအားပေးမှုများ ကြုံလာရနိုင် သည်။ လက်တွေ့တွင် ဖက်ဒရယ်နိုင်ငံများ၌ အခြေခံဥပဒေအရ အရှိုးမညီ ခွဲဝေပေးသော အခွင့်အာဏာအများစုသည် များသောအားဖြင့် ဒုတိယတန်းစားအခွင့်အာဏာများ သို့မဟုတ် အလွန်သေးငယ်ပြီး ထူးခြားမှုရှိသော ကိုယ်စားပြုဒေသများအတွက် အထူးစီစဉ်ပေးထားခြင်းများ ဖြစ်သည်။ (၎င်းအမျိုးအစားသည် အချို့နယ်မြေများ၊ လူမျိုးစုဒေသများ သို့မဟုတ် အမျိုးသားအဆင့်မြို့တော်များကို ပေးထားသော အနည်းငယ်နိမ့်သော တရားဝင် အဆင့်အတန်းနှင့် ကွဲပြားခြားနားသည်)။ ဖက်ဒရယ်နိုင်ငံအချို့တွင် ကိုယ်စားပြုဒေသများ၏ အုပ်ချုပ်ရေးနှင့် မူဝါဒဆိုင်ရာ တာဝန်ဝတ္တရားများအတွက် အရှိုးမညီသော အခွင့်အာဏာအရှို့ကို ခွင့်ပြုသည့် အခြေခံဥပဒေတွင်ဖော်ပြမထားသော အစီအစဉ်များရှိရသည်။

**ဖက်ဒရယ်နိုင်ငံများတွင် အချိုးမညီသော အာဏာခွဲဝေမှု သာဓကများ**

ကာလကြာ၍ အခြေကျနေပြီဖြစ်သော ဖက်ဒရယ်နိုင်ငံများအားလုံးလိုလိုသည် ၎င်းတို့နိုင်ငံ အသီးသီးရှိ ကိုယ်စားပြုဒေသတစ်ခုချင်းစီအား တူညီသော ဥပဒေပြုအာဏာများကို ခွဲဝေပေးထားကြသည်။ သို့ရာတွင် ကနေဒါ၌ အခြေပြုပစ္စည်းပိုင်ဆိုင်ခွင့်၊ နိုင်ငံသားရပိုင်ခွင့်များနှင့်ပတ်သက်သည့် ဖက်ဒရယ်ပါလီမန်၏ အခွင့်အာဏာများသည် ပြည်နယ်အလိုက် ကွာခြားမှုရှိသည်။ ကွိဘက်ပြည်နယ်သည် ဖက်ဒရယ်အစိုးရနှင့် ထိရောက်သော အခြေခံဥပဒေတွင် ဖော်ပြမထားသည့် အစီအစဉ်များရှိရာ ၎င်းတွင် အခြားပြည်နယ်များသို့ပေးသော အခွင့်အာဏာနှင့်မတူသည့်အာဏာများ (များသောအားဖြင့် သဟဇာတတော့ဖြစ်ရသည်) ကို ပေးထားသည် (ဥပမာ ပင်စင်၊ အခွန်နှင့် လူမှုရေးအစီအစဉ်များ)။ နောက်ပိုင်း ဖက်ဒရယ်နိုင်ငံများအနက် မလေးရှားသည် ဘော်နီယိုကျွန်းပြည်နယ်များအား ဒေသတွင်ရှိနေသော မူလဥပဒေများ (native Law)၊ ဆက်သွယ်ရေး၊ ငါးလုပ်ငန်း၊ သစ်တော၊ လူဝင်မှုကြီးကြပ်ရေးတို့နှင့်ပတ်သက်ပြီး အထူးအာဏာများပေးထားသည်။ အိန္ဒိယသည် ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ်၊ အချို့သေးငယ်သော ပြည်နယ်များအတွက် အလားတူပြဌာန်းချက်များရှိသည်။ ရုရှားတွင် အင်အားကြီးသော ပြည်နယ်အချို့ကိုမျက်နှာပေးသည့်အခြေခံဥပဒေတွင်ဖော်ပြမထားသော သက်ဆိုင်ရာပြည်နယ်နှင့် နှစ်ဦးသဘောတူညီချက်အမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သော်လည်း အဆိုပါ အမျိုးမျိုးကွဲပြားသော ပုံစံအတော်များများကို ယခုအခါ ပယ်ဖျက်လိုက်ပြီဖြစ်သည်။ စပိန်နိုင်ငံသည်လည်း နှစ်ဖက်သဘောတူအစီအစဉ်များရှိရာ အထူးသဖြင့် လူမျိုးစုသမိုင်းကြောင်းရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအသိုင်းအဝိုင်းများသို့ အထူးအခွင့်အာဏာများ ပေးခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ အာဏာခွဲဝေမှု ကွဲပြားနေခြင်းများကို ပယ်ဖျက်လိုက်သော်လည်း Basque ဒေသနှင့် Navarre တို့ကို ပေးထားသော ရှေးကျပြီး သမိုင်းဝင်သည့် ဘဏ္ဍာငွေဆိုင်ရာ ရပိုင်ခွင့်ကိုမူ ဆက်လက်ပေးထားသည်။ ဘယ်လ်ဂျီယံ၊ ကိုမိုရော့စ်၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ စိန့်ကစ်ဒ်နှင့် နီးဗစ်တို့တွင်လည်း အခြေခံဥပဒေအရ အချိုးမညီသော အခွင့်အာဏာခွဲဝေပေးသည့် အစီအစဉ်များရှိသည်။ ယင်းကဲ့သို့ အချိုးမညီသော အခွင့်အာဏာခွဲဝေပေးမှုမျိုးတွင် အထင်ရှားဆုံးဟုဆိုနိုင်သောဖြစ်ရပ်မှာ ဖက်ဒရယ်နိုင်ငံမဟုတ်သော ယူနိုက်တက်ကင်းဒန်းမှ စကော့တလန်ဖြစ်ပြီး ၎င်း၏အကျိုးဆက်များမှာ ယူကေတွင် ယနေ့အထိ ဆွေးနွေးငြင်းခုန်နေကြဆဲဖြစ်သည်။ ဥရောပသမဂ္ဂတွင် ယနေ့အထိ ငွေကြေးဆိုင်ရာသမဂ္ဂသို့ ဝင်ရောက်ခြင်းမရှိသေးသော အဖွဲ့ဝင် နိုင်ငံများရှိနေသေးသည်။

## အာဏာနှင့်ပတ်သက်သည့် ပဋိပက္ခများကို ကိုင်တွယ်ခြင်း

ဖက်ဒရယ်နိုင်ငံများသည် အာဏာခွဲဝေခြင်းများနှင့်ဆိုင်သော ပဋိပက္ခများကို ခုံရုံးများ၊ အရေးပေါ်အာဏာများ၊ အခြေခံဥပဒေပြင်ဆင်ချက်များ၊ နိုင်ငံရေးအရ ညှိနှိုင်းမှုများနှင့် ရွေးကောက်ပွဲများကို အသုံးပြုခြင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်သည်။

အာဏာခွဲဝေမှုကို အဓိပ္ပာယ်ဖွင့်ဆိုပုံနှင့်ပတ်သက်သည့် ကွဲလွဲမှုများကို ဖြေရှင်းရန် အများလက်ခံထားကြသော နည်းလမ်းအဖြစ် ခုံရုံးသို့ပေးပို့ဖြေရှင်းစေသော်လည်း ဖက်ဒရယ်နိုင်ငံအနည်းငယ်တွင် ဆန္ဒခံယူပွဲနှင့် အထက်လွှတ်တော်ကဲ့သို့သော နိုင်ငံရေးလုပ်ထုံးလုပ်နည်းများလည်းရှိကြသည်။ ဖက်ဒရယ်နိုင်ငံအများအပြားတွင် အထူးပြဋ္ဌာန်းချက်များလည်းရှိတတ်ရာ အဆုံးစွန်ဆုံးအားဖြင့် အရေးပေါ်အာဏာများဖြစ်ကာ အရေးပေါ်အခြေအနေမျိုးတွင် ကိုယ်စားပြုဒေသအစိုးရ၏ ပုံမှန်အခွင့်အာဏာကို ရပ်ဆိုင်းရန်အတွက် ဖက်ဒရယ်အစိုးရကို အခွင့်အာဏာပေးထားခြင်းမျိုး ဖြစ်သည်။ များသောအားဖြင့် ဖြစ်လေ့ရှိသော ပဋိပက္ခသည် မည်သည့်အာဏာများဖြစ်ကြောင်း ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမျိုးအပေါ်မဟုတ်ပဲ အစိုးရနှစ်ရပ်အတွက် အခွင့်အာဏာများနှင့် အခန်းကဏ္ဍများက ဘာတွေဖြစ်သင့်သည်ဆိုသည့်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုရန် အငြင်းပွားခြင်းမျိုးဖြစ်သည်။ ထိုသို့သော အငြင်းပွားမှုမျိုးကို နိုင်ငံရေးအရ ဖြေရှင်းသင့်သည်။ အစိုးရများအနေနှင့် လက်ရှိအခြေခံဥပဒေဘောင်အတွင်း မည်သို့လုပ်ဆောင်မည်ဆိုသည်ကို သဘောတူညီမှုရရှိအောင် ဆွေးနွေးညှိနှိုင်းနိုင်သည်။ သို့မဟုတ် အခြေခံဥပဒေပြင်ဆင်ရေးကို သဘောတူညီမှု ရယူနိုင်ရာ ထိုသို့လုပ်ဆောင်ရန် ဖက်ဒရယ်နိုင်ငံအများစုတွင် ထူးခြားသော အများစုထောက်ခံမှုလိုအပ်သည် (ကိုယ်စားပြုဒေသအစိုးရများ၏ သဘောတူညီမှုဖြင့်သာ အမြဲတစေမလုံလောက်ပေ)။ အကယ်၍ အစိုးရများသည် သဘောတူညီမှုမရနိုင်ပါက အစိုးရများ (သို့မဟုတ် နိုင်ငံရေးပါတီအမျိုးမျိုး) က ၎င်းတို့၏ အမြင်များကို ထောက်ခံမှုရအောင် ကြိုးစားသည့်အနေနှင့် ရွေးကောက်ပွဲကာလတွင် ၎င်းတို့၏ ကိစ္စရပ်အသီးသီးကို လူထုထံ ချပြနိုင်သည်။

# အခန်း (၅)

## ငွေကြေးနှင့် ဘဏ္ဍာငွေဆိုင်ရာ အခွင့်အာဏာ

**ငွေကြေး၏ အရေးကြီးပုံ**

ဖက်ဒရယ်စနစ်ကောင်းမွန်စွာ လည်ပတ်ရန်အတွက် ငွေကြေးရှာဖွေခြင်း၊ မျှဝေခြင်း၊ သုံးစွဲခြင်းတို့နှင့်ပတ်သက်သော အစီအစဉ်များမှာ နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေး အရလည်းကောင်း အသက်တမျှ အရေးပါလှပါသည်။

ယေဘုယျလူ့ဘဝများတွင် ငွေကြေးသည် အရာဝင်သကဲ့သို့ ဖက်ဒရယ်စနစ်များ တွင်လည်း ငွေကြေးကိစ္စသည် များစွာအခရာကျသည်ဆိုသည်မှာ ရှင်းနေသော အမှန်တရား ဖြစ်သည်။

ပထမဆုံးအားဖြင့် အခွန်များနှင့် အခြားဝင်ငွေများကို မည်သူက ဆုံးဖြတ်၍ ကောက်ခံနေသည်ဆိုသည်နှင့် မည်သူက သုံးစွဲနေသည်ဆိုသည့်အပေါ် အစီအစဉ်များ၊ ဖက်ဒရယ်စနစ်တွင် အာဏာများကို အမှန်တကယ် မည်သို့ခွဲဝေနေသည်ဆိုသည်နှင့် ဘာကို အခြေခံ၍ခွဲဝေနေသည်ဆိုသည့်အစီအစဉ်များဖြစ်သည်။ ထိုအစီအစဉ်များသည်ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများကြားတွင် ဥပဒေအရ ပေးထားသောအခွင့်အာဏာများကို အရေးပါစွာ ပြောင်းပစ်လိုက်နိုင်ပါသည်။ ရှင်းပြရလျှင် ဗဟိုအစိုးရများသည် ၎င်းတို့၏ အလွန်အားကောင်း သော ဘဏ္ဍာငွေဆိုင်ရာအခွင့်အာဏာများကိုအသုံးပြု၍ ကိုယ်စားပြုဒေသအစိုးရများကို နည်း အမျိုးမျိုးဖြင့် ဩဇာလွှမ်းမိုးရန် သို့မဟုတ် ထိန်းချုပ်ရန် လုပ်ဆောင်လေ့ရှိသည်။

ဒုတိအချက်အားဖြင့် ငွေကြေးကိုရှာဖွေပုံနှင့် သုံးစွဲပုံနည်းလမ်းများသည် ဖက်ဒရယ် နိုင်ငံတစ်ခု၏ စီးပွားရေး သန့်စွမ်းမှုအပေါ် ကြီးစွာသောသက်ရောက်မှုများ ရှိစေပါသည်။

- အခွန်နှင့် သုံးစွဲမှုအတွက် မက်လုံးများသည် စီးပွားရေးကို စွမ်းဆောင်နိုင်မှုနှင့် လုပ်ဆောင်ပုံတို့ အပေါ် သက်ရောက်မှုများရှိပါသည်။ ကိုယ်စားပြုဒေသများက ၎င်းတို့နယ်မြေကိုရွေးချယ်၍ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများကို ကြိုးစားဆွဲဆောင်ရာတွင် အသုံးပြုကြသည်။ အချို့သော အခွန် နှင့်သုံးစွဲမှုအတွက် ပြိုင်ဆိုင်မှုများသည် နည်းမှန်လမ်းမှန်ရှိသော်လည်း ထိရောက်မှု မရှိမည့်နေရာဒေသများတွင် စီးပွားရေးလုပ်ဆောင်မှုများကို ဆွဲဆောင်ရာတွင် အကုန်အကျများနိုင်သည့်အပြင် ဝင်ငွေဆုံးရှုံးမှု သို့မဟုတ် အလွဲသုံးစားပြုမှုများ ဖြစ်နိုင်ပါသည်။
- အစိုးရများ၏ ဝင်ငွေရှာဖွေခြင်း (အခွန်များ၊ ကောက်ခံခြင်းများ၊ အကြွေးများ၊ ငွေကြေးအာမခံများ) နှင့် သုံးစွဲခြင်းသည် စီးပွားရေးလုပ်ဆောင်မှုအဆင့်တစ်ခုလုံး ကို သက်ရောက်မှုများရှိစေရာ မူဝါဒများက စီးပွားရေးအား တိုးချဲ့လာစေသလား သို့မဟုတ် ကျုံ့သွားစေသလား ဆိုသည့်အပေါ် သက်ရောက်မှုများရှိပါသည်။ အချို့ ဖက်ဒရယ်နိုင်ငံများတွင် စနစ်တကျရေးဆွဲထားသော ဘဏ္ဍာငွေနှင့်ငွေကြေးဆိုင်ရာ

မူဝါဒများကိုစီမံခန့်ခွဲရာတွင် အဓိကကျသောပြဿနာများစွာရှိနေရာ အချိန်တိုအတွင်း ကြီးမားသော ငွေကြေးဖောင်းပွမှုများနှင့် စီးပွားရေးသည် လိုအပ်သည်ထက် လျင်မြန်စွာ ကြီးထွားလာခြင်း သို့မဟုတ် ပေါက်ကွဲထွက်သွားခြင်းမျိုးများဖြစ်သည်။ ဘဏ္ဍာငွေဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအခွင့်အာဏာများသည် စီးပွားရေးအရ အရေးပါလှသည်သာမက ဗဟိုနှင့်ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍများပေါ်တွင်လည်း ပိုမိုကြီးမားစွာ သက်ရောက်မှုများ ရှိနေခြင်းပင်ဖြစ်သည်။

## ဝင်ငွေရှာဖွေရေးအတွက် အခွင့်အာဏာများကို သတ်မှတ်တာဝန်ပေးခြင်း

ဖက်ဒရယ်နိုင်ငံများတွင် အစိုးရများကြား၌ ဝင်ငွေရှာဖွေမှုအတွက် အခွင့်အာဏာများကို ထိရောက်စွာ သတ်မှတ်ပေးနိုင်ရန်အတွက် မူများရှိပါသည်။ သို့သော်လက်တွေ့တွင်မူ အခြေခံဥပဒေအစီအစဉ်များ၊ ဝင်ငွေရှာဖွေသည့်သမိုင်းကြောင်းများ၊ နိုင်ငံများ၏ နိုင်ငံရေးယဉ်ကျေးမှုများကအလွန်ခြားနားနေနိုင်သောကြောင့် မူများတွင်လည်းအမျိုးမျိုးရှိနေနိုင်ပါသည်။

ဘောဂဗေဒပညာရှင်အများစုက ငြင်းချက်ထုတ်ရာတွင် ကိုယ်စားပြုဒေသများ အနေဖြင့် အခွန်ကောက်ခံပုံကို အသုံးပြု၍ ကုမ္ပဏီများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအား မိမိတို့ဒေသတစ်ခုတွင်သာ လာရောက်လုပ်ကိုင်ရန် ပြိုင်ဆိုင်ပြီး ဩဇာလွှမ်းမိုးအောင် ကြိုးစားနိုင်သည့် အတိုင်းအတာကို ဖက်ဒရယ်နိုင်ငံက လျော့ချထားသင့်သည်ဟု ဆိုပါသည်။ ထိုငြင်းချက်ထုတ်မှုမှ ပြဆိုသည်မှာ ကိုယ်စားပြုဒေသများ (နှင့် ဒေသန္တရအစိုးရများ) တွင် ရွှေ့ပြောင်းနေသော အခွန်ထမ်းများနှင့် အခွန်ရနိုင်သည့်နေရာများ (ကော်ပိုရေးရှင်းများ၊ တစ်ဦးချင်းဝင်ငွေခွန်များနှင့် ရောင်းခွန်များကဲ့သို့သော) အပေါ် ထိန်းချုပ်နိုင်ခွင့် အကန့်အသတ်နှင့်သာရှိသင့်သည်ဟု ဆိုရမည်။ ထိုအစား ၎င်းတို့ကို အခြေပစ္စည်းအတွက် အခွန်ကောက်ရန် အခွင့်အာဏာသာ ပေးသင့်သည်။ အဘယ်ကြောင့်ဆိုသော် အခြေပစ္စည်းများဟူသည် မရွှေ့မပြောင်းနိုင်သောကြောင့်ဖြစ်သည်။ လက်တွေ့တွင်မူ အခွန်ထမ်းများ သို့မဟုတ် အခွန်ကောက်နိုင်သည့် လုပ်ဆောင်မှုများအလွယ်တကူရွှေ့ပြောင်းနေနိုင်သည်မှာ ယဉ်ကျေးမှုနှင့်ဆိုင်သောအချက်များ (နိုင်ငံသားများသည် ၎င်းတို့ကိုယ်စားပြုသောဒေသတွင်သာ နေထိုင်ရန် စွဲလမ်းမှုရှိသလား) အပေါ် လည်းကောင်း၊ အကွာအဝေး (အခြားပြည်နယ်တွင် လုပ်ကိုင်ရန် သို့မဟုတ် ဆိုင်ဖွင့်ရန် လွယ်ကူမှုရှိသလား) အပေါ်လည်းကောင်း၊ ပထဝီအနေအထားအရရှိနေသောအရင်းအမြစ်များ (သဘာဝသံဇာတများ) အပေါ်လည်းကောင်း၊ နည်းပညာ (နည်းပညာသစ်များက ရွေးချယ်စရာဒေသအသစ်များကို ပေါ်ထွက်လာစေသည်) အပေါ်လည်းကောင်း တည်မှီနေပါသည်။

တစ်ချိန်တည်းမှာပင် အချို့ဘောဂဗေဒပညာရှင်များက အခွန်ကောက်ခံပုံကို ပြိုင်ဆိုင်မှုအား (ပြည်သူ့ရေးရာ မူဝါဒ တွင် အခြားပြိုင်ဆိုင်မှုအမျိုးအစားများနှင့်အတူ) အတော်အတန်ပေးထားရန် လိုလားကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြိုင်ဆိုင်ခွင့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော မူဝါဒများကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ၎င်းတို့က ယုံကြည်ကြသောကြောင့် ဖြစ်သည်။ ၎င်းမှာဖက်ဒရယ်စနစ်၏ အလားအလာရှိသော အားသာချက်ဖြစ်သည်ဟု ယုံကြည်ကြသည်။ အချို့သော ဘောဂဗေဒပညာရှင်များက ကိုယ်စားပြုဒေသများတွင် တစ်ဦး

ချင်းနှင့် စီးပွားရေးကော်ပိုရေးရှင်းများအတွက် အခွန်နှုန်းကို အမျိုးမျိုးထားပိုင်ခွင့်ရှိသင့်သည်ဟု ငြင်းချက်ထုတ်ကြသည်။ သို့သော်လည်း အဆိုပါအခွန်များအတွက်စနစ်တစ်ခုထဲ (ဗဟိုမှဖြစ်စေ၊ အစိုးရများပူးတွဲ၍ဖြစ်စေ ဆုံးဖြတ်ချက်ချနိုင်သည်) ရှိခြင်းက စီးပွားရေးအရပိုမိုထိရောက်ပါသည်။ အခွန်ကောက်ခွင့်အာဏာများ ခွဲဝေသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဖက်ဒရယ်နိုင်ငံများကြားတွင် အကောင်းဆုံးက ဘာလဲဆိုသည့် အဖြေမှာမူ မရှိပေ။ ရွေ့ပြောင်းနေသော ကိစ္စရပ်များအပေါ် အခွန်ကောက်ခြင်းနှင့်ပတ်သက်၍ အုပ်ချုပ်ပုံစနစ်ကွဲပြားသော ဒေသများကြားတွင် ပြိုင်ဆိုင်မှု ကြီးမားစေခြင်းသည် အခွန်နှုန်းထားများအဆက်မပြတ်ကျဆင်းနိုင်သည့် အန္တရာယ်ကို ဦးတည်နိုင်ကာ အချို့အခွန်ကောက်နိုင်သည့်နေရာများမှ အခွန်များဆုံးရှုံးရခြင်းနှင့် အခြားအခွန်ကောက်ရန်နေရာများကို ပိုမိုရှာဖွေရန် လိုအပ်လာနိုင်သည်။ သို့သော် အချို့သော ပြိုင်ဆိုင်မှုများမှာမူ အပေါင်းလက္ခဏာဆောင်နိုင်ပါသည်။

အခွန်နှင့် ဝင်ငွေရှာဖွေရေးဆိုင်ရာ အခွင့်အာဏာကို အကောင်းဆုံး မည်သို့ခွဲဝေသတ်မှတ်နိုင်သည်ဆိုသည့်အပေါ် အခြားထည့်သွင်းစဉ်းစားစရာများရှိပါသည် –

- အစိုးရများကို ၎င်းတို့သုံးသော ငွေအတွက် တာဝန်ခံမှုရှိအောင်လုပ်ပေးသော အားသာချက်များ ရှိသည်။ အကယ်၍ မိမိဝင်ငွေကို အများဆုံးရှာဖွေနိုင်သည်ဆိုပါက ရွေးကောက်တင်မြှောက်လိုက်ကြသည့် မဲဆန္ဒရှင်များအပေါ်လည်း ပိုမိုတာဝန်ခံမှုရှိလာနိုင်သည်ဟုလည်း ငြင်းချက်ထုတ်လေ့ရှိသည်။
- ပို၍ဆင်းရဲသော ကိုယ်စားပြုဒေသများတွင် အခွန်ကောက်ခံရန် ပိုအားထုတ်ရလေမလား၊ ဝန်ဆောင်မှု နိမ့်ကျလေမလား သို့မဟုတ် ၎င်းတို့ကိုအကူအညီပေးရန် ငွေလွှဲပြောင်းပေးရမှုများ ရှိမလား စသည် မျှော်လင့်နိုင်ခြင်းများနှင့် ဆက်စပ်၍ မျှတသော စဉ်းစားပေးရမှုများလည်းရှိနိုင်သည်။
- ဝင်ငွေကောက်ခံရေးနှင့်ပတ်သက်သော အမျိုးအစားများအပေါ် ဗဟိုက ချုပ်ကိုင်ထားခြင်းဖြင့် အုပ်ချုပ်ရေးဆိုင်ရာတွင် အားသာချက်များရှိနိုင်ရာ ဝင်ငွေရရှိနိုင်သည့်နေရာသည် ကိုယ်စားပြုဒေသများဖြစ်နေသည့်တိုင် ဗဟိုကချုပ်ကိုင်ထားခြင်းကြောင့် အားသာချက်ရှိနိုင်သည်။

အချို့သော ဖက်ဒရယ်နိုင်ငံများသည် သဘာဝသယံဇာတတွင် ချမ်းသာကြွယ်ဝကြရာ ထိုသယံဇာတများက ကြီးမားသောဝင်ငွေများနှင့် ဥာရမ်းခများကို ရရှိစေသည်။ အထူးသဖြင့် ရေနံ၊ ဓါတ်ငွေ့၊ စိန်နှင့်အခြားသတ္တုများထံမှဖြစ်သည်။ ထိုသို့သော သံဇာတများသည် သဘာဝအားဖြင့် ကိုယ်စားပြုဒေသများကြားတွင် အလွန်မညီမျှစွာ တည်ရှိနေခြင်းကြောင့် ဖက်ဒရယ်နိုင်ငံအတွင်း တင်းမာမှုများကို ဖြစ်စေသည်။ အချို့ကိစ္စရပ်များတွင် အဆိုပါသံဇာတများကို ဗဟိုအစိုးရက ပိုင်ဆိုင်ပြီး အချို့တွင်မူ ကိုယ်စားပြုဒေသအစိုးရများက ပိုင်ဆိုင်သည် (သို့မဟုတ် မြေပိုင်ဆိုင်သူပုဂ္ဂလိကက ပိုင်ဆိုင်ခြင်းရှိသော်လည်း ထိုဖြစ်ရပ်မျိုးမှာရှားပါသည်)။ အချို့ကိစ္စရပ်တွင် သဘာဝသံဇာတမှ မည်သို့သော ဝင်ငွေကို မည်သူက ကောက်ခံမည်၊ သံဇာတမှ ရရှိသောဝင်ငွေကို မည်သို့ ခွဲဝေမည်၊ သံဇာတမှဝင်ငွေကို ခွဲဝေခြင်းသည် အခြားဝင်ငွေများကို ခွဲဝေခြင်းအပေါ် မည်မျှ သက်ရောက်မှုရှိစေသင့်သနည်း စသည်တို့အပေါ်အခြေအတင်ငြင်းခုန်မှုများရှိနိုင်သည်။

**အချို့ဖက်ဒရယ်နိုင်ငံများမှ သဘာဝသယံဇာတဝင်ငွေများ**

သဘာဝသံဇာတများမှဝင်ငွေများသည် မူအားဖြင့်ပိုင်ဆိုင်မှုအတွက်ပေးသောငွေကြေး (royalties) နှင့် လိုင်စင်ကြေး၊ ပို့ကုန်အခွန်၊ ကော်ပိုရေးရှင်းများမှ အခွန်များအနေဖြင့် ရရှိခြင်းဖြစ်သည်။ သယံဇာတဝင်ငွေသည် လောလောဆယ်နိုင်ဂျီးရီးယားနိုင်ငံ၏ အကြီးဆုံး ဝင်ငွေအရင်းအမြစ်ဖြစ်ပြီး ၎င်းတို့ကို ဗဟိုအစိုးရကသာ ကောက်ခံ၍ မျှတစွာ ခွဲဝေရေးမူနှင့် မူရင်းဒေသဆိုသော မူ (ထွက်ရှိသည့် ပြည်နယ်ကို ပိုပေး) များကို အခြေခံကာ ပြည်နယ်များသို့ ငွေကို လွှဲပြောင်းပေးပါသည်။ ရုရှားနိုင်ငံတွင် ပိုင်ဆိုင်မှုအတွက်ပေးသော ငွေကြေးနှင့် ပို့ကုန် အတွက် အခွန်နှစ်မျိုးစလုံးမှာ အရေးပါပြီး ယခုအခါ အဆိုပါဝင်ငွေကောက်ခံမှုများကို ဗဟို အစိုးရကသာ အများစုကောက်ခံ၍ ထွက်ရှိရာ ကိုယ်စားပြုဒေသကို အခွင့်အရေး အနည်းငယ် ပေးထားသည်။ အာဂျင်တီးနားသည် သံဇာတနှင့်ပတ်သက်သော စီမံခန့်ခွဲမှုကို ပြည်နယ်များ သို့လွှဲပြောင်းပေးခဲ့ရာ အချို့သော သံဇာတကြွယ်ဝသည့် ပြည်နယ်အသေးလေးများသည် ယခု အခါအဆိုပါငွေကြေးအရ အားသာချက်ကို အကြီးအကျယ်ခံစားနေရပြီးဖြစ်သည်။ ကနေဒါတွင် အယ်လ်ဘာတာသည် (အခြားပြည်နယ်များကဲ့သို့ပင်) သယံဇာတများပိုင်ဆိုင်ပြီး အခြား ပြည်နယ်များထက် ဝင်ငွေရှာနိုင်စွမ်း နှစ်ဆရှိပါသည်။ ဖက်ဒရယ် (ဗဟို) အစိုးရသည် စွမ်းအင် ကိုတင်ပို့ခြင်းမှ ပို့ကုန်အခွန်ကောက်ခံနိုင်ခွင့်အာဏာ ဆုံးရှုံးခဲ့ရသည်။ အမေရိကန်ပြည် ထောင်စုတွင် သယံဇာတအများစုကို ပြည်နယ်များ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂလိကများက ပိုင်ဆိုင်သော်လည်းအနောက်ဖက်ပြည်နယ်များနှင့်အလက်စကားတွင်ဖက်ဒရယ်ကပိုင်သော နယ်မြေများစွာရှိသည်။ ဆူဒန်တွင် ရေနံနှင့်ပတ်သက်၍ ဝင်ငွေခွဲဝေသော အစီအစဉ်ရှိရာ တောင်ဆူဒန်သည် လူဦးရေနည်းသော်လည်း အဓိက ထုတ်လုပ်သည့် အရင်းအမြစ်ဖြစ်သော ကြောင့် ငွေကိုပိုမိုခွဲဝေပေးသည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် ဖက်ဒရယ်အစိုးရသည် ကမ်းလွန်သယံဇာတများနှင့် ၎င်းတို့မှဝင်ငွေများကို ပိုင်ဆိုင်၍ ထိန်းချုပ်ထားရာ ကနေဒါနိုင်ငံ တွင် ကမ်းလွန်ရှိသောပြည်နယ်များအား ကမ်းလွန်မှရသော ဝင်ငွေအကျိုးအမြတ်ကို ခံစား စေသည်။

ဖက်ဒရယ်နိုင်ငံတစ်ခုတွင် ဝင်ငွေကို ခွဲဝေခြင်းအတွက် စနစ်ကို ပုံဖော်ရာ၌ မူအမျိုး မျိုးနှင့် စဉ်းစားချက်အမျိုးမျိုးသည် အထောက်အကူဖြစ်သော်လည်း လက်တွေ့ထွက်ပေါ်လာ သောစနစ်များအပေါ် အချို့သောအချက်များက အားကောင်းစွာ လွှမ်းမိုးနေပါသည်။ ၎င်းတို့မှာ အခြေခံဥပဒေအရခွဲဝေပေးထားသော ဝင်ငွေရှာဖွေနိုင်သည့် အခွင့်အာဏာ၊ မည်သည့်အစိုးရက မည်သို့သောအခွန်ကောက်နိုင်သည့်နယ်ပယ်များကိုရယူထားသနည်းဆိုသည့်သမိုင်းကြောင်း နှင့် တိုင်းပြည်၏ နိုင်ငံရေးယဉ်ကျေးမှုတို့က လွှမ်းမိုးမှုရှိပါသည်။ နိုင်ငံရေးယဉ်ကျေးမှုအရ ပြိုင် ဆိုင်မှုကိုမျက်နှာသာပေးသလား၊ဗဟိုချုပ်ကိုင်မှုအများအနည်းကိုလက်ခံလိုသလားဆိုသည်များ ဖြစ်သည်။ ဖက်ဒရယ်နိုင်ငံများကြားတွင် ဝင်ငွေခွဲဝေသည့်အစီအစဉ်နှင့်ပတ်သက်၍ ကွဲပြား မှုအမျိုးမျိုးရှိသည်။ အချို့နိုင်ငံများတွင် အခွန်ကောက်ခံနိုင်ခွင့်နှင့် ဝင်ငွေရှာဖွေခွင့်ကို ဗဟို အစိုးရက လွှမ်းမိုးရယူထားပြီးအချို့တွင်မူဗဟိုအစိုးရရော၊ကိုယ်စားပြုဒေသအစိုးရနှင့်ဒေသန္တရ အစိုးရများပါဝင်ငွေရှာဖွေနိုင်ခွင့်အတွက် အသီးသီးအရေးပါသောကဏ္ဍမှ ပါဝင်နေကြပါသည်။

**ဖက်ဒရယ်နိုင်ငံများတွင် တစ်နိုင်ငံလုံး၏ စုစုပေါင်းဝင်ငွေအပေါ် ဗဟိုအစိုးရ၏ ဝင်ငွေအချိုး**

ကနေဒါနှင့် ဆွစ်ဇာလန်နိုင်ငံများတွင် ဗဟိုအစိုးရသည် စုစုပေါင်းဝင်ငွေ၏ ၄၅% ဝန်းကျင်ကို ရှာဖွေနိုင်ပြီး အမေရိကန်ပြည်ထောင်စုသည် စုစုပေါင်းဝင်ငွေ၏ ၅၄% ကို ရှာနိုင်သည်။ ဩစတြီးယား၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဘရာဇီး၊ အိန္ဒိယ၊ ဂျာမနီနှင့် စပိန်တို့သည် တူညီမှုရှိကြကာ ၎င်းတို့၏ ဗဟိုအစိုးရများသည် စုစုပေါင်းဝင်ငွေ၏ ၆၀% မှ ၇၅% ထိ ရှာဖွေနိုင်စွမ်းရှိကြသည်။ အာဂျင်တီးနား၊ မလေးရှား၊ မက္ကဆီကို၊ နိုင်ဂျီးရီးယား၊ ရုရှား၊ တောင်အာဖရိကနှင့် ဗင်နီဇွဲလားတို့ကဲ့သို့သော ဖက်ဒရယ်နိုင်ငံများမှ ဖက်ဒရယ် (ဗဟို) အစိုးရများသည် အခွန်ကောက်ခံခြင်းနှင့် ဝင်ငွေရှာဖွေခြင်းမှ နိုင်ငံ၏ စုစုပေါင်းဝင်ငွေ၏ ၈၀% ကျော်ကို ရှာဖွေနိုင်သည်။ နိုင်ဂျီးရီးယားနှင့် ဗင်နီဇွဲလားတို့သည် လုံးဝတမူထူးခြားသော ဖြစ်ရပ်များဖြစ်ကာ ဗဟိုအစိုးရများသည် ဝင်ငွေ ၏ ၉၈% နှင့် ၉၇% အစဉ်အတိုင်းအသီးသီးရှာဖွေနိုင်ပါသည်။ ဥရောပသမဂ္ဂမှာမူ ဖက်ဒရယ်နိုင်ငံတစ်ခုမဟုတ်ပဲ ဗဟိုမှ ရှာဖွေနိုင်သော ဝင်ငွေမှာ အစိုးရ၏ဝင်ငွေစုစုပေါင်း၏ ၂% ထက်နည်းပါသည်။ အချို့နိုင်ငံများသည် ဖက်ဒရယ်နိုင်ငံမဟုတ်သော်လည်း ဝင်ငွေရှာဖွေသည့်ကိစ္စတွင် ပိုမို၍ဗဟိုချုပ်ကိုင်မှုကို လျော့ချနိုင်ကာ အချို့သော ဗဟိုချုပ်ကိုင်မှုများသော ဖက်ဒရယ်နိုင်ငံများမှ ဗဟိုအစိုးရထက် ဝင်ငွေရှာဖွေနိုင်စွမ်းရှိသည်ကို တွေ့ရသည်။

## အစိုးရအဆင့်များကြားတွင် ဘဏ္ဍာငွေဆိုင်ရာ ချိန်ခွင်လျှာ

ဖက်ဒရယ်နိုင်ငံများကြားတွင် ဗဟိုအစိုးရ၊ ကိုယ်စားပြုဒေသအစိုးရနှင့် ဒေသန္တရအစိုးရများ၏ တိုက်ရိုက် သုံးစွဲမှုအတိုင်းအတာမှာ ကြီးမားစွာ ခြားနားမှုများရှိပါသည်။

အချို့ဖက်ဒရယ်နိုင်ငံများတွင် ဖက်ဒရယ် (ဗဟို) အစိုးရသည် ပရိုဂရမ်များအပေါ် ငွေခွဲဝေပေးမှုကို လွှမ်းမိုးချုပ်ကိုင်ထားသည်။ အချို့တွင်မူ ကိုယ်စားပြုဒေသအစိုးရများနှင့် ဒေသန္တရအစိုးရများက သုံးစွဲမှုများက ပိုမိုများပြားပါသည်။ အဆိုပါခြားနားမှုများမှာ အခြေခံဥပဒေဆိုင်ရာ အစီအစဉ်များ၊ အစိုးရအသုံးစရိတ်မှ ဦးစားပေးများ (ကာကွယ်ရေးနှင့် လူမှုရေး ပရိုဂရမ်များ)၊ နိုင်ငံရေးဆိုင်ရာသမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတို့၏ ထင်ဟပ်ချက်များဖြစ်သည်။

**ဖက်ဒရယ်နိုင်ငံများ၌ ဗဟိုအစိုးရ၏ တိုက်ရိုက်သုံးစွဲမှုနှင့် စုစုပေါင်းအစိုးရသုံးစွဲမှုအချိုး**

ဆွစ်ဇာလန်၊ ကနေဒါ၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီတို့သည် စုစုပေါင်းအစိုးရအသုံး၏ အစိတ်အပိုင်းအနေဖြင့် ဗဟိုအစိုးရ၏ အသုံးစရိတ်အနည်းဆုံး (၃၀% မှ ၄၀%) ရှိသော ဖက်ဒရယ်နိုင်ငံများဖြစ်သည်။ ဂျာမနီနိုင်ငံ၏ ဥပမာကို ကြည့်ပါက Länder (ပြည်နယ်) များသည် ဖက်ဒရယ် (ဗဟို) အဆင့်က ဥပဒေပြုခဲ့သော အစီအစဉ်အများစုကို ငွေခွဲဝေပေးရန် တာဝန်ရှိသောကြောင့် ဖြစ်သည်။ ဆွစ်ဇာလန်၊ ကနေဒါနှင့် ဘယ်လ်ဂျီယံတို့၏ ဥပမာသည် ကိုယ်စားပြုဒေသများ၏ တာဝန်ဝတ္တရားများ၏အရေးပါမှုကိုထင်ဟပ်သည်။ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဩစတြီးယား၊ အိန္ဒိယ၊ မက္ကဆီကို၊ နိုင်ဂျီးရီးယား၊ ရုရှ၊ စပိန်၊ တောင်အာဖရိကနှင့် အမေရိကန်ပြည်ထောင်စုတို့ကဲ့သို့သော ဖက်ဒရယ်နိုင်ငံများတွင် ဗဟိုမှ တိုက်ရိုက်သုံးစွဲမှုသည် ၄၅% မှ ၆၀% ကြားရှိကာ

ဘရာဇီးနိုင်ငံကမူ ၆၄% ရှိကာ အားလုံးထက် နာတစ်ဖျားအသာတွင်ရှိနေသည်။ ဗဟိုမှ တိုက်ရိုက်သုံးစွဲမှု အလွန်အကျွံများပြားသောနိုင်ငံများတွင် မလေးရှား (၈၄%) နှင့် ဗင်နီဇွဲလား (၇၈%) တို့ပါဝင်သည်။ မက္ကဆီကို၊ နိုင်ဂျီးရီးယားနှင့် စပိန်တို့သည် ဗဟိုချုပ်ကိုင်မှုများသော နိုင်ငံများဖြစ်သော်လည်း မကြာသေးမီကနှစ်များအတွင်း သုံးစွဲမှုများနှင့်ပတ်သက်၍ အောက်ခြေသို့ အရေးပါစွာ အခွင့်အာဏာခွဲဝေပေးထားပါသည်။

## ကိုယ်စားပြုဒေသများသို့ ဗဟိုမှ ငွေကြေးလွှဲပြောင်းပေးမှုများ

ဖက်ဒရယ်နိုင်ငံအားလုံးတွင် ဗဟိုအစိုးရသည် ၎င်းတို့လိုအပ်ချက်အတွက် အသုံးပြုရန်လိုအပ်သောပမာဏထက်ဝင်ငွေကိုပိုမိုရှာဖွေကြသည်။ ထိုသို့ပို၍ရှာဖွေနိုင်ကြခြင်းကြောင့်ပင် ကိုယ်စားပြုဒေသအစိုးရများသို့ ဘဏ္ဍာငွေဆိုင်ရာ လွှဲပြောင်းပေးမှုများပြုလုပ်နိုင်ခြင်းဖြစ်သည်။

ဖက်ဒရယ်နိုင်ငံများသည် ဝင်ငွေရှာဖွေပုံအတိုင်းအတာနှင့် ပရိုဂရမ်များအပေါ် သုံးစွဲမှုကို ဗဟိုကချုပ်ကိုင်ထားမှု အတိုင်းအတာအမျိုးမျိုးရှိပါသည်။ သို့သော်လည်း ဖက်ဒရယ်နိုင်ငံအားလုံးတွင် ဗဟိုအစိုးရသည် ၎င်းတိုက်ရိုက် သုံးစွဲမှုအတွက် လိုအပ်ချက်ထက် ဝင်ငွေကို (ငွေချေးခြင်းအပါအဝင်) ပို၍ရှာဖွေနိုင်သည်။ ဤသို့ဖြစ်ရခြင်း တစိတ်တပိုင်းမှာ ဝင်ငွေရှာဖွေခွင့်တွင် ဗဟိုကအရေးပါစွာချုပ်ကိုင်ထားခြင်း အားသာချက်ကြောင့်ဖြစ်သည်။ ဗဟိုအစိုးရများသည် ကိုယ်စားပြုဒေသများသို့ ဘဏ္ဍာငွေဆိုင်ရာ လွှဲပြောင်းပေးမှုများ လုပ်ဆောင်နိုင်ပြီး တစ်ခါတစ်ရံ ဒေသန္တရအစိုးရများသို့လည်း တိုက်ရိုက်ငွေလွှဲပြောင်းပေးနိုင်သည်။ ထိုသို့လွှဲပြောင်းပေးမှသာ အစိုးရအဆင့်ဆင့်သည် ၎င်းတို့ကို ပေးအပ်ထားသော တာဝန်ဝတ္တရားများအား ပိုမိုထမ်းဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါလွှဲပြောင်းပေးမှုများ၏ အရေးပါပုံမှာ အမျိုးမျိုးရှိနိုင်သည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် ကိုယ်စားပြုဒေသများသည် ထိုလွှဲပြောင်းပေးမှုအပေါ်တွင်သာ လုံးလုံးမှီခိုရသည့်အခြေအနေတွင်ရှိပြီး အချို့ဖက်ဒရယ်နိုင်ငံအများစုတွင် ဗဟိုအစိုးရမှ ကိုယ်စားပြုဒေသများသို့ လွှဲပြောင်းပေးသော ဘဏ္ဍာငွေများသည် ပျမ်းမျှအားဖြင့် ၎င်းတို့သုံးစွဲငွေ၏ တစ်ဝက်အောက်သာ လုံလောက်မှုရှိသည်။ အကျိုးဆက်အနေဖြင့် ဖက်ဒရယ်နိုင်ငံအများစုတွင် ကိုယ်စားပြုဒေသအစိုးရများသည် ပရိုဂရမ်များအတွက် ၎င်းတို့ရှာဖွေသော ဝင်ငွေဖြင့် မိမိလူဦးရေအား မျှ၍တာဝန်ခံရသည့်သဘော ဖြစ်သည်။ ဖက်ဒရယ်နိုင်ငံများတွင် ဝင်ငွေရှာဖွေခြင်း၊ လွှဲပြောင်းခြင်း၊ တာဝန်ဝတ္တရားများအတွက် ခွဲဝေနေရာချထားခြင်းနှင့် ပတ်သက်၍ မျှတမှုရှိရေးအပေါ် ပြင်းထန်သော အခြေအတင်ငြင်းခုန်မှုများရှိနိုင်ပါသည်။ ထိုအတွက် ရိုးရှင်းသော နည်းပညာအရ အဖြေများမရှိပေ။ အဘယ်ကြောင့်ဆိုသော် အများပြည်သူအတွက် သုံးစွဲမှုများနှင့်ပတ်သက်၍ ဦးစားပေးများသည် နိုင်ငံရေးအရ ကြောင်းကျိုးဆင်ခြင်ဆုံးဖြတ်မှုများတွင် ကြီးစွာတည်မှီနေသောကြောင့် ဖြစ်သည်။ ဒေါင်လိုက်ဘဏ္ဍာငွေဆိုင်ရာ ကွာဟချက် (vertical fiscal gap) ဟူသော စကားရပ်အသုံးအနှုန်းမှာ ကိုယ်စားပြုဒေသများ၏ သုံးစွဲမှုနှင့် ကိုယ်ပိုင်ဝင်ငွေရှာဖွေနိုင်မှုကြား ခြားနားချက်ကို ဖော်ပြသော အသုံးအနှုန်းဖြစ်သည်။

**ကိုယ်စားပြုဒေသ၏ သုံးစွဲမှုနှင့် ဗဟိုမှ လွှဲပြောင်းပေးသည့်ပမာဏ နှိုင်းယှဉ်မှု**

ကိုယ်စားပြုဒေသမှ စုစုပေါင်းသုံးစွဲမှုနှင့် နှိုင်းယှဉ်ပါက ဗဟိုမှ လွှဲပြောင်းပေးမှုပမာဏ အနည်းဆုံး တိုင်းပြည်များမှာ ကနေဒါ၊ ဆွစ်ဇာလန်နှင့် အမေရိကန်ပြည်ထောင်စု (၁၃% မှ ၂၆% ဝန်းကျင်) တို့ဖြစ်သည်။ ရုရှားနှင့် မလေးရှားနိုင်ငံများသည် ၎င်းတို့၏ ကိုယ်စားပြုဒေသများ၏ အားနည်းမှုကို ထင်ဟပ်ပြီး ပရိုဂရမ်များအပေါ်သုံးစွဲမှုများသည် ဗဟိုမှ ကြီးစွာချုပ်ကိုင်ထားမှုရှိသည့် အနေအထားၡ ဗဟိုမှ လွှဲပြောင်းပေးမှု နည်းပါးသည် (၂၃% နှင့် ၃၀% စီရှိသည်)။ ဂျာမနီတွင် အရေးပါသော ဝင်ငွေခွဲဝေမှုပုံစံရှိရာ ဗဟိုမှ လွှဲပြောင်းမှု ၄၄% ထိရှိပါသည်။ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့မှ ဗဟိုအစိုးရများသည် ကိုယ်စားပြုဒေသများအတွက် ကြီးမားသော ငွေကြေးထောက်ပံ့သူများဖြစ်သည် (၄၆% စီလွှဲပြောင်းပေးသည်)။ စပိန် (၇၃%) နှင့် ဘယ်လ်ဂျီယံ (၆၈%) တို့သည် မကြာမီကမှ ဖက်ဒရယ်စနစ်ကျင့်သုံးခဲ့သော်လည်း ဝင်ငွေရှာဖွေခွင့်အာဏာထက်စာလျှင် ပရိုဂရမ်များအပေါ် တာဝန်ဝတ္တရားများပိုမိုခွဲဝေပေးခြင်းကြောင့် ဗဟိုမှ ပမာဏများပြားစွာ လွှဲပြောင်းပေးမှုများရှိပါသည်။ တဖက်စွန်းတွင် တောင်အာဖရိက၊ နိုင်ဂျီးရီးယားနှင့် မက္ကဆီကိုတို့ရှိကြရာ အဆိုပါနိုင်ငံများမှ ကိုယ်စားပြုဒေသများသည် ဗဟိုမှ လွှဲပြောင်းပေးမှုအပေါ်သာ မှီခိုနေရရာ ဝင်ငွေ၏ ၈၇% ကျော်ကို လွှဲပြောင်းပေးသည်။

## ဘဏ္ဍာငွေဆိုင်ရာ မညီမျှမှုများနှင့် ညီမျှအောင် လုပ်ဆောင်မှုများ

ဖက်ဒရယ်နိုင်ငံတစ်ခုအတွင်း ကိုယ်စားပြုဒေသများ၏ ချမ်းသာကြွယ်ဝမှုမှာ ကြီးမားစွာ ခြားနားမှုရှိရာ ကိုယ်ပိုင် ဝင်ငွေရှာဖွေနိုင်စွမ်းအပေါ် သက်ရောက်မှုများစွာ ရှိပါသည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် ထိုသို့သော ခြားနားနေမှုများအတွက် ပိုမိုဆင်းရဲသော ကိုယ်စားပြုဒေသများသို့ ငွေကြေးပိုမိုလွှဲပြောင်းပေးခြင်းမှတဆင့် ကိုင်တွယ်ဖြေရှင်းနိုင်မည့် ပြဌာန်းချက်များရှိပါသည်။ ထိုသို့သော လွှဲပြောင်းပေးသည့်အစီအစဉ်များတွင် ပုံစံအမျိုးမျိုးရှိကာ လွှဲပြောင်းပေးမှုအတွက် အရေးကြီးသည့်မှုများလည်း ရှိပါသည်။

နိုင်ငံအားလုံးတွင် ချမ်းသာကြွယ်ဝမှုနှင့်ပတ်သက်ပြီး ဒေသအလိုက် ခြားနားချက်အမျိုးမျိုးရှိသည်။ ဤနေရာတွင် ဖက်ဒရယ်နိုင်ငံများကြုံတွေ့ရသောစိန်ခေါ်မှုမှာ ကိုယ်စားပြုဒေသအစိုးရများ၌ တာဝန်ဝတ္တရားများသည် တူညီနေခြင်း သို့မဟုတ် တူညီလုနီးပါးရှိနေသော်လည်း ထိုတာဝန်များကို အကောင်အထည်ဖော်ရန် လိုအပ်သော ဝင်ငွေကို ရှာဖွေနိုင်သည့်စွမ်းရည်မှာ အမျိုးမျိုးရှိနေသည့်အခါမျိုးတွင်ဖြစ်ပါသည်။ အကယ်၍ ၎င်းတို့၏ ကိုယ်ပိုင်ဝင်ငွေအကန့်အသတ်ရှိနေသည့်အခါမျိုးတွင် အကျိုးဆက်အားဖြင့် အဆိုပါအစိုးရများ၏ ပေးထားသော တာဝန်အပေါ်အကောင်အထည်ဖော်နိုင်မှုအတိုင်းအတာနှင့် အရည်အသွေးမှာ တစ်ခုနှင့်တစ်ခု တူညီမှုရှိတော့မည် မဟုတ်ပေ။

ဖက်ဒရယ်နိုင်ငံများသည် ထိုပြဿနာကို နည်းလမ်းအမျိုးမျိုးဖြင့် ကိုင်တွယ်ဖြေရှင်းကြသည်။ ဖက်ဒရယ်နိုင်ငံအများစု (အမေရိကန်ပြည်ထောင်စု သည် ခြွင်းချက်အနေဖြင့် မှတ်သားဖွယ်ဖြစ်သည်) သည် ညီမျှအောင်လုပ်ဆောင်မည်ဟူသောမူကို အသုံးပြုကြသည်။

ရှင်းပြရမည်ဆိုပါက မတူသော ကိုယ်စားပြုဒေသအစိုးရများအတွက် ဝင်ငွေရရှိနိုင်မှုကို တူညီအောင်လုပ်ဆောင်ပေးသည့်စနစ်တစ်ခုရှိသင့်သည်ဟူ၍ဖြစ်သည်။ ထို့အပြင်မူလပထမမဟုတ်သောမူကလည်းရှိနေပြန်ရာ ဝင်ငွေတစ်ခု၏ အရင်းအမြစ်ဖြစ်သည့် အုပ်ချုပ်ရေးဒေသတစ်ခုသည် အဆိုပါဝင်ငွေတစ်ခုလုံးသို့မဟုတ်တစ်စိတ်တစ်ပိုင်းကိုအထူးတောင်းဆိုခွင့်ရှိရမည်ဟုဖြစ်သည်။ အဆိုပါမူသည် သယံဇာတများမှဝင်ငွေများကို တောင်းဆိုရာတွင် (အခြေခံဥပဒေတွင် ဖော်ပြထားသော အစီအစဉ်များမည်သို့ရှိသည်ဖြစ်စေ) ကိုးကားစရာ ဖြစ်လာရသည်။ ထင်ရှားစွာတွေ့ရှိရသည့်အချက်မှာညီမျှအောင်လုပ်ဆောင်ပေးမည်ဆိုသောမူနှင့်မူလပထမမဟုတ်သောမူနှစ်ခုကြားတွင်ဝါဒကွဲစရာဖြစ်လာရခြင်းဖြစ်ပြီး ဖက်ဒရယ်နိုင်ငံများကလည်း ထိုမူတစ်ခုစီကို အတော်အတန်ကွဲပြားသော အလေးပေးလုပ်ဆောင်မှုများ ပြုခဲ့ပါသည်။

ဖက်ဒရယ်နိုင်ငံအများစုတွင် ဗဟိုအစိုးရမှ ကိုယ်စားပြုဒေသအစိုးရများသို့ ငွေလွှဲပြောင်းပေးသည့်ညီမျှအောင်လုပ်ပေးသောအစီအစဉ်အချို့ရှိပါသည် (ဂျာမနီနှင့်ဆွစ်ဇာလန်တွင်မူ ချမ်းသာသောကိုယ်စားပြုဒေသအစိုးရများမှ ဆင်းရဲသောကိုယ်စားပြုဒေသအစိုးရများသို့ တိုက်ရိုက်ငွေလွှဲပြောင်းပေးခြင်းများ ပါဝင်သည်)။ ထိုသို့သော အစီအစဉ်များအတွက် လုပ်ဆောင်ပုံများမှာ အမျိုးမျိုးရှိပါသည်။

- အချို့အစီအစဉ်များသည် ဝင်ငွေရှာဖွေနိုင်စွမ်းတွင် ကွာဟနေမှုကိုသာ ကျဉ်းမြောင်းအောင် လုပ်ဆောင်ပေးသည်။ အခြားအစီအစဉ်များမှာ ဝင်ငွေကို ကြိုးစားရှာဖွေနိုင်ရေးကိုသာမက ငွေလိုအပ်ချက်ကိုပါ ကိုင်တွယ်ရန် ကြိုးစားပေးသည်။
- အချို့ချမ်းသာသော ဖက်ဒရယ်နိုင်ငံများသည် ကိုယ်စားပြုဒေသအစိုးရအားလုံးကို တန်းတူညီသောအဆင့်ရောက်အောင်လုပ်ဆောင်ပေးသည် (၁၀၀% ညီမျှအောင်လုပ်ဆောင်ပေးသည်)။ အချို့မှာမူ အတိုင်းအတာတစ်ခုသာ လုပ်ဆောင်ပေးနိုင်သည် (ဂျာမနီနိုင်ငံသည် ငွေအမြောက်အများလွှဲပြောင်းပေးကာ ပိုမိုလုပ်ဆောင်ရာ ဂျာမနီနှစ်နိုင်ငံပေါင်းစည်းပြီးနောက် အရှေ့ပိုင်းမှ Länder (ပြည်နယ်) များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ထိရောက်သော ညီမျှအောင်လုပ်ဆောင်ပေးမှုဟုဆိုနိုင်သည်)။
- အချို့နိုင်ငံများသည် ဆင်းရဲသော ကိုယ်စားပြုဒေသများကိုသာ သတ်မှတ်ချက်တစ်ခုရောက်အောင် ဆွဲတင်၍ ညီမျှအောင်လုပ်ဆောင်ပေးသော်လည်း အချို့မှာ ကိုယ်စားပြုဒေသအားလုံးကိုလိုတိုးပိုလျော့နှင့် သတ်မှတ်ချက်တစ်ခုထိညီမျှအောင်လုပ်ဆောင်ပေးသည်။

ထိုသို့ညီမျှအောင်လုပ်ဆောင်ပေးသော အစီအစဉ်များတွင် သတ်မှတ်ချက်မပါသော ငွေလွှဲပြောင်းပေးမှုများ ရှိပါသည်။ ဆိုလိုသည်မှာ လွှဲပြောင်းပေးသောငွေကို လက်ခံရရှိသည့်အစိုးရများသည် မည်သည့်ကိစ္စရပ်အတွက်မဆို အသုံးပြုနိုင်သည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် သတ်မှတ်ချက်များဖြင့် ငွေလွှဲပြောင်းပေးမှုများကလည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေပါသည်။ ဆိုလိုသည်မှာ ဗဟိုအစိုးရသည် ထိုလွှဲပြောင်းပေးသောငွေကို မည်သည့်ကိစ္စရပ်အတွက်၊ မည်သည့်ပုံစံမျိုးဖြင့်သာ သုံးရမည်ဟု သတ်မှတ်ချက်များ တွဲလျက်

ဖော်ပြထားခြင်းမျိုး ဖြစ်သည်။ သတ်မှတ်ချက်များထည့်သွင်းထားသော ငွေလွှဲပြောင်းပေးမှုများသည် သီးသန့်ပရိုဂရမ်များအတွက်သာဖြစ်သောကြောင့် ကိုယ်စားပြုဒေသများကို ညီမျှအောင်လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်လိမ့်မည်တော့မဟုတ်ပေ။

ဖက်ဒရယ်နိုင်ငံအများစုတွင် သတ်မှတ်ချက်မပါသောလွှဲပြောင်းပေးသည့်ငွေပမာဏနှင့် သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော ငွေပမာဏတို့အပေါ် အခြေအတင်ငြင်းခုန်မှုများရှိပါသည်။ သတ်မှတ်ချက်မပါသော လွှဲပြောင်းပေးမှုများသည် ကိုယ်စားပြုဒေသအစိုးရများ၏ လွတ်လပ်စွာသုံးစွဲနိုင်မှုကို ဦးတည်စေပါသည်။ သတ်မှတ်ချက်များ ထည့်သွင်းထားသော ငွေလွှဲပြောင်းပေးမှုများသည် တစ်နိုင်ငံလုံးနှင့်ဆိုင်သော လုပ်ငန်းများ၏ ရည်ရွယ်ချက်နှင့် သတ်မှတ်ချက်ပြည့်မီအောင် မြှင့်တင်ပေးရန် ပို၍သင့်လျော်ပါသည်။ ဥပမာ ကျန်းမာရေးကဲ့သို့သော ကိစ္စရပ်မျိုးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ညီမျှအောင်လုပ်ဆောင်ပေးသော အစီအစဉ်များမရှိသည်မှာ ထူးခြားစွာ မှတ်သားဖွယ်ဖြစ်သည်။ ဖက်ဒရယ်အစိုးရ၏ လွှဲပြောင်းပေးမှုအားလုံးသည် သတ်မှတ်ချက်ပါသော လွှဲပြောင်းပေးမှုများဖြစ်ကာ အချို့သော လွှဲပြောင်းပေးမှုများတွင် ညီမျှအောင်လုပ်ဆောင်သည်ဟု ယူဆနိုင်သော လက္ခဏာများတွေ့ရသော်လည်း ဖက်ဒရယ်၏လွှဲပြောင်းမှုအားလုံးကို ခြုံကြည့်ပါက စနစ်တကျညီမျှအောင်လုပ် ဆောင်ပေးသည့် သက်ရောက်မှုမျိုးမရှိဟုဆိုနိုင်သည်။

ဗဟိုအစိုးရများသည်လည်း ၎င်းတို့၏ကိုယ်ပိုင်တိုက်ရိုက် ပရိုဂရမ်များအတွက် အရေးပါသောပမာဏအတော်များများ သုံးစွဲမှုများရှိပါသည်။ ဗဟိုအစိုးရမှ တိုက်ရိုက်သုံးစွဲသည့် ပရိုဂရမ်သည် ကိုယ်စားပြုဒေသတွင်တည်ရှိနေပါက ဘဏ္ဍာငွေပြန်လည်ခွဲဝေမှုတွင် သက်ရောက်မှုရှိနိုင်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မည်သည့်ဖက်ဒရယ်နိုင်ငံတွင်မျှ လွယ်ကူရှင်းလင်းသော စည်းမျဉ်းများမရှိပေ။ ငွေကို ဘယ်နေရာတွင် အတိအကျသုံးစွဲခဲ့သည် သို့မဟုတ် သုံးစွဲလိုက်မှုတစ်ခုမှ ဘယ်သူအကျိုးအမြတ်ရလိုက်သည် (ဥပမာ - ကိုယ်စားပြုဒေသတစ်ခုတွင်ရှိသော စစ်စခန်းတစ်ခုသည် တိုင်းပြည်တစ်ခုလုံးကို ကာကွယ်ပေးသည်။ ဒေသတစ်ခုတွင် ဝယ်ယူသော စက်ပစ္စည်းတစ်ခုသည် အသုံးပြုပါက အခြားဒေသအတွက်လည်း အကျိုးရှိနိုင်သည်) စသည်တို့နှင့်ပတ်သက်သောမှန်ကန်သည့်စာရင်းဇယားများရရှိရန် ခက်ခဲနိုင်ပါသည်။ သို့သော်လည်း ဗဟိုအစိုးရ၏ သုံးစွဲမှု၊ အထူးသဖြင့် ပမာဏများသော မဟာဗျူဟာကျသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေသဆိုင်ရာသက်ရောက်မှုသည် ဖက်ဒရယ်စနစ်တွင် နိုင်ငံရေးနှင့် ဆိုင်သော ကိစ္စရပ်ဖြစ်လေ့ရှိသည်။ အငြိမ်းစားလစာ၊ အလုပ်လက်မဲ့အာမခံတို့ကဲ့သို့သော ဗဟိုအစိုးရက ပေးသည့်လူမှုရေးနှင့်ဆိုင်သောပေးငွေများသည် ဒေသအချင်းချင်းကြား လွှဲပြောင်းငွေများ (interregional transfers) နှင့် ညီမျှမှုမရှိသောအဆင့်အတန်းအပေါ် ကြီးမားသော သက်ရောက်မှုများပေးပါသည်။

နောက်ဆုံးပြောရလျှင် ညီမျှအောင်လုပ်ဆောင်ပေးသည့် အစီအစဉ်များကြောင့် စီးပွားရေးအရ အကျိုးသက်ရောက်မှုများအပေါ် အမြင်အမျိုးမျိုးရှိကြသည် -

- ထောက်ခံပြောကြားသူများက ငြင်းချက်ထုတ်ရာတွင် ညီမျှအောင်လုပ်ဆောင်ပေးသည့် အစီအစဉ်များသည် ဖက်ဒရယ်နိုင်ငံတဝှမ်း၌ တူညီသော အခြေခံအထောက်အညီနှင့်

ဝန်ဆောင်မှုများကို သေချာစေကြောင်း၊ ၎င်းတို့သည် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့် လုပ်သားအင်အားစုအတွက် အရေးကြီးသည်ဟုဆိုပါသည်။ ၎င်းတို့သည် ဒေသတစ်ခုနှင့်တစ်ခုကြား ဘာသာစကားကွဲပြားမှုကြောင့် အလုပ်သမားရွှေ့ပြောင်းလုပ်ကိုင်မှုမရှိခြင်းအတွက် အစားထိုးပေးနိုင်စွမ်းရှိပါသည်။

- ဝေဖန်သူများက ငြင်းချက်ထုတ်ရာတွင် ညီမျှအောင်လုပ်ဆောင်ပေးသည့်အစီအစဉ်များသည် တိုင်းပြည်၏ ပြိုင်ဆိုင်မှုအများဆုံးအစိတ်အပိုင်းများတွင် ငွေအလဟဿဖြစ်စေပြီး ဆင်းရဲသော ဒေသများမှ လူများပြောင်းရွှေ့မှုကဲ့သို့သော ဒေသများကြား လူဦးရေဖွဲ့စည်းထားပုံကို ညီအောင်ညှိခြင်းများကို နှေးကွေးသွားစေသည်ဟုဆိုကြသည်။

ဖက်ဒရယ်နိုင်ငံအများစုတွင် မတူသော အမြင်နှစ်ခုစလုံးသည် ထိလွှယ်ရှလွယ်ဟု ရှုမြင်ပုံရကာ ရည်မှန်းချက်ကြီးလွန်းသော ရာနှုန်းပြည့်ညီမျှအောင်လုပ်ဆောင်မှုနှင့် ညီမျှအောင် လုပ်ဆောင်ပေးမှု မရှိခြင်းအကြား တစ်နေရာရာတွင်သာ လွှဲပြောင်းပေးမှုပုံစံကို သတ်မှတ်လေ့ရှိသည်။ ပို၍ချမ်းသာသော ဖက်ဒရယ်နိုင်ငံများသည် ညီမျှအောင် လုပ်ဆောင်ပေးသည့် အစီအစဉ်များတွင် မြင့်မားသော စံသတ်မှတ်ချက်ကို မီအောင်လုပ်ဆောင်နိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ကိုယ်စားပြုဒေသများကြား ချမ်းသာကြွယ်ဝမှုသည် အသွင်ကူးပြောင်းနေ သော ဖက်ဒရယ်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲဖက်ဒရယ်နိုင်ငံများမှ ကိုယ်စားပြုဒေသများကြားမှ ကြွယ်ဝမှုလောက် ကွာဟချက်မများ၍ ဖြစ်သည်။ ညီမျှအောင်လုပ်ဆောင်ပေးသည့် အစီအစဉ်များ၏ ဒီဇိုင်းသည် ကိုယ်စားပြုဒေသများအတွက် ကိုယ်ပိုင်အခွန်ကောက်နိုင်စွမ်းနှင့် စီးပွားရေး တိုးတက်မှုနှုန်းမြင့်တင်ရန် မက်လုံးများအပေါ် သက်ရောက်မှုရှိနိုင်သည်။

## ငွေကြေးသုံးစွဲနိုင်သည့် အခွင့်အာဏာ

ဖက်ဒရယ်နိုင်ငံများတွင်ဗဟိုအစိုးရက၎င်းတို့ဥပဒေပြုနိုင်သောနယ်ပယ်အပြင်ဘက်မှ အခြားနယ်ပယ်များတွင် ငွေသုံးစွဲခြင်းအတွက် ချဉ်းကပ်ပုံနည်းလမ်းအမျိုးမျိုးရှိပါသည်။ အစိုးရတစ်ခု၏ ငွေကြေးသုံးစွဲနိုင်သည့်အခွင့်အာဏာသည် ဖက်ဒရယ်နိုင်ငံတစ်ခု၏ လက္ခဏာရပ်အတွက် အရေးပါသော သက်ရောက်မှုများရှိနိုင်သည်။

**အချို့ဖက်ဒရယ်နိုင်ငံများမှ ငွေကြေးသုံးစွဲနိုင်သည့် အခွင့်အာဏာနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များ**

ဩစတြေးလျ၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံများမှ အခြေခံဥပဒေများတွင် ဗဟိုအစိုးရကို ၎င်းတို့၏ အုပ်ချုပ်ရေး နယ်ပယ်အပြင်ဖက်မှ အခြားဒေသများတွင် ငွေကြေးသုံးစွဲခွင့်ကို ရှင်းလင်းစွာ ခွင့်ပြုထားသည် (စပိန်တွင်လည်း ထိုနည်းလည်းကောင်းဖြစ်သော်လည်း တရားရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်းသာ အသုံးပြုရမည်ဟု ကန့်သတ်ထားသည်)။ အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေတွင် ဗဟိုအစိုးရကို အထွေထွေလူမှုဖူလုံရေးအတွက်အသုံးပြုရန် အခွန်ကောက်ခံခွင့်အာဏာပေးထားရာ ထိုအတွက် ဖက်ဒရယ်အစိုးရ၏သုံးစွဲမှုအပေါ် ဥပဒေအရကန့်သတ်ထားမှုများမရှိဟု ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကနေဒါတွင် တရားရုံးအဓိပ္ပာယ်

ဖွင့်ဆိုချက်က ဗဟိုရောပြည်နယ်အစိုးရများကိုပါ ငွေကြေးသုံးစွဲခွင့်အာဏာ အကန့်အသတ် မရှိ ပေးထားပါသည်။ သို့သော် ပြည်နယ်က စွမ်းဆောင်နိုင်သော နယ်ပယ်တွင် ဖက်ဒရယ်(ဗဟို) အစိုးရက အသစ်တစ်ခုအနေဖြင့် လုပ်ဆောင်ရန် ငွေသုံးစွဲမည်ဆိုပါက ဖက်ဒရယ်နှင့် ပြည်နယ်ကြား သဘောတူညီချက်အရ ပြည်နယ်များမှ အများစုထောက်ခံမှုရရန်လိုအပ်ပြီး ပြည်နယ်တစ်ခုချင်းက သတ်မှတ်ချက်အချို့ဖြင့် ဗဟိုအစိုးရမှ ၎င်းတို့ထံတွင် တိုက်ရိုက်သုံးစွဲမှုကို လက်ခံနိုင်ပါသည်။ ဆွစ်ဇာလန်အခြေခံဥပဒေတွင် ယေဘုယျအားဖြင့် ပြည်နယ်များ(Canton) သီးသန့်အုပ်ချုပ်သည့်ဒေသ၌ ဗဟိုမှ တိုက်ရိုက်ငွေသုံးစွဲမှုကို ခွင့်ပြုမထားပေ။ သို့သော် လက်တွေ့တွင်မူ ထိုသို့သုံးစွဲလိုပါက တရားရုံး၏ အခွင့်အာဏာဖြင့်မရပဲ ဆန္ဒခံယူပွဲကို အသုံးပြုနိုင်သော်လည်း ထိုဖြစ်ရပ်မျိုးမရှိသေးပေ။ ဂျာမနီနိုင်ငံတွင် ဗဟိုရော ကိုယ်စားပြုဒေသ (ပြည်နယ်) ကပါ ပူးပေါင်းလုပ်ဆောင်နိုင်သောနယ်ပယ် (concurrent) သို့မဟုတ် ပူးတွဲ (joint) လုပ်ဆောင်နိုင်သော နယ်ပယ်များစွာရှိနေခြင်းက လက္ခဏာတစ်ခုဖြစ်ပြီး ဖက်ဒရယ်ဥပဒေအတော်များများကိုလည်း Länder (ပြည်နယ်) များကအကောင်အထည်ဖော်ရသည်။ ထိုသို့သော ဗဟိုက တိုက်ရိုက်သုံးစွဲမှုမျိုးအတွက် အထက်လွှတ်တော် (Bund-esrat) တွင် Länder အများစု မဲရရန်လိုအပ်သည်။ အထက်လွှတ်တော်သည် Länder တစ်ခုချင်း၏ မဲသည် အရေးပါသည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် ပြည်နယ်များက ဥပဒေပြုနိုင်စွမ်းရှိသောနယ်ပယ်တွင် ဗဟိုမှတိုက်ရိုက်သုံးစွဲမှုကို ရှင်းလင်းစွာ ကန့်သတ်ထားသည်။

ဖက်ဒရယ်နိုင်ငံအားလုံးတွင် ဥပဒေပြုခြင်းနှင့်ဆိုင်သော အခွင့်အာဏာခွဲဝေမှုများရှိရာ အစိုးရအဆင့်တစ်ခုစီအတွက် အခြားအုပ်ချုပ်ရေးပုံစံမတူသော ဒေသတစ်ခုတွင်သွား၍ ဥပဒေပြုခြင်းများကို ကန့်သတ်ထားခြင်း၊ အနည်းဆုံးအားဖြင့် အတိုင်းအတာတစ်ခုထိ ကန့်သတ်ထားခြင်းရှိပါသည်။ သို့သော်လည်း ၎င်းတို့သည် ပုံမှန်အားဖြင့် အခြားဥပဒေပြုခွင့် သီးသန့်ပေးထားသော အုပ်ချုပ်ရေးဒေသတစ်ခုတွင် သွားရောက်၍ ငွေကြေးသုံးစွဲခွင့်ကို ခွင့်ပြုထားသည်။ ဗဟိုအစိုးရများသည် ကိုယ်စားပြုဒေသများ၏ ပရိုဂရမ်များနှင့် လုပ်ဆောင်မှုများအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် အဆိုပါငွေကြေးသုံးစွဲခွင့်အာဏာကို မကြာခဏအသုံးပြုကြသည်။ များသောအားဖြင့် သတ်မှတ် ချက်များပါသော ခွင့်ပြုငွေများ (grants) နှင့် စရိတ်မျှခံရသည့် ပရိုဂရမ်များမှတဆင့် ဩဇာလွှမ်းမိုးနိုင်ရန် ကြိုးစားကြသည်။

သတ်မှတ်ချက်မပါသည့် လွှဲပြောင်းပေးသောငွေအတွက် သုံးစွဲခွင့်အာဏာကို အသုံးပြုရာတွင် များသောအားဖြင့်အငြင်းပွားဖွယ်မရှိသော်လည်း သတ်မှတ်ချက်များပါဝင်သည့် လွှဲပြောင်းငွေကို အသုံးပြုရန်အတွက် ကိုယ်စားပြုဒေသများက မကြာခဏ ကန့်ကွက်မှုများရှိသည်။ ထိုအတွက် အကြောင်းရင်းတချို့ရှိပါသည် –

- ဗဟိုအစိုးရ၏ သတ်မှတ်ချက်များသည် ကိုယ်စားပြုဒေသများ၏ သီးသန့်စွမ်းဆောင်နိုင်သော နယ်ပယ်များမှ ပရိုဂရမ်များကို ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်းကြောင့်ဖြစ်သည်။
- ဗဟိုအစိုးရ၏ ခွင့်ပြုငွေ (grants) တွင် ထိုငွေကိုလက်ခံရန် သတ်မှတ်ချက်တစ်ခု

အနေဖြင့် ဗဟိုအစိုးရက သတ်မှတ်သော ပရိုဂရမ်နှင့်တူညီသော ပရိုဂရမ်တစ်ခု ကိုယ်စားပြုဒေသ၌ လိုအပ်ရာ (matching funds) ကိုယ်စားပြုဒေသ၏ ဦးစားပေးများမှ လမ်းလွဲသွားစေနိုင်ခြင်းကြောင့် ဖြစ်သည်။ ကိုယ်စားပြုဒေသများတွင် ပရိုဂရမ်သည်အခြေကျသွားပါက ဗဟိုအစိုးရသည် ထိုသို့သော လွှဲပြောင်းပေးမှုကို ရုပ်သိမ်းခြင်းသို့မဟုတ် လျှော့ချခြင်းများပြုလုပ်နိုင်ရာကိုယ်စားပြုဒေသများအနေဖြင့် ပြည်သူများကို မျှော်လင့်ချက်များနှင့် ရင်ဆိုင်ရန် ထားခဲ့သလိုဖြစ်ခြင်းကြောင့် ဖြစ်သည်။

- ကိုယ်စားပြုဒေသများသို့ပေးသော ခွင့်ပြုငွေတွင် သုံးစွဲရန်နယ်ပယ်ကို အာဏာရှိသူက ဆုံးဖြတ်ပိုင်ခွင့်ဖြင့်ပေးသော ခွင့်ပြုငွေ (discretionary grants) မျိုး၌ ဗဟိုအစိုးရများကရင်းတို့မျက်နှာသာပေးလိုသော နိုင်ငံရေးမိတ်ဆွေကိုသာ သုံးစွဲရန် ခွင့်ပြုပြီး ၎င်း၏ပြိုင်ဖက်ကို ဒဏ်ပေးသည့်သဘောလုပ်ဆောင်ခြင်းများ ရှိတတ်ရာ ရွေးကောက်ပွဲရလဒ်ကို ပုံပျက်စေခြင်းကြောင့် ဖြစ်သည်။

ထိုအကြောင်းပြချက်များကို ချေဖျက်လိုသူ သုံးစွဲခွင့်အာဏာကို ကာကွယ်ပြောကြားသူများက ငြင်းချက်ထုတ်ရာတွင် ဥပဒေပြုအခွင့်အာဏာနှင့် သဘာဝခြင်းမတူဟုဆိုကြသည်။ သုံးစွဲမှုအခွင့်အာဏာအတွက် ဥပဒေမှာကဲ့သို့ လွှမ်းမိုးနိုင်သည့် အခွင့်အာဏာမျိုးသတ်မှတ်ရန် မလိုအပ်ဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ဗဟိုအစိုးရရော ကိုယ်စားပြုဒေသ (ပြည်နယ်) အစိုးရရော အစိုးရနှစ်ရပ်စလုံးက နယ်ပယ်တစ်ခုတည်းတွင် အငြင်းပွားမှု သို့မဟုတ် အကျပ်အတည်းကို မဖန်တီးပဲ သုံးစွဲနိုင်သောကြောင့် ဖြစ်သည်ဟုဆိုသည်။ သို့သော်လည်း အဓိကကျသော ကာကွယ်ပြောကြားမှုမှာ ငွေကြေးသုံးစွဲနိုင်သည့်အခွင့်အာဏာသည် ဖက်ဒရယ်နိုင်ငံတစ်ခုကို ပြောင်းလဲနေသောဝန်းကျင်အခြေအနေနှင့် အမျိုးသားအဆင့်လိုအပ်ချက်များကို အံဝင်အောင် တုန့်ပြန်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်သည်ဟု ကာကွယ်ပြောကြားသည်။ ငြင်းချက်ထုတ်မှုနှစ်ခုစလုံးတွင် ကျိုးကြောင်းခိုင်လုံမှုအချို့ရှိပါသည်။ သို့သော်လည်းလက်တွေ့တွင်မူငွေကြေးသုံးစွဲနိုင်သည့်အခွင့်အာဏာသည်ဖက်ဒရယ်နိုင်ငံအားလုံးနီးပါး၏လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများ၏ အဓိကသွင်ပြင်လက္ခဏာတစ်ခုဖြစ်နေသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ငွေကြေးအသုံးပြုနိုင်သည့် အခွင့်အာဏာရှိသည် မရှိသည်ဆိုခြင်းထက် အခွင့်အာဏာကို မည်သို့အသုံးပြုသည်ဆိုသည့်အကြောင်းက အဓိကဖြစ်သည်။

- ကိုယ်စားပြုဒေသများ၏ သဘောတူညီချက်အတိုင်းအတာတစ်ခုလိုအပ်သည်ဟူသော တရားဝင်စည်းမျဉ်းများ (ဂျာမနီ) သို့မဟုတ် အလွတ်သဘောချမှတ်ထားသော စည်းမျဉ်းများ (ကနေဒါ) ထားရှိနိုင်သည်။ ကနေဒါနိုင်ငံတွင် ကနဦးလုပ်ဆောင်ချက်များအပေါ် သဘောတူညီမှုမရှိသော ပြည်နယ်များအတွက် အခြားပို၍လွတ်လပ်သော အစီအစဉ်များ (opting out) ကိုစမ်းသပ်ခဲ့ဘူးပါသည်။ လွှဲပြောင်းပေးမှုတွင်ပါဝင်သော သတ်မှတ်ချက်အတိုင်းအတာမှာလည်းအမျိုးမျိုးရှိနိုင်သည်။ သို့မှသာကိုယ်စားပြုဒေသများအနေဖြင့်ပိုမိုကျယ်ပြန့်သော အမျိုးသားအဆင့်သတ်မှတ်ချက်များ သို့မဟုတ် ရည်ရွယ်ချက်များနှင့်ကိုက်ညီသော ဒီဇိုင်းများ ရေးဆွဲရာတွင် လုပ်သာကိုင်သာရှိလိမ့်မည် ဖြစ်သည်။ ပရိုဂရမ်များ အခြေတကျဖြစ်သည်နှင့်

သတ်မှတ်ချက်ပါဝင်သောခွင့်ပြုငွေကို သတ်မှတ်ချက်မပါသည့် ပမာဏများသော လွှဲပြောင်းငွေ အဖြစ် အသွင်ပြောင်း၍ တိုးချဲ့လုပ်ဆောင်နိုင်ပါသည်။

**ဖက်ဒရယ်နိုင်ငံအချို့ရှိ သတ်မှတ်မှတ်ချက်များပါဝင်သော လွှဲပြောင်းပေးငွေများနှင့် ငွေသုံးစွဲနိုင်သည့် အခွင့်အာဏာ**

အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်များသို့ လွှဲပြောင်းပေးသောငွေအားလုံးမှာ သတ်မှတ်ချက်များပါဝင်သော လွှဲပြောင်းပေးမှုများဖြစ်ကာ ပမာဏသည် ပြည်နယ်အဆင့်ဝင်ငွေ၏ ၃၀% ခန့်ရှိပါသည်။ မက္ကဆီကိုတွင် လွှဲပြောင်းပေးငွေပမာဏသည် ပြည်နယ်ဝင်ငွေ၏ ၄၉% ရှိကာ စပိန်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဝင်ငွေ များ၏ ၄၉% ရှိကာ အားလုံးမှာ သတ်မှတ်ချက်များပါဝင်သော လွှဲပြောင်းပေးမှုများဖြစ်သည်။ ကနေဒါ၊ ဘယ်လဂျီယံ၊ ရုရှားနိုင်ငံများတွင်မူ အထက်ကနိုင်ငံများနှင့်ယှဉ်လျှင် အစွန်းတစ်ဖက်တွင်ရှိနေရာ ၎င်းတို့၏ လွှဲပြောင်းပေးငွေများ၏ ၄% သို့မဟုတ် ၎င်းထက်နည်းသောပမာဏကိုသာ သတ်မှတ်ချက်များထည့်သွင်းထားသည် (သို့သော်ကနေဒါနိုင်ငံတွင်အရေးကြီးသော လူမှုရေးနှင့်ဆိုင်သောပရိုဂရမ်များသည် သတ်မှတ်ချက်ပါသော လွှဲပြောင်းငွေများဖြင့် စတင်ခဲ့ပြီး အချို့သော လက်ရှိလွှဲပြောင်းပေးငွေများကိုလည်း ကျယ်ပြန့်သောမူများ သတ်မှတ်ထားကာ အစီရင်ခံစာတင်ရန် လိုအပ်ချက်ပါထည့်သွင်းထားသည်)။ ဩစတြေးလျ၊ အိန္ဒိယ၊ ဆွစ်ဇာလန်တို့တွင်လည်း သတ်မှတ်ချက်များပါသော လွှဲပြောင်းပေးငွေများသည် အရေးကြီးရာ ကိုယ်စားပြုဒေသများ ဝင်ငွေစုစုပေါင်း၏ ၂၀% ထိရှိပါသည်။ ဂျာမနီနှင့် မလေးရှားတို့တွင်လည်း သတ်မှတ်ချက်များပါသော လွှဲပြောင်းပေးငွေများကို အသုံးပြုသော်လည်း ထိုထက်အနည်းငယ်နည်းပါသည်။

# အခန်း (၆)

## ဗဟိုအစိုးရ၏ နိုင်ငံရေးနှင့်ဆိုင်သော အဖွဲ့အစည်းများ (အင်စတီကျူးရှင်းများ)

### ဗဟိုအဆင့် အဖွဲ့အစည်းများ၏ အရေးပါပုံနှင့် အမျိုးစုံလင်မှု

ဖက်ဒရယ်နိုင်ငံတစ်ခု၏ ဗဟိုအဆင့်တွင်ရှိသော နိုင်ငံရေးနှင့်ဆိုင်သော အဖွဲ့အစည်းများ (ဥပဒေပြုအဖွဲ့၊ အစိုးရအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ပါတီတစ်ခုကို ဖြဲ့စည်းသောအဖွဲ့များ) သည် ဖက်ဒရယ်နိုင်ငံ၏ လက္ခဏာရပ်များကို သတ်မှတ်၍ ပုံဖော်ရာတွင် ပါဝင်အထောက်အကူပြုကြသည်။ ကိုယ်စားပြုဒေသများနှင့် ဗဟိုအစိုးရတို့အ တွင်း အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များသည် များသောအားဖြင့် ပုံစံတစ်မျိုးတည်းဖြစ်သည်။

ဖက်ဒရယ်နိုင်ငံများတွင် ဗဟိုအစိုးရများသည် တရားဝင်ပုံစံတကျအဖွဲ့အစည်းများ၊ လုပ်ထုံးလုပ်နည်းများအပြင် ပုံစံတကျမရှိသော အဖွဲ့အစည်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်း ဖွဲ့စည်းထားသည်။ ထိုသို့သောသဘာဝသည်ဗဟိုအစိုးရ၏သဘာဝနှင့်လုပ်ငန်းဆောင်တာအပေါ် အားကောင်းသော သက်ရောက်မှုများပေးသည်သာမက ဖက်ဒရယ်နိုင်ငံတစ်ခုလုံးအပေါ်တွင်လည်း သက်ရောက်မှုများရှိပါသည်။

ထိုသို့သော အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းရှိနေနိုင်သည် –

- ပါလီမန်စနစ် သို့မဟုတ် သမ္မတစနစ်ပုံစံ၊
- ဒေသဆိုင်ရာ ကိုယ်စားပြုမှု သို့မဟုတ် အထူးဦးစားပေးအုပ်စု၏ ကိုယ်စားပြုမှုကို သိသိသာသာအလေးပေးခြင်း၊
- အများစုအနိုင်ရသူနိုင်သည့် ရွေးကောက်ပွဲစနစ် သို့မဟုတ် အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးခြင်း၊
- ပါတီကြီးတစ်ခုကသာ လွှမ်းမိုးသည့်လက္ခဏာ၊ပါတီနှစ်ခုကတလှည့်စီအနိုင်ယူသည့် လက္ခဏာ၊ သို့မဟုတ် အရွယ်အစားအမျိုးမျိုးနှင့် ပါတီအစုံရှိသည့် လက္ခဏာ၊
- ပါတီတစ်ခုကိုသာ ဖြဲ့စည်းသည့် အဖွဲ့ရှိခြင်း၊ နိုင်သူအကုန်ယူသည့် နိုင်ငံရေးယဉ်ကျေးမှု၊ သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့်အခြေပြုဖွဲ့ထားသည့် အစိုးရများနှင့် သဘောတူညီချက်ရယူခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင် အားလုံးသဘောတူညီမှုရယူခြင်း။

ဗဟိုအစိုးရများအနေဖြင့် ၎င်းတို့၏ တရားဝင်မှုနှင့် ထိရောက်မှုရှိခြင်းတို့ကို ထိန်းသိမ်းထားနိုင်ရန် ၎င်းတို့ကို အခြေခံဥပဒေက ပေးအပ်ထားသော တာဝန်ဝတ္တရားများဖြစ်သည့် အမျိုးသားစည်းလုံး ညီညွတ်မှုတိုးတက်ရန်၊ အမျိုးသားသရုပ်လက္ခဏာ ဖွံ့ဖြိုးလာရန်၊ ရပိုင်ခွင့်များနှင့် လူနည်းစုကို ကာကွယ်ရန်၊ ဖက်ဒရယ်နိုင်ငံတစ်ခု၏ လုပ်ငန်းဆောင်တာများ သန့်စွမ်းရန်တို့ကို ပြည့်မီအောင် ထမ်းဆောင်သင့်ပါသည်။ လက်တွေ့တွင် ၎င်းတို့၏အောင်မြင်မှု သို့မဟုတ် ထိုရည်မှန်းချက်များအတွက် ၎င်းတို့၏ ကတိကဝတ်များသည်ပင် အင်စတီကျူးရှင်းဆိုင်ရာ အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်း ရွေးချယ်မှုအပေါ် ကြီးစွာ တည်မှီနေပါသည်။

ဖက်ဒရယ်နိုင်ငံများသည် မူလသဘာဝအားဖြင့် ဥပဒေပြုအဖွဲ့များနှင့် အစိုးရအဖွဲ့များ

(ပါလီမန်စနစ် သို့မဟုတ် သမ္မတစနစ်) ဟူသော ပုံစံတစ်ခုတည်းကျင့်သုံးလေ့ရှိသည် (သို့သော် ကိုယ်စားပြုဒေသများ၌ အထက်လွှတ်တော်များ မရှိ) ။ အစိုးရအဆင့်နှစ်ခုလုံး (ဗဟိုနှင့် ပြည်နယ်) တွင် ရွေးကောက်ပွဲစနစ်များနှင့် ပါတီစနစ်များသည် ကွဲပြားနေနိုင်သည်။ သို့သော် စံနှုန်းကမူ အစိုးရအဆင့်နှစ်ခုစလုံးတွင် ကျင့်သုံးနေသည့် တူညီသော ရွေးကောက် ပွဲ စည်းမျဉ်း ဥပဒေများနှင့် နိုင်ငံရေးပါတီများအတွက် ဖြစ်သည်။

## ပါလီမန်စနစ်၊ သမ္မတစနစ်နှင့် ပေါင်းစပ်ထားသော စနစ်များ

ပါလီမန်စနစ်နှင့် သမ္မတ – ကွန်ဂရက်စနစ်များတွင်သာမက အရောစနစ်များတွင်ပါ ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ပုံအပေါ်မူတည်၍ အမျိုးမျိုးရှိသည်ဆိုသည်ကို သရုပ်ဖော်ပြနေခြင်းဖြစ်သည်။ လက်တွေ့တွင် မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နောက်ဆုံးရလဒ်၌ အစိုးရပိုင်းတွင် အခွင့်အာဏာများ များပြားစွာ ရှိနေနိုင်သလို ဥပဒေပြုအဖွဲ့ရော အစိုးရအဖွဲ့ပါ လွတ်လပ်သော အစနီးကဏ္ဍမှ ပါဝင်နိုင်သည့် အခွင့်အာဏာများ ခွဲဝေပေးထားခြင်းများလည်း ရှိနိုင်သည်။ အစိုးရပိုင်း၌ အခွင့်အာဏာများပြားစွာ ရှိနေသည့်အပိုင်းတွင် အစိုးရအတွင်းအချင်းချင်းကြားဆက်ဆံရေးကို အစိုးရပိုင်းနှင့်ဆိုင်သော ဖက်ဒရယ်စနစ် (executive federalism) ဟုခေါ်သော ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများကြား အရွေးချယ်ခံနှင့် ခန့်အပ်ခံ တာဝန်ရှိပုဂ္ဂိုလ်များကြား ဆက်ဆံရေးက ပြဋ္ဌာန်းသည်။

ဖက်ဒရယ်နိုင်ငံများတွင် အစိုးရနှစ်ဆင့်စလုံး၌ ပါလီမန်စနစ်သော်လည်းကောင်း၊ သမ္မတ – ကွန်ဂရက်စနစ်သော်လည်းကောင်း၊ သို့မဟုတ် အင်စတီကျူးရှင်းအရောလည်းကောင်း ရှိနိုင်ပါသည်။ ပါလီမန်စနစ်တွင် ဝန်ကြီးအဖွဲ့ (အစိုးရပိုင်း) သည် အများစုကို ဥပဒေပြုအဖွဲ့မှ ခေါ်ယူရပြီး အစိုးရအဖွဲ့အာဏာတည်မြဲစေရန် အောက်လွှတ်တော်၏ယုံကြည်မှုကိုထိန်းသိမ်းထားရန် လိုအပ်သည်။ သမ္မတစနစ်တွင် သမ္မတကို အများပြည်သူက ရွေးကောက်တင်မြှောက်ကာ သမ္မတသည် ဝန်ကြီးအဖွဲ့ကို အမည်စာရင်းတင်သွင်းရသည် (ဥပဒေပြုအဖွဲ့၏ အတည်ပြုချက်ကိုတော့ရယူရသည်)။ သမ္မတဖြစ်စေ၊ ဝန်ကြီးအဖွဲ့ကဖြစ်စေ၊ ၎င်းတို့၏အာဏာတည်မြဲနေစေရန် ဥပဒေပြုအဖွဲ့၏ ယုံကြည်မှုကို ရရှိရန် မလိုအပ်ပေ။ ဤနေရာတွင် ရုရှား၊ တောင်အာဖရိကနှင့် ဆွစ်ဇာလန်နိုင်ငံများမှပုံစံများ အမျိုးမျိုးရှိနေရာ အရေးကြီးသောအချက်များတွင် ကွဲပြားမှု ရှိနေသည်။

သမ္မတ – ကွန်ဂရက်စနစ်ပုံစံသည် အစိုးရပိုင်းနှင့် ဥပဒေပြုအပိုင်းကြားတွင် အာဏာကို ခွဲခြားထားမှုအပေါ်အခြေခံထားပါသည်။ ပါလီမန်စနစ်ပုံစံမှာမူ အစိုးရပိုင်းနှင့် ဥပဒေပြုအပိုင်းကို ပေါင်းထားပါသည်။ ပါလီမန်စနစ်တွင် ဥပဒေပြုအဖွဲ့၌ ပါတီတစ်ခုတည်းက အများစုအနိုင်ရကာထိန်းချုပ်ထားနိုင်ပါက အလွန်အားကောင်းသော အစိုးရအဖွဲ့ကို ရရှိနိုင်ပြီး ၎င်းအဆိုပြုသော ဥပဒေများကိုလည်း အတည်ပြုနိုင်ရန်သေချာစေသည်။ ထိုစနစ်တွင် ညွန့်ပေါင်း အစိုးရဖွဲ့ရသည့်တိုင် ဝန်ကြီးအဖွဲ့ရှိ ပါတီခေါင်းဆောင်များက ပါလီမန်ရှိ ၎င်းတို့၏ အဖွဲ့ဝင်များကို ကောင်းစွာ ထိန်းချုပ်ထားနိုင်သည်။ သမ္မတစနစ်များတွင်မူ နှိုင်းယှဉ်ပါက ပိုမိုအားနည်းသော အစိုးရအဖွဲ့ကို ရရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သမ္မတ၏ပါတီသည် ကွန်ဂရက်ကို

မထိန်းချုပ်နိုင်သောကြောင့်ဖြစ်သည်။ အကယ်၍ ကွန်ဂရက်ကို ထိန်းချုပ်နိုင်ခဲ့သည်ဆိုဦးတော့ ပါတီအဖွဲ့ဝင်များသည် ပါလီမန်စနစ်ထက်စာလျှင် ပို၍ လွတ်လပ်မှုရှိကြသည်ကို တွေ့ရသည်။

လက်တွေ့တွင် စနစ်နှစ်မျိုးစလုံးသည် အားကောင်းပြီး ဥပဒေပြုအဖွဲ့ကို ကောင်းစွာ ထိန်းချုပ်ထားနိုင်သည့်အစိုးရကို ဖွဲ့စည်းနိုင်မည်ဖြစ်သကဲ့သို့ အားနည်းပြီး ဥပဒေပြုအဖွဲ့ကို ကြီးမားစွာမှီခိုရသော အစိုးရအဖွဲ့လည်း ထွက်ပေါ်လာနိုင်သည်။ အမှန်တကယ်ဖြစ်လာနိုင်သည့် အခြေအနေမှာ အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားချက်များ (ဥပ မာ - အစိုးရအဖွဲ့ကို ပေးထားသော အာဏာများနှင့် ဥပဒေပြုအဖွဲ့ကို ပေးထားသော အာဏာများ) အပေါ် မူတည်လိမ့်မည်ဖြစ်ပြီး ပါတီစနစ်၏ ဖော်ပြထားချက်များတွင်လည်း မူတည်သည်။ အချို့သော အခြေခံဥပဒေများတွင် အစိုးရပိုင်း (အထူးသဖြင့် သမ္မတ) ကို ဥပဒေပြုအဖွဲ့နှင့် ယှဉ်လျှင် သာမန်ထက်ပိုသော အာဏာများ (ဥပမာ - ဥပဒေကဲ့သို့အာဏာတည်သော အမိန့်များထုတ်ပိုင်ခွင့်) ပေးထားတတ်ပါသည်။ နိုင်ငံရေးပါတီများ အပြိုင်အဆိုင်များသော နိုင်ငံရေးတွင် ပါတီစနစ်သည် ပင်မဖြစ်သည်။ အာဏာရပါတီက လွှမ်းမိုးပါက ၎င်းသည် အစိုးရနှစ်ရပ်စလုံး ကို ထိန်းချုပ်နိုင်သည်။ ပါတီသည် အားနည်းပါက အခြားပါတီများ၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်။ ထို့ကြောင့် သမ္မတစနစ်တွင်ဖြစ်စေ၊ ပါလီမန်စနစ်တွင်ဖြစ်စေ အစိုးရပိုင်းသည် အားနည်းတတ်သလို အားကောင်းခြင်းလည်းဖြစ်နိုင်သည်။

**အချို့ဖက်ဒရယ်နိုင်ငံများမှ ဥပဒေပြုနှင့် အစိုးရအင်စတီကျူးရှင်းများ၏ ဒီဇိုင်း**

အမေရိကန်ပြည်ထောင်စု၊ အာဂျင်တီးနား၊ ဘရာဇီး၊ မက္ကဆီကို၊ ဗင်နီဇွဲလားနှင့် နိုင်ဂျီရီးယား တို့အားလုံးသည် သမ္မတစနစ်များဖြစ်ကြသည် (နိုင်ဂျီရီးယားသည် ယခင်က ပါလီမန်စနစ် ဖြစ်သည်)။ သို့သော်လည်း ၎င်းတို့သည် အရေးပါစွာပင် ခြားနားမှုများရှိပါသည်။ အာဂျင်တီးနား နှင့် ဗင်နီဇွဲလားတို့သည် အခြားနိုင်ငံများနှင့် ယှဉ်ပါ က ထူးထူးခြားခြားပင် အားကောင်းသော သမ္မတများရှိကြသည်။ ဩစတြေးလျ၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ ဂျာမနီ၊ အိန္ဒိယ၊ မလေးရှားနှင့်စပိန်တို့တွင်ပါလီမန်ဆိုင်ရာအင်စတီကျူးရှင်းများရှိပါသည်။ တောင်အာဖရိကတွင် ပေါင်းစပ်ထားသောစနစ်ရှိပြီး ထိုစနစ်အောက်တွင် သမ္မတကို ပါလီမန်က ရွေးချယ်တင်မြှောက်ကာ နိုင်ငံအကြီးအကဲရော အစိုးရအဖွဲ့အကြီးအကဲပါ ပါလီမန်က ရွေးပေးရပြီး ပါလီမန်တွင် ထိုင်ရခြင်း မရှိပါ။ ရုရှားနိုင်ငံသည် ပေါင်းစပ်ထားသောစနစ်မျိုးဖြစ်ကာ သမ္မတကို ပြည်သူက ရွေးကောက်တင်မြှောက်ရသော်လည်း အစိုးရသည် ပါလီမန်၏ ယုံကြည်မှုလိုအပ်သည်။

ဆွစ်ဇာလန်နိုင်ငံတွင် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော အစိုးရကို ပါလီမန်က ရွေးချယ်တင်မြှောက်ပေးရကာ အစိုးရအဖွဲ့သက်တမ်းအတွင်း ပါလီမန်၏ယုံကြည်မှုမလိုပဲ လွတ်လပ်စွာ တာဝန်ထမ်းဆောင်နိုင်သည်။ အစိုးရသည် အဓိကပါတီများအားလုံးကို ကိုယ်စားပြုသည်။ အားကောင်းသော အစိုးရများရှိသည့် ဖက်ဒရယ်နိုင်ငံများတွင် အစိုးရပိုင်းသည် ဗဟိုအစိုးရနှင့် ကိုယ်စားပြုဒေသ အစိုးရများကြားဆက်ဆံရေးကို လွှမ်းမိုးသည့်သဘောကိုဖြစ်စေကာ အစိုးရပိုင်းနှင့်ဆိုင်သော ဖက်ဒရယ်စနစ် (executive federalism) ကို ဦးတည်စေသည်။

ဗဟိုအစိုးရထံတွင်သာ အခွင့်အာဏာအားကောင်းစွာတည်သော ဖယ်ဒရယ်နိုင်ငံအချို့ အာဂျင်တီးနားနှင့် ဗင်နီဇွဲလားတို့ကို တစ်ခါတစ်ရံသာမန်ထက်ထူးကဲသော သမ္မတစနစ်ဟု ခေါ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် သမ္မတသည် ထိန်းချုပ်နိုင်သည့်အာဏာများစွာ ရှိသောကြောင့်ဖြစ်သည်။ အာဂျင်တီးနားတွင် သမ္မတသည် အာဏာအတော်များများရှိပြီး ဥပဒေကဲ့သို့အာဏာတည်သော အမိန့်များထုတ်နိုင်ခြင်း၊ ပြည်နယ်များသို့ ဘဏ္ဍာငွေလွှဲပြောင်းရန် ညွှန်ကြားပိုင်ခွင့်များရှိပါသည်။အားကောင်းသောတစ်ပါတီက ဗဟိုအစိုးရရော ကိုယ်စားပြုဒေသအစိုးရကိုပါ လွှမ်းမိုးမှုရှိသော ဖက်ဒရယ်နိုင်ငံများတွင် (လွတ်လပ်ရေးရပြီးစ တောင်အာဖရိက၊ အီသီယိုပီးယား၊ အိန္ဒိယ၊ - လက်အောက်မှ မက္ကဆီကို) ပါလီမန်စနစ်ဖြစ်စေ၊ သမ္မတစနစ်ဖြစ်စေ၊ ပေါင်းစပ်ထားသောစနစ်ဖြစ်စေ၊ အဓိကကျသော ဆုံးဖြတ်ချက်များကို အာဏာရပါတီအတွင်းမှာသာရှမှတ်လေ့ရှိကာ တရားဝင်အင်စတီးကျူးရှင်းများက ပါတီခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပေးသည်။ ရုရှားသည် အစိုးရနှစ်ရပ်စလုံးအပေါ် တစ်ပါတီတည်းကသာ တိုး၍ လွှမ်းမိုးလာနေပြီး သမ္မတကလည်း သာမန်ထက်ထူးကဲစွာ အာဏာရှိလာသည်၊ မလေးရှားတွင် ဗဟိုတွင် ပါတီတစ်ခုတည်းက အားကောင်းစွာ လွှမ်းမိုးကာ အတိုက်အခံပါတီတစ်ခုက ပြည်နယ်တစ်ခုတွင်သာ ထိန်းချုပ်နိုင်သည်၊

## အထက်လွှတ်တော်များနှင့် နယ်မြေအလိုက် ကိုယ်စားပြုမှုများ

ဖက်ဒရယ်နိုင်ငံများ၏ ဗဟိုအဆင့် ဥပဒေပြုအဖွဲ့များတွင် ပြည်သူများမှ ကိုယ်စားပြုမှုများ ချိန်ခွင်လျှာညီအောင် လုပ်ဆောင်ထားမှုအချို့ရှိပါသည်၊ ကိုယ်စားပြုဒေသအလိုက် ကိုယ်စားပြုမှုရှိအောင် လုပ်ဆောင်ခြင်းမျိုးဖြစ်သည်၊ အဆိုပါ ကိုယ်စားပြုခြင်းဆိုသည့် ဖက်ဒရယ်သဘာကို အထက်လွှတ်တော်တွင် ဖော်ဆောင်ထားပါသည်၊ သို့သော်လည်း ထိုသဘောတရားကိုအောက်လွှတ်တော်များတွင်လည်း ထည့်သွင်းနိုင်ပါသည်၊ အထက်လွှတ်တော်မှ အမတ်များကို ရွေးကောက်တင်မြှောက်ပုံနည်းလမ်းနှင့် အထက်လွှတ်တော်၏ အခွင့်အာဏာတို့မှာ ဖက်ဒရယ်နိုင်ငံများကြားတွင် ကြီးမားစွာ ခြားနားပါသည်၊ ထိုသို့ခြားနားခြင်းကြောင့် ဖက်ဒရယ်နိုင်ငံများ ကောင်းစွာလည်ပတ်နိုင်မှုအပေါ် အရေးပါသော အကျိုးဆက်များဖြစ်ပေါ်စေသည်၊

နိုင်ငံအများစုတွင် ဖက်ဒရယ်နိုင်ငံဖြစ်စေ၊ ဖက်ဒရယ်နိုင်ငံမဟုတ်သည်ဖြစ်စေ၊ ၎င်းတို့၏ဥပဒေပြုအဖွဲ့များတွင် လွှတ်တော်နှစ်ရပ်ရှိပါသည်၊ ဖက်ဒရယ်နိုင်ငံများတွင် အဆိုပါလွှတ်တော်နှစ်ရပ်သည် –

- အမြဲတစေ မတူသော ကိုယ်စားပြုမှုဆိုင်ရာမူများအပေါ် အခြေပြု၍ ဖွဲ့စည်းထားရာ အထက်လွှတ်တော်သည် ကိုယ်စားပြုဒေသများကို အခြေပြုသော ဖော်မြူလာကို အသုံး ပြုကာ ဖွဲ့စည်းထားပြီး အောက်လွှတ်တော်သည် လူဦးရေကို အနီးစပ်ဆုံး ကိုယ်စားပြုနိုင်မည့် အမတ်နေရာခွဲဝေပေးမှုကို လုပ်ဆောင်ထားသည်၊
- နည်းလမ်းအမျိုးမျိုးဖြင့် ရွေးကောက်တင်မြှောက်ခြင်း သို့မဟုတ် အမည်စာရင်းတင်သွင်းခြင်းများရှိသည်၊
- တူညီသောအခွင့်အာဏာရှိနိုင်သည် သို့မဟုတ် မတူသောအခွင့်အာဏာများလည်း ရှိနိုင်သည်။

ဖက်ဒရယ်နိုင်ငံများကြားတွင်အခဆိုပါကိစ္စရပ်များနှင့်ပတ်သက်ပြီးတသမတ်တည်းပုံစံတူဆိုသည့် မရှိပေ။ သို့သော်လည်း ပါလီမန်စနစ်များတွင် အောက်လွှတ်တော်များသည် အစိုးရဖွဲ့ရန် အဆုံး အဖြတ်ပေးသည့် ယုံကြည်မှု ရယူရန် လိုအပ်သည့် လွှတ်တော်ဖြစ်သည်။

## ကိုယ်စားပြုခြင်းနှင့်ဆိုင်သော မူများ

ဖက်ဒရယ်နိုင်ငံအားလုံးနီးပါးတွင် အထက်လွှတ်တော်ရှိပြီး အထက်လွှတ်တော် အမတ်များသည် ကိုယ်စားပြုဒေသများကို တစ်နည်းမဟုတ်တစ်နည်းကိုယ်စားပြုရသည်။ ဖက်ဒရယ်နိုင်ငံများတွင် ထိုသို့သော အထက်လွှတ်တော်များ ကျယ်ကျယ်ပြန့်ပြန့်ရှိနေရာ တိုင်းပြည်တွင်နေထိုင်နေသူ ပြည်သူများရော ကိုယ်စားပြုဒေသများပါ ဖက်ဒရယ်နိုင်ငံတစ်ခု၏ အစိတ်အပိုင်းများဖြစ်ကြသည်ဟူသော အိုင်ဒီယာကို အခြေပြုကြရသည်။ ထို့ကြောင့် ဗဟို အဆင့် အဖွဲ့အစည်းများတွင် ပြည်သူများကို ကိုယ်စားပြုမှုအပြင် ကိုယ်စားပြုဒေသများ၏ ကိုယ်စားပြုမှုပါ ထင်ဟပ်နိုင်ရန် လိုအပ်ပါသည်။

အထက်လွှတ်တော်တွင် ကိုယ်စားပြုမှုမှာ များသောအားဖြင့် ကိုယ်စားပြုဒေသ တစ်ခုစီမှ ကိုယ်စားလှယ်အရေအတွက် တူညီမှုကို အခြေခံ၍ ဖွဲ့စည်းကြသော်လည်း ဖက်ဒရယ် နိုင်ငံအများစုတွင် ကိုယ်စားလှယ်အရေအတွက်ကို ကိုယ်စားပြုမှုဒေသများ၏ မတူသော လူဦး ရေကို ထည့်သွင်းတွက်ချက်၍ ခွဲဝေသတ်မှတ်လေ့ရှိသည် (ဥပမာ လူဦးရေများသောဒေသက နည်းသောဒေသထက် ကိုယ်စားလှယ်နှစ်ဆ သို့မဟုတ် သုံးဆပိုပေးခြင်းမျိုးဖြစ်သည်)။ ဖက် ဒရယ်နိုင်ငံအနည်းငယ်တွင်မူ အထက်လွှတ်တော်အမတ်အချို့ကို ကိုယ်စားပြုဒေသများမှ ကိုယ် စားလှယ်များဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန်အမတ်များအား အခြားမဲဆန္ဒနယ်မြေများမှ ကိုယ်စားလှယ်များ (တစ်နိုင်ငံလုံးနှင့်ဆိုင်သောစာရင်း၊ ပထဝီအနေအထားနှင့်မဆိုင်သော လူ့အဖွဲ့အစည်း) မှ ရွေးချယ်တင်မြှောက်သည်။

အထက်လွှတ်တော်မှအမတ်များသည် တိုက်ရိုက်ရွေးချယ်တင်မြှောက်ခံရခြင်း ဖြစ်ကာ ၎င်းတို့၏သက်တမ်းသည် အောက်လွှတ်တော်အမတ်များ၏သက်တမ်းထက်ပိုပါသည်။ အထက်လွှတ်တော်အမတ်များ၏ ရွေးကောက်ပွဲနယ်မြေသည် တစ်ခါတစ်ရံ ကိုယ်စားပြုဒေသ (ပြည်နယ်) တစ်ခုလုံးဖြစ်နေတတ်ပြီး အောက်လွှတ်တော်အမတ်များသည် သေးငယ်သော ရွေးကောက်ပွဲနယ်မြေကိုကိုယ်စားပြုသည်။ ဤသဘောသဘာဝက လွှတ်တော်နှစ်ရပ်မှအမတ် များကို မတူကွဲပြားသော နိုင်ငံရေးသွင်ပြင်လက္ခဏာများ ရှိလာစေသည်။ ဖက်ဒရယ်နိုင်ငံအချို့ တွင် အ ထက်လွှတ်တော်အမတ်များကို ကိုယ်စားပြုဒေသများ၏ လွှတ်တော်မှ သွယ်ဝိုက်၍ ရွေးချယ်တင်မြှောက်သည် (သို့မဟုတ် အနည်းငယ်သောနိုင်ငံများတွင် တိုက်ရိုက်ရွေးချယ် တင်မြှောက်ခြင်းနှင့် သွယ်ဝိုက်ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပေါင်းစပ်အသုံးပြုသည်)။ တိုက်ရိုက်ရွေးချယ်တင်မြှောက်သော အထက်လွှတ်တော် (သွယ်ဝိုက်၍ရွေးသည်ဖြစ်စေ) သည် များသောအားဖြင့် ကိုယ်စားပြုဒေသအစိုးရများ၏ အကျိုးစီးပွားများနှင့်အမြင်များကို ကိုယ်စား ပြုရာတွင် သေးငယ်သော အခန်းကဏ္ဍမှသာ ပါဝင်လေ့ရှိသည်။

ဖက်ဒရယ်၏အခန်းကဏ္ဍကိုအထူးခြားဆုံးဖော်ဆောင်နိုင်သည့်အထက်လွှတ်တော်

ကို ဂျာမနီနိုင်ငံမှ Bundesrat တွင် တွေ့နိုင်ပြီး ၎င်းမှာ ရွေးချယ်တင်မြှောက်ခြင်းမဟုတ်ပေ။ Länder (ပြည်နယ်) များမှ ကိုယ်စားလှယ်အဖွဲ့များကို ၎င်းတို့၏အစိုးရများက အမည်စာရင်းပေးကာ ၎င်းတို့၏ အစိုးရအဖွဲ့အကြီးအကဲများ (minister-presidents) က တရားဝင်ဦးဆောင်လာပါသည်။ Länder များအပေါ်သက်ရောက်မှုရှိမည့်ဥပဒေများကို (ယခုအခါဥပဒေပြုမှု အားလုံး၏ ၄၀ %) များကို Bundesrat က အတည်ပြုပေးရသည်။ ဆိုလိုသည်မှာ ထိုသို့သော အက်ဥပဒေများကို ပြဋ္ဌာန်းရန် ဗဟိုအစိုးရအနေဖြင့် ကိုယ်စားပြုဒေသများ၏ အများစုသဘောတူညီချက်ရယူရန် လိုအပ်သည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် Bundesrat သည် အစိုးရအဖွဲ့အချင်းချင်းကြားဆက်ဆံရေးတွင် ဗဟိုချက်ဖြစ်သည်။ ဂျာမနီ၏ ဖက်ဒရယ်စနစ်တွင် ထူးခြားသည့်သဘာဖြစ်သည့်အစိုးရများကို တစ်ခုနှင့်တစ်ခုအံဝင်အောင် ချိတ်ဆက်ထားခြင်းသည် အစိုးရနှစ်ရပ်စလုံး (ဗဟိုနှင့် ပြည်နယ်) အား အစိုးရတစ်ရပ်က အခြားအစိုးရများကို ထိန်းချုပ်ရာတွင် ထဲထဲဝင်ဝင်ပါဝင်ပတ်သက်မှုကိုဖြစ်စေသည်။ ထို့ကြောင့် ဖက်ဒရယ်အဆင့်မှ ပါတီများနှင့် အခြားအဆင့်မှ ပါတီများကြား အပြန်အလှန်ချိတ်ဆက်မှုကောင်းမွန်စေသည့် အကျိုးကိုရစေသည်။ နောက်ဆုံးအချက်ဆိုရပါက ဖက်ဒရယ်နိုင်ငံအများစုတွင် အောက်လွှတ်တော်၌ ပို၍သေးငယ်သော ကိုယ်စားပြုဒေသများမှ ကိုယ်စားပြုမှုကိုသြဇာလွှမ်းမိုးနိုင်ခွင့်ပါထပ်ဆောင်းပေးထားသည့် ပြဋ္ဌာန်းချက်များလည်း ရှိသည်။ ထိုပြဋ္ဌာန်းချက်များသည် အောက်လွှတ်တော်တွင် ကိုယ်စားပြုမှုအတွက် အနည်းဆုံးအရေအတွက် (သို့မဟုတ် အများဆုံးအရေအတွက်) ကို အာမခံနိုင်သည်။ တကယ့်သဘာဝတွင်မူ သေးငယ်သောဒေသများကို အခွင့်အလမ်းပိုပေးခြင်းမျိုးသည် အထက်လွှတ်တော်နှင့်နှိုင်းယှဉ်လျှင် အောက်လွှတ်တော်တွင် နည်းနည်းပါးပါးသာ ပေါ် ပေါက်လေ့ရှိသော်လည်း ၎င်းမှာ အရေးပါသောအချက် ဖြစ်သည်။ ဘရာဇီးမှာအထင်ရှားဆုံးဥပမာဖြစ်သည်။ အထက်လွှတ်တော်တွင်ဖြစ်စေ၊ အောက်လွှတ်တော်တွင်ဖြစ်စေ ရွေးချယ်တင်မြှောက်ခံထားရသော အမတ်များသည် မဲပေးကြရာတွင် သဘာဝအားဖြင့် ဒေသအလိုက်သဘောထားထက်စာလျှင် ပါတီ၏ သဘောထားရပ်တည်ချက်အတိုင်းမဲပေးကြသည်ကို တွေ့ရသည်။ ပိုမိုသေးငယ်သော ဒေသများက လွှတ်တော်များတွင် ထပ်ဆောင်းရရှိထားသော ကိုယ်စားပြုခွင့်၏အားသာချက်မှာ မဲရှိန်ခွင်လျှာကို၎င်းတို့နှစ်သက်သော ပါတီဖက်သို့ ယိမ်းလာရန် ကူညီမဲပေးနိုင်ခြင်း ဖြစ်သည်။

> အချို့ဖက်ဒရယ်နိုင်ငံများမှ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တွင် ကိုယ်စားပြုမှုများ
> 
> အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ နိုင်ဂျီးရီးယား၊ မက္ကဆီကို၊ ရုရှား၊ တောင်အာဖရိက၊ ဆွစ်ဇာလန်နှင့်အမေရိကန်ပြည်ထောင်စုတို့တွင်၎င်းတို့၏အထက်လွှတ်တော်များ၌ကိုယ်စားပြုဒေသအပြည့်တစ်ခုစီမှ ညီမျှသော အမတ်အရေအတွက် ထားရှိသည်။ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ အီသီယိုပီးယား၊ ဂျာမနီနှင့် အိန္ဒိယတို့တွင် ကိုယ်စားပြုဒေသများမှ ကိုယ်စားပြုခွင့်ကို ညီညီမျှမျှပေးမထားပဲ လူဦးရေအပေါ်မူတည်၍ အခွင့်အလမ်းပေးမှု အနည်းအများရှိသည်။ စပိန်တွင် ပြည်မကြီးမှ ပြည်နယ်များကို တူညီသော ကိုယ်စားပြုခွင့်ပေးထားသော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရလူ့အဖွဲ့အစည်းများ (ပြည်နယ်များ) သည် လူဦးရေပေါ်မူတည်၍ ကိုယ်စား

ပြုခွင့်အမျိုးမျိုးရှိသည်။ မက္ကဆီကိုတွင် ပြည်နယ်များအားလုံးကို ညီမျှသောကိုယ်စားပြုခွင့်ပေးထားသော်လည်း ဆီးနိတ်အမတ်များ၏လေးပုံတစ်ပုံကိုတစ်ပြည်လုံးအတိုင်းအတာမှအချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် ၎င်းတို့၏အထက်လွှတ်တော်အမတ်များကိုတိုက်ရိုက်ရွေးချယ်တင်မြှောက်သော်လည်း အချို့(ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ အိန္ဒိယ၊ စပိန်) တွင် အားလုံး သို့မဟုတ် အချို့ကိုသွယ်ဝိုက်၍ ရွေးချယ်တင်မြှောက်သည်။ ရုရှားနှင့် တောင်အာဖရိကတို့တွင် အထက်လွှတ်တော်အမတ်များကိုအစိုးရပိုင်းနှင့်ကိုယ်စားပြုဒေသများမှ လွှတ်တော်များက အမည်စာရင်းပေးရသည်။ ဂျာမနီတွင် (ပြည်နယ်) အစိုးရများကသို့ ကိုယ်စားလှယ်များခန့်အပ်၍ စေလွှတ်သည်။ မလေးရှားတွင် အထက်လွှတ်တော်အမတ်များ၏ ၃၈% ကိုပြည်နယ်လွှတ်တော်များက အမည်စာရင်းတင်သွင်းပေးရကာကျန်သောရာခိုင်နှုန်းကိုလူနည်းစုများကအမည်စာရင်းပေးရသည်။ ကနေဒါနိုင်ငံတွင်မူ ဆီးနိတ်မှ အမတ်များကို ဖက်ဒရယ်အစိုးရက အမည်စာရင်းတင်သွင်းရပြီး အသက် ၇၅ နှစ်ထိ တာဝန်ထမ်းဆောင်ခွင့်ပေးထားရာ ထိုစနစ်ကို ပြုပြင်ပြောင်းလဲရန် ကြိုးစားမှုများ မအောင်မြင်သေးပေ။ ဆွစ်ဇာလန်နှင့် အီသီယိုပီးယားတွင် ကိုယ်စားပြုဒေသလွှတ်တော်များက အမျိုးသားအဆင့် အထက်လွှတ်တော်သို့ စေလွှတ်မည့် ၎င်းတို့၏ကိုယ်စားလှယ်များကိုမည်သို့ရွေးချယ်မည်ဆိုသည်ကို ဆုံးဖြတ်ရသည်။ ဗင်နီဇွဲလားတွင် အထက်လွှတ်တော် မရှိပေ။ သေးငယ်သော ကိုယ်စားပြုဒေသများ၏ ကိုယ်စားပြုမှုအပေါ် ထိရောက်သော အခွင့်အရေးပေးမှုသည် ဖက်ဒရယ်နိုင်ငံများတွင် အမျိုးမျိုးရှိသော်လည်း ကောင်းစွာလုပ်ဆောင်ကြသည်ကိုတွေ့ရသည်။ ဘရာဇီးတွင် ထူး ထူးခြားခြားပင် ပြည်နယ်များမှဆီးနိတ်တာများသည် လူဦးရေ၏ ၈% ရှိကာ စုစုပေါင်းနေရာ၏၅၀% ရှိပါသည်။ ရုရှားတွင်အသေးဆုံးပြည်နယ်သည်အကြီးဆုံးပြည်နယ်၏ ၄၅၀ ပုံ ၁ ပုံသာ ရှိသော်လည်း အထက်လွှတ် တော်တွင် အားလုံးညီတူညီမျှ ကိုယ်စားပြုခွင့်ရသည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် ၎င်းတို့၏ အောက်လွှတ်တော်အတွက်လည်း ကိုယ်စားပြုဒေသများမှ ကိုယ်စားလှယ်အရေအတွက်ကို အထူးပြဋ္ဌာန်းထားမှုများရှိသည်။ ဤနေရာတွင်လည်း ဘရာဇီးသည် မှတ်သားဖွယ်ရှိနေပြန်ရာ ၎င်း၏ အကြီးဆုံးပြည်နယ်ဖြစ်သော ဆာပေါ်လိုမှ ကိုယ်စားလှယ်ဦးရေကို အားလုံးထက် ပိုမိုသတ်မှတ်ထားပြီး အသေးဆုံးပြည်နယ်များမှ အနည်းဆုံးအမတ်အရေအတွက်ကိုလည်း အာမခံထားသည်။

## အထက်လွှတ်တော်များ၏ အခွင့်အာဏာများ

ဖက်ဒရယ်နိုင်ငံများတွင် အထက်လွှတ်တော်များသို့ အခွင့်အာဏာများသတ်မှတ်ပေးရာ၌ တသမတ်တည်းပုံစံဟူ၍ မရှိပေ။ အချို့ဖက်ဒရယ်နိုင်ငံများတွင် အထက်လွှတ်တော်များသည် အောက်လွှတ်တော်၏ အခွင့်အာဏာ အားလုံးအပြင် ထပ်ဆောင်းအထူးအာဏာများလည်း ရှိပါသည်။ ဥပမာ သဘောတူစာချုပ်များနှင့်ပတ်သက်၍လည်းကောင်း၊ စစ်ကြေညာခြင်းများနှင့်ပတ်သက်၍လည်းကောင်းနှင့် ရာထူးကြီးများခန့်အပ်ခြင်းများနှင့် ပတ်သက်၍လည်းကောင်းဖြစ်သည်။ အခြားအစွန်းတွင် အချို့သော အထက်လွှတ်တော်များသည် ပြန်လည်လေ့လာသုံးသပ်သည့် လွှတ်တော်အဆင့်ထက် အနည်းငယ် သာပိုသည့်အဆင့်တွင်ရှိကာ အချို့ဥပဒေများကို ပြင်ဆင်ရန်နှင့် အချိန်ဆွဲရန် အာဏာအကန့်အသတ်နှင့်သာ ရှိသည် (အောက်လွှတ်တော်၏ အာဏာက လွှမ်းမိုးနိုင်သည်ဟု သတ်မှတ်ထားနိုင်သေးသည်)။

အစီအစဉ်အမျိုးမျိုးတွင် အထက်လွှတ်တော်၏ အခွင့်အာဏာကို သက်ရောက်မှုရှိနိုင်သည်များ (သက်ရောက်မှုရှိနိုင်သောဥပဒေအမျိုးအစားများနှင့်အစိုးရ၏လုပ်ဆောင်မှုများ) နှင့်အဆိုပါအခွင့်အာဏာများ၏အား (ဗီတို၊ ကြန့်ကြာစေခြင်း၊ အကျပ်အတည်းကိုဖြေရှင်းရာတွင် လူအင်အားများသော အောက်လွှတ်တော်ကို မျက်နှာသာပေးသည့်အနေဖြင့် လွှတ်တော်နှစ်ရပ်လုံးပူးပေါင်းဖြေရှင်းရန် အတင်းအကြပ်လုပ်ပိုင်ခွင့်) များပါဝင်သည်။ အချို့သော အထက်လွှတ်တော်များကို ကိုယ်စားပြုဒေသများ သို့မဟုတ် သီးသန့်လူနည်းစုများ၊ ရပိုင်ခွင့်များကို သက်ရောက်မှုရှိနိုင်သောဥပဒေပြုခြင်းများကဲ့သို့သော ဖက်ဒရယ်နှင့်သက်ဆိုင်သောကိစ္စရပ်များတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်ရန် ဒီဇိုင်းဆွဲထားလေ့ရှိသည်။ ဖက်ဒရယ်နိုင်ငံအားလုံးနီးပါးတွင် အထက်လွှတ်တော်ရှိ (ဗင်နီဇွဲလားတွင်မရှိ) သော်လည်း အဆိုပါအထက်လွှတ်တော်များတွင် အခွင့်အာဏာ အသေးစားလေးများသာရှိခြင်း သို့မဟုတ် တရားဝင်မှုအားနည်းခြင်းရှိရာ ၎င်းတို့အားရွေးချယ်ပုံနည်းလမ်းကြောင့် ဖြစ်သည်။

**အချို့သော ဖက်ဒရယ်နိုင်ငံများမှ အထက်လွှတ်တော်များ၏ အခွင့်အာဏာများ**

အမေရိကန်ပြည်ထောင်စု၏ ဆီးနိတ်တွင် House of Representatives ၏ အခွင့်အာဏာအားလုံးရှိပါသည်။ ဆီးနိတ်တစ်ခုတည်းအနေဖြင့် အဓိကကျသော ခန့်အပ်မှုများ၊ စစ်ကြေညာခြင်းများနှင့် သဘောတူစာချုပ်များကို အတည်ပြုနိုင်သည်။ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီးနှင့် ဆွစ်ဇာလန်တို့မှ အထက်လွှတ်တော်များတွင် လွှတ်တော်အားလုံးကို လွှမ်းမိုးနိုင်သည့် အကြွင်းမဲ့ဗီတိုအာဏာရှိသည် (သို့သော် ဩစတြေးလျတွင် အကျပ်အတည်းတစ်ခုကို လွှတ်တော်နှစ်ရပ်စလုံးမှအထူးရွေးချယ်ထားသောကိုယ်စားလှယ်များနှင့်ဖွဲ့ထားသော ပူးတွဲအဖွဲ့မှ ဖြေရှင်းရသည်)။ ဂျာမနီနိုင်ငံ၏ Bundesrat သည် Länder အပေါ် သက်ရောက်မှုရှိသောကိစ္စရပ်များအပေါ် ဗီတိုသုံး၍ ပယ်ချခွင့် (ယခုအခါ ဥပဒေ၏ ၄၀% ခန့်ရှိသည်) ရှိပြီး အခြားကိစ္စရပ်များအပေါ်လည်း ပြန်လည်စဉ်းစားရန်အတွက် ပယ်ချထားနိုင်သည်။ အိန္ဒိယနှင့် နိုင်ဂျီးရီးယားတို့မှ အထက်လွှတ်တော်များတွင်လည်း ဗီတိုအာဏာများရှိသော်လည်း ၎င်းအာဏာကို လွှတ်တော်နှစ်ရပ်မှ ပူးတွဲအဖွဲ့၏ အများစုမဲဖြင့် လွှမ်းမိုးနိုင်သည်။ ဩစတြီးယား၊ မလေးရှားနှင့် စပိန်

တို့မှ အထက်လွှတ်တော်များသည် ပြန်လည်စဉ်းစားရန် ပယ်ချထားနိုင်သည့် ဗီတိုသာရှိသည်။ ကနေဒါ၏ ဆီးနိတ်တွင် ဥပဒေဆိုင်ရာ အခွင့်အာဏာကျယ်ကျယ်ပြန့်ပြန့်ရှိပါသည်။ သို့သော် ၎င်းသည် နိုင်ငံရေးအရ တရားဝင်မှုမရှိသောကြောင့် သူ၏အခွင့်အာဏာကို ပြန်လှန်သုံးသပ်ရေးနှင့် အချိန်ဆွဲထားရန်သာ အသုံးပြုပါသည်။ အီသီယိုးပီးယား၏ House of Federation သည် ပုံမှန် ဥပဒေပြုမှုတွင် ၎င်း၏ အခန်းကဏ္ဍမပါရှိပေ။ သို့သော် အောက်ခြေတွင် ပြည်နယ်များသို့ ဘဏ္ဍာငွေခွဲဝေပေးသည့် ဘတ်ဂျက်ကို ပယ်ချနိုင်သည်။ ၎င်းသည် ပြည်နယ်များအတွင်း အငြင်းပွားမှုများကို ကိုင်တွယ်ပြီး အခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးသည့် အမြင့်ဆုံးအဖွဲ့ဖြစ်သည်။

## နိုင်ငံရေးပါတီများ

ဖက်ဒရယ်နိုင်ငံများ၏ လုပ်ငန်းဆောင်တာများ လည်ပတ်နေစေရန်တွင် နိုင်ငံရေးပါတီများသည် အခြေခံကျပါသည်။ ပါတီများ၏ သွင်ပြင်လက္ခဏာနှင့် ပါတီစနစ်သည် ပြည်သူများအတွင်း နိုင်ငံရေးအရ ကွဲပြားနေမှုများနှင့် တစ်ပါတီတည်းအပေါ် အလွန်အကျွံထောက်ခံသည့် သမိုင်းကြောင်းတို့ကို ထင်ဟပ်သည်။ သို့သော်လည်း ရွေးကောက်ပွဲဥပဒေများနှင့် အခြေခံဥပဒေဆိုင်ရာ အစီအစဉ်များကလည်း အရေးပါစွာပုံဖော်ပါသည်။ ဖက်ဒရယ်နိုင်ငံများအတွင်းတွင် လွှမ်းမိုးသော ပါတီတစ်ခုတည်းရှိခြင်း၊ အဓိကပါတီ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုခြင်း သို့မဟုတ် ပါတီအများအပြားရှိခြင်းများ ရှိနိုင်သည်။ များသောအားဖြင့် ဖက်ဒရယ်အဆင့်တွင် လုပ်ကိုင်နေသော ပါတီများသည် ကိုယ်စားပြုဒေသအဆင့်မှ ပါတီများနှင့် ချိတ်ဆက်နေပါသည်။ သို့သော်လည်း ခြွင်းချက်များတော့ ရှိသည်။

နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဥပဒေများသည် များသောအားဖြင့် အခြေခံဥပဒေ၏ အစိတ်အပိုင်းများမဟုတ်သော်လည်း ရေးသားထားသော အခြေခံဥပဒေက လက်တွေ့တွင် မည်သို့လည်ပတ်အသက်ဝင်နေသည်ဆိုသည်ကို ဆုံးဖြတ်ရာ၌ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထို့အပြင် နိုင်ငံရေးပါတီများသည် ရေးသားထားသည့် အခြေခံဥပဒေထက် ပိုမိုလျင်မြန်စွာ ပြောင်းလဲမှုများ လုပ်နိုင်သည်။ အခြေခံဥပဒေကို မပြောင်းလဲသည့်တိုင် နိုင်ငံရေးပါတီစနစ် တဖြည်းဖြည်းတိုးတက်လာသည်နှင့်အမျှ အချို့သော ဖက်ဒရယ်နိုင်ငံများ၏ လည်ပတ်နေပုံနှင့် သွင်ပြင်လက္ခဏာသည် ကြီးစွာပြောင်းလဲလာသည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံတွင် ကွန်ဂရက်ပါတီ သို့မဟုတ် မက္ကဆီကိုတွင် PRI ကဲ့သို့သော တစ်ပါတီတည်းကသာ လွှမ်းမိုးသောအနေအထားမှ ပါတီများပိုမိုများပြားလာကာ ပြိုင်ဆိုင်မှုများသော အနေအထားသို့ ပြောင်းလာသောနိုင်ငံများတွင် အထက်ကဆိုခဲ့သော သဘာဝသည် အထူးသဖြင့် ပို၍မှန်ကန်ပါသည်။ အဓိကကျသော ရွေးကောက်ပွဲစနစ်နှစ်မျိုးမှာ အချိုးကျကိုယ်စားပြုစနစ်နှင့် အများစုမဲရသူအနိုင်ယူ (Majorita-rain regimes) သို့မဟုတ် နိုင်သူအကုန်ယူစနစ် (Plurality regimes) များဖြစ်သည်။ ပေါင်းစပ်ထားသောစနစ်များလည်း ရှိသည်။

- အချိုးကျကိုယ်စားပြုစနစ် PR သည် ကြီးမားပြီး အရွေးခံသူများသော ရွေးကောက်ပွဲနယ်မြေများကို အခြေခံပြီး ယင်းစနစ်တွင် မဲဆန္ဒရှင်များသည် ပါတီ၏ အမည်စာရင်းကိုကြည့်၍ ရွေးချယ်ရသည်။ သို့သော်လည်း ကွဲပြားမှုအမျိုးမျိုးတော့ရှိသည်။ ဤစနစ်၏ အဓိကအချက်မှာ ကိုယ်စားလှယ်အဖြစ်ရွေးချယ်တင်မြှောက်ခံရရန် အနည်းဆုံးသတ်မှတ်သည့် မဲ သို့မဟုတ် မဲဝေစုရရန် လိုအပ်သည်။ အချို့ကိစ္စရပ်များတွင် တစ်နိုင်ငံလုံးမဲ၏ ဝေစုမည်မျှရရှိရမည်ဆိုသည်ကို သတ်မှတ်ထားသည် (ဥပမာ ငါးရာခိုင်နှုန်း)။ အချို့တွင်မူ ရိုးရိုးလေးပင်ဖြစ်ကာ နယ်မြေတစ်ခုမှ ရွေးချယ်တင်မြှောက်ခံရသော ကိုယ်စားလှယ်အရေအတွက် ရလဒ်အပေါ် အခြေခံသည်။ ကိုယ်စားလှယ်များပါက ရွေးချယ်ခံရရန် လိုအပ်သောမဲ၏အချိုးမှာ ပို၍အနည်းငယ်သာ လိုအပ်သည်။
- အများစုမဲရသူအနိုင်ယူ သို့မဟုတ် နိုင်သူအကုန်ယူစနစ်များသည် ရွေးကောက်ပွဲနယ်မြေများမှ ကိုယ်စားလှယ်တစ်ဦးသာ (one-member electoral districts) ရွေးချယ်ပေးရခြင်းကို အခြေခံပါသည်။ ထိုစနစ်တွင် မဲအများဆုံး (အများစု) ရသည့် ကိုယ်စားလှယ်လောင်းသည် အနိုင်ရသူဖြစ်သည်။ အချို့ကိစ္စရပ်များတွင် ထိပ်ဆုံးကိုယ်စားလှယ်လောင်းနှစ်ဦးတိုက်နေပါက ဒုတိယအကြိမ်မဲပေးစေ၍ အနိုင်ရသူကို ရွေးချယ်ရခြင်းမျိုး ရှိသည်။
- ပေါင်းစပ်ထားသောစနစ်များ၌ အချို့အမတ်များကို မဲဆန္ဒနယ်များမှ တစ်ဦးသာရွေးချယ်ခြင်းတွင် သတ်မှတ်သည့်မဲအများစုအနိုင်ယူစနစ်ဖြင့် ရွေးချယ်ပြီး အချို့ကိစ္စရပ်များတွင် မဲကို ပါတီအတွက် ပေးရခြင်းကို အခြေပြုပါသည်။ လွှတ်တော်တွင် ကိုယ်စားပြုမှုကို ခြုံငုံ၍ကြည့်ပါက သက်ရောက်မှုမှာ အချိုးအစားသတ်မှတ်ပေးမှု အနည်းအများက လွှမ်းမိုးလေ့ရှိသည်။

သမိုင်းကြောင်းအရ ဓလေ့ထုံးတမ်းများနှင့် တရားသူကြီးများ၏ ကျင့်ထုံးများကဖြစ်ပေါ်လာသောဥပဒေများ (common-law) နှင့် ဗြိတိသျှအခြေခံဥပဒေလွှမ်းမိုးသော ဥပဒေများရှိသည့် ဖက်ဒရယ်နိုင်ငံများတွင် အများစုမဲရသူအနိုင်ရသည့် ရွေးကောက်ပွဲဥပဒေကို ကျင့်သုံးလေ့ရှိသည်။ ဥရောပပင်မတိုက်ကြီးနှင့် ရေးသားထားသည့်ဥပဒေများ (civil law) ရှိသော ဖက်ဒရယ်နိုင်ငံများတွင် PR စနစ်ကို ရွေးချယ်ကျင့်သုံးကြသည်။ သို့သော်လည်း ခြွင်းချက်များလည်း များစွာရှိသည်။ ထိုနည်းတူစွာပင် လွှတ်တော်မှအမတ်များကို ရွေးချယ်တင်မြှောက်ခြင်းအတွက် PR စနစ်ကို ကျင့်သုံးသည့်တိုင် သမ္မတကို တိုက်ရိုက်ရွေးချယ်ရာတွင် သတ်မှတ်ထားသော အများစုမဲရသူ အနိုင်ယူသည့် စနစ်တစ်မျိုးမျိုးကိုအသုံးပြု၍ ရွေးချယ်ပါသည်။ အချို့သော ဖက်ဒရယ်နိုင်ငံများတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ရာတွင် ရွေးကောက်ပွဲဥပဒေအမျိုးမျိုးကို ကျင့်သုံးကြသည်။ စနစ်သည် သတ်မှတ်သည့်အများစုမဲရသူ အနိုင်ရသောစနစ်ထက်စာလျှင် ပါတီသေးလေးများ ခွဲထွက်တည်ထောင်သည့်ပါတီစနစ်သို့ ဦးတည်စေသည်ဟု ပြောလေ့ရှိသည်။ သို့သော်လည်း တိကျသောဥပဒေများ (သတ်မှတ်ချက်သောင်ဝင်ရမည့် အနည်းဆုံးသတ်မှတ်ချက်များကဲ့သို့)

နှင့် ပါတီအမျိုးမျိုးအပေါ် ထောက်ခံသည့် မဲဆန္ဒရှင်များ၏ လက္ခဏာများအပေါ်တွင်လည်း များစွာမူတည်နေပါသည်။ ထို့ကြောင့် PR စနစ်ကို ကျင့်သုံးနေသော ဖက်ဒရယ်နိုင်ငံအချို့တွင် အရေးပါသော ပါတီနှစ်ခု သို့မဟုတ် သုံးခုသာ ရှိပါသည်။ သို့သော် PR စနစ်တွင် ပါတီ တစ်ခုတည်းကသာ လုံလောက်သောမဲရပြီး လွှတ်တော်၌ အများစုရောက်ရှိသည့်အဖြစ်မျိုးမှာ ရှားပါးသည်။ ထို့ကြောင့် PR စနစ်ကျင့်သုံးသော ပါလီမန်စနစ်ဖက်ဒရယ်နိုင်ငံများတွင် ပါတီစုံ ညွန့်ပေါင်းအစိုးရများကို တွေ့ရလေ့ရှိသည်။

အများစုမဲရသူ အနိုင်ရသည့်စနစ်သည် များသောအားဖြင့် အမတ်နေရာအများစု ရရန် မဲအများစုထက် သိသိသာသာနည်းနေသော ပါတီတစ်ခုကို အမတ်နေရာအများစုရရန် လုပ်ဆောင်ပေးသည်။ ထို့ကြောင့် ပါလီမန်စနစ်ကျင့်သုံးပြီး အများစုမဲရသူ အနိုင်ရသည့် ရွေးကောက်ပွဲစနစ်ရှိသောဖက်ဒရယ်နိုင်ငံများတွင်တစ်ပါတီအစိုးရသာတွေ့ရလေ့ရှိသည် (သို့သော် ပုံမှန်လုပ်ဆောင်နေမှုများလုပ်ဆောင်ရင်းကပင် အာဏာရပါတီသည် ပြောင်းသွားနိုင်သည်)။ အများစုမဲရသူ အနိုင်ရသည့် ရွေးကောက်ပွဲစနစ်များသည် ယေဘုယျအားဖြင့် မဲဝေစုများများ ရသောပါတီများကိုလွှတ်တော်တွင်အချိုးမညီစွာ အမတ်နေရာအတော်များများကို ရရှိစေသည် ဆိုသော်လည်း ဒေသအလိုက် မဲများပေးကြသည့်အပေါ်တွင်လည်း များစွာမူတည်နေပါသည်။ ဒေသအလိုက်မဲအတော်များများရရှိသည့်ပါတီအသေးလေးများသည်လည်း ဤအများစုမဲရသူ အနိုင်ရသည့်ရွေးကောက်ပွဲစနစ်မှ အကျိုးအမြတ်ရနိုင်သည်။ အိန္ဒိယနှင့် ကနေဒါတို့ကဲ့သို့သော ဖက်ဒရယ်နိုင်ငံများတွင် တစ်ခါတစ်ရံ ဒေသဆိုင်ရာကို အခြေစိုက်သည့်ပါတီများသည် မဲဝေစု များများမရသော်လည်း အမတ်နေရာဝေစု ပိုမိုများပြားစွာရရှိသည်ကိုတွေ့ရသည်။ ထို့ ကြောင့် အမျိုးသားအဆင့်တွင် ဒေသအလိုက် (သို့မဟုတ် ဒေသန္တရအဆင့် တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားအုပ်စုများ) ထံမှ မဲရရှိမှု၏ အရေးပါပုံသည် မြင့်တက်လာသည်ဟု ဆိုနိုင်သည်။

ဖက်ဒရယ်နိုင်ငံတစ်ခု၏ အရေးကြီးသောကိစ္စရပ်မှာ နိုင်ငံရေးပါတီအမျိုးမျိုး၏ ရွေးကောက်ပွဲ အခြေပြုမှုဖြစ်သည်။ ပါတီများတွင် လူ့အတန်းအစား၊ ဘာသာရေး၊ တိုင်းရင်းသား၊ သို့မဟုတ် ဒေသဆိုင်ရာ အချိတ်အဆက်များမှာ အားကောင်းသည်လည်းရှိနိုင်သလို အားနည်းသည်လည်း ရှိနိုင်သည်။ ကျယ်ကျယ်ပြန့်ပြန့်အခြေပြုခြင်းရှိနိုင်သလို ကျဉ်းမြောင်းသောဒေသကိုသာ အခြေပြုနိုင်ခြင်းလည်း ရှိနိုင်သည်။ သဘာဝအားဖြင့် အကယ်၍ ဒေသဆိုင်ရာကို အခြေပြုသောပါတီများ အားကောင်းပါက ဖက်ဒရယ်နိုင်ငံတစ်ခုကို စီမံခန့်ခွဲရာတွင် စိန်ခေါ်မှု ပိုကြီးနိုင်သည်။

### အချို့သော ဖက်ဒရယ်နိုင်ငံများမှ ပါတီစနစ်များ

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးတွင် ပါတီနှစ်ခုတည်းကသာ လွှမ်းမိုးခဲ့သည်မှာ ရာစုနှစ်တစ်ခုကျော်ခဲ့ပြီ ဖြစ်ရာ (တတိယပါတီပေါ်လာလျှင်လည်း ကြာကြာမခံပါ) ၎င်းတို့၏ ရွေးကောက်ပွဲအတွက် အခြေပြုမှုများနှင့် သွင်ပြင်လက္ခဏာများမှာ သိသာစွာ ပြောင်းသွားပြီးဖြစ်သည်။ အထူးသဖြင့် တောင်ပိုင်းတွင် ၁၉၆၀ ခုနှစ်များက အများပြည်သူရပိုင်ခွင့်များ အက်ဥပဒေနောက်ပိုင်း၌ ဒီမိုကရက်များထံမှ ခွဲထွက်လာသည်။ ဩစတြေးလျ၏ ပါတီစနစ်တွင်လည်း ပါတီနှစ်ခုကသာ လွှမ်းမိုးပြီး ထင်ရှားစွာပင် တည်ငြိမ်မှုရှိသည်။ ကနေဒါ၏ ပါတီစနစ်မှာ တည်ငြိမ်မှုမရှိပဲ အဓိကပါတီနှစ်ခုကိုထောက်ခံမှုမှာ တသမတ်တည်းမရှိပဲ ပြောင်းလဲနေသည်။ ဒေသကို အခြေပြုသောပါတီ သို့မဟုတ် အမျိုးသားပါတီများ၏ အရေးပါသည့်ကာလမှာလည်း ကြာရှည်စွာရှိနေတတ်သည်။ ဂျာမနီ၏ စနစ်တွင် ပါတီကြီးနှစ်ခုဖြင့် တည်ငြိမ်မှုရှိသည်ဟုဆိုရမည်။ သို့သော်လည်းကိစ္စရပ်အသစ်များ (ပတ်ဝန်းကျင်) နှင့်အရှေ့ဂျာမနီဖြင့်ပေါင်းစည်းခြင်းများကြောင့်  ပါတီအသေးလေးများကလည်း အချက်အလက်တစ်ခုအဖြစ် တိုး၍ အရေးပါလာနေသည်။

အိန္ဒိယနှင့် မက္ကဆီကိုတို့တွင် အစိုးရနှစ်ရပ်စလုံး၌ တစ်ပါတီတည်းကသာ လွှမ်းမိုးသည်မှာ ကြာလှပြီဖြစ်သည်။ အိန္ဒိယတွင် ယခုအခါ စနစ်က ကြီးစွာပျက်သွားခဲ့ပြီး အစိုးရတစ်ခုဖွဲ့စည်းရန် ကြီးမားသည့်ပါတီစုံညွန့်ပေါင်း လိုအပ်သည်။ မက္ကဆီကိုတွင်လည်း မကြာသေးမီက သမ္မတများသည် အတိုက်အခံများထိန်းချုပ်ထားသည့် ကွန်ဂရက်နှင့် အလုပ်လုပ်နေရပြီဖြစ်သည်။ တောင်အာဖရိကတွင် African National Congress သည် အစိုးရ နှစ်ရပ်စလုံးကို ခုထိဆက်လက်လွှမ်းမိုးထားသည်။ နိုင်ဂျီးရီးယား၏ ခေတ်သစ်သမိုင်းတွင် ပါတီကြီးတစ်ခုနှင့် ၎င်းမှခွဲထွက်သော ပါတီတို့က လွှမ်းမိုးသော ရွေးကောက်ပွဲနိုင်ငံရေးဖြစ်ကာ ခွဲထွက်သောပါတီမှာ အရေးပါသော အတိုက်အခံဖြစ်သည်။ စပိန်တွင် အဓိကကျသော ပါတီနှစ်ခုကြားအပြိုင်အဆိုင်ကြီးသော စနစ်ဖြစ်သော်လည်း ၎င်းတို့သည် အစိုးရဖွဲ့ရန်အတွက် သေးငယ်ပြီးဒေသဆိုင်ရာကို  အခြေပြုသောပါတီများကို  မှီခိုရသည်။  ဘယ်လ်ဂျီယံသည်  လက်ဝဲ – လက်ယာအခြေပြုသောပါတီစနစ်အဟောင်းသည် လူမျိုးရေးအရကွဲပြားကာ ပါတီခွဲများထွက်ပေါ်လာသော်လည်း ညွန့်ပေါင်းဖွဲ့ရာတွင်မှု ကွဲပြားမှုများကို  ကျော်ဖြတ်သွားနိုင်ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ၏စနစ်တွင် ကျယ်ပြန့်သော ညွန့်ပေါင်းနှင့် အားလုံး၏ သဘောတူညီမှုကို အခြေခံရာ ပေါ်ပေါက်လာကာ စနစ်ကို စမ်းသပ်လျက်ရှိသည်။ အာဂျင်တီးနား၏ ဒီမိုကရေစီမှာ စစ်တပ်မှ အုပ်ချုပ်သည့်ကာလတစ်ခုအတွင်း နှောင့်နှေးခဲ့ရသည်။ ၎င်းသည် သမ္မတစနစ်၏ လက္ခဏာများ၏ ထင်ဟပ်ချက်ကြောင့် ပါတီစနစ်မှာ အပြောင်းအလဲများသည်။ ရုရှားတွင် ယခင်ပါတီစနစ်မှ ခွဲထွက်လာသော လွှမ်းမိုးသောသမ္မတ၏ ပါတီတစ်ခု ထွက်ပေါ်လာသည်။

## လူနည်းစုများနှင့် ပတ်သက်သော ပြဌာန်းချက်များ

ဖက်ဒရယ်နိုင်ငံများတွင် ပါတီစနစ်များမည်သို့ရှိသည်ဖြစ်စေ ဗဟိုအဆင့် ဆုံးဖြတ်ချက်ချသည့်အဖွဲ့အစည်းများအတွင်း ဒေသဆိုင်ရာများနှင့် တိုင်းရင်းသားလူနည်းစုများကို နေရာပေးရန် ချဉ်းကပ်မှုနည်းလမ်းအမျိုးမျိုး ရှိကြသည်။ အားလုံးပါဝင်ခြင်းသည် ညွန့်ပေါင်းတည်ဆောက်ရာတွင် လူနည်းစုများ၏ အခွင့်အာဏာကို ထင်ဟပ်စေနိုင်ပြီး ၎င်းသည် နိုင်ငံရေးဓလေ့၏ ကိစ္စရပ်တစ်သဖွယ်ဖြစ်နိုင်သည် သို့မဟုတ် အခြေကျနေသည့် လုပ်နည်းလုပ်ဟန်တစ်ခုဖြစ်သင့်သည်၊ သို့မဟုတ် အခြေခံဥပဒေတွင် ဖော်ပြထားနိုင်သည်၊ ဗဟိုအဆင့်အဖွဲ့အစည်းများတွင် လူနည်းစုများ၏ အသံအစစ်အမှန်ကို ပြောခွင့်ပေးခြင်းသည် လူမှုရေးအရ သဟဇာတဖြစ်ရန်နှင့် နိုင်ငံရေးအရ တည်ငြိမ်မှုကို မြှင့်တင်ရာတွင် အရေးကြီးသည်ဟု ဆိုနိုင်သည်။

ဖက်ဒရယ်နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် ကိုယ်စားပြုဒေသများဖြင့် ဖွဲ့စည်းတည်ဆောက်ခြင်းသည် နယ်မြေတစ်ခုအတွင်း အားကောင်းပြီး ထူးခြားသော သရုပ်လက္ခဏာရှိသည့် လူအုပ်စုကြီးအား အခွင့်အာဏာပေးရန်နှင့် နေရာပေးရန်အတွက် အရေးကြီးသည်ဟုဆိုနိုင်သည်။ သို့သော်လည်း ကိုယ်စားပြုဒေသတစ်ခုတွင် ဤမျှလောက်များပြားသော လူဦးရေသည် ဒေသ၏အဓိကအများစုရှိနေသည့်တိုင် ဖက်ဒရယ်နိုင်ငံ၏ ဗဟိုအဆင့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ထည့်သွင်းမထားခြင်း၊ မှန်ကန်စွာ နေရာပေးထားခြင်းမရှိပါက နိုင်ငံတစ်ခုလုံးအတွင်း ရာဖွေဖော်ထုတ်နိုင်ခြင်း မရှိသေးသည်လည်းဖြစ်နိုင်သည်။

ထိုသို့သော လူနည်းစုများသည် ဗဟိုအဆင့် အဖွဲ့အစည်းများအတွင်း နိုင်ငံရေးပါတီများမှတဆင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ ၎င်းတို့၏နိုင်ငံရေးအသံကို ထိရောက်စွာ ပြောဆိုခွင့်ရသည့် အတိုင်းအတာသည် ဖက်ဒရယ်နိုင်ငံများကြားတွင် အမျိုးမျိုးရှိသည်။ အချို့ဖက်ဒရယ်နိုင်ငံများသည် နိုင်ငံရေးကို အားလုံးသဘောတူညီချက်ပုံစံဖြင့် ချဉ်းကပ်ပြီး အချို့က အများစုထက်ပိုသော ချဉ်းကပ်မှုမျိုး (တစ်ခါတစ်ရံ နိုင်သူအကုန်ယူဟုခေါ်သည်) ကို အသုံးပြုတတ်သည်။ ဤနေရာတွင် တိုင်းပြည်တစ်ခုနှင့် တစ်ခု မတူကြရခြင်းမှာ ၎င်းတို့၏နိုင်ငံရေးဓလေ့၏ ထင်ဟပ်မှုအပြင် ၎င်းတို့၏ အင်စတီကျူးရှင်းများ၏ ထင်ဟပ်ချက်များလည်း ဖြစ်သည်၊ အဓိကကျသောမေးခွန်းမှာ ဗဟိုအစိုးရအတွင်းလူနည်းစုများအားလုံးပါဝင်နိုင်အောင်အားပေး၍ နေရာပေးခြင်းအတွက် သမ္မတစနစ်က ပိုကောင်းသလား၊ ပါလီမန်စနစ်က ပိုကောင်းသလား ဆိုသည့် မေးခွန်းဖြစ်သည် -

- သမ္မတစနစ်များတွင် အစိုးရအဖွဲ့အကြီးအကဲအဖြစ် အနိုင်ရသူတစ်ဦးတည်းသာရှိသော်လည်း နယ်ကြီး အဖွဲ့ သို့မဟုတ် အခြားအဆင့်မြင့်ရာထူးများတွင် တိုင်းပြည်အတွင်းမှ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ရေးကို သေချာစေမည့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် စည်းမျဉ်းဥပဒေများရှိရမည်ဖြစ်သည်။ အကယ်၍ ဥပဒေပြုသည့်လွှတ်တော်သည် လွတ်လပ်ပြီး (အထူးသဖြင့် အတိုက်အခံပါတီများ လွှတ်တော်တွင်းအားကောင်းပါက) ကိုယ်ပိုင်အာဏာ အစစ်အမှန်ရှိပါက သမ္မတ၏ အခွင့်အာဏာမှာ ကန့်သတ်မှု ခံရတတ်သည်။ တိုင်းရင်းသားများ လွန်စွာကွဲပြား

ခြားနားမှုများသော ဖက်ဒရယ်နိုင်ငံများတွင် သမ္မတစနစ်မရှိပေ (နိုင်ဂျီးရီးယားနိုင်ငံမှာမူ မှတ်သားဖွယ်ခြွင်းချက်ဖြစ်သည်)။

- ပါလီမန်စနစ်များမှာ အများစုမဲရသူ အနိုင်ရသည့်စနစ်များဖြစ်ပြီး အထူးသဖြင့် မဲအသာရရုံဖြင့်အနိုင်ရ၍မဲဆန္ဒနယ်များမှ ကိုယ်စားလှယ်တစ်ဦးသာရွေးပေးရသောသဘောရှိသဖြင့်ပါတီတစ်ခုသည်မိမိတစ်ဦးတည်းဖြင့်သာအများစုအနိုင်ရနိုင်သည်။ သို့သော်လည်း အာဏာရပါတီကြီးများတွင် ကျယ်ပြန့်သော ကိုယ်စားပြုမှုများ ရှိနိုင်သဖြင့် လူနည်းစုအုပ်စုတစ်စုကလည်း ၎င်းပါတီကြီး၏ အခြေစိုက်ရာ နယ်မြေတစ်ခု ဖြစ်နိုင်သည်။ ပါလီမန်စနစ်များတွင်လည်း ပါတီအသေးလေးများစွာ ရှိနိုင်ပြီး တစ်ခါတစ်ရံ တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ဘာသာဗေဒအုပ်စုများကို အခြေပြုသည့်ပါတီများဖြစ်ကာ ထိုသို့သော ကိစ္စရပ်များတွင် ကိစ္စရှိသည်မှာ အစိုးရက ညွန့်ပေါင်းဖွဲ့ရာတွင် မည်သို့အတူတကွပါဝင်အောင် လုပ်သနည်းဆိုသည့်ကိစ္စဖြစ်သည်။

**တိုင်းရင်းသားအရလည်းကောင်း၊ ဘာသာဗေဒအရလည်းကောင်း၊ သို့မဟုတ် ဘာသာရေးအရလည်းကောင်း ကွဲပြားခြားနားသော အချို့ဖက်ဒရယ်နိုင်ငံများမှ ဗဟိုအစိုးရများတွင် လူနည်းစုများကို နေရာပေးခြင်း**

ကနေဒါတွင် အများစုမဲရရှိသူ အနိုင်ယူသည့် ပါလီမန်စနစ်ရှိသော်လည်း မည်သည့်ဝန်ကြီးအဖွဲ့တွင်မဆို ပြင်သစ် – ကနေဒါ လူနည်းစုသည် ပုံမှန်လိုလို အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လေ့ရှိသည်။ အိန္ဒိယ၏အစိုးရသည် မတူသော လူ့အသိုင်းအဝိုင်းအမျိုးမျိုးကို ကိုယ်စားပြုသည့် ပါတီအသေးလေးများပါဝင်သော ညွန့်ပေါင်းအကြီးကြီးကို တိုး၍ ဖွဲ့စည်းနေပြီး ဖြစ်သည်။ ဆွစ်ဇာလန်တွင် အားလုံးသဘောတူညီချက်ရယူသည့် ချဉ်းကပ်မှုနည်းလမ်းကိုအသုံးပြုရာ လူများစုပါတီအားလုံးပူးတွဲ၍အစိုးရဖွဲ့ပါသည်။ ဘယ်လ်ဂျီယံ၏အစိုးရများတွင် ဘာသာဗေဒအရကွဲပြားသူများကြားတွင် ညွန့်ပေါင်းဖွဲ့ရန် အခြေခံဥပဒေ၏ ခွင့်ပြုချက်ရရန်လိုအပ်သည်။ စပိန်၏ ပါလီမန်အစိုးရများတွင် တစ်နိုင်ငံလုံးနှင့်ဆိုင်သော ပါတီကြီးနစ်ခုအနက် တစ်ခုနှင့်အတူ ဒေသဆိုင်ရာကို အခြေစိုက်သော ပါတီအသေးလေးတစ်ခု၏ထောက်ခံမှုလိုအပ်သည်။ နိုင်ဂျီးရီးယား၏ သမ္မတစနစ်တွင် သမ္မတနှင့် ဒုတိသမ္မတသည် မတူသောဒေသတစ်ခုစီမှ (လက်တွေ့တွင် မတူသော ဘာသာများမှ) ဖြစ်ရန် လိုအပ်ပြီး ဝန်ကြီးအဖွဲ့တွင် ပြည်နယ်တိုင်းမှ အဖွဲ့ဝင်တစ်ဦးစီ ပါဝင်ရပါမည်။

ဗဟိုအဆင့် နိုင်ငံရေးနှင့်ဆိုင်သော အင်စတီကျူးရှင်းများအပြင် မူဝါဒများကလည်း စစ်တပ်၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် တရားရုံးများတွင်လည်း လူနည်းစုများ ပါဝင်မှု သို့မဟုတ် ကိုယ်စားပြုမှုကို မြှင့်တင်ပေးနိုင်သည်။ လူနည်းစုဘာသာစကားများကိုလည်း တရားဝင်အောင်လုပ်ပေးခြင်းဖြင့် ဗဟိုအစိုးရ သို့မဟုတ် တရားရုံးများသည် တိုင်း ရင်းသားလူနည်းစုများကို ၎င်းတို့၏ ဘာသာစကားဖြင့် ဝန်ဆောင်မှုများပေးနိုင်ရုံမျှမက အချို့ကိစ္စရပ်များတွင် တိုင်းရင်းသားလူနည်းစုများကလည်းအဆိုပါအဖွဲ့အစည်းများတွင်၎င်းတို့၏ဘာသာစကားများဖြင့်အလုပ်လုပ်နိုင်မည်ဖြစ်သည်။

# အခန်း (၇)

## ဖက်ဒရယ်စနစ်၏ ဥပဒေပိုင်းဆိုင်ရာ ဒေါက်တိုင်များ

**ဖက်ဒရယ်စနစ်၏ အခြေခံဥပဒေဆိုင်ရာ အခြေခံ**

ထိရောက်မှုရှိသော ဖက်ဒရယ်အုပ်ချုပ်မှုသည် ရေးသားထားသော အခြေခံဥပဒေနှင့် တရားဥပဒေစိုးမိုးမှုတို့အပေါ်တွင် အခြေခံရမည်။ အခြေခံဥပဒေသည် ဖက်ဒရယ်နိုင်ငံတစ်ခု၏ အခြေခံမူဘောင်နှင့် မူများကို ချမှတ်ပေးသည်။ ဖက်ဒရယ်နိုင်ငံအတွင်း စည်းလုံးခြင်းကိုဖြစ်စေ၊ သွေးကွဲခြင်းကိုဖြစ်စေ ဖြစ်ပေါ်စေရာတွင် အခြေခံဥပဒေသည် အကိုးအကားတစ်ခုဖြစ်သောကြောင့် အရေးကြီးသည်။ အခြေခံဥပဒေများသည် ရှည်လျားစွာ ဖော်ပြမှု၊ တိတိကျကျဖော်ပြနိုင်မှု၊ အလွယ်တကူနားလည်နိုင်မှု စသည့်အချက်များတွင် ကြီးကြီးမားမား ကွဲပြားခြားနားမှုရှိကြသည်။

ဖက်ဒရယ်နိုင်ငံများတွင် အစိုးရအဆင့်အလိုက် လုပ်ဆောင်ရမည့် မူဘောင်များကို ချမှတ်ရာတွင် ရေးသားထားသော အခြေခံဥပဒေများသည် မရှိမဖြစ် လိုအပ်သည်။ အနိမ့်ဆုံးအားဖြင့် ဖက်ဒရယ်စနစ်အတွင်း သော့ချက်ကျသော အဖွဲ့အစည်းများနှင့် တာဝန်ဝတ္တရားခွဲဝေမှုများကို အခြေခံဥပဒေက ပြဌာန်းပေးရသည်။

ဖက်ဒရယ်အခြေခံဥပဒေများသည် ကြီးမားစွာပင် ကွဲပြားမှုရှိကြသည်။ ရေးကျသော ဖက်ဒရယ်နိုင်ငံများ၏ အခြေခံဥပဒေများသည် ၂၀ ရာစုအလယ်လောက်မှစ၍ ရေးဆွဲသော အခြေခံဥပဒေများထက် များစွာပို၍ တိုတောင်းကြသည်။ အဆိုပါသက်တမ်းရင့် အခြေခံဥပဒေများသည် ခေတ်ပေါ်အစိုးရများမတိုင်မီက ရေးဆွဲခဲ့ခြင်းဖြစ်၍ များသောအားဖြင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုကဲ့သို့ အစိုးရကတာဝန်ယူရမည့် လက်ရှိအဓိကျသော တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ မည်သို့မျှဖော်ပြခြင်းမရှိ သို့မဟုတ် ကျန်ခဲ့ခြင်းများရှိပါသည်။ ထို့အပြင် ၎င်းတို့၏ အာဏာခွဲဝေမှုများသည် အခြေခံမူအနည်းငယ်အပေါ်တွင်သာ ကြီးစွာတည်မှီနေပြီး (ဥပမာ – ကြွင်းကျန်အာဏာများ၊ အမျိုးသားအကျိုးစီးပွား၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်ရေး) ၎င်းတို့အပေါ်အဓိပ္ပာယ်ဖွင့်ဆိုမှုများမှာလည်း အချိန်ကြာလာသည်နှင့်အမျှ အခြေခံဥပဒေရေးဆွဲသူများ၏ မူလရည်ရွယ်ချက်များနှင့် အလွန်ကွဲပြားခြားနားစွာ အဓိပ္ပာယ်ဖွင့်ဆိုမှု ဖြစ်လာနိုင်သည်။ တိုတောင်းသော အခြေခံဥပဒေများသည် မတူညီသော အစိုးရအဆင့်များအတွက် အာဏာခွဲဝေမှု အသေးစိတ်စာရင်း ဖော်ပြထားသော အခြေခံဥပဒေများထက်ပို၍ ပြောင်းလွယ်ပြင်လွယ် ရှိနိုင်သည်။

ရေးဆွဲရာတွင် မည်သည့်အရာများကို အခြေခံဥပဒေအတွင်း ထည့်သွင်းမည် သို့မဟုတ် သာမန်ဥပဒေများတွင် ထည့်သွင်းရန် ချန်ထားခဲ့မည် စသည်ဖြင့် အမြောက်အများ ရွေးချယ်စရာရှိသည်။ ၎င်းသည် အဓိကကျသော အခြေ အတင်ဆွေးနွေးမှုများကို ဦးတည်စေသည် အဘယ်ကြောင့်ဆိုသော် အရေးဆိုသူများက အခြေခံဥပဒေတွင် ထည့်သွင်း ပြဌာန်းခြင်းဖြင့် ၎င်းတို့အား သင်္ကေတမြောက်အသိအမှတ်ပြုရန် သို့မဟုတ် အခြေခံဥပဒေအရ အကာ

အကွယ်ပေးသည့် အကာအကွယ်ရရန် သို့မဟုတ် နှစ်မျိုးစလုံးရရှိရန် ကြိုးစားနိုင်သောကြောင့် ဖြစ်သည်။ အခြေခံဥပဒေတွင် နိုင်ငံအတွင်းမှလူများကို ခွဲခြားခြင်း သို့မဟုတ် ပေါင်းစည်းခြင်းများ ပြုလုပ်ရာတွင် နိုင်ငံဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုမှု၊ လူနည်းစုတိုင်းရင်းသားများအား အသိအမှတ်ပြုမှု၊ ဘာသာစကားရပိုင်ခွင့်များနှင့် ယုံကြည်ကိုးကွယ်မှုတို့နှင့်ဆိုင်သည့် အခြေခံဥပဒေပြဋ္ဌာန်းချက်များသည် အလွန်အရေးပါနိုင်သည်။ မကြာသေးမီကမှ ရေးဆွဲလာသော အခြေခံဥပဒေများတွင် လူမှုရေးဆိုင်ရာရပိုင်ခွင့်နှင့် စီးပွားရေးဆိုင်ရာ ရပိုင်ခွင့်များနှင့်ပတ်သက်၍ ရှုပ်လျားသောအခန်းများ ပိုမိုပါဝင်လာသည်။ အကောင်းဆုံး အနေအထားကိုပြောရလျှင် အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ အားလုံးသဘောတူညီမှု ရယူသင့်သည်။ အဘယ်ကြောင့် ဆိုသော် ၎င်းသည် အခြေခံအကျဆုံးဥပဒေဖြစ်သောကြောင့် ဖြစ်သည်။ ထိုအချက်ကြောင့်ပင် အခြေခံဥပဒေပြင်ဆင်ခြင်းအတွက် အထူးကန့်သတ်ထားသော ဝင်ပေါက်သဖွယ် သတ်မှတ်ချက်များထားရှိခြင်း ဖြစ်သည်။

## အခြေခံဥပဒေဆိုင်ရာ အနည်ညာတစီရင်ဆုံးဖြတ်ခြင်း

ဖက်ဒရယ်နိုင်ငံများတွင် လွတ်လပ်စွာရပ်တည်သော အစိုးရနှစ်ဆင့်ရှိသောကြောင့် ၎င်းတို့၏ အခြေခံဥပဒေဆိုင် ရာ လုပ်ပိုင်ခွင့်အသီးသီးနှင့်ပတ်သက်၍ ဖြစ်နိုင်လာသော အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက်အခြေခံဥပဒေဆိုင်ရာအနည်ညာတစီရင်မှု (အဆုံးအဖြတ်ပေးမည့် ခုံရုံး) လိုအပ်လာသည်။ ၎င်းတာဝန်ကို များသောအားဖြင့် တရားရုံးသို့ အပ်နှင်းသည်။

ဖက်ဒရယ်အခြေခံဥပဒေသည်အစိုးရနှစ်ရပ်ကိုပေးထားသောတရားဝင်အခွင့်အာဏာများနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသော အငြင်းပွားမှုများအားဖြေရှင်းရန် နည်းလမ်းကို ပေးထားရသည်။ နိုင်ငံသားတစ်ဦးဖြစ်စေ၊ ကုမ္ပဏီတစ်ခု ဖြစ်စေ ဝိရောဓိဖြစ်နေသော ဥပဒေနှစ်ခုအနက် တစ်ခုကိုသာ လိုက်နာနိုင်ပေလိမ့်မည်။ ဥပဒေဆိုင်ရာ အငြင်းပွားမှုများသည် အောက်ပါအတိုင်း နည်းလမ်းအမျိုးမျိုးဖြင့် ထွက်ပေါ်လာနိုင်သည် –

- အစိုးရနှစ်ရပ်စလုံးတွင် ကိစ္စရပ်တစ်ခုအတွက် ပူးပေါင်းကျင့်သုံးရမည့် အခွင့်အာဏာ (concurrent) ရရှိထားသည့်အခါမျိုးတွင် ဝိရောဓိဖြစ်လာပါက အစိုးရတစ်ရပ်၏ ဥပဒေများကသာ လွှမ်းမိုးရမည်ဖြစ်ရာ အခြေခံဥပဒေတွင် မည်သည့်အစိုးရက လွှမ်းမိုးခွင့်အာဏာရှိသည်ကို ဖော်ပြထားရသည်။ ပုံမှန်အားဖြင့် ဗဟိုအစိုးရ၏ ဥပဒေအာဏာက လွှမ်းမိုးရမည်ဖြစ်သော်လည်း ခြွင်းချက်များရှိသည် (ဥပမာ ကနေဒါတွင် ပင်စင်ကိစ္စ၌ ပြည်နယ်ဥပဒေအာဏာက လွှမ်းမိုးနိုင်သည်)။
- ဝိရောဓိဖြစ်နေသော ဥပဒေများကို အစိုးရနှစ်မျိုးစလုံးက ပြဋ္ဌာန်းနိုင်ပြီး ၎င်းတို့၏ ဥပဒေများသည် ထူးခြားသော အခွင့်အာဏာများဖြင့် ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ကာကွယ်လေ့ရှိကြသည်။ ဥပမာအားဖြင့် ဗဟိုအစိုးရက ပြည်တွင်းကုန်သွယ်ရေးကဏ္ဍအတွက် အခွင့်အာဏာရရှိထားပြီး ကိုယ်စားပြုဒေသအစိုးရများက အခြေပစ္စည်းနှင့်ဆိုင်သောအခွင့်အာဏာရရှိထားသောအခါမျိုးတွင် အဆိုပါကဏ္ဍနှစ်ခုနှင့် ဆက်စပ်နေသော ဥပဒေများပြုကြရာတွင် အဆိုပါဥပဒေများသည် တစ်ခုနှင့်တစ်ခု

ဝိရောဓိဖြစ်နေသည် ဆိုပါစို့။ ယင်းသို့သောဖြစ်ရပ်တွင် ဝိရောဓိဖြစ်သဖြင့် အငြင်းပွားမှုကို ဖြေရှင်းရာ၌ မည်သည့်အာဏာ (ပြည်တွင်းကုန်သွယ်ရေး သို့မဟုတ် အခြေပစ္စည်း) က ပိုမိုသက်ဆိုင်မှုရှိသည်ဆိုသည်ကို ဆုံးဖြတ်ပေးရန် လိုအပ်သည်။

- တစ်ခါတစ်ရံတွင် ဥပဒေနှစ်ခုအကြား ဝိရောဓိမဖြစ်သော်လည်း အစိုးရတစ်ရပ် သို့မဟုတ် ပုဂ္ဂလိက အကျိုးစီးပွားတစ်ခုက အခြားအစိုးရမှ အတည်ပြုသော ဥပဒေကို တရားဝင်လုပ်ပိုင်ခွင့်ဘောင်ထက် ကျော်လွန်သည်ဟူသော အချက်အပေါ် အခြေခံ၍ကန့်ကွက်မှုရှိနိုင်သည်။ တစ်ခါတစ်ရံတွင်မူ အတည်ပြုသောဥပဒေသည် အခြေခံဥပဒေအရပြဋ္ဌာန်းထားသော ရပိုင်ခွင့်ကို ချိုးဖောက်သည်ဟူသော အချက်ပေါ်တွင် အခြေခံ၍ ကန့်ကွက်မှု ရှိနိုင်သည်။
- တစ်ခါတစ်ရံတွင်မူ အတည်ပြုသော ဥပဒေသည် အခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော ရပိုင်ခွင့်ကို ချိုးဖောက်သည်ဟူသော အချက်ပေါ်တွင် အခြေခံ၍ ကန့်ကွက်မှု ရှိနိုင်သည်။

အားကောင်းပြီး ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသော တရားစီရင်ရေးသည် တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးလှသည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် တရားစီရင်ရေး၊ တိတိကျကျဆိုရသော် တရားရုံးချုပ် သို့မဟုတ် အခြေခံဥပဒေခုံရုံးသည် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် အမြင့်ဆုံးအာဏာရရှိထားသည်။ ယင်းကဲ့သို့သော အငြင်းပွားမှုများကို ဖြေရှင်းရာ၌ တရားရုံးချုပ်အနေဖြင့် တစ်ခါတစ်ရံတွင် အာဏာရှိသောအစိုးရက အရေးကြီးသည်ဟု ယူဆထားသော ဆောင်ရွက်ချက် (သို့) ဥပဒေကို ပယ်ချရန် ခက်ခဲသော အနေအထားကိုလည်း ကြုံတွေ့ရတတ်သည်။ အခြေခံဥပဒေနှင့်ပတ်သက်သည့် နောက်ဆုံးအနဋ္ဌာတဆုံးဖြတ်ချက်ခွင့်အာဏာအားလုံးကို တရားရုံးချုပ်သို့ ပေးထားခြင်းမရှိသော ဖက်ဒရယ်နိုင်ငံနှစ်ခုရှိသည်။ အဆုံးစွန် အချုပ်အချာအာဏာသည် လူထုအပေါ်တွင် တည်မှီသည်ဟူသော အယူအဆကိုအခြေခံထားသော ဆွစ်ဖက်ဒရေးရှင်းသည် အပြိုင်အဆိုင်ဖြစ်နေသောဖက်ဒရယ် (Canton မဟုတ်) ဥပဒေများ၏ အကြုံးဝင်မှုကို ဆန္ဒခံယူပွဲဖြင့် အဆုံးအဖြတ်ပေးသည်။ အီသီယိုးပီးယားတွင် ပြည်နယ်လွှတ်တော်များက ရွေးချယ်တင်မြှောက်သော House of Federation သည် အမြင့်ဆုံးအခွင့်အာဏာရှိ သည်။ တရားသူကြီးများထံမှ အကြံဉာဏ်ကိုမူ ရယူရသည်။

## ဖက်ဒရယ်မဟုတ်သော အရေးပေါ်နှင့် အထူးအခွင့်အာဏာများ

ဖက်ဒရယ်နိုင်ငံအချို့တွင် ဗဟိုအစိုးရသို့မဟုတ် အစိုးရအကြီးအကဲသည် အရေးပေါ်အခြေအနေကဲ့သို့ အထူးအခြေအနေများတွင် ပုံမှန်အခြေခံဥပဒေဆိုင်ရာ အစီအစဉ်များကို လွှမ်းမိုးနိုင်သည်။ အကန့်အသတ်ရှိသော အခြေအနေမျိုးတွင် ယင်းကဲ့သို့ လွှမ်းမိုးနိုင်မှုသည် မှန်ကန်သည်ဟု အကြောင်းပြနိုင်သော်လည်း အခြေခံဥပဒေနှင့် အညီ တက်လာသောအစိုးရ၏ လုပ်ဆောင်မှုကို ရှောင်ရန်အတွက် ထိုအာဏာကို အလွဲသုံးမှု ဖြစ်လာနိုင်သည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုကြောင့် ယင်းကဲ့သို့ အာဏာအသုံးပြုမှုကို ကန့်သတ်

ထားခြင်း သို့မဟုတ် လုံးဝအသုံးမပြုတော့ခြင်းကို တွေ့ရှိရသည်။

အချို့ဖက်ဒရယ်နိုင်ငံများတွင် ၎င်းတို့၏ ဗဟိုအစိုးရများက ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာကို စွက်ဖက်နိုင်သည့် အထူးအခွင့်အာဏာများရယူထားသောကြောင့် ဖက်ဒရယ်တစ်ပိုင်းဟု ဆိုနိုင်သည်။ အဆိုပါအာဏာများသည် ဗဟိုအစိုးရက ကိုယ်စားပြုဒေသ အစိုးရကို ရပ်ဆိုင်းနိုင်သော အရေးပေါ်အာဏာပုံစံမျိုးဖြစ်သည်။ အဆိုပါအာဏာများမှာ အထွေထွေညွှန်ကြားချက်ပေးနိုင်သည့် အခွင့်အာဏာ သို့မဟုတ် ရပ်ဆိုင်းခွင့်အာဏာ သို့မဟုတ် ခွင့်ပြုချက်ရုတ်သိမ်းခွင့်အာဏာစသည်တို့ဖြစ်နိုင်သည်။ ဖြစ်ရပ်တစ်ခုတိုင်းတွင် ထိုသို့သောအာဏာကို ဗဟိုအစိုးရ၏ အသုံးပြုမှုအပေါ်မည်သို့သော အခြေခံဥပဒေဆိုင်ရာနည်းလမ်းများဖြင့် ကန့်သတ်မှုများပြုလုပ်မည်နည်းဟူသော မေးခွန်းရှိနိုင်သည်။ အရေးပေါ်ဆိုသည်ကို အဆုံးအဖြတ်ရာတွင် ခုံရုံးများ၏ကဏ္ဍဖြစ်သည် သို့မဟုတ် ယင်းကဲ့သို့ အာဏာကို အသုံးပြုရန် လွှတ်တော်၏ သဘောထားကိုရယူရန် လိုအပ်သည်ဟု သတ်မှတ်ထားနိုင်သည်။ သို့သော်လည်း အကယ်၍ အစိုးရအကြီးအကဲ၏မဟာမိတ်များက လွှတ်တော်ကို ထိန်းချုပ်ထားပါက ထိရောက်မှုအကန့်အသတ်ရှိနိုင်သည်။ တောင်အာဖရိကနိုင်ငံ၏ အခြေခံဥပဒေသည် ထိုကဲ့သို့သော အာဏာများကို အလွဲမသုံးနိုင်အောင် ကာကွယ်ထားရာ၌ တိုးတက်မှုအရှိဆုံးဟု ဆိုနိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ ကနေဒါနှင့် အိန္ဒိယကဲ့သို့မူလက ဖက်ဒရယ်တစ်ပိုင်းနိုင်ငံများသည် ယင်းကဲ့သို့ အာဏာများကို တဖြည်းဖြည်းအသုံးမပြုကြတော့ပေ။ သို့ရာတွင် အာဂျင်တီးနားကဲ့သို့သော ဖက်ဒရယ်နိုင်ငံအချို့တွင် ၎င်းအာဏာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြဆဲဖြစ်ခြင်းကြောင့် ဖက်ဒရယ်ကို အားနည်းစေသည်။

**ဖက်ဒရယ်နိုင်ငံအချို့မှ အရေးပေါ်အာဏာနှင့် လွှမ်းမိုးပယ်ဖျက်နိုင်သော အာဏာများ**

အခြေခံဥပဒေအရ ကနေဒါဗဟိုအစိုးရသည် ပြည်နယ်များ၏ ဥပဒေများကို ပြဌာန်းခြင်းမပြုမီ ခွင့်ပြုချက်ရုတ်သိမ်းနိုင်ပြီး လုပ်ဆောင်မှုမှန်သမျှကို ဖက်ဒရယ်က လုပ်ဆောင်မည် သို့မဟုတ် ဖက်ဒရယ်ကတာဝန်ယူမည်ဟုကြေညာနိုင်သည်။ လက်တွေ့တွင်မူ ၎င်းအာဏာများကို အသုံးပြုခြင်းမရှိတော့ပေ။ အိန္ဒိယနိုင်ငံတွင် ပြည်နယ်အစိုးရကို သမ္မတ၏ အဆုံးအဖြတ်ဖြင့် ဖယ်ရှားခြင်း၊ အစားထိုးခြင်း ပြုလုပ်နိုင်သည်။ ၎င်းအာဏာသည် အရေးပေါ် သို့မဟုတ် အခြေခံဥပဒေ အစိုးရတစ်ရပ် ပျက်ပြားသွားသော အခြေအနေအတွက် ရည်ရွယ်ခြင်းဖြစ်သော်လည်း ပါတီစွဲဖြင့် အသုံးပြုခဲ့သောကြောင့် ယခုအခါတရားရုံးများနှင့် အိန္ဒိယနိုင်ငံရေးနယ်ပယ်က ချမှတ်သည့် ကြီးလေးသောစည်းကမ်းချက်များကိုလိုက်နာလာကြရသည်။ နိုက်ဂျီးရီးယားတွင် အခြေခံဥပဒေသစ်အရ သမ္မတက ပြည်နယ်တွင် အရေးပေါ်အခြေအနေ ကြေညာကာ ပြည်နယ်အစိုးရကို ကာလတစ်ခု ယာယီရပ်ဆိုင်းခွင့်ရှိပြီး ယင်းကဲ့သို့တစ်ကြိမ်ဖြစ်ပေါ်ခဲ့ဖူးသည်။ ရုရှားတွင် သမ္မတက နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုကို အရေးပေါ်အခြေအနေကြေညာရန်နှင့် အခြေခံဥပဒေ၊ ဖက်ဒရယ်ဥပဒေ၊ သဘောတူစာချုပ်၊ လူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များနှင့် ကိုက်ညီခြင်းမရှိသော ပြည်နယ်များ၏ ဥပဒေများကို ရပ်ဆိုင်းရန် ကျယ်ပြန့်သော အခွင့်အာဏာရရှိထားသည်။ အာဂျင်တီးနားတွင်မူ ပြည်နယ်ရေးရာများကို ဖက်ဒရယ်အစိုးရက ကြားဝင်စွက်ဖက်မှု ၁၇၅

ကြိမ်ကျော် ရှိခဲ့သော်လည်း ပြည်နယ်အစိုးရကို ဖယ်ရှားခြင်းမှာမူ နိုင်ငံရေးကိစ္စဟု ယူဆရသောကြောင့် တရားရုံးများက အဆုံးအဖြတ်ပေးရန် ငြင်းဆန်ခဲ့ကြသည်။ ပါကစ္စတန်တွင် ဖက်ဒရယ်အစိုးရကပြည်နယ်ဝန်ကြီးချုပ်များကိုအမည်တင်သွင်းခြင်း၊ပြည်နယ်လွှတ်တော်အား ဝန်ကြီးချုပ်က ဖျက်သိမ်းမှုကို အတည်ပြုပေးခြင်း၊ ယာယီပြည်နယ်အစိုးရများ ခန့်အပ်ခြင်း၊ ပြည်နယ်များသို့ အမိန့်ညွှန်ကြားချက်များပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။ တောင်အာဖရိက နိုင်ငံ၏အခြေခံဥပဒေတွင် ဗဟိုအစိုးရအားပြည်နယ်များသို့ အမိန့်ညွှန်ကြားချက်များပေးရန်နှင့် ပြည်နယ်အစိုးရက အခြေခံဥပဒေအရပေးထားသော တာဝန်ဝတ္တရားများကို မထမ်းဆောင်နိုင်သည့်အခါမျိုးတွင် ပြည်နယ်အစိုးရ၏ တာဝန်ဝတ္တရားများကို တိုက်ရိုက်လက်ခံ ဆောင်ရွက်ရန် ခွင့်ပြုထားသည်။ သို့ရာတွင် ၎င်းတာဝန်ကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက အထက်လွှတ်တော်သို့ တင်ပြကာ လွှတ်တော်၏ ခွင့်ပြုချက်နှင့် ပုံမှန်သုံးသပ်စစ်ဆေးမှုတို့ကို ရယူရန် လိုအပ်သည်။

## အခြေခံဥပဒေပြင်ဆင်ခြင်း

ဖက်ဒရယ်အခြေခံဥပဒေများတွင် အခြေခံဥပဒေပြင်ဆင်ရန်အတွက် အထူးလုပ်ထုံးလုပ်နည်းများနှင့် အများစု ထောက်ခံရန် လိုအပ်ချက်များရှိပြီး များသောအားဖြင့် လွှတ်တော်များသို့မဟုတ် ကိုယ်စားပြုဒေသများမှ ပြည်သူများ၏ သဘောတူညီမှုများ အတိုင်းအတာတစ်ခုထိ လိုအပ်သည်။ အကျိုးဆက်အားဖြင့် အခြေခံဥပဒေများသည် ပြင်ဆင်ရန် ခက်ခဲလေ့ရှိသည်။ ထို့ကြောင့် ဖက်ဒရယ်နိုင်ငံများကို ပြောင်းလဲနေသော အခြေအနေများနှင့် အံဝင်ခွင်ကျရှိစေရန် ပုံမှန်အခြေခံဥပဒေပြင်ဆင်ခြင်းလမ်းကြောင်းအစား အခြားနည်းလမ်းများကိုရှာဖွေလာကြသည်။

ဒီမိုကရေစီနိုင်ငံများတွင် များသောအားဖြင့်အခြေခံဥပဒေပြင်ဆင်ရန် အထူးလုပ်ထုံးလုပ်နည်းများနှင့် အများစုထောက်ခံရန် လိုအပ်ချက်များရှိသည်။ ဤအချက်သည် ဖက်ဒရယ်နိုင်ငံများအတွက် အထူးကို မှန်ကန်သည်။ ဖက်ဒရယ်နိုင်ငံများတွင် ဖက်ဒရယ်၏ မူသည် အခြေခံဥပဒေပြင်ဆင်ရေးတွင် ကိုယ်စားပြုဒေသများကို အခန်းကဏ္ဍတစ်ခုမှ ပါဝင်စေရန် ဦးတည်ထားရာ အထူးသဖြင့် ယခင်က တစ်ပြည်ထောင်နိုင်ငံကို ဆန့်ကျင်၍ ဖက်ဒရယ်နိုင်ငံ အဖြစ်စုဖွဲ့ခဲ့သော နိုင်ငံများအတွက် ပို၍ကိုက်ညီသည်။ ဖက်ဒရယ်နိုင်ငံများသည် ကိုယ်စားပြုဒေသများအား ၎င်းတို့အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသောကိစ္စများ၊ အထူးသဖြင့် ၎င်းတို့၏ နယ်နမိတ်များပြောင်းလဲခြင်း သို့မဟုတ် အခြားပြည်နယ်နှင့်ပေါင်းစည်းခြင်းကဲ့သို့ ကိစ္စများတွင် အဆုံးစွန်ဗီတိုအာဏာကို ပေးထားလေ့ ရှိသည်။ ဖက်ဒရယ်နိုင်ငံများတွင် ကိုယ်စားပြုဒေသအားလုံး၏ အာဏာကို ပြင်ဆင်ရာ၌ သဘောတူညီမှုအတိုင်းအတာမည်မျှအထိ လိုအပ်သည်ဟူသောအချက်တွင်ကြီးကြီးမားမားကွဲလွဲမှုရှိသည်။အများစုထောက်ခံမှုထက်ပိုရန်မလိုဟူသော သတ်မှတ်ချက်မှသည် အားလုံးနီးပါး၏ သဘောတူညီမှုရယူရန်လိုသည်ဟူသော သတ်မှတ်ချက်မျိုးအထိ အမျိုးမျိုးကွဲပြားနိုင်သည်။ အခြေခံဥပဒေပြင်ဆင်ရေးအတွက် သဘောတူညီမှုများ ရယူရာတွင် များသောအားဖြင့် လွှတ်တော်များနှင့် အစိုးရများ ပါဝင်ပတ်သက်လေ့ရှိသော်လည်း အများစုသဘောတူညီမှု သို့မဟုတ် ဆန္ဒခံယူပွဲဖြင့် ရယူသော စပါယ်ရှယ်အများစု၏

ထောက်ခံမှုကို လည်း လိုအပ်နိုင်သည်။ ထို နည်းတူစွာပင် ကိုယ်စားပြုဒေသများသည် ၎င်းတို့အပေါ်တိုက်ရိုက်သက်ရောက်မှုမရှိသော ပြင်ဆင်မှုများတွင် အခန်းကဏ္ဍအနည်းငယ်သာ ပါဝင်ပတ်သက်ခြင်း သို့မဟုတ် လုံးဝမပတ်သက်ခြင်းတို့ ရှိနိုင်သည်။ ကိုယ်စားပြုဒေသများသည် ၎င်းတို့၏ ကိုယ်ပိုင်အခြေခံဥပဒေကို ဖက်ဒရယ်အခြေခံဥပဒေက ခွင့်ပြုသော ဘောင်အတွင်းမှ ပြင်ဆင်ပြောင်းလဲလျှင် များသောအားဖြင့် လွတ်လပ်စွာ ပြင်ဆင်နိုင်သည်။ ပြင်ဆင်ရန် စည်းမျဉ်းများသည် များသောအားဖြင့် အခြေခံဥပဒေကို ပြင်ဆင်ရန် ခက်ခဲအောင်ပြုလုပ်ထားလေ့ရှိပြီး အခြေခံဥပဒေပြင်ဆင်ရေးနှင့် ဆိုင်သည့်နိုင်ငံရေးသည် အလွန်ကွဲပြားခြားနားမှုရှိသည် ဆိုသည်မှာ သက်သေပြရန် လွယ်ကူလှသည်။ ထိုအကျိုးဆက်ကြောင့် ဖက်ဒရယ်နိုင်ငံများသည် အခြေခံဥပဒေကို ပြင်ဆင်ရန် အခြားနည်းလမ်းများကို ရှာဖွေလာကြသည်။

### ဖက်ဒရယ်နိုင်ငံအချို့တွင် အခြေခံဥပဒေပြင်ဆင်ခြင်း

အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေသည် ပြင်ဆင်ရန်အတွက် အမျိုးသားအဆင့် လွှတ်တော်နှစ်ရပ်စလုံးတွင် သုံးပုံနှစ်ပုံထောက်ခံမှုနှင့် ပြည်နယ်လွှတ်တော်များမှ လေးပုံသုံးပုံ ထောက်ခံမှုလိုအပ်သည်။ ဘရာဇီးတွင် လွှတ်တော်နှစ်ရပ်၏ ၆၀ ရာခိုင်နှုန်းထောက်ခံရန် လိုအပ်သော်လည်း အသေးစားပြည်နယ်များမှ အမတ်များ၏ အရေးပါမှုကြောင့် သတ်မှတ်ဝင်ပေါက်မြင့်မားသည်ဟု ဆိုနိုင်သည်။ စပိန်တွင် လွှတ်တော်နှစ်ရပ်စလုံး၏ အထူးလူများစု ထောက်ခံမဲကို လိုအပ်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အသိုင်းအဝိုင်းများ၏ အခန်းကဏ္ဍမရှိပေ။ ဩစတြေးလျားတွင် ပုံမှန်အားဖြင့် အောက်လွှတ်တော်၏ အထူးလူများစု ထောက်ခံမှု (သို့) ဆန္ဒခံယူပွဲတွင် လူထုထောက်ခံမှုကို လိုအပ်သည်။ ဘယ်လ်ဂျီယံတွင် ဗဟိုချုပ်ကိုင်မှု မရှိသော်လည်း လွှတ်တော်နှစ်ရပ်စလုံး၏ သုံးပုံနှစ်ပုံထောက်ခံမှုကို ရယူရမည့် ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းကို ချမှတ်ထားသည် (ထို့ကြောင့် အဓိကအသိုင်းအဝိုင်းနှစ်ခုစလုံးထံမှ ကျယ်ပြန့်သော သဘောထားလိုအပ်သည်)။ ရုရှားနိုင်ငံတွင် လွှတ်တော်နှစ်ရပ်စလုံး၏ အထူးလူများစု ထောက်ခံမှုနှင့် နိုင်ငံသားသုံးပုံနှစ်ပုံ၏ ထောက်ခံမှု လိုအပ်သည်။ တောင်အာဖရိကနိုင်ငံတွင် အောက်လွှတ်တော်၏အထူးလူများစုထောက်ခံမှုအပြင်၊ သက်ရောက်မှုရှိသောပြင်ဆင်ချက်နှင့်ပတ်သက်၍ပြည်နယ် ၉ ခုအနက် ၆ ခု၏ထောက်ခံမှုကိုပါ လိုအပ်သည်။ ဩစတြေးလျနိုင်ငံသည် ဖက်ဒရယ်အခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်သည့် ဆန္ဒခံယူပွဲတွင် နှစ်ဆရှိသော အများစု ထောက်ခံမှုနှင့် ပြည်နယ် ၆ ခုအနက် ၄ ခုတွင် လူများစု ထောက်ခံမှုတို့ကို လိုအပ်သည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် အခြေခံဥပဒေ၏ မတူညီသော ပုဒ်မအမျိုးမျိုးအတွက် မတူညီသော ပြင်ဆင်ရေး စည်းမျဉ်းအမျိုးမျိုးရှိသည်။ ကနေဒါသည် အနည်းဆုံးစည်းမျဉ်းငါးမျိုးရှိပြီး အချို့ကိစ္စများတွင် တစ်ခဲနက်သ ဘောတူထောက်ခံမှုကို လိုအပ်သည်။ အိန္ဒိယနိုင်ငံတွင်လည်း ပုဒ်မအမျိုးမျိုး အတွက်စည်းမျဉ်းအမျိုးမျိုးရှိရာ ပြည်နယ်များ၏နယ်နမိတ်များကိုပြင်ဆင်ရန် လိုအပ်လိမ့်မည်ဟု မျှော်မှန်းကာ ပြည်နယ် နယ်နမိတ်များ ပြင်ဆင်ရာတွင် ပြည်နယ်များ ပါဝင်ပတ်သက်ခြင်း မရှိစေရန် လုပ်လေ့လုပ်ထမရှိသော စည်းမျဉ်းကို ပြဋ္ဌာန်းထားသည်။

## ဖက်ဒရယ်အခြေခံဥပဒေများတွင် ပါရှိသော ရပိုင်ခွင့်များ

ဖက်ဒရယ်နိုင်ငံအများစု၏အခြေခံဥပဒေများတွင်ဥပဒေများ သို့မဟုတ်အစိုးရများ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ကိုးကားရမည့် ရပိုင်ခွင့်များနှင့်ဆိုင်သော ပြဋ္ဌာန်းချက်များရှိသည်။ ၎င်းရပိုင်ခွင့်များသည် နိုင်ငံရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ လူမှုဆိုင်ရာ၊ ဘာသာဗေဒဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အစရှိသည့် ရပိုင်ခွင့်များ ဖြစ်နိုင်သည်။ ၎င်းရပိုင်ခွင့်များကို ဖက်ဒရယ်နိုင်ငံတစ်လွှားတွင် ညီညီမျှမျှအသုံးပြုနိုင်သည် သို့မဟုတ် ကိုယ်စားပြုဒေသတစ်ခု သို့မဟုတ် လူမျိုးတစ်ခုအတွက် သီးသန့်ရပိုင်ခွင့်တစ်ခုကိုဖြစ်စေ ကျင့်သုံးနိုင်သည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် ရပိုင်ခွင့်များကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ခုံရုံးများ၏ ပင်မအခန်းကဏ္ဍတစ်ခုဖြစ်သည်။

ဖက်ဒရယ်နိုင်ငံများသည် အစိုးရနှစ်ရပ်အား အာဏာများခွဲဝေပေးခြင်းအပေါ်တွင် အခြေခံထားသော်လည်း အဆိုပါအာဏာများကို အခြေခံဥပဒေတွင် ဖော်ပြထားသော ရပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် ကန့်သတ်ထားသည်။ သို့ဖြစ်ရာ ရာဇဝတ်မှုဥပဒေနှင့်ပတ်သက်သည့် ဥပဒေပြုအာဏာကို အမျိုးမျိုးသော ဥပဒေဆိုင်ရာ ရပိုင်ခွင့်များက ကန့်သတ်ထားသလို ရှိသည်။ ပညာရေးနှင့်ပတ်သက်သည့် ဥပဒေပြုအာဏာကိုလည်း အချို့အသိုင်းအဝိုင်းများအနေဖြင့် ကျောင်းများတွင် ၎င်းတို့၏ ဘာသာစကား သို့မဟုတ် ဘာသာရေးဖြင့် ပညာသင်ခွင့်ရှိသည့် အခြေခံဥပဒေရပိုင်ခွင့်က ကန့်သတ်မှုပြုထားသလိုဖြစ်နိုင်သည်။ ယင်းကဲ့သို့သော အခြေခံဥပဒေတွင် ခိုင်ခိုင်မာမာ ပြဋ္ဌာန်းထားသော ရပိုင်ခွင့်များသည် ဖက်ဒရယ်ညှိနှိုင်းမှု သို့မဟုတ် သဘောတူညီချက်များ၏ အရေးပါသော အစိတ်အပိုင်းဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် ဖက်ဒရယ်နိုင်ငံအဖြစ်ဖန်တီးသည့်အခါ ဗဟိုအစိုးရနှင့် ကိုယ်စားပြုဒေသအစိုးရများထံ အာဏာများကို လွှဲပြောင်းပေးသည့်အခါ ထိုပြဋ္ဌာန်းချက်များက အာဏာကို အပြည့်အဝအသုံးပြု၍ မရနိုင်အောင် အကာအကွယ်ပေးထားသလိုဖြစ်နေခြင်းကြောင့် ဖြစ်သည်။

ဤနေရာတွင် လူနည်းစုရပိုင်ခွင့်များကို အကာအကွယ်ပေးမှုများသည် အထူးအရေးကြီးသည်။ အခြေခံဥပဒေများသည် တိုင်းပြည်တစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အဓိကသင်္ကေတများဖြစ်ပြီး ရပိုင်ခွင့်နှင့်ဆိုင်သော ပြဋ္ဌာန်းချက်များသည် လူထုအတွက် သီးသန့်ကို အရေးပါသည်။ လူနည်းစုရပိုင်ခွင့်များနှင့်ဆိုင်သော ပြဋ္ဌာန်းချက်များသည် အထူးသဖြင့် နိုင်ငံတစ်ခုအတွင်း ဂုဏ်ယူဝင့်ကြွားမှုနှင့် စည်းလုံးညီညွတ်မှု၏ ဖစ်မြစ်ဖြစ်နိုင်သကဲ့သို့ သဘောကွဲလွဲမှု၏ ဖစ်မြစ်လည်းဖြစ်နိုင်သည်။ ဖက်ဒရယ်နိုင်ငံတစ်ခုတွင် ရပိုင်ခွင့်နှင့်ဆိုင်သော ပြဋ္ဌာန်းချက်အများစုသည် အစိုးရအဆင့်ဆင့်အားလုံးအတွက် ညီညီမျှမျှ ကျင့်သုံးလေ့ရှိသော်လည်း အချို့ပြဋ္ဌာန်းချက်များ၊ အထူးသဖြင့် လူနည်းစုရပိုင်ခွင့်များသည် မတူညီသော အစိုးရများအလိုက် ကျင့်သုံးမှုသိသိသာသာကွဲပြားခြားနားမှု ရှိနိုင်သည်။ ထိုနည်းတူ အချို့ကိုယ်စားပြုဒေသများတွင် ကိုယ်ပိုင်အခြေခံဥပဒေများရှိကြပြီး ၎င်းတို့တွင်ပါဝင်သော ရပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည် နိုင်ငံအဆင့်အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့် ကွဲလွဲနေသည်များ ရှိတတ်သည်။

အခြေခံဥပဒေတွင် ရေးသားထားသော ရပိုင်ခွင့်အမျိုးအစားများနှင့် ၎င်းတို့ကို

ဖော်ပြထားပုံနည်းလမ်းများသည် အမျိုးမျိုး စုံလင်ကွဲပြားမှုရှိသည်။ မပါမဖြစ်ရပိုင်ခွင့်များမှာ နိုင်ငံရေး (လွတ်လပ်စွာ ပြောဆိုခွင့်၊ စုဝေးခွင့်၊ ကိုးကွယ်ခွင့်နှင့် သတင်းစာလွတ်လပ်ခွင့်) နှင့် ဥပဒေကြောင်း (မတရားဖမ်းဆီးမှု၊ ချုပ်နှောင်မှုမရှိစေရန် ကာကွယ်ပေးခြင်းနှင့် မျှတသော တရားစီရင်မှု) တို့နှင့်ဆိုင်သော ရပိုင်ခွင့်များဖြစ်သည်။ စီးပွားရေးနှင့်ဆိုင်သော (အခြေပစ္စည်း) ရပိုင်ခွင့်လည်းပါဝင်နိုင်သည်။ ထို့အပြင် အချို့ဖက်ဒရယ်အခြေခံဥပဒေများတွင် သီးခြားဘာသာစကားနှင့်ကိုးကွယ်မှုများ (ရုံးသုံးဘာသာစကား၊ ဘာသာရေးစာသင်ကျောင်းများ) နှင့် သက်ဆိုင်သည့် သီးသန့်ရပိုင်ခွင့်များကို ထည့်သွင်းထားကြသည်။ အချို့အခြေခံဥပဒေများတွင် တန်းတူညီမျှ ရပိုင်ခွင့်များ (မည်သည့်ကိစ္စကို အခြေခံ၍မဆို ခွဲခြားဆက်ဆံမှုမရှိရေး) ကိုလည်း အကာအကွယ်ပေးထားသည်။ အချို့အခြေခံဥပဒေများတွင် စီးပွားရေး၊ လူမှုရေးရပိုင်ခွင့်များနှင့်ဆိုင်သော (အလုပ်အကိုင်ပေးရန်၊ ကျောင်းတက်ခွင့်ရရန်) ရည်မှန်းချက်ကြီးသော ဖော်ပြချက်များပါဝင်ရာ ၎င်းဖော်ပြထားသော ရပိုင်ခွင့်များမှာ အကာအကွယ်ပေးရန်ထက်စာလျှင် ရည်မှန်းချက်များကို ဖော်ပြခြင်းဖြစ်သည်ဟု ရယူမြင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံက ဆင်းရဲသဖြင့် အစိုးရတွင် အကန့်အသတ်များရှိနေသောကြောင့်ဖြစ်သည်။ ဘရာဇီးတွင် ကျေးလက်မိသားစုပိုင်မြေကို အကြွေးဖြင့် မသိမ်းရန်၊ ညဆိုင်းလုပ်အားခများကို များများတိုးမြှင့်ရန် အစရှိသော အလွန်ထူးခြားသည့် ရပိုင်ခွင့်များစွာရှိသည်။ ဌာနေတိုင်းရင်းသားများ သို့မဟုတ် မူရင်းတိုင်းရင်းသားမျိုးနွယ်စုများအတွက် အထူးရပိုင်ခွင့်များကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးသော ဖက်ဒရယ်နိုင်ငံအနည်းငယ်လည်း ရှိသည်။ ဘော့စနီးယား ဟာဇီဂိုးဗီးနား၏ အခြေခံဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေး အစိတ်အပိုင်းများကို ပြည်တွင်းဥပဒေတွင် ထည့်သွင်းရေးဆွဲထားသည်။

ရပိုင်ခွင့်နှင့်ဆိုင်သော ပြဋ္ဌာန်းချက်များအပေါ် ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ဖက်ဒရယ်နိုင်ငံ၏ လုပ်ငန်းဆောင်တာအတွက် အလွန်ကျယ်ပြန့်သော အကျိုးဆက်များရှိသည်။ သက်တမ်းရင့်နေသော အခြေခံဥပဒေများသည် ရပိုင်ခွင့်များနှင့်ပတ်သက်၍ အစဉ်အလာအရ ပါနေကျစာရင်းကို တိုတိုသာဖော်ပြလေ့ရှိကြပြီး သက်တမ်းနုသော (သို့မဟုတ် လတ်တလော ပြင်ဆင်ထားသော) အခြေခံဥပဒေများတွင်မူ အစဉ်အလာ ရပိုင်ခွင့်များသာမကပဲ အဓိကကျသော အုပ်စုများအတွက် အရေးကြီးသော ရပိုင်ခွင့်အမျိုးမျိုးကိုပါ ထည့်သွင်းထားသော စာရင်းအရှည်ကြီးကို ဖော်ပြလာကြသည်။

## တရားရုံးများ၏ အခန်းကဏ္ဍနှင့် လက္ခဏာ

အခြေခံဥပဒေကို ဥပဒေရှုဒေါင့်မှ အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် အရေးကြီးသည့်အလျောက် တရားရုံးများ၏ တရားဝင်မှုသည် သော့ချက်ကျသော ကိစ္စတစ်ခုဖြစ်သည်။ တရားသူကြီးများအား မည်သို့ရွေးချယ်သည်၊ တရားရုံးများ၏ တာဝန်ယူရသည့် အခန်းကဏ္ဍတို့သည် သက်ရောက်မှုများ ပေးသည်။ တရားသူကြီးများသည် လူထုကို တာဝန်ခံခြင်း မရှိသောကြောင့် တရားသူကြီးများ၏ သင့်လျော်သော အခန်းကဏ္ဍနှင့်ပတ်သက်၍ မကြာခဏ အငြင်းအခုန်ဖြစ်လေ့ရှိသည်။ အငြင်းပွားမှု ဖြေရှင်းရေးအတွက် တရားစီရင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို

နိုင်ငံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် ဟန်ချက်ထိန်းပေးရန် လိုအပ်သည်။

ဖက်ဒရယ်နိုင်ငံအများစုတွင် တရားသူကြီးနေရာများ (အထူးသဖြင့် ဗဟိုတရားရုံးများ) အတွက် အရွေးခံသူများကို ပညာရှင်ပီပီသသစွမ်းဆောင်ရည်ရှိမှုအား ဇကာတင်စစ်၍ ရွေးချယ်ကြောင်း သေချာစေရန်အတွက် လုပ်ထုံးလုပ်နည်းများရှိကြသည်။ အချို့နိုင်ငံများ၊ အထူးသဖြင့် သမ္မတများတွင် တရားသူကြီးအမည်စာရင်းတင်သွင်းမှုကို အနည်းဆုံးလွှတ်တော် တစ်ရပ်ရပ်က စစ်ဆေးသုံးသပ်ရန် လိုအပ်သည်။ အချို့သည် ယင်းကဲ့သို့ အမည်စာရင်း တင်သွင်းမှုနှင့်ပတ်သက်၍ ကိုယ်စားပြုဒေသများနှင့် တိုင်ပင်လေ့ရှိကြပြီး တစ်ခါတစ်ရံ သဘော တူညီမှု ရယူရန် လိုအပ်သည်များရှိပါသည်။ ဖက်ဒရယ်နိုင်ငံအချို့တွင် ဗဟိုတရားရုံး၏ တရားသူကြီးရာထူးနေရာများကို သတ်မှတ်သော ကိုယ်စားပြုဒေသများ၊ ဘာသာစကား သို့မဟုတ် ဥပဒေနောက်ခံများ (တရားစီရင်မှုစနစ် တစ်မျိုးထက်ပိုသောနိုင်ငံများတွင်) သို့ တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ခွဲဝေပေးခြင်း ရှိတတ်သည်။ နောက်ဆုံးအနေနှင့် တရားစီရင်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ပုံမှန်အားဖြင့် ခိုင်မာသော သက်တမ်းနှင့် အကာအကွယ် ပေး ထားကြသည်။ တရားသူကြီးတစ်ဦးကို ၎င်း၏သက်တမ်းအတွင်း ဖယ်ရှားရန် အလွန်ခက်ခဲ အောင် ပြုလုပ်ထားသည်။ လစာနှုန်းကောင်းစွာပေးထားခြင်းသည် တရားသူကြီးများအား လာဘ်စားနိုင်သည်ဟူသော သံသယများကို နည်းသွားစေသည်။

တရားသူကြီးများကို အမည် တင်သွင်းရာတွင် နိုင်ငံရေးအရ ရွေးချယ်သည့်ရှုဒေါင့်မျိုး အမြဲတစ်စေရှိသောကြောင့် တရားသူကြီးများကို ရွေးချယ်သူများ၏ နိုင်ငံရေးအမြင်များနှင့် အကြိုက်များက တရားရုံးတစ်ခု၏ ဟန်ချက်ကို လွှမ်းမိုးမှုရှိနိုင်သည်။ အစိုးရအဖွဲ့တွင် နိုင်ငံရေးပါတီများ တစ်လှည့်စီပြောင်းလဲမှုသည် ပိုမိုဟန်ချက်ညီသော တရားရုံးများကို ထွက်ပေါ် လာစေနိုင်ပြီး တချိန်တည်းတွင် ပညာရှင်စွမ်းဆောင်ရည်မြင့်မားမှုရှိသူများကို ရွေးချယ် နိုင်စေမည့် လုပ်ထုံးလုပ်နည်းများလည်းရှိပြီး ဖြစ်သည်။ ဘက်လိုက်သည်ဟု စွပ်စွဲမှုများကို မခံရသည့်တရားရုံးဟူ၍ မရှိသောကြောင့် အငြင်းပွားဖွယ်အမှုများကို ကိုင်တွယ်သောအခါတွင် တရားရုံးများတွင် လေးစားလောက်သည့် အများအသိအမှတ်ပြုမှုနှင့် တရားဝင်မှုတို့ရှိရန် အရေးကြီးသည်။ အချို့ဖက်ဒရယ်နိုင်ငံများသည် ဤကိစ္စတွင် များစွာအောင်မြင်မှုရရှိကြပြီး၊ အချို့နိုင်ငံများတွင်မူ တရားရုံးများ၏ လွတ်လပ်မှု သို့မဟုတ် စွမ်းဆောင်ရည် အားနည်းသည်ဟု ယူဆကြသည်။ အစိုးရပိုင်းမှ ကြီးမားသော လွှမ်းမိုးမှုရှိသည် သို့မဟုတ် လာဘ်ပေးလာဘ်ယူမှု များရှိနိုင်သည်ဟု သံသယဖြစ်ဖွယ်လည်းရှိသည်ဟု ယူဆမှုများလည်းရှိသည်။ သို့သော်လည်း တရားရုံးများကို ဖွဲ့စည်းထားကြပြီး တရားစီရင်မှုစနစ်များသည် သဘောထားကွဲမှုများကြောင့် အုပ်စုများကွဲ စေနိုင်သည့် အမှုကိစ္စရပ်များကို ကိုင်တွယ်ရာတွင် ဖိအားများရှိနိုင်သည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုယ်ဝန်ဖျက်ချခွင့်၊ အများပြည်သူရပိုင်ခွင့်တို့နှင့်ပတ်သက်၍ နိုင်ငံရေးအရ ရပိုင်ခွင့်တောင်းဆိုနေမှုများမှာ နှစ်ခုစလုံးအတွက် တရားရုံးများမှတဆင့်သာ လုပ်ဆောင်နေရပါသည်။ အိန္ဒိယနိုင်ငံ၊ ဒေလီတွင် လေထုညစ်ညမ်းမှုနှင့် မျောက်ကောင်ရေ တိုးပွားမှုကဲ့သို့သော ကိစ္စရပ်များကို စိတ်ပျက်နေသော နိုင်ငံသားများက တရားရုံးများသို့ ပိုမို တိုးမြှင့်တိုင်ကြားလာကြရာထိုသို့သော ကိစ္စရပ်များသည်ပါဝင်သောအကြောင်းအရာများသည်

ဥပဒေနှင့်ဆိုင်သော ကိစ္စထက် မူဝါဒပိုင်းကိစ္စရပ်များစွာ ပါဝင်နေပါသည်။ တစ်ခါတစ်ရံတွင် တရားရုံးများက ယင်းကဲ့သို့သောကိစ္စများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ရန် တာဝန်ယူခြင်းမရှိသော စရိတ်စကကြီးသော ဆုံးဖြတ်ချက်များကို ပြုလုပ်လေ့ရှိသည်။

အချို့ဖက်ဒရယ်နိုင်ငံများတွင် အချို့သောကိစ္စရပ်များအတွက် တရားရုံးများ၏ အခန်းကဏ္ဍကို ကန့်သတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် အငြင်းပွားမှုများကို ဖြေရှင်းရန် အခြားအာဏာပိုင်အဖွဲ့(အိန္ဒိယတွင် ရေအရင်းအမြစ်ကော်မရှင်) ထံတာဝန်ပေးထားခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် အဓိကသဘောတူညီချက်များမှာ ဥပဒေပိုင်းမဟုတ်ပဲ နိုင်ငံရေးနှင့်ဆိုင်သော သဘောတူညီချက်များဖြစ်နေခြင်း (ကနေဒါတွင် ဖက်ဒရယ် - ပြည်နယ် သဘောတူညီမှု) ကြောင့်လည်းကောင်း၊ သို့မဟုတ် အစိုးရများက အငြင်းပွားမှုများ၊ အခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကိုပင် တရားရုံးသို့ မလွှဲပြောင်းမီ နိုင်ငံရေး လုပ်ထုံးလုပ်နည်းများဖြင့် ဖြေရှင်းပေးရန် လိုအပ်သည် (တောင်အာဖရိက)။

# အခန်း (၈)

**အစိုးရအချင်းချင်းကြား ဆက်ဆံရေးနှင့် နိုင်ငံရေးများ**

**အပြန်အလှန်မှီခိုခြင်းနှင့် အပြန်အလှန်ဆက်ဆံခြင်း**

ဖက်ဒရယ်နိုင်ငံအားလုံးတွင် အစိုးရအချင်းချင်းကြား၌ အပြန်အလှန်မှီခိုမှု သိသိသာသာ ရှိသည်။ နိုင်ငံရေးသမားများ၊ အစိုးရဝန်ထမ်းများ၊ နိုင်ငံသားများနှင့် အခြားသော ပါဝင်ပတ်သက်ကြသူများသည် အခွင့်အာဏာနယ်ပယ်များမှ ထွက်ပေါ်လာမည့် ရလဒ်များအပေါ်တွင် လွှမ်းမိုးရန်သာ ကြိုးစားနေကြပြီး ဖက်ဒရယ်နိုင်ငံ တစ်ခုချင်းစီ၏ နိုင်ငံရေးဘဝများ၏ ပန်းတိုင်ဆီသို့ ကိုယ်တိုင်ချီတက်ရန် မကြိုးစားကြပေ။

ဖက်ဒရယ်နိုင်ငံအားလုံးတွင် အပြန်အလှန်မှီခိုမှုမှာ အရေးပါပြီး ရှောင်လွှဲ၍မရပေ။ အထူးသဖြင့် ကိုယ်စားပြုဒေသ အစိုးရများသည် ဖက်ဒရယ်အဆင့်က ဥပဒေတွင်ထည့်သွင်းထားသော အစီအစဉ်များ သို့မဟုတ် ဥပဒေများကို တာဝန်ယူလုပ်ဆောင်ပေးရသောအခါတွင်လည်းကောင်း၊ နယ်ပယ်အတော်များများတွင် ပူးပေါင်းကျင့်သုံးရသော အာဏာ (concurrency)၊ သို့မဟုတ် ပူးတွဲတာဝန်ယူရမှုများရှိနေသောအခါတွင် လည်းကောင်း၊ ကိုယ်စားပြုဒေသအစိုးရများက ဗဟိုအစိုးရထံမှ သတ်မှတ်ချက်များပါဝင်သည့် ဘဏ္ဍာငွေအပေါ် ကြီးစွာမှီခိုနေရသည့်အခါတွင် လည်းကောင်း၊ ထိုသို့သော ဖက်ဒရယ်နိုင်ငံများတွင် အပြန်အလှန်မှီခိုမှုသဘောတရားကို တွေ့ရှိရသည်။

ဖက်ဒရယ်နိုင်ငံများတွင် အခြေခံဥပဒေတွင် ထည့်သွင်းထားမှုများပင်ရှိသော တရားဝင်စနစ်များ သို့မဟုတ် အရေးပေါ်နှင့် အလွတ်သဘောဆန်သော အစီအစဉ်များကို အစိုးရအချင်းချင်းတွဲ၍ လုပ်ဆောင်ကြရင်းဖြင့် အပြန်အလှန်မှီခိုမှုသဘောကို တွေ့ကြုံနေရသည်။ အစိုးရခေါင်းဆောင်များနှင့် ဝန်ကြီးများက လွှမ်းမိုးနိုင်သည်၊ သို့မဟုတ် လွှတ်တော်ပိုင်းက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေနိုင်သည်။ နိုင်ငံရေးပါတီများသည်လည်း အရေးပါနိုင်သည်။ ဆွေးနွေးတိုင်ပင်မှုအဆင့်၊ ညှိနှိုင်းဆောင်ရွက်မှုအဆင့်နှင့် ပူးပေါင်းဆောင်ရွက်မှုအဆင့်တို့တွင် အဆင့်အမျိုးမျိုးရှိနေနိုင်သည်။ ၎င်းမှာ ဖက်ဒရယ်နိုင်ငံများနှင့် အကြောင်းအရာများကြားတွင်သာ ကွဲပြားနေသည်မဟုတ်ပဲ အငြင်းပွားဖွယ်ရာမူဝါဒကိစ္စရပ်များနှင့် ပို၍လုပ်ရိုးလုပ်စဉ်ဆန်သော အုပ်ချုပ်မှုတို့ကြားတွင်လည်း ကွဲပြားနိုင်ပါသည်။ ဖက်ဒရယ်နိုင်ငံအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ပဋိပက္ခဖြစ်ပွားမှု အတိုင်းအတာတစ်ခုစီ ရှိကြပါသည်။ အငြင်းပွားဖွယ်ရာကိစ္စရပ်တို့တွင် ဗဟိုအစိုးရမှ ၎င်း၏ဘဏ္ဍာရေး သို့မဟုတ် တရားဝင်ရရှိထားသော အခွင့်အာဏာမှတစ်ဆင့်ပြည်နယ်အစိုးရတို့အပေါ်လွှမ်းမိုးနိုင်ပြီးပြည်နယ်များအနေဖြင့်ကလည်း ဥပဒေအရ ဘောင်ဝင်ပါက ၎င်းတို့ဖက်မှ သဘောတူညီချက်ကိုပေးရန် ငြင်းဆန်နိုင်သည်။ နှစ်ဖက်စလုံးသည် သူတို့၏ရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် ပြည်သူများ၏ ထောက်ခံမှု ရရှိရန်ကြိုးပမ်းကြမည်သာဖြစ်သည်။

## အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့၏ အခန်းကဏ္ဍများ

အားကောင်းသည့်အုပ်ချုပ်ရေးမဏ္ဍိုင်တို့သည် အစိုးရအချင်းချင်းကြားဆက်ဆံရေးကို စီမံအုပ်ချုပ်မှုဖက်သို့နွယ်သော ဖက်ဒရယ်စနစ်သို့ ဦးတည်သွားစေကာ ပိုမိုအားနည်းသော အုပ်ချုပ်ရေးမဏ္ဍိုင်တို့သည် ဥပဒေပြုရေးမဏ္ဍိုင်၏ ပိုမိုကြီးမားသော အခန်းကဏ္ဍသို့ ဦးတည်သွားစေသည်။ ပါလီမန်စနစ်များသည် သမ္မတစနစ် – ကွန်ဂရက်စနစ်ထက် အုပ်ချုပ်ရေးပိုင်းတွင် ပို၍အားကောင်းလေ့ရှိသော်လည်း အမြဲတစေထိုသို့ဖြစ်လေ့ရှိသည်ဟု တိတိကျကျ ပြော၍ရနိုင်သော သတ်မှတ်ချက်များမရှိပါ။ အုပ်ချုပ်ရေးပိုင်း သို့မဟုတ် ဥပဒေပြုရေးအပိုင်းတို့၏ အခန်းကဏ္ဍနှင့် အားကောင်းမှုတို့သည် အင်စတီကျူးရှင်းများကို ပုံစံတကျပြုပြင်မွမ်းမံမှုမရှိသေးဘဲနှင့်ပင် သိသာထင် ရှားစွာ ပြောင်းလဲနိုင်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးပါတီတို့မှဖြစ်ပေါ်လာသောအစိုးရများ ပြောင်းသွားသောကြောင့် ဖြစ်သည်။

ခေတ်သစ်ဖက်ဒရယ်နိုင်ငံများတွင် အုပ်ချုပ်ရေးမဏ္ဍိုင်က အစိုးရ၏ ဥပဒေပြုရေးမဏ္ဍိုင်အပေါ် လွှမ်းမိုးသည့်သဘာရှိပါသည်။ ၎င်းမှာ ပါလီမန်စနစ်တို့တွင် မှန်ကန်လေ့ရှိသည်။ အကြောင်းမှာ ပါတီတို့သည် အစိုးရဖွဲ့ရန် ဥပဒေပြုမဏ္ဍိုင်၏ ထောက်ခံမှုနှင့် ထိန်းချုပ်မှုများ လိုအပ်သောကြောင့် ဖြစ်သည်။ သို့သော် ပါလီမန်စနစ်အတွင်းမှ အစိုးရများသည် အားနည်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အမြဲတမ်းတသမတ်တည်း ပါတီတစ်ခုမှသာ အများစုအနိုင်ရသော အခြေအနေမရှိခြင်း သို့မဟုတ် လျော့ရိလျော့ရဲဖွဲ့စည်းထားသော ညွန့်ပေါင်းအစိုးရသာ ရရှိလေ့ရှိခြင်းတို့ကြောင့် ဖြစ်သည်။ သမ္မတစနစ် – ကွန်ဂရက်စနစ်များတွင် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုမဏ္ဍိုင်တို့အကြား အာဏာခွဲဝေမှုရှိရာ ၎င်းသည် အာဏာများကို ပျံ့နှံ့သွားစေခြင်းသို့ဦးတည်သွားနိုင်ပြီး ဥပဒေပြုမဏ္ဍိုင်သည် လွတ်လပ်သောအခန်းကဏ္ဍမှ ပါဝင်လာပြီး (လွှတ်တော်အမတ်များကို လွှမ်းမိုးရန် ကြိုးစားနေသော) ပြည်နယ်အစိုးရများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံလာနိုင်သည်။ သို့သော် အချို့သော သမ္မတစနစ်များတွင်မူ အားကောင်းသော အစိုးရတို့ရှိပြီး အထူးသဖြင့် သမ္မတ၏ပါတီက ကွန်ဂရက်ကို ထိန်းချုပ်ထား၍ စည်းကမ်းထိန်းသိမ်းနိုင်သည့်အခါတွင် ဖြစ်သည်။ ထို့အတူပင် အာဂျင်တီးနားနိုင်ငံကဲ့သို့ အချို့ကိစ္စတို့၌လည်း သမ္မတ၏ တာဝန်တွင် ဥပဒေကဲ့သို့ အာဏာတည်နိုင်သော အမိန့်များထုတ်နိုင်သည့် အရေးပါသည့် ဥပဒေပြုအာဏာ တစ်စိတ်တစ်ပိုင်းရှိသည်။

ပါတီစနစ်သည် အရေးပါလှသည်။ အစိုးရနှစ်ရပ်ကြားတွင် နိုင်ငံရေးပါတီများ ချိတ်ဆက်ပါဝင်နေသော ဖက်ဒရယ်နိုင်ငံများတွင် အမျိုးသားအဆင့် ပါတီခေါင်းဆောင်များသည် ကိုယ်စားပြုဒေသများမှ ကိုယ်စားလှယ်လောင်းများနှင့် ခေါင်းဆောင်များအပေါ် ကြီးမားသည့် လွှမ်းမိုးမှုရှိနိုင်သည်။ အပြန်အလှန်အားဖြင့်ဒေသဆိုင်ရာခေါင်းဆောင်များသည်လည်း၎င်းတို့၏ အာဏာမှာ ကိုယ်စားပြုဒေသများကိုအခြေပြုထားသောကြောင့် ပါတီ၏ဗဟိုတွင် ခေါင်းဆောင်ရွေးချယ်ရာ၌ ဒေသဆိုင်ရာခေါင်းဆောင်များသည် ၎င်းတို့လိုလားသူကို ခေါင်းဆောင်တင်နိုင်သည့် အဓိကကျသည့်သူများဖြစ်နိုင်သည်။ အိန္ဒိယနှင့် မက္ကဆီကို နှစ်နိုင်ငံစလုံးတွင် တစ်ချိန်က ဗဟိုမှအားကောင်းစွာ ထိန်းချုပ်ထားသော ပါတီတစ်ခုတည်းက လွှမ်းမိုးသည့်အချိန်ရှိခဲ့ဖူးပြီး နှစ်နိုင်ငံလုံး၌ တဖြည်းဖြည်း ပါတီစုံစနစ်သို့ ဖြစ်ပေါ်တိုးတက်လာကာ ဗဟိုချုပ်ကိုင်မှုကို ပိုမို

လျော့ရှုသော ပါတီများ (အိန္ဒိယမှာ ပါလီမန်စနစ်ဖြစ်၍ မဏ္ဍလဆိုကိုမှာ သမ္မတ – ကွန်ဂရက်စနစ်ဖြစ်သော်လည်း) နှင့် အားနည်းလာသော အစိုးရတို့ ရှိလာသည်။ တောင်အာဖရိကနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတစ်နိုင်ငံချင်းစီတွင် ဗဟိုမှချုပ်ကိုင်ထားသည့် ပါတီတစ်ခုစီရှိ၍ ကိုယ်စားပြုဒေသများမှ နိုင်ငံရေးအပေါ် ထိရောက်စွာ လွှမ်းမိုးထားသည်။ ဂျာမနီနိုင်ငံတွင် ဗဟိုနှင့် ကိုယ်စားပြုဒေသအဆင့်မှ ပါတီများသည် နီးကပ်စွာချိတ်ဆက်လျက်ရှိသည်။ အကြောင်းမှာ ဗဟိုအစိုးရတွင် Länder (ပြည်နယ်) များ၏ အခန်းကဏ္ဍကြောင့် ဖြစ်သည့်အပြင် အစိုးရအချင်းချင်းကြား အရေးကြီးသည့်ကိစ္စရပ်များစွာကိုလည်း သူတို့၏ ပါတီများအတွင်းတွင်သာမက အစိုးရအချင်းချင်းကြားတွင်ပါ အောင်မြင်စွာ ကိုင်တွယ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ အလွန်ချိတ်ဆက်မှုအားကောင်းသော ပါတီစနစ်ရှိသည့် ဖက်ဒရယ်နိုင်ငံများတွင် အဆင့်တစ်ခုမှ နိုင်ငံရေးသမားတို့သည် အခြားသောအဆင့်တစ်ခုမှ ပါတီလုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားများနှင့် ကိုယ်စားပြုနယ်မြေများတွင်လည်းကောင်း၊ အကျိုးစီးပွားအရလည်းကောင်း တူညီမှုမရှိကြပေ။ အချို့သော ကွဲပြားနေမှုအချို့ကို ပါတီအတွင်း၌ပင် ဖြေရှင်းခြင်းများရှိနိုင်ပြီး အချို့ကိစ္စများကိုမူ အစိုးရအချင်းချင်းကြား ဆွေးနွေးပွဲများတွင် ဖြေရှင်းရပါသည်။

ကနေဒါနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် အဆင့်နှစ်ရပ်ကြား ချိတ်ဆက်မှုအားနည်းသော ပါတီများရှိသည့် ဖက်ဒရယ်နိုင်ငံများဖြစ်သည်။ သို့သော် အဆင့်တစ်ခုချင်းစီတွင် ကနေဒါ ပါတီတို့သည် စည်းကမ်းကောင်းပြီး အုပ်ချုပ်ရေးမဏ္ဍိုင်မှာလည်း အားကောင်းသည်။ ထို့ကြောင့်ပင် ကနေဒါဥပမာသည် အစိုးရများအကြားတွင် စီမံအုပ်ချုပ်သည့် ဖက်သို့ရွယ်သော ဖက်ဒရယ်စနစ်အတွက် ဥပမာကောင်းတစ်ခုဖြစ်သည်။ အမေရိကန်ပါတီများသည် စည်းကမ်းလျော့ရဲ၍ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ပိုမိုအားနည်းသည်။ ထို့ကြောင့် ပြည်နယ်အစိုးရများက ဩဇာလွှမ်းမိုးအောင်လုပ်ဆောင်မှုများနှင့် တစ်ဦးချင်းက ဩဇာလွှမ်းမိုးအောင် ကြိုးပမ်းမှုများ ပြုလုပ်သည့်အခါများတွင် ပြည်နယ်အစိုးရချင်းဆက်ဆံရေးက ကြီးမားစွာ အဓိကကျသည်ကို တွေ့ရသည်။

## အစိုးရအချင်းချင်းကြားဆက်ဆံရေးမှ အထက်လွှတ်တော်များ

အထက်လွှတ်တော်များကို ရံဖန်ရံခါ ဖက်ဒရယ်လွှတ်တော်များအဖြစ် မြင်လေ့ရှိပြီး ၎င်းတို့၏ဖွဲ့စည်းထားပုံတွင် ဒေသနှင့်ဆိုင်သော အချက်များကို တနည်းတလမ်းဖြင့် ထင်ဟပ်ထားသည်။ လက်တွေ့တွင် အစိုးရအချင်းချင်း ကြားဆက်ဆံရေး၌ အနည်းငယ်သော အထက်လွှတ်တော်များကသာ အရေးပါသော နေရာမှပါဝင်နေသည်။ သို့သော်လည်း ဗဟိုအဆင့် အဖွဲ့အစည်းများအတွင်း ကိုယ်စားပြုဒေသများ၏ အရေးပါမှုတွင် ၎င်းတို့က ဩဇာရှိသည်။ အထူးသဖြင့် အထက်လွှတ်တော်က အရေးပါသည့်အာဏာရှိသောအခါနှင့် ၎င်း၏ဖွဲ့စည်းတည်ဆောက်ထားပုံတွင် သေးငယ်သော ကိုယ်စားပြုဒေသများကို မျက်နှာသာပေးထားသောအခါများတွင် ဖြစ်သည်။

ဂျာမနီတွင် အထက်လွှတ်တော်ကို ကိုယ်စားပြုဒေသအစိုးရတို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။ ထို့ကြောင့် အထက်လွှတ်တော် (Bundesrat) သည် ဥပဒေ

ပြုလုပ်ငန်းစဉ်အတွင်းသို့ စီမံအုပ်ချုပ်သည့်ဘက်သို့နွယ်သည့် ဖက်ဒရယ်စနစ်ကို ပုံစံတကျ သွတ်သွင်းလာခြင်းဖြစ်ရာ Länder (ပြည်နယ်) အစိုးရတို့၏ ကိုယ်စားလှယ်များသည် ၎င်း အပေါ် တိုက်ရိုက်သက်ရောက်နေသည့် ကိစ္စရပ်များအပေါ် မဲပေးခွင့်ရသည်။ တောင်အာဖရိက နိုင်ငံသည်လည်း ဤပုံစံအတိုင်းကျင့်သုံးရာ ပြည်နယ်များ၏ အမျိုးသားကောင်စီ (National Council of the Provin-ces) တွင် ပြည်နယ်အစိုးရများက ကိုယ်စားပြုခွင့်ရသည်။ သို့သော်လည်း ၎င်း၏အခန်းကဏ္ဍမှာ ယခုအခါ ကန့်သတ်မှုများပြုလုပ်ထားခြင်း ခံထားရသည်၊ အဘယ်ကြောင့်ဆိုသော် အာဖရိကန်အမျိုးသားကွန်ဂရက် (African National Congress) က အစိုးရအားလုံးအပေါ် ချုပ်ကိုင်ထားသောကြောင့်ဖြစ်သည်။

သွယ်ဝိုက်၍ ရွေးကောက်တင်မြှောက်သော အထက်လွှတ်တော်များ (ကိုယ်စားပြု ဒေသလွှတ်တော်များမှ ရွေးချယ်) သည် သဘာဝအားဖြင့် အစိုးရအချင်းချင်းဆက်ဆံရေး (အခြားသောကိစ္စများတွင် ဆန့်ကျင်ဖက်ဖြစ်သည်) တွင် အရေးမပါလှသောအခန်းကဏ္ဍမှသာ ပါဝင်ရလေ့ရှိသည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အစိုးရနှင့် အတိုက်အခံပါတီနှစ်ခု စလုံးမှ ကိုယ်စားလှယ်များကို စေလွှတ်ရသောကြောင့် ဖြစ်သည် (သို့သော် အစိုးရဘက်မှ ကိုယ်စားလှယ်များသည် အစိုးရ၏အမြင်များကိုသာ ကိုယ်စားပြုလိမ့်မည်)။ အထက်လွှတ်တော် အမတ်များကို လူထုမှ တိုက်ရိုက်ရွေးချယ်သည့်အခါတွင် လူထုသည် ဒေသကို မကြည့်ပဲ ပါတီ ကိုသာကြည့်၍ မဲပေးလိုကြပြီး ၎င်းတို့၏ ကိုယ်စားပြုဒေသအစိုးရများ၏ လွှမ်းမိုးမှုမခံဘဲ လွတ်လပ်မှုရှိကြသည်။ ထို့ကြောင့် တစ်ခါတစ်ရံတွင် အဆင့်တစ်ခုမှ ပါတီခေါင်းဆောင်တို့သည် အခြားသောအဆင့်တစ်ခုမှ ကိုယ်စားလှယ်လောင်းအချို့အား ရွေးကောက်ပွဲတွင် လွှမ်းမိုးနိုင်၍ ၎င်းတို့အား အစိုးရအချင်းချင်းကြားရည်မှန်းချက်များကို ဖော်ဆောင်ရာ၌ အသုံးပြုကြသည်၊ ထိုနည်းတူစွာပင် အချို့သော အစိုးရခေါင်းဆောင်များသည် အခြားလွှတ်တော်ကိုယ်စားလှယ် များအပေါ် ဩဇာလွှမ်းမိုးနိုင်သည့် အပြန်အလှန်ကျေးဇူးပြုနိုင်သည့် အာဏာရှိပါသည်။ သို့ တိုင်အောင် အထက်လွှတ်တော်အများစုသည် ထိုသို့သော အစိုးရအချင်းချင်းဆက်ဆံရေးတွင် အကန့်အသတ်ရှိသည့် အခန်းကဏ္ဍမှသာ ပါဝင်နေရသည်၊ အထက်လွှတ်တော်များအနေဖြင့် ဖက်ဒရယ်နှင့်ဆိုင်သော ပိုမိုကြီးမားသည့် သက်ရောက်မှုပေးနိုင်သောနိုင်ငံများမှာ အထက် လွှတ်တော်တွင် သေးငယ်သော ကိုယ်စားပြုဒေသများအား တူညီသော ကိုယ်စားပြုခွင့်ပေး သော သို့မဟုတ် အချိုးမညီသော အရေးပါမှုများပေးထားသော ဖက်ဒရယ်နိုင်ငံများနှင့် အထက်လွှတ်တော်က အရေးပါသော အာဏာများရှိနေသည့်ဖက်ဒရယ်နိုင်ငံများတွင်ဖြစ်သည်၊ ထိုကဲ့သို့သော အခြေအနေတွင် ဗဟိုအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပိုမိုသေးငယ်သော ကိုယ်စားပြုဒေသများကို အရေးပေးနိုင်ပါသည်။

## အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ

ဖက်ဒရယ်နိုင်ငံများသည် အစိုးရအချင်းချင်းကြားဆက်ဆံရေးအတွက် အဖွဲ့အစည်း အမျိုးမျိုးနှင့် လုပ်ငန်းစဉ်အမျိုးမျိုးကို အသုံးပြုပါသည်၊ ထိုသို့အသုံးပြုမှုများသည် ပုံစံတကျ သို့မဟုတ် အခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြ၍ဖြစ်စေ လုပ်ဆောင်သော်လည်း တစ်ခါတစ်ရံ

ပုံစံတကျမဟုတ်သည်လည်းရှိသည်။ ဖက်ဒရယ်နိုင်ငံအများစုသည် အစိုးရအချင်းချင်းကြား ဆက်ဆံရေးကို နိုင်ငံရေးနှင့်ဆိုင်သောအရာများ သို့မဟုတ် ဥပဒေနှင့်ဆိုင်သော အရာများကို အသုံးပြုခြင်းမှတဆင့် စီမံခန့်ခွဲကြသည်။

အစိုးရအချင်းချင်းကြားဆက်ဆံရေးများ၏ အဓိကဦးတည်ချက်မှာ အမြဲတစေ ဗဟိုအစိုးရနှင့် ကိုယ်စားပြုဒေသများကြားရှိဒေါင်လိုက်ဆက်ဆံရေးသာဖြစ်သည်။ ကိုယ်စားပြုဒေသအချင်းချင်းကြားမှ အလျားလိုက်ဆက်ဆံရေးမှာ အရေးပါမှုပိုမိုနည်းပြီး သိပ်မဖွံ့ဖြိုးသည့်အပြင် ဦးတည်ချက်မှာလည်း ကိုယ်စားပြုဒေသအချို့ကြား ဒေသအလိုက်ပူးပေါင်း ဆောင်ရွက်ရေးအတွက်သာ ဖြစ်သည်။ အချို့သောဖက်ဒရယ်နိုင်ငံများတွင် (ဆွစ်ဇာလန်နိုင်ငံ၊ ကနေဒါနိုင်ငံ) ကိုယ်စားပြုဒေသများ၌ ဗဟိုအစိုးရနှင့် ဆက်ဆံရသည့်အခါ အဆင့်တစ်ခုတွင် အားလုံးတူညီစွာ ရပ်တည်နိုင်မည့်အနေအထားကို တိုးတက်စေမည့်စနစ်များရှိသော်လည်း အကျိုးစီးပွားမတူသည့်အခါ ထိုသို့လုပ်ဆောင်လည်း ခက်ခဲနိုင်ပါသည်။

ဖက်ဒရယ်နိုင်ငံအများစုကို အစိုးရများအကြားဆက်ဆံရေးကွန်ရက် သိပ်သည်းမှုအပေါ်မူတည်၍ လက္ခဏာသတ်မှတ်ပါသည်။ အစိုးရခေါင်းဆောင်များကြား၊ ဝန်ကြီးများကြား၊ အခြားသော ရွေးကောက်ခံတာဝန်ရှိသူများကြား၊ အကြီးတန်းနိုင်ငံဝန်ထမ်းများကြား၊ မူဝါဒအကြံပေးများကြားနှင့် ဒေသဆိုင်ရာအုပ်ချုပ်သူများကြားတွင် ရှိနေသော ဆက်ဆံရေးကွန်ရက်ကို ဆိုလိုသည်။ ဗဟိုအစိုးရများနှင့် ကိုယ်စားပြုဒေသအစိုးရအများစုတွင် အမြင့်ဆုံးအဆင့်၌ အစိုးရခေါင်းဆောင်နှင့် သက်ဆိုင်ရာ အဓိကျသော ဝန်ကြီးများ နက်ရှိုင်းစွာပါဝင်သည်။

- အစိုးရခေါင်းဆောင်များတွင် အစိုးရအချင်းချင်းကြားဆက်ဆံရေးအတွက် ၎င်းတို့နှင့်အနီးကပ်ရုံးတစ်ရုံးရှိသည် (ဝန်ကြီးအဖွဲ့ရုံး သို့မဟုတ်ပြည်ထဲရေးဝန်ကြီးဌာနတွင် တာဝန်ရှိသောဝန်ကြီးတစ်ဦး) ။ ဖက်ဒရယ်နိုင်ငံအများစုတွင် အစိုးရအကြီးအကဲများကြား၌ ပုံမှန်အစည်းအဝေးများရှိပြီး ယင်းအစည်းအဝေးများသည် ကိစ္စရပ်များကိုဖြေရှင်းရန်နှင့် ဆက်ဆံရေးတိုးတက်စေရန်တို့တွင် အသုံးဝင်နိုင်သည်။
- ဘဏ္ဍာရေးဝန်ကြီးများသည် ဘဏ္ဍာငွေဆိုင်ရာ ဖက်ဒရယ်စနစ်နှင့် အခြားသော စီးပွားရေးကိစ္စရပ်များတွင် အဓိကကျသည့်အခန်းကဏ္ဍမှ အမြဲတစေ ပါဝင်လေ့ရှိသည်။ ၎င်းတို့၏ဝန်ကြီးဌာနများတွင်များသောအားဖြင့်ထိုလုပ်ငန်းဆောင်တာများအတွက် အထူးဝန်ထမ်းတစ်ဦးရှိတတ်ပါသည်။ မကြာခဏဆိုသလိုပင် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများအကြားရှိ အချိတ်အဆက်များသည် မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်လာသည်။
- အစိုးရအဆင့်နှစ်ရပ်လုံးရှိ အခြားသောဝန်ကြီးများသည် ၎င်းတို့၏ အကျိုးစီးပွားများအပေါ် မူတည်၍ ချိတ်ဆက်ဆက်ဆံလိမ့်မည် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် စီမံအုပ်ချုပ်ရေးဖက်နွယ်သော ဖက်ဒရယ်စနစ်အတွက် စနစ်တကျဖွဲ့စည်းထားသည့်ပုံစံမရှိရာတွင် တမူထူးခြားပြီး အထူးသဖြင့် အစိုးရအဆင့်ဆင့်၏ခေါင်းဆောင်များအကြားတွင်ဖြစ်သည်။ လက်တင်အမေရိကနှင့်နိုင်ဂျီးရီးယားတို့မှ အခြားသော သမ္မတစနစ် -ကွန်ဂရက်စနစ်များတွင် ပုံစံတကျဖွဲ့စည်းထားသည့် အစီအစဉ်

များရှိသည်။

ထိပ်တန်းနိုင်ငံရေးသမားများသည် အဓိကကျသောကိစ္စရပ်များတွင် ဦးဆောင်မှု ပေးလိုသည်။ ၎င်းတို့၏ အစည်းအဝေးများအောင်မြင်ရန်အတွက် ၎င်းတို့အနေဖြင့် ကောင်းစွာ ပြင်ဆင်ထားရန်နှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို လိုက်ပါအကောင်အထည်ဖော်ပေးရန် တို့မှာ အရေးကြီးသည်။ ထို့ကြောင့် ၎င်းတို့အောက်တွင် ဆက်ဆံရေးပုံစံအားလုံးရှိနေရာ တစ်ခါတစ်ရံတွင်မူဝါဒတစ်ခုကိုအသေးစိတ်အကောင်အထည်ဖော်ပေးရမည်ဖြစ်ပြီးတစ်ခါတစ် ရံတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် ဆက်ဆံရသည်များ ရှိမည်။ ထိုကဲ့သို့သော ဆက်ဆံရေးများကို ပံ့ပိုးကူညီပေးမည့်စနစ်များတွင် အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် နိုင်ငံရေးနှင့်ဆိုင်သော ဖြစ်နိုင်ခြေအားလုံး အကြုံးဝင်နေသည်။ ဖက်ဒရယ်နိုင်ငံအနည်းစုတွင် နိုင်ငံတကာမှ အာရုံစိုက်မှု ကို ရယူနိုင်ရန် တီထွင်ထားသော အဖွဲ့အစည်းများလည်းရှိသည်။ ဥပမာအားဖြင့် ဩစတြေးလျ နိုင်ငံတွင် လွတ်လပ်သောခွင့်ပြုငွေနှင့်ဆိုင်သောကော်မရှင် (grant commision)တစ်ရပ်ရှိပြီး ဘဏ္ဍာငွေပမာဏ၊ ပြည်နယ်တို့၏လိုအပ်ချက်များကို ဆန်းစစ်ခြင်းနှင့် ခွင့်ပြုငွေအပေါ် အကြံပြုချက်များပေးခြင်းတို့ကို လုပ်ဆောင်သည်။ ချေးငွေကောင်စီ (loan council) သည် ပြည်နယ်တို့၏ချေးငွေများကို အတည်ပြုပေးရန်အတွက်ဖြစ်သည်။ ပထမဝန်ကြီးများနှင့် အခြားဝန်ကြီးများကို ရုံးအဖွဲ့၏အကူအညီဖြင့် စုပေါင်းဖွဲ့စည်းထားသည့် ဩစတြေးလျ အစိုးရများကောင်စီ (Council for Austra-lian Governments) လည်း ရှိပါသည်။ ဆွစ်ဇာလန်နိုင်ငံမှ (ပြည်နယ်များ) သည် ၎င်းတို့အချင်းချင်းကြားမှကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းရန်နှင့် ၎င်းတို့၏ရပ်တည်ချက်များကို ဗဟိုအစိုးရနှင့် ညှိနှိုင်းနိုင်ရန် ပြည်နယ်ကောင်စီ (cantonal council)တစ်ခုကိုဖွဲ့စည်းထားသည်။ သို့သော် ဤသို့သော မည်သည့်အဖွဲ့အစည်း မဆို၏ အောင်မြင်မှုသည် နိုင်ငံရေးအခြေအနေနှင့် ၎င်းတို့ဆောင်ရွက်နေသည့် ကိစ္စများအပေါ် တွင် များစွာတည်မှီနေသည်ဟု အတွေ့အကြုံက အကြံပြုနေပါသည်။

## တဖက်သတ်လွှမ်းမိုးသည့်သဘောရှိသော ဖက်ဒရယ်စနစ်နှင့် အကြံပြုဆွေးနွေး သည့် ပုံစံပါဝင်သော ဖက်ဒရယ်စနစ် (Coercive versus consultative federalism)

ဖက်ဒရယ်နိုင်ငံအချို့တွင် ဗဟိုအစိုးရက အတော်အတန်လွှမ်းမိုးရာ ကိုယ်စားပြု ဒေသများနှင့် ဆက်ဆံရေးတွင် ဗဟိုအစိုးရက အာဏာပြမှုများရှိနိုင်သည်။ အချို့ဖက်ဒရယ် နိုင်ငံများတွင်မူ ပိုမိုမျှတမှုသဘောရှိ၍ ဆွေးနွေးတိုင် ပင်မှုနှင့် ညှိနှိုင်းခြင်းဖြင့် ရရှိသည့် သဘော တူညီချက်တို့အပေါ်တွင် ပိုမိုအလေးထားသည်။ ဖက်ဒရယ်နိုင်ငံအားလုံးတွင် အစိုးရများကြား၌ ပူးပေါင်းဆောင်ရွက်နေမှုများရော ပဋိပက္ခဖြစ်နေမှုများကိုပါ တွဲလျက်တွေ့နေနိုင်ပြီး ဖက်ဒရယ် နိုင်ငံများမှ အစိုးရအချင်းချင်းကြားဆက်ဆံရေး၏ နိုင်ငံရေးရာသီဥတုမှာ ကြီးမားစွာ ကွဲပြား လျက်ရှိပါသည်။

ဖက်ဒရယ်နိုင်ငံအချို့တွင် ဗဟိုအစိုးရသည် ကိုယ်စားပြုဒေသများထက် အား ကောင်းသော ဥပဒေပြုခွင့်အာဏာ (ပူးပေါင်းကျင့်သုံးရသော အာဏာကဲ့သို့သော)

(concurrency) သို့မဟုတ် အားကောင်းသော ဘဏ္ဍာငွေသုံးစွဲခွင့်အာဏာရှိသောကြောင့် ကိုယ်စားပြုဒေသများကို တဖက်သက်ဥပဒေအရလည်းကောင်း၊ သို့မဟုတ် သတ်မှတ်ချက်များပါသော ခွင့်ပြုငွေများကို အသုံးပြု၍လည်းကောင်း၊ လိုက်နာမှုရှိအောင် တွန်းအားပေးလေ့ရှိသည်။ ကိုယ်စားပြုဒေသများက အစိုးရအချင်းချင်းကြားဆက်ဆံရေးကို အသုံးပြု၍ အထက်ကဆိုခဲ့သော အာဏာတို့ကို ကန့်သတ်နိုင်ပါသော်လည်း ၎င်းတို့၏အောင်မြင်မှုသည် နိုင်ငံရေးအရ ထောက်ခံမှုအားကောင်းအောင် လုပ်ဆောင်နိုင်သည့် ၎င်းတို့၏ စွမ်းဆောင်ရည်အပေါ်မူတည်သည်။ အမေရိကန်နိုင်ငံတွင်အစိုးရအချင်းချင်းကြားဆက်ဆံရေးလုပ်ဆောင်သည့် အဖွဲ့အစည်းများမရှိမှုကြောင့် တဖက်သတ်လွှမ်းမိုးသည့်သဘောပါဝင်သည့် ဖက်ဒရယ်စနစ်၏ လက္ခဏာအများအပြားရှိပြီး ပြည်နယ်များသည် ၎င်းတို့၏ အကျိုးစီးပွားများကို မြှင့်တင်ရန် ကွန်ဂရက်အတွင်း၌ စည်းရုံးလှုံ့ဆော်နိုင်မှုအပေါ်တွင်သာ ကြီးမားစွာမှီခိုနေရသည်။ မလေးရှားနိုင်ငံကဲ့သို့သော ဗဟိုချုပ်ကိုင်မှုအလွန်ကြီးမားသည့် ဖက်ဒရယ်နိုင်ငံအချို့တွင် စနစ်တကျစီစဉ်ထားသော အစိုးရအချင်းချင်းကြား ဆွေးနွေးမှုအနည်းငယ်သာရှိသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်စားပြုဒေသများက အလွန်အားနည်းသောကြောင့် ဖြစ်သည်။ အခြားသော ဖက်ဒရယ်နိုင်ငံများတွင် ဗဟိုအစိုးရသည် အကန့်အသတ်များပိုများပြီး တိုင်ပင်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းကို ကျင့်သုံးရပါမည်။ ဤသည်မှာ များသောအားဖြင့် ကိုယ်စားပြုဒေသ အစိုးရများ၏ အရေးပါသော နိုင်ငံရေးနှင့်ဆိုင်သော ပိုင်ဆိုင်မှုများ (အာဏာ၊ အပြန်အလှန်ကျေးဇူးပြုနိုင်မှု၊ ဘဏ္ဍာငွေ) နှင့် နိုင်ငံအတွင်း ဒေသအလိုက် အားကောင်းသော ကွဲပြားခြားနားမှုများ (ကနေဒါ၊ အိန္ဒိယ) ၏ ထင်ဟပ်မှုပင် ဖြစ်သည်။ အချို့သောကိစ္စတို့တွင် (ဂျာမနီ၊ ဆွစ်ဇာလန်၊ တောင်အာဖရိက) ပူးပေါင်းဆောင်ရွက်သည့်အလေ့အထရှိသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်ရန် အခြေခံဥပဒေတွင် ထည့်သွင်းထားသောမှုလည်းဖြစ်နိုင်သည်။ သို့သော် ဂျာမနီနိုင်ငံက ပြသနေသည်မှာ ယင်းကဲ့သို့သော အလေ့အထမျိုးသည် ပါတီတစ်ခုခုကို ဘက်လိုက်သည့် ပဋိပက္ခများကြောင့် အကွဲအပြဲများဖြစ်နိုင်ကြောင်းပင် ဖြစ်သည်။ ကနေဒါ၊ ဩစတြေးလျ၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် ဘရာဇီးနိုင်ငံတို့တွင် ပဋိပက္ခများပါဝင်နေသော နိုင်ငံရေးရှိနေပုံရပြီး ၎င်းတို့အဖွဲ့အစည်းများ၏ လုပ်ကိုင်နေပုံများနှင့် ၎င်းလူ့အဖွဲ့အစည်းများ၏ လက္ခဏာများတွင် အမြစ်တွယ်နေပါသည်။ သို့သော်ဖြစ်ရပ်အားလုံးတွင် အစိုးရအဆင့်နှစ်ရပ်လုံးအနေဖြင့် သဘောတူညီချက်ရရှိရေးအတွက် ဘုံအကျိုးစီးပွားရှိသည့်ကိစ္စရပ်များရှိနေသည်ကို တွေ့မြင်နေကြသည်။

# အခန်း (၉)

## စည်းလုံးညီညွတ်ခြင်းနှင့် မတူကွဲပြားခြင်း

### စည်းလုံးညီညွတ်ခြင်းအတွက် စိန်ခေါ်မှု

စည်းလုံးညီညွတ်ခြင်းဟူသည် ဖက်ဒရယ်နိုင်ငံအများအပြား၊ အထူးသဖြင့် အဆင့်အတန်း၊ ဘာသာဗေဒ၊ လူမျိုး၊ ဘာသာရေးနှင့် အခြားလိုင်းများနှင့်ပတ်သက်၍ သရုပ်လက္ခဏာကွဲပြားမှု ကြီးကြီးမားမားရှိသော နိုင်ငံများတွင် သော့ချက်ကျသော ကိစ္စရပ် သို့မဟုတ် စိန်ခေါ်မှုတစ်ခု ဖြစ်သည်။ စည်းလုံးညီညွတ်မှုအတွက် အဓိကကျသော စိန်ခေါ်မှုမှာ ဖက်ဒရယ်နိုင်ငံများတွင်သာမက ဖက်ဒရယ်မဟုတ်သော စနစ်ကျင့်သုံးသည့်နိုင်ငံများတွင်ပါ ရှိနိုင်သည်။ အချို့ကိစ္စများတွင် စိန်ခေါ်မှုသည် ခွဲထွက်ရေးလှုပ်ရှားမှုပုံစံဖြင့် ရှိတတ်သည်။

ဖက်ဒရယ်နိုင်ငံများသည်၎င်းတို့၏အင်စတီကျူးရှင်းများနှင့်လူမှုဖန်တီးချက်များတွင် အလွန်အမင်း ကွဲပြားနေသည်ကို တွေ့မြင်ရသည်။

- အချို့နိုင်ငံများတွင် လူမျိုးအားဖြင့် တစ်မျိုးတည်းသာရှိပြီး နိုင်ငံသားများသည် အားကောင်းပြီး လွှမ်းမိုးသည့် အမျိုးသားသရုပ်လက္ခဏာတစ်ခုကိုသာ မျှဝေခံယူကြသည်။ ထိုသို့သော ဖက်ဒရယ်နိုင်ငံများတွင် စည်းလုံးညီညွတ်ခြင်းသည် အဓိက ကိစ္စရပ်တစ်ခု မဟုတ်တော့ဘဲ ပြည်ထောင်စုအတွင်းရှိ လူမှုရေးအင်အားစုများက နောက်ထပ်ဗဟိုချုပ်ကိုင်မှုအတွက် တစ်ခါတစ်ရံဖိအားများ ဖန်တီးသည်။
- အခြားပုံစံများမှာ အလွန်ကွဲပြားပြီး နိုင်ငံသားများသည် ပဋိပက္ခဖြစ်နေသော အမြင်များနှင့်ရည်မှန်းချက်များရှိသည့်လွန်စွာထူးခြားသောအုပ်စုများအဖြစ်ရှိနေကြသည့် ပုံစံများဖြစ်သည်။ အချို့ကိစ္စရပ်များတွင် အုပ်စုတစ်ခုမှ လူမျိုးများသည် ၎င်းတို့၏ သရုပ်လက္ခဏာကို အမျိုးသားသရုပ်လက္ခဏာနှင့် မတူညီဟု ရှုမြင်ကြသည့်အခါ အမျိုးသားစည်းလုံးညီညွတ်ရေးဖော်ဆောင်ရာတွင် တင်းမာမှုများကို ဖန်တီးသည်။ ယင်းမှာ အထူးသဖြင့် ထူးခြားသော လူအုပ်စုတစ်ခုက ဒေသတစ်ခုတွင် များပြားစွာ စုစည်းနေထိုင်နေကြလျှင် အထက်ကဆိုခဲ့သော တင်းမာမှုများဖြစ်လာတတ်သည်။

ဗြိတိန်တွင် ၁၉ ရာစုက ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Home Rule) အတွက် အိုင်းရစ်လူမျိုးများ၏ လှုပ်ရှားမှု (Irish movement)၊ တောင်ဆူဒန်မှ ကာလကြာရှည်သော ပြည်တွင်းစစ်၊ စပိန်တွင် ဖရန်ကိုလက်ထက် Basque တို့၏ သူပုန်ထမှုနှင့် သီရိလင်္ကာမှ တမီးလ်သူပုန်များ၏ လက်ရှိသူပုန်ထမှုများသည် တစ်ပြည်ထောင်နိုင်ငံများမှ စည်းလုံးညီညွတ်ရေးအတွက် အဓိကကျသော စိန်ခေါ်မှုများ၏ နမူနာများဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်တို့တွင် ၎င်းတို့၏ ပြည်တွင်းစစ်ကာလများအတွင်းကနှင့် ကနေဒါမှ ကွိဘက်ခွဲထွက်ရေးလှုပ်ရှားမှုတို့မှာ စည်းလုံးညီညွတ်မှုအတွက် စိန်ခေါ်မှုနှင့်ရင်ဆိုင်ရသော ဖက်ဒရယ်နိုင်ငံများ၏ နမူနာများပင် ဖြစ်သည်။ ခွဲထွက်ရေးဝါဒ၏ အန္တရာယ်သည် တစ်ခါတစ်ရံ ဖက်ဒရယ်စနစ်နှင့် ဆက်စပ်သော်လည်း သမိုင်းကြောင်းအရ ခွဲထွက်ရေးလှုပ်ရှားမှုများမှာ တစ်ပြည်ထောင်နိုင်ငံ အများအပြားတွင်လည်း ဖြစ်ပေါ်ခဲ့သည်။

## မတူကွဲပြားမှုကို ထိန်းချုပ်ခြင်း

စည်းလုံးညီညွတ်ရေးအတွက် အဓိကစိန်ခေါ်မှုများသည် ထိန်းချုပ်မှု၊ တားဆီးမှုနှင့် သိမ်းသွင်းသည့် မူဝါဒများနှင့် ကြုံတွေ့နိုင်သည်။ သို့သော်လည်း ထိုသို့လုပ်ဆောင်မှုများမှာ တစ်ခါတစ်ရံတွင် ပြဿနာကို ပိုဆိုးလာစေကာ အကြမ်းဖက်မှုအထိ ဦးတည်သွားနိုင်သော အန္တရာယ်ရှိသည်။

အချို့သော အစိုးရများ၊ အထူးသဖြင့် ဒီမိုကရေစီမကျင့်သုံးသော အစိုးရများသည် စည်းလုံးညီညွတ်ရေးအတွက် စိန်ခေါ်မှုကို ဖြေရှင်းရာ၌ ထူးခြားသော အုပ်စုဝင်များအား ပင်မ အုပ်စုကြီးထဲသို့ သွတ်သွင်းရန် သို့မဟုတ် ၎င်းတို့၏ နိုင်ငံရေးလွတ်လပ်ခွင့်ကို ဖိနှိပ်ရန် ကြိုးစားခြင်းဖြင့် တုန့်ပြန်ကြသည်။ သမိုင်းကြောင်းအရ သွတ်သွင်းရန် ကြိုးစားသည့် မူဝါဒများသည် လူဦးရေပိုများသော အုပ်စုထဲသို့ လူနည်းစုများကို သွတ်သွင်းရာတွင် (ဥပမာ – လူများစုပြော သော ဘာသာစကားကို ကျင့်သုံးစေခြင်း) အောင်မြင်ကြသော်လည်း ယင်းမူဝါဒများသည် အားကောင်းသော မကျေနပ်မှုများနှင့် အများစုလူဦးရေအတွင်း အံမဝင်ဘဲ သူစိမ်းဆန်ဆန် ခံစား ရမှုများကို ဖန်တီးလာနိုင်သည့် အန္တရာယ်ရှိသည်။ အချို့အုပ်စုများ၊ အထူးသဖြင့် ရွှေ့ပြောင်းနေ ထိုင်သူများသည် သွတ်သွင်းသည့်မူဝါဒကို လက်ခံကောင်းလက်ခံကြလိမ့်မည်။ ဥပမာ – လူများစု ဘာသာစကားကို ကျင့်သုံးစေခြင်းမျိုးဖြစ်သည်။ နိုင်ငံတွင်း ဘိုးစဉ်ဘောင်ဆက်နေထိုင်လာသော အုပ်စုများကမူ ထိုအများစု၏ ဘာသာစကားကို ဆန့်ကျင်ကောင်း ဆန့်ကျင်လိမ့်မည်။ အကယ်၍ ဖိနှိပ်ချုပ်ချယ်သော မူဝါဒများကို ပစ်မှတ်ထားအသုံးပြုခြင်းခံနေရသော အုပ်စုတစ်စုသည် တစိမ်းဆန်ဆန်သဘောထားမျိုးကို နက်နက်ရှိုင်းရှိုင်းခံစားလာရပြီး ငြိမ်းချမ်းစွာ အဖြေရှာရန် အလားအလာ နည်းပါးသည်ဟု ရှုမြင်လာပါက အကြမ်းဖက်မှုဆီသို့ ခြေဦးလှည့်သွားနိုင်သည်။

## မတူကွဲပြားမှုကို လက်ခံပေးခြင်း

စည်းလုံးညီညွတ်မှုအတွက် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည့် ဖက်ဒရယ်နိုင်ငံများ အပါအဝင် ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံများသည် အပေါင်းလက္ခဏာဆောင်သော နိုင်ငံရေး ဆိုင်ရာ အမျိုးသားလက္ခဏာကို မြှင့်တင်ပေးနိုင်သည်။ ၎င်းတွင် နိုင်ငံသားများသည် မတူ ကွဲပြားမှုကို လက်ခံမှု၊ နေရာပေးမှုဟူသည့် အခြေအနေတစ်ခုအတွင်း ၎င်းတို့၏ အခြားအရေးပါ သည့် သရုပ်လက္ခဏာများနှင့် အမျိုးသားလက္ခဏာကို သဟဇာတဖြစ်သည်ဟု ခံစားပေးနိုင် ကြသည်။ မတူကွဲပြားမှုကို လက်ခံပေးခြင်းသည် အမျိုးသားတန်ဖိုးတစ်ခုအဖြစ် စည်းလုံးညီညွတ် ရေးကို တိုးတက်ဖြစ်ပေါ်စေသည်။

ဒီမိုကရေစီစနစ်၏ ရေရှည်စည်းလုံးညီညွတ်ရေးတွင် နိုင်ငံသားများမှ အရေးပါ သောလူများစုသည် အမျိုးသားသရုပ်လက္ခဏာသဘောနှင့် နိုင်ငံအပေါ်တွယ်တာစိတ်ရှိရန် လိုအပ်သည်။ နိုင်ငံလူဦးရေတွင် အရေးပါသော အုပ်စုတစ်စုက အမျိုးသားသရုပ်လက္ခဏာသည် ၎င်းတို့က ခိုင်မာစွာခံစားကြသော လူမျိုး၊ ဒေသဆိုင်ရာ၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဘာသာဗေဒ သရုပ်လက္ခဏာနှင့် ဝိရောဓိဖြစ်နေသည်ဟု ယုံကြည်လာပါက ရေရှည်စည်းလုံး ညီညွတ်မှုရရန် ဖြစ်နိုင်ခြေနည်းသည်။ ဥပမာအားဖြင့် ယင်းအုပ်စုသည် အစိုးရတွင် ကိုယ်စားပြုမှု

သိသာစွာ နည်းပါးနေခြင်း၊ ၎င်းတို့၏ ဘာသာရေးကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ၎င်းတို့၏ ဘာသာစကားကို မလေး စားခြင်း၊ အသုံးပြုခွင့်မရခြင်း စသည်တို့ကြောင့် သရုပ်လက္ခဏာချင်း ဝိရောဓိဖြစ်နေသည်ဟု ယုံကြည်လာခြင်း ဖြစ်သည်။

မကြာခဏဆိုသလိုပင် စည်းလုံးညီညွတ်ရေးအတွက် စိန်ခေါ်မှုတွင် လူနည်းစုအုပ်စု များ၏ စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းပေးမှုများသာမက လူများစုနှင့် လူနည်းစု အသိုင်း အဝိုင်းကြား မတူကွဲပြားခြင်းကို လက်ခံခြင်းနှင့် နေရာပေးခြင်းဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုကို မြှင့်တင်ပေးခြင်းလည်း ပါဝင်သည်။ အချို့သော လူများစုတို့မှာ ၎င်းတို့၏တိုင်းပြည်ကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင်၎င်းတို့၏ထင်ဟပ်မှုကိုသာထည့်သွင်းသတ်မှတ်ကြကာလူနည်းစုအသိုင်းအဝိုင်းကို ဖယ်ထုတ်ထားလေ့ရှိသည်။ အနည်းဆုံးအားဖြင့်တော့ ပို၍အပေါင်းလက္ခဏာဆောင်သည့် ယဉ်ကျေးမှုသည် မတူကွဲပြားမှုများအား လက်ခံခြင်းနှင့် နေရာပေးခြင်းကို မြှင့်တင်ပေးသည်။ သို့သော်အကယ်၍လူမှုဝန်းကျင်တွင်အမျိုးမျိုးသောဖြစ်တည်နေမှုများကိုထင်ဟပ်ပေးနိုင်သည့် မူဝါဒများ၊ သင်္ကေတများဖြင့် မတူကွဲပြားမှုအား အမျိုးသားလက္ခဏာ၏ အစိတ်အပိုင်းအဖြစ် လူတစ်ဦးချင်းက လက်ခံပေးပါလျှင် ပို၍ ထိရောက်မည်ဖြစ်သည်။ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ အီသီးယိုးပီးယား၊ ကနေဒါ၊ ဆွစ်ဇာလန်နှင့် တောင်အာဖရိက တို့ကဲ့သို့သော ဖက်ဒရယ်နိုင်ငံများသည် စည်းလုံးညီညွတ်မှုကို မြှင့်တင်ရန် ချဉ်းကပ်မှုတွင် မတူကွဲပြားမှုအား လက် ခံပေးခြင်းကို ပါဝင်လုပ်ဆောင်ကြသော နမူနာများဖြစ်သည်။

ထိုသို့သောယဉ်ကျေးမှုကို ထူထောင်ရာတွင် အောင်မြင်ရန်ဆိုသည်မှာ အကယ်၍ နိုင်ငံရေးသမားများ သို့မဟုတ် အသိုင်းအဝိုင်းအမျိုးမျိုးမှ ခေါင်းဆောင်များ (လူများစုရော၊ လူနည်းစုပါ) က ရန်လိုသောခံစားချက်များနှင့် အုပ်စုများအကြား အကြောက်တရားများကို ပိုမိုအားကောင်းလာစေရန် ကြိုးစားပါက ခက်ခဲနိုင်သည်။ ကိုးကွယ်သည့်ဘာသာအရ သို့မဟုတ် ဘာသာဗေဒအရလွှမ်းမိုးသည့်လူများစုသည်၎င်းတို့၏သမိုင်းနှင့်ချီ၍ရရှိထားသောအခွင့်အရေး များကို လက်လွှတ်ပစ်ရန် ခဲယဉ်းကောင်း ခဲယဉ်းမည်ဖြစ်သည်။ ယူဂိုဆလပ်ဗီးယားသည် ဝမ်းနည်းစရာ နမူနာတစ်ခုဖြစ်သည်။ မင်ဒဲလား၊ ဂန္ဒီနှင့် နေရူးတို့ကဲ့သို့ အပေါင်းလက္ခဏာဆောင် သည့် ခေါင်းဆောင်မှုသည် အသက်တမျှအရေးပါလှသည်။

## မတူကွဲပြားမှုအား ဟန်ချက်ညီသော ချဉ်းကပ်မှု

မတူကွဲပြားမှုကို လက်ခံရာတွင် ရှိပြီးသားတည်ဆောက်ထားပုံတွင် တိုးချဲ့တည် ဆောက်ယူခြင်း (Buliding Out) သဘောနှင့် ရှိပြီးသားတည်ဆောက်ထားပုံတွင် ထည့်သွင်း ခြင်း (Built-in) သဘောကြားတွင် ဟန်ချက်ညီသော ချဉ်းကပ်မှုရှိရန် လိုအပ်သည်။ ရှိပြီးသား တည်ဆောက်ထားပုံတွင် တိုးချဲ့တည်ဆောက်ယူခြင်းတွင် ဒေသဆိုင်ရာအစိုးရ၏ တောင်း ဆိုမှုများကို နေရာပေးခြင်းပါဝင်သည်။ ရှိပြီးသားတည်ဆောက်ထားပုံတွင် ထည့်သွင်းခြင်း၌ အဓိကကျသော လူနည်းစုများကို ဗဟိုအစိုးရ၏ မူဝါဒ၊ အင်စတီကျူးရှင်း၊ သင်္ကေတများအတွင်း သို့ ပေါင်းစည်းပေးခြင်း သို့မဟုတ် အခြားအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များမှတဆင့် ပေါင်း စည်းပေးခြင်းများ ပါဝင်သည်။

ဒေသစံလူထုက ထိန်းချုပ်နိုင်သော ဒေသဆိုင်ရာ အစိုးရများကို ဖန်တီးပေးခြင်း သို့မဟုတ် အားကောင်းစေ ခြင်းသည် ဒေသလူထုကို ၎င်းတို့အတွက် အရေးပါသည့်ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် အခွင့်အာဏာများအပ် နှင်းပေးရာရောက်သည်။ ၎င်းသည် အဆိုပါလူထုအား ၎င်းတို့၏ သီးသန့်ရှိနေသော သွင်ပြင်လက္ခဏာကို ဒေသန္တရအစိုးရအဖွဲ့အစည်းများတွင် ထင်ဟပ်နေခြင်းအားမြင်တွေ့ခွင့်ရစေသည်။ ဤသည်တို့မှာ ဖက်ဒရယ်စနစ်တွင် နေရာပေးမှုနှင့် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်တို့မှ နိုင်ငံရေးနှင့်ဆိုင်သော အသိုင်းအဝိုင်းများကို သဟဇာတဖြစ်စွာအတူယှဉ်တွဲနေထိုင်ရန် ခွင့်ပြုသည့်ယဉ်ကျေးမှုတို့၏ပင်မသွင်ပြင်လက္ခဏာများပင် ဖြစ်သည်။ တချိန်တည်းမှာပင် ဗဟိုအဆင့်အဖွဲ့အစည်းများ၌ အဓိကကျသော ဒေသဆိုင်ရာ လူနည်းစုများအားနေရာပေးမှုမရှိဘဲကိုယ်စားပြုဒေသအစိုးရများကိုအခွင့်အာဏာပေးအပ်သည့်မူဝါဒသည် နိုင်ငံအတွင်း ဝါးအစည်းပြေသွားနိုင်သည့်အနေအထား အရိပ်မြင့်လာနိုင်သည့် အန္တရာယ်ရှိသည်။ အကယ်၍ အဓိကကျသော သရုပ်လက္ခဏာရှိသည့် အုပ်စုများက ဗဟိုအဆင့်အဖွဲ့အစည်းများတွင် ၎င်းတို့၏ သရုပ်လက္ခဏာများ ကောင်းစွာ ထင်ဟပ်နိုင်ခွင့်ရှိသည်ဟု မမြင်လျှင် ၎င်းတို့ဆက်လက်ပေါင်းစည်းထားရန် ဖြစ်နိုင်ခြေနည်းခြင်း သို့မဟုတ် အမျိုးသားသရုပ်လက္ခဏာအပေါ် ၎င်းတို့တိုး၍ မျှဝေစံစားနိုင်ခြေနည်းခြင်းတို့ဖြစ်နိုင်ရာ ဗဟိုမှ အာဏာပိုမိုဖြေလျော့ရန် ထောက်ခံလာခြင်း သို့မဟုတ် ခွဲထွက်ခြင်းကို ထောက်ခံလာခြင်းတို့ ပို၍ဖြစ်နိုင်ခြေ ရှိလာနိုင်သည်။

## ရှိပြီးသားတည်ဆောက်ထားပုံတွင် တိုးချဲ့တည်ဆောက်ယူခြင်း (Building Out) – အာဏာဖြေလျော့ခြင်း

ရှိပြီးသားတည်ဆောက်ထားပုံတွင် တိုးချဲ့တည်ဆောက်ယူခြင်း **(Building Out)** တွင် ဒေသအလိုက် သတ်မှတ်ထားသော ကိုယ်စားပြုဒေသများကို ဖန်တီးပေးခြင်း သို့မဟုတ် ၎င်းတို့ဒေသအတွင်း ထူထပ်စွာနေထိုင်နေသော လူအများစု၏လိုလားချက်များကို တုန့်ပြန်ဆောင်ရွက်ပေးနိုင်ရန် ဖန်တီးထားသော ကိုယ်စားပြုဒေသများအားအခွင့်အာဏာများ ပေးအပ်ခြင်းများပါဝင်ပြီး ထိုလုပ်ဆောင်မှုမှာ ဖက်ဒရယ်အစီအစဉ်များ၏ ဗဟိုချက်ပင် ဖြစ်သည်။ သို့ရာတွင် လက်တွေ့ကျသောကိစ္စရပ်များလည်းရှိသည်။ တည်ရှိပြီးသား ဖက်ဒရယ်နိုင်ငံများအတွင်းတွင် ကိုယ်စားပြုဒေသအသစ်များ ဖန်တီးရန်ခက်ခဲသည်။ ဒေသအလိုက် နယ်မြေသတ်မှတ်ထားမှုများတွင် လူမျိုးတစ်မျိုးတည်းကိုသာ ဒေသအတွင်း၌ အကြွင်းမဲ့ဝင်အောင် ထည့်သွင်းသတ်မှတ်ရန်ခဲယဉ်းသောကြောင့် ဒေသတစ်ခုအတွင်း အရေးပါသော လူနည်းစု တစ်စုစု ပါဝင်နေနိုင်သည်။ ထို့အပြင် ကိုယ်စားပြုဒေသအသစ်များ ဘယ်နှစ်ခုအထိ (ပြည်နယ်ဘယ်နှစ်ခု) လက်တွေ့ကျကျဖန်တီးနိုင်မလဲ ဆိုသည်မှာလည်း အကန့်အသတ်ရှိကောင်းရှိမည်ဖြစ်သည်။ ထူးခြားသည့် သရုပ်လက္ခဏာ အားကောင်းစွာရှိနေသော အချို့လူမျိုးများမှာ ပထဝီအနေအထားအရ တစ်နိုင်ငံလုံးတွင် ပြန့်ကျဲနေထိုင်မှု ရှိနေနိုင်သည်။ အားကောင်းသော အချိုးမညီ ဖက်ဒရယ်အစီအစဉ်များ (asymmetric) မှာ ရေရှည်တည်တံ့ရန် ခက်ခဲသည်။

ဖက်ဒရယ်နိုင်ငံအများအပြား၏ တည်ငြိမ်မှု၊ အထူးအားဖြင့် အိန္ဒိယ၊ ကနေဒါနှင့်

ဆွစ်ဇာလန်ကဲ့သို့ အလွန်မတူကွဲပြားမှုရှိသော နိုင်ငံများသည် အာဏာဖြေလျော့ထားသည့် ဖက်ဒရယ်ပုံစံအစိုးရပေါ်တွင် မူတည်ကြသည်။ သို့သော်လည်း ဖက်ဒရယ်နိုင်ငံတစ်ခုအဖြစ် ပုံဖော်ပြီးသည်နှင့် အခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများက ကိုယ်စားပြုဒေသအသစ်များ ဖန်တီးရန်အတွက် နယ်မြေသတ်မှတ်ချက်များ ပြန်ဆွဲရန် ခက်ခဲအောင် ပြုလုပ်ထားနိုင်သည်။ အိန္ဒိယမှာမူ အထင်ရှားဆုံး ခြွင်းချက်တစ်ခုဖြစ်သည်။ ၎င်း၏ ပြည်နယ်များ၏ မြေပုံပြန်ဆွဲခဲ့ပြီး ကာလအပိုင်းအခြားအလိုက်ပြည်နယ်အသစ်များဖွဲ့စည်းသည်။ ဆွစ်ဇာလန်သည်ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ပြီး ဂျူရာ (Jura) ပြည်နယ် (canton) အသစ် ဖွဲ့စည်းခဲ့သည်။ နိုင်ဂျီးရီးယားတွင် ပြည်နယ်များ၏နယ်မြေသတ်မှတ်မှုကိုစစ်အစိုးရများကအခြေခံဥပဒေလုပ်ထုံးလုပ်နည်းများကို အသုံးမပြုပဲ ကြီးမားစွာ ပြန်လည်ရေးဆွဲခဲ့သည်။

ထိုနည်းတူစွာပင် အိန္ဒိယ၊ နိုင်ဂျီးရီးယားနှင့် အီသီယိုးပီးယားတို့ကဲ့သို့သော အချို့ဖက်ဒရယ်နိုင်ငံများတွင်လည်း သတ်မှတ်ထားသော ကိုယ်စားပြုဒေသအရေအတွက်ထက် ဘာသာစကားအမျိုးမျိုးကွဲသော အုပ်စုများနှင့် လူမျိုးစုများ၏ အရေအတွက်က ပိုမိုများပြားသည်ကို တွေ့ရသည်။ သေးငယ်သော အုပ်စုလေးများအားလုံးက ၎င်းတို့ ကိုယ်ပိုင် ကိုယ်စားပြုဒေသများရရှိနိုင်ရန် စိတ်ကူးယဉ်မှုမှာ လက်တွေ့မကျပေ (သို့သော် အိန္ဒိယနိုင်ငံမှ အချို့ပြည်နယ်များတွင် ပြည်နယ်တစ်ခုအတွင်း ထူးထူးခြားခြားလူဦးရေအများစုရှိနေသည့် လူမျိုးစုများအား ဒေသခွဲများ ပိုင်းခြားပေးထားမှု ရှိသည်) ။ ထို့ပြင် လူထုများမှာ ပထဝီအနေအထားအရ ပိုင်းခြားထားသော ဒေသများတွင် လူမျိုးအလိုက် သတ်သတ်မှတ်မှတ် စနစ်တကျစုစည်း၍ နေထိုင်နေကြခြင်းမဟုတ်ပေ။ ထို့ကြောင့် ထူးခြားသော လူမျိုးတစ်မျိုး၏ မူရင်းဒေသဖြစ်သည့် ၎င်းတို့၏ ကိုယ်စားပြုဒေသတွင် တစ်နိုင်ငံလုံးရှိ ၎င်းတို့လူမျိုးတစ်စုလုံး စုစည်းနေထိုင်နေခြင်း မရှိနိုင်ပေ။ ထို့အတူပင်၎င်းတို့ဒေသအတွင်းတွင်လည်းအရေးပါသောလူနည်းစုတစ်စု သို့မဟုတ် တစ်စုမက ရှိနေနိုင်သည်။ အဆုံးအားဖြင့် အချို့သော လူမျိုးအရ၊ ဘာသာဗေဒ အရ သို့မဟုတ် ကိုးကွယ်သည့်ဘာသာအရအတော်အတန်ထူးခြားသည့်အုပ်စုများသည် ၎င်းတို့၏ကိုယ်စားပြုဒေသအတွင်း လူများ စုနေထိုင်သည်ဆိုရုံမျှဖြင့် ရွှေ့ရေးအလားအလာမရှိသဖြင့် ဒေသအနှံ့အပြားတွင်ပြန့်ကျဲနေထိုင်ကြသည်။ ထို့ကြောင့်ကိုယ်စားပြုဒေသအသစ်များဖန်တီးပေးခြင်းမှာ မတူကွဲပြားမှုကို တုန့်ပြန်ဆောင်ရွက်ပေးသည့် လုပ်ဆောင်မှု၏အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း ယင်းမှာအားလုံးကို ဖြေရှင်းပေးနိုင်သော အဖြေတစ်ခုမဟုတ်ပေ။ အချို့ကိစ္စများတွင် ဖက်ဒရယ်နိုင်ငံတစ်ခု၏အစိတ်အပိုင်းတစ်ခုမှာအခြားအစိတ်အပိုင်းများထက်အခွင့်အာဏာများ သိသိသာသာပိုပေးရန်မျက်နှာလိုက်လိုသည့်သဘောများရှိရာ ၎င်းမှာ အချိုးမညီအစီအစဉ်များ (asymmetric arrangements) ဖြစ်လာနိုင်သည်။ သို့သော်လည်း အကယ်၍ ၎င်းတို့အနေဖြင့် ကိုယ်စားပြုဒေသများအတွက် သိသိသာသာ တူညီမှုမရှိသော အခွင့်အာဏာများကို အခြေခံဥပဒေတွင် ထည့်သွင်းထားမိပါက ၎င်းမှာ ရေရှည်တည်တံ့ရန် ခက်ခဲနိုင်သည်။ အထူးသဖြင့် အထူးအခွင့်အာဏာများ ရရှိထားသော ကိုယ်စားပြုဒေသမှာ အတော်အတန် ကြီးမားနေလျှင် ပိုခက်နိုင်သည်။

## ရှိပြီးသားတည်ဆောက်ထားပုံတွင် ထည့်သွင်းခြင်း (Building in) – ကိုယ်စားပြုစင်တာတစ်ခု

ရှိပြီးသားတည်ဆောက်ထားပုံတွင် ထည့်သွင်းခြင်း (Building in) သဘောသည် ဗဟိုအစိုးရ၏ အဖွဲ့အစည်းများအတွင်း အဓိကကျသော လူမျိုးများအပေါ် အသိအမှတ်ပြုမှုနှင့် ၎င်းတို့၏ အခန်းကဏ္ဍကို တိုးတက်ဖြစ်ပေါ်စေခြင်းအားဖြင့်လည်းကောင်း၊ လူနည်းစုများကို အကာအကွယ်ပေးခြင်းဖြင့်လည်းကောင်း စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးသည်။

စည်းလုံးညီညွတ်မှုအတွက် စိန်ခေါ်မှုကို ဟန်ချက်ညီညီချဉ်းကပ်မှုတွင် ပုံမှန်အားဖြင့် ရှိပြီးသားတည်ဆောက်ထားပုံတွင် ထည့်သွင်းခြင်း (Building in) သဘောပါဝင်သည်။ ထူးခြားသောသရုပ်လက္ခဏာရှိသည့် အဓိကလူမျိုးများအနေဖြင့် နိုင်ငံ၏ဗဟိုအဆင့်အဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်စွာ အခြေခံဥပဒေပြဋ္ဌာန်းချက်များတွင် ၎င်းတို့ ကောင်းစွာကိုယ်စားပြုမှုခွင့်ရသည်၊ အသိအမှတ်ပြုခံရသည်ဟု ခံစားရစေမှုကို သေချာစေရန်အတွက် ထိုသို့သော ချဉ်းကပ်မှုကို လုပ်ဆောင်သည်။

ဟန်ချက်ညီသော ချဉ်းကပ်မှုတစ်ခုတွင် အောက်ပါတို့ပါဝင်နိုင်သည် –

- တမျိုးသားလုံးက လက်ခံသည့် သင်္ကေတများ (အခွင့်အရေးများ၊ အလံ စသဖြင့်) သာမက အဓိကကျသော လူမျိုးများ၏ သင်္ကေတများ၊ သမိုင်းကြောင်း၊ ဘာသာတရားနှင့် ဘာသာစကားတို့ကိုပါ သင့်လျော်စွာ ပါဝင်စေခြင်းဖြင့် နိုင်ငံသို့မဟုတ် တမျိုးသားလုံးကို ကိုယ်စားပြုသည့် လူမျိုးအမည်ကို သတ်မှတ်ရေး (လူဦးရေများသော အများစုတစ်ခုတည်းအားကိုယ်စားပြု၍နိုင်ငံကို သတ်မှတ်ခြင်းမျိုး မဖြစ်ရပေ)
- စုစည်းမှုရှိသည်၊ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် အမျိုးသားပရောဂျက်များဟု အများက ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ပေးနိုင်သည့် အရှိုသော အမျိုးသားပရိုဂရမ်များကို မြှင့်တင်ပေးခြင်း (ဥပမာ – ဘုံရွေးကောက်စနစ်၊ အမျိုးသားကျန်းမာရေးစနစ်၊ အမျိုးသားပင်စင်စီမံကိန်း)
- အဓိကကျသောလူဦးရေများ ဗဟိုအဆင့်အဖွဲ့အစည်းများတွင် မှန်ကန်စွာ ကိုယ်စားပြုရေးနှင့် အခွင့်အာဏာအပ်နှင်းခြင်းကို သေချာစေခြင်း – တရားဝင်နှင့် အလွတ်သဘော လုပ်ထုံးလုပ်နည်းများသည် အစိုးရ၊ စစ်တပ်၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ကိုယ်စားပြုမှုကို သေချာစေသည်။ အဆုံးစွန်သောကိစ္စရပ်များ (ဥပမာ – ပဋိပက္ခအလွန်ကာလ) တွင် အစိုးရတွင်းတွင် ညှိနှိုင်းပြီးမှ အာဏာခွဲဝေရေးကို အဓိကကျသော အသိုင်းအဝိုင်းများအကြား ဆောင်ရွက်ကြရသည်။
- ကိုယ်စားပြုဒေသတစ်ခုအတွင်းမှ လူနည်းစုများကို အကာအကွယ်ပေးရေး – ဖက်ဒရယ်နိုင်ငံများတွင် တစ်ခါတစ်ရံ ကွဲပြားခြားနားသည့် လူများစုများနှင့် လူနည်းစုများသည် နိုင်ငံအဆင့်တွင်ရော ကိုယ်စားပြုဒေသ အဆင့်တွင်ပါ ရှိနေတတ်သည်။ ကိုယ်စားပြုဒေသတစ်ခုအတွင်းမှ လူနည်းစုများအား အကာအကွယ်ပေးရေး (ဘာသာစကား၊ ဘာသာရေး၊ ကျောင်းတက်ခွင့်၊ ပြည်သူ့ဝန်ထမ်း စသည်) မှာ ပြည်ထောင်စုကြီးတစ်ခုလုံး၏ ရပိုင်ခွင့်များနှင့် အကာအကွယ်ပေးမှုများကို

ဟန်ချက်ညီအောင် လုပ်ဆောင်နေခြင်း၏ အစိတ်အပိုင်းလည်း ဖြစ်နိုင်သည်။

ဘာသာစကားနှင့်ဆိုင်သောမူဝါဒမှာ တခါတရံအလွန်အကဲဆတ်လှသည်။ ဘာသာဗေဒအရကွဲပြားမှုများသော နိုင်ငံများတွင် ဖက်ဒရယ်စနစ်၏ကြီးစွာသော အားသာချက်တစ်ခုမှာ နေရာအမျိုးမျိုးတွင် မတူညီသော ဘာသာစကားမျိုးစုံကို အရေးပါအောင် လုပ်ခွင့်ပေးခြင်း (တည်ဆောက်ယူခြင်း) ဖြစ်သည်။ သို့သော်ငင်းသည် လူနည်းစုတို့၏ဘာသာစကားနှင့်ဆိုင်သော ကိစ္စများကိုလည်း တစ်နိုင်ငံလုံးအဆင့်တွင်ရော ကိုယ်စားပြုဒေသအဆင့်တွင်ပါ ကိုင်တွယ်ပေးရမည်ဖြစ်သည် (ရှိပြီးသားတည်ဆောက်ထားပုံတွင် တိုးချဲ့တည်ဆောက်ယူခြင်း (Building out) သဘော)။ လက်တွေ့တွင် ဘာသာစကားဆိုင်ရာ မူဝါဒမှာ အထူးအစီအစဉ်များစွာ ပါဝင်သောကြောင့် အလွန်ပင်ရှုပ်ထွေးလှသည်။ အချို့သော ဖက်ဒရယ်နိုင်ငံများ (အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ မလေးရှား၊ အီသီယိုးပီးယား) တွင် ဒေသခံဘာသာစကားများအတွက် ပြဋ္ဌာန်းချက်များအပြင် တိုင်းပြည်၏မူရင်းမျိုးနွယ်စု၏ဘာသာစကားမဟုတ်သည့်ဘာသာစကားတစ်ခုကိုလည်း အဓိကဘာသာစကားအဖြစ်သုံးရန် ပြဋ္ဌာန်းထားသည်။ အဘယ်ကြောင့်ဆိုသော် ပို၍ကြားနေသည့်ဟု ရယူမြင်နိုင်ရန်ဖြစ်သည် (ဥပမာ - အင်္ဂလိပ်ဘာသာစကားဆိုလျှင် နိုင်ငံတကာသုံးဘာသာစကားဖြစ်၍ ထိုသို့အသုံးပြုရန် အားသာချက်ရှိသည်)။ ပါကစ္စတန်နိုင်ငံသည် လူမျိုးစုအုပ်စု ငယ်တစ်ခု၏ ဘာသာစကားဖြစ်သော အူဒူး (Urdu) ကို တရားဝင်ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထားသော်လည်း အင်္ဂလိပ်နှင့် ဘာသာစကားမှာလည်း အလွန်အရေးပါဆဲဖြစ်သည်။ ဖက်ဒရယ်နိုင်ငံမဟုတ်သော အင်ဒိုနီးရှားတွင်မူ လူမျိုးစုငယ်တစ်ခု၏ဘာသာစကားကို အင်ဒိုနီးရှား၏ တရားဝင်ရုံးသုံးဘာသာစကားအဖြစ် ရွေးချယ်ခဲ့သည်။

လူနည်းစုများက နေရာပေးရန် အတင်းအကျပ်တောင်းဆိုမှုများလည်း ရှိနိုင်သဖြင့် လူနည်းစုဘာသာစကားကို နေရာပေးရန် လိုအပ်ချက်အပေါ် လူများစုက မကျေမနပ် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ခုစီသည် ၎င်းတို့အတွက် ဟန်ချက်ညီနိုင်မည့် မျှခြေကို ရှာဖွေရန်တော့ လိုအပ်သည်။ တခါတရံ (ကနေဒါ၊ အိန္ဒိယ၊ ဆွစ်ဇာလန်၊ အီသီယိုးပီးယား) တို့၏ ဖက်ဒရယ်အခြေခံဥပဒေ၌ အချို့ဘာသာစကားအခွင့်အရေးများကို ဗဟိုအဆင့်နှင့် ကိုယ်စားပြုဒေသအဆင့်နှစ်ခုလုံးအတွက် ထည့်သွင်းအကာအကွယ်ပေးထားသည်။ အခြားကိစ္စရပ်များတွင်မူ ထိုသို့ သော အခွင့်အရေးများသည် မူလအားဖြင့် ဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်းများနှင့်ဆိုင်သောကိစ္စများဖြစ်ပြီး အစိုးရတစ်ရပ်ရပ်ထံတွင် ထိုအတွက် အခွင့်အာဏာကို ပေးထားလေ့ရှိသည်။ ဘာသာစကားမူဝါဒများ၏ နောက်ကွယ်မှ စဉ်းစားတွေးခေါ်ပုံမှာ ဖက်ဒရယ်နိုင်ငံတစ်ခုနှင့်တစ်ခု ကွဲပြားပါသည်။ အချို့က မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ တစ်ဦးချင်းအခွင့်အရေးကို အလေးပေးစဉ်းစားသလို အချို့ကလည်း သီးသန့်နေရာဒေသအလိုက် (သို့မဟုတ် အစိုးရအဆင့်ဆင့်အလိုက်) ဘာသာစကားအခွင့်အရေးကိုတွဲလျက် စဉ်းစားသည်။

## အချို့ဖက်ဒရယ်နိုင်ငံများရှိ ဘာသာစကားမူဝါဒ၏ လက္ခဏာများ

အိန္ဒိယတွင် လူဦးရေ တစ်သန်းကျော်က ပြောဆိုသော ဘာသာစကားပေါင်း ၄၀ ရှိပြီး အခြေခံ ဥပဒေတွင် ဖော်ပြထားသော ဘာသာစကား ၁၈ မျိုး ရှိသည်။ ဟင်ဒီ (လူဦးရေ ၁၈% ၏ မိခင်ဘာသာစကားဖြစ်ကာ လူဦး ရေ ၄၀% က ပြောဆိုအသုံးပြုသော ဘာသာစကား) သည် အဓိက တိုင်းရင်းသားဘာသာစကားတစ်ခုဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားသည် အရေးပါသည့် ဆက်စပ်ဘာသာစကားဖြစ်သည်။ ပြည်နယ်များသည် အခြေခံဥပဒေပါမည်သည့်ဘာသာစကား ကိုမဆိုမိမိတို့ပြည်နယ်တွင် ရုံးသုံးအဖြစ်ထားရှိမည်ကိုရွေးချယ်နိုင်ပြီး ရုံးသုံးနှင့်အခြားဘာသာစကား များအတွက် ဝန်ဆောင်မှုများ ပေးထားသည်။ နိုင်ဂျီးရီးယားတွင် အရေးပါသည့် ရုံးသုံးတိုင်းရင်းသားဘာသာစကားသုံးမျိုးရှိသည့်ပြင် အခြားဘာသာစကားပေါင်း အနည်းဆုံး ၄၅၀ ရှိသည်။ ဒေသခံဘာသာစကားများကို အသုံးပြုနိုင်ကြသော်လည်း အင်္ဂလိပ်ဘာသာစကား ကို အစိုးရနှင့် ပညာရေးတွင် အဓိကဘာသာစကားအဖြစ်ထားရှိသည်။ နိုင်ငံသားရပိုင်ခွင့်အချို့ ဥပမာ တရားရုံးများတွင် ဦးစားပေးမရှိပဲ နားလည်သော ဘာသာစကားကိုသာ အခြေခံ၍ သုံးနိုင်သည်။ အီသီယိုးပီးယားတွင် အဓိက တိုင်းရင်းသားဘာသာစကား နှစ်မျိုးရှိပြီး လူနည်းစုဘာသာစကား ၁၁ ခုနှင့် အခြားသော လူမျိုးစုဝင်များ၏ ဘာသာစကား များစွာရှိသည်။ ၎င်းတွင် ရုံးသုံးဘာသာစကားမရှိဘဲ ဘာသာစကားအားလုံးကိုမှ အရညီတူညီမျှ အသိအမှတ်ပြု လက်ခံသုံးစွဲစေသည်။ အင်္ဂလိပ်ဘာသာစကားကိုမူ အစိုးရနှင့် ပညာရေးတွင် အသုံးပြုသည်။ သည် ဗဟိုအစိုးရနှင့် အချို့ပြည်နယ်အစိုးရများတွင် သုံးစွဲသည့်ဘာသာစကားအဖြစ်ကာ ပြည်နယ်တစ်ခုချင်းစီမှာ ၎င်းတို့အတွက် အလုပ်လုပ်ရန် ဘာသာစကား(များ) ကို ရွေးချယ် ထားကြသည်။ တောင်အာဖရိကတွင် ဥရောပဘာသာစကားနှစ်မျိုးနှင့် အရေးပါသည့် မူရင်း တိုင်းရင်းသား ဘာသာစကား ၉ မျိုးရှိသည်။ မည်သည့်ဘာသာစကားကိုမှ နိုင်ငံ၏ လေးပုံ တစ်ပုံကျော်သော လူဦးရေက ပြောဆိုသုံးစွဲခြင်း မပြုကြပေ။ ဒေသခံဘာသာစကားများကို ဒေသတွင်းအုပ်ချုပ်ရေး၌ စကားပြောနှင့် သင်ကြားရေးအချို့တို့တွင် သုံးစွဲရန် အားပေး သော်လည်း အင်္ဂလိပ်ဘာသာစကားသာ အဓိကလွှမ်းမိုးထားသည်။ မလေးရှားနိုင်ငံတွင် မလေးဘာသာစကားသည် နိုင်ငံလူဦးရေ၏ ၆၂% အသုံးပြုသော မိခင်ဘာသာစကားဖြစ်ပြီး ရုံးသုံးဘာသာစကားလည်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားမှာ အစိုးရဌာနများနှင့် တရားရုံးများတွင်သုံးသောအဓိကဘာသာစကားဖြစ်သည်။ လူနည်းစုဘာသာစကားရပိုင်ခွင့်မှာ လွန်စွာအကန့်အသတ်ရှိသည်။ ဆွစ်ဇာလန်တွင် ရုံးသုံးဘာသာစကားသုံးမျိုးရှိပြီး ဖက်ဒရယ် အဆင့်တွင် အမျိုးသားဘာသာစကားတစ်ခု၊ ဘာသာစကားတစ်မျိုးတည်းသုံးသော canton (ပြည်နယ်) ၁၉ ခု၊ နှစ်မျိုးသုံးသော canton သုံးခု၊ သုံးမျိုးသုံးသော canton တစ်ခုရှိသည်။ ဘာသာစကားတစ်မျိုးတည်းသုံးသော canton များတွင် အများပြည်သူဝန်ဆောင်မှုအားလုံးနှင့် ပညာရေးမှာ ဒေသခံဘာသာစကားတစ်မျိုးကိုသာ သုံးစွဲကြသည်။ ဘယ်လ်ဂျီယံတွင်လည်း နယ်မြေအလိုက် ဘာသာစကားရပိုင်ခွင့်များကို အလေးထားရာ ဒတ်ချ်စကားပြောနှင့် ပြင်သစ်စကားပြော အသိုင်းအဝိုင်းများဟူ၍ရှိပြီး ဒေသများတွင် ၎င်းတို့ ဘာသာစကားတမျိုး တည်းကိုသာ အသုံးပြုသည်။ ဘရပ်ဆဲလ်နှင့် ဗဟိုအစိုးရတွင်မူ ဘာသာစကားနှစ်မျိုးလုံး

သုံးစွဲကြသည်။ ကနေဒါတွင် ဖယ်ဒရယ်အဆင့်နှင့် ပြည်နယ်တွင် ဘာသာစကားနှစ်မျိုး သုံးပြီး အခြားသောပြည်နယ်များ၌လူနည်းစုများအတွက်ရပိုင်ခွင့်အမျိုးမျိုးကိုဖြည့်ဆည်းပေးထားသည်။ ဖက်ဒရယ်ဝန်ထမ်းအဖွဲ့အစည်းများအတွက် ဘာသာစကားရွေးချယ်မှုမှာ "အခြေအနေနှင့် သင့်လျော်သလို" ရွေးချယ်အသုံးပြုနိုင်သည်။ ကနေဒါဥပဒေတွင် ဈေးကွက်တွင်းရောင်းချသည့် ကုန်ပစ္စည်းထုတ်ပိုးမှုများအတွက် တံဆိပ်ကပ်ရာတွင်အသုံးပြုရမည့်ဘာသာစကားလိုအပ်ချက်များဖော်ပြထားပါသည်။ စပိန်တွင်ကတ်စတ်ဘာသာစကားမှာ သီးသန့်အမျိုးသားဘာသာစကား ဖြစ်ပြီး စပိန်နိုင်ငံသားအားလုံးအနေဖြင့် ယင်းဘာသာစကားကို သိရှိအသုံးပြုရန် တာဝန်ရှိသည်။ ယင်းဘာသာစကားမှာ နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံက သုံးသော မိခင်ဘာသာစကားဖြစ်သည်။ တိုင်းရင်းသားဘာသာစကား (၇) မျိုးရှိပြီး အများဆုံးမှာ ကတ်တလန်လူမျိုး ၆၀% အသုံးပြုသည့် ကတ်တလန် ဘာသာစကားဖြစ်သည်။ ကတ်တလန်၊ ဘတ်စကွီ၊ ဂါလစ်စီနီနှင့် ဗ်လန်စီနီတို့မှာ ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စီတွင် စပိန်ဘာသာနှင့် တွဲဖက်အသုံးပြုနိုင်သော တွဲဖက်ရုံးသုံးဘာသာစကားများဖြစ်ပြီး အခွင့်အရေးနှင့် တာဝန်အမျိုးစုံကွဲပြားစွာဖြင့် ရှိနေသည်။

## ပဋိပက္ခအလွန် စည်းလုံးညီညွတ်ရေး

ပဋိပက္ခအလွန်အခြေအနေတွင် စည်းလုံးညီညွတ်ရေးကို ဖန်တီးခြင်းသည် အထူး စိန်ခေါ်မှုများ ထွက်ပေါ်စေသည်။ ဖက်ဒရယ်စနစ်သည် ငြိမ်းချမ်းရေးအတွက် ကြိုတင်စီမံမှု သို့မဟုတ် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

နှစ်များစွာက အခြေကျနေသော ဖက်ဒရယ်နိုင်ငံအများစုသည် ငြိမ်းချမ်းစွာ ပေါ်ပေါက်ခဲ့ကြခြင်းဖြစ်သည်။ ဆွစ်ဇာလန်သည် ခြွင်းချက်တစ်ခုဖြစ်သည်။ ၎င်းတွင် ယခင် ကွန်ဖက်ဒရေးရှင်းမှ (ပြည်နယ်များ) များအကြား အချိန်မကြာသော ပဋိပက္ခဖြစ်ပြီးနောက် ဖက်ဒရယ်နိုင်ငံဖြစ်လာခြင်းဖြစ်သည်။ ဖက်ဒရယ်နိုင်ငံအတော်များများမှာ ပြည်တွင်းအကြမ်းဖက်မှုကာလတစ်ခုအား ကြုံတွေ့ဖူးကြသည်ချည်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ဂျီးရီးယားတို့တွင် ခွဲထွက်ရေးအတွက်ပြည်တွင်းစစ်၊ မက္ကဆီကိုတော်လှန်ရေး၊ အာဂျင်တီးနား၏ အမျိုးမျိုးသော ပဋိပက္ခများ၊ စပိန်မှ နယ်မြေသူပုန်ထမှုတို့ ဖြစ်ကြသည်။ ထိုသို့သော ပဋိပက္ခအလွန်တွင် လူ့အသိုင်းအဝိုင်းမှာ နက်ရှိုင်းစွာ ကွဲပြားလျက်ရှိပြီး နိုင်ငံရေးအရ ပုံမှန်ပြန်ဖြစ်ရန် အချိန်အတော်ကြာယူရသည်။ သို့သော် နိုင်ငံအားလုံးတို့က ဖော်ပြနေသောအချက်မှာ ခွဲထွက်ခြင်းကိစ္စဆိုသည်မှာ ဖြေရှင်း၍ သို့မဟုတ် များစွာလျှော့ချ၍ ရသည်ဆိုသော အချက်ဖြစ်သည်။ လတ်တလောနှစ်များတွင် ပဋိပက္ခများပြီးဆုံးပြီးနောက် ငြိမ်းချမ်းရေးစီမံချက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖက်ဒရယ်အစီအစဉ်များကို စတင်အသုံးပြုသောစမ်းသပ်မှုအမျိုးမျိုး ရှိလာပါသည်။ ဘော့စ်နီးယား - ဟာဇီဂိုဗီးနား၊ ဆူဒန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် အီရတ်တို့အားလုံးသည် ဖက်ဒရယ်အင်စတီကျူးရှင်းများအား ချမှတ်ထားခြင်း သို့မဟုတ် ကျင့်သုံးရန် ကတိပြုထားခြင်းများရှိပါသည်။ သို့သော်လည်း အကောင်အထည်ဖော်မှုအပိုင်းမှာ အလွန်ခက်ခဲနေသေးပြီး အခြေအနေမှာလည်း ထိလွယ်ရှလွယ်အနေအထားတွင် ရှိနေသေးသည်။ နီပေါနိုင်ငံတွင် (မော်စီတုန်းဝါဒနှစ်သက်သူများ) သူပုန်ထမှုအပြီး လက်ရှိတွင် ဖက်ဒရယ်

စနစ်ကျင့်သုံးရန် စဉ်းစားနေပြီး သီရိလင်္ကာတွင်လည်း ပဋိပက္ခအတွက် ဖြစ်နိုင်ခြေရှိသောအဖြေတစ်ခုအဖြစ် သတ်မှတ်နေကြပြီ ဖြစ် သည်။ ထိုသို့သောကိစ္စရပ်များတွင် ဖက်ဒရယ်အစီအစဉ်များကို ဘာကြောင့်ကျင့်သုံးရသည်ဆို သည်များအတွက် အကြောင်းအကျိုးရှိပြီးဖြစ်ရာ စိန်ခေါ်မှုမှာ တည်ငြိမ်မှုအတိုင်းအတာတစ်ခုဖြင့် နိုင်ငံရေးအင်စတီကျူးရှင်းများ၏ လုပ်ငန်းဆောင်တာများလုပ်ဆောင်နိုင်ရေးခွင့်ပြုရန် လိုအပ်သောယုံကြည်မှုသို့မဟုတ် နစ်ဖက်နေရာပေးမှု အဆင့်တစ်ခုထိ အောင်မြင်ရန်ဖြစ်သည်။

## ခွဲထွက်ရေးဆိုသည့် မေးခွန်း

ခွဲထွက်ရေးဖြစ်နိုင်ခြေကို ကိုင်တွယ်ရန် စံနှုန်းသဖွယ် သတ်မှတ်ထားသော အခြေခံဥပဒေဖြင့် ချဉ်းကပ်ဖြေရှင်းမှုမျိုး မရှိပါ။ ဖက်ဒရယ်အခြေခံဥပဒေအများစုတွင် ဖြစ်နိုင်ခြေကို ဖယ်ထုတ်ထားသော်လည်း ခြွင်းချက်များတော့ ရှိသည်။ ခွဲထွက်ရေးအတွက် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများတိုးတက်လာခြင်းသည် အရေးပါသော ကိစ္စရပ်များကို ထွက်ပေါ်လာစေသည်။

ဖက်ဒရယ်နိုင်ငံအများအပြားတွင် နိုင်ငံ၏ ထာဝရစည်းလုံးညီညွတ်ရေးအတွက် သို့မဟုတ် ခွဲထွက်ရေးဖြစ်နိုင်ခြေကို ကာကွယ်ရန်အတွက် အခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များထည့်သွင်းထားသည်။ အမေရိကန်ပြည်ထောင်စု (မပြိုကွဲနိုင်သော ပြည်ထောင်စု)၊ မက္ကစီကို၊ ဘရာဇီး၊ နိုင်ဂျီးရီးယား၊ အိန္ဒိယ၊ စပိန်တို့မှာ နမူနာနိုင်ငံများဖြစ်သည်။ (စပိန်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက ခွဲထွက်ရေးအတွက် ဆန္ဒခံယူပွဲကျင်းပခြင်းကို တားမြစ်ထားသည်။) ဩစတြေးလျ၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံများတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းကိစ္စရပ်နှင့်ပတ်သက်၍ ဘာမှဖော်ပြမထားပေ။ အီသီယိုးပီးယား၏အခြေခံဥပဒေတွင် ခွဲထွက်ရေးအတွက် တရားဝင်အခွင့်အရေးပေးထား၍ဖြစ်လေ့ဖြစ်ထမရှိဟုဆိုရမည်ဖြစ်သည်။ သို့သော် ယင်းမှာအငြင်းပွားဖွယ်ဖြစ်ပြီး စမ်းသပ်မှုလည်း မပြုရသေးပေ။ ဆူဒန်ကမူ ငြိမ်းချမ်းရေးသဘောတူညီချက်၏ ကြားကာလ၊ ဆယ်နှစ်အကြာတွင် တောင်ဆူဒန်လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲပြုလုပ်နိုင်ရန် ခွင့်ပြုထားပြီး ထိုကာလအတွင်း ဖက်ဒရယ်အစီအစဉ်များနှင့် အာဏာခွဲဝေမှုများရှိပါသည်။ နိုင်ငံတကာဥပဒေတွင် လူထုအပေါ် လူ့အခွင့်အရေးကို ပြင်းပြင်းထန်ထန် ချိုးဖောက်လျှင်သော်လည်းကောင်း၊ ကိုလိုနီပြုထားခြင်းကို လွတ်လပ်ခွင့်မပေးလျှင် သော်လည်းကောင်း ဖြစ်မှသာ ခွဲထွက်ခွင့်ပြုမည်ကို တရားဝင်သည်ဟု ရှုမြင်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ပုံမှန်အားဖြင့် ခွဲထွက်ရေးကို ဆန့်ကျင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ နိုင်ငံတကာဆက်ဆံရေးကို မတည်မငြိမ်ဖြစ်စေတတ်၍ဖြစ်သည်။ အာဖရိကတွင် နိုင်ငံရေးအရ နယ်မြေသတ်မှတ်မှုများသည် တိုင်းရင်းသားလူမျိုးစုများစွာတို့အပေါ် သက်ရောက်မှုများရှိစေရာ ခွဲထွက်ခွင့်မှာ အာဖရိကတိုက်ကြီးမှ နိုင်ငံများဖွဲ့စည်းထားပုံကို အားနည်းသွားစေနိုင်သည်။ ထို့အပြင် မကြာသေးမီက ဆယ်စုနှစ်များအတွင်း ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလပ်ဗီးယား၊ ချက်ကိုစလိုဗက်ကီးယား၊ ပါကစ္စတန်နှင့် မလေးရှား (တက်တန်းတွင် စင်ကာပူကို အတင်းခွဲထုတ်ပစ်ခြင်းဖြစ်သည်) တို့ကဲ့သို့ နိုင်ငံများတွင် ခွဲထွက် သည့်ဖြစ်ရပ်များ

သို့မဟုတ် နိုင်ငံများပြိုကွဲသည့်ဖြစ်ရပ်များ ရှိခဲ့သည်။ ခွဲထွက်ခွင့်မှာ ဒီမိုကရက်တစ်ဖက်ဒရယ်နိုင်ငံများအတွက် ဒွိဟဖြစ်စရာများကို ပေါ်ပေါက်စေသည်။ ခွဲထွက်ခွင့်သည် တိုင်းပြည်တွင်းတင်းမာမှုများကို ဦးတည်သွားနိုင်ပြီး တမျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် မေးခွန်းထုတ်စရာဖြစ်သည့်ပြင် ဒေသတစ်ခု၏ ဖိအားပေးတောင်းဆိုစရာ ကိစ္စရပ် ဖြစ်လာနိုင်သည့်အန္တရာယ်ရှိနိုင်သည်။ ဖက်ဒရယ်ပြည်ထောင်စုများဆိုသည်မှာ နိုင်ငံသားများသည် မိမိတို့၏ဒေသအသိုက်အဝန်း (ကိုယ်စားပြုဒေသ) အရေးကိုသာမက တမျိုးသားလုံး အရေးအတွက်ပါ မိမိတို့ အရေးကဲ့သို့ သဘောထားရှိခြင်းအပေါ် အခြေခံရမည် ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ နိုင်ငံတစ်ခုလုံးကို ရေရှည်ရှင်သန်ဆက်နိုင်ရေးအတွက် ကျင့်ဝတ်ဆိုင်ရာ စိတ်ဓာတ်ခွန်အားရင်းနှီးမြုပ်နှံမှုများပေးနိုင်မည့် ဆုံးဖြတ်ချက်များ၊ ကတိကဝတ်များနှင့် အပေးအယူညှိနှိုင်းမှုများကိုသာ ပြုလုပ်ရမည်ဖြစ်သည်။ ယင်းနှင့် ဆန့်ကျင်ဖက်ဆိုရပါက ခွဲထွက်ရေးကို လိုလားသော ပြတ်သားသည့် လူများစုရှိနေခြင်းသည် ဖက်ဒရယ်နိုင်ငံတစ်ခုအတွက် အန္တရာယ်ကြီးသောကိစ္စတစ်ခုကို ဖြစ်ပေါ်စေနိုင်သည်။ ကနေဒါ၏တရားရုံးချုပ်က ခွဲထွက်ရန်နှင့်ပတ်သက်၍ ပြည်နယ်အတွင်း ပြတ်ပြတ်သားသားမဲအများစုရရှိပါက ဥပဒေဖြင့် ကြိုတင်ဆုံးဖြတ်ချက်မရှိစေရဘဲ ထိုပြည်နယ်ကို ဆွေးနွေးညှိနှိုင်းခြင်းများမှတဆင့် ခွဲထွက်နိုင်ရေးအတွက် လုပ်ရှားနိုင်သည်ဟု ဖော်ပြထားသည်။ ဆွေးနွေးညှိနှိုင်းမှုများသည် တရားဝင်ရှိနေသော လူများစုအုပ်စုနှစ်ခု၏ ရပိုင်ခွင့်များကို ပြန်လည်ပေါင်းစည်းရန်လိုအပ်ပြီး၊ ၎င်းတို့၏ နောက်ဆုံးနိဂုံးချုပ်သုံးသပ်ချက်သည် နိုင်ငံရေးအရ အဖြေဖြစ်လိမ့်မည်။ ထို့ကြောင့် တရားရုံးသည် ခွဲထွက်နိုင်သည့်ရပိုင်ခွင့် အပြည့်အရှိသည်ကို မတွေ့ရသော်လည်း ၎င်းတို့ပြည်နယ်အတွင်း ခွဲထွက်ရေးအတွက် ပြတ်သားသော အများစုမဲရခဲ့ခြင်းကြောင့် ကျင့်ဝတ်ပိုင်းအရ အခွင့်အရေးပေးခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ တွင် မွန်တန်နီဂရိုသည် ခွဲထွက်ရန်အတွက် သတ်မှတ်ထားသော မဲ ၅၅% ကို ရရှိသဖြင့် ယူဂိုဆလပ်ဗီးယားမှ ခွဲထွက်ခဲ့သည်။

# အခန်း (၁၀)

## ဖက်ဒရယ်စနစ်အကြောင်း ဆင်ခြင်ခြင်း

### ဖက်ဒရယ်စနစ်၏ အားသာချက်နှင့် အကန့်အသတ်များ

ဖက်ဒရယ်စနစ်သည် ဒီမိုကရေစီအုပ်ချုပ်ရေးအတွက် ကမ္ဘာကြီး၏အထောက်အကူအတွက် အသုံးပြုစရာနည်း များတွင် အရေးပါသော နည်းလမ်းတစ်ခုဖြစ်သည်။ ဖက်ဒရယ်စနစ်သည် သက်တမ်းရင့်အခြေကျပြီး သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံအများအပြား ထူထောင်နိုင်ခြင်းဖြင့် သက်သေပြပြီးဖြစ်သည်။ သို့သော်လည်း ဖက်ဒရယ်စနစ်သည် တစ်ပြည်ထောင်နိုင်ငံများထက်ပို၍ ဒီမိုကရေစီ သို့မဟုတ် ကောင်းမွန်သောအုပ်ချုပ်ရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟုကား အာမခံနိုင်လိမ့်မည်မဟုတ်ပေ။

ဖက်ဒရယ်စနစ်မှာ သက်သေထူနိုင်သော အုပ်ချုပ်ရေးပုံစံတစ်ခုအဖြစ် ထင်ရှားစွာရှိနေသော်လည်း အခြားသော ဒီမိုကရက်တစ်အုပ်ချုပ်ရေးပုံစံများကဲ့သို့ အားသာချက်နှင့် အားနည်းချက် အများအပြားပင် ရှိပါသည်။ ဖက်ဒရယ်စနစ်သည် ပဋိပက္ခများ၊ အဂတိလိုက်စားမှုများ၊ သို့မဟုတ် ဒီမိုကရက်တစ်အစီအစဉ်များလွဲချော်သွားခြင်းများကို ခံနိုင်ရည်ရှိသည်ဟု မဆိုနိုင်ပါ။ သို့သော်လည်း ၎င်းစနစ်သည် အထူးသဖြင့်လူဦးရေများပြားလွန်းသော သို့မဟုတ် နယ်မြေကြီးမားကျယ်ပြန့်သော သို့မဟုတ် မတူကွဲပြားခြားနားသည့် လူမျိုးပေါင်းစုံနေထိုင်ကြသော နိုင်ငံများ၏ အခြေအနေများအတွက် ပိုသင့်လျော်သည်ဟု ရှင်းရှင်းလင်းလင်းဆိုနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့ကဲ့သို့ သက်တမ်းရင့်အခြေကျပြီးသော ဖက်ဒရယ်နိုင်ငံများပင်လျှင် ပို၍ဗဟိုချုပ်ကိုင်မှုများလာသည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ခေတ်မီဆက်သွယ်ရေးစနစ်များ၊ ညှိနှိုင်းဆောင်ရွက်သော မူဝါဒများအတွက် တွန်းအားနှင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ ဖိအားတို့ကြောင့်ဖြစ်သည်။ ကနေဒါ၊ အိန္ဒိယနှင့် ဆွစ်ဇာလန် တို့ကဲ့သို့သော နိုင်ငံများကမူ ဗဟိုချုပ်ကိုင်မှုလျှော့ချထားဆဲ သို့မဟုတ် ဗဟိုချုပ်ကိုင်မှုကို လျှော့ချလာခြင်းများ တွေ့ရသည်။

### ဖက်ဒရယ်စနစ် ကြီးထွားလာမှုသည် သင့်လျော်မှုရှိခြင်း

ဖက်ဒရယ်စနစ်အပေါ် အာရုံပိုစိုက်လာရခြင်းသည် ဒီမိုကရေစီအစိုးရများ ကျယ်ပြန့်လာခြင်း၊ အချို့နိုင်ငံများ၌ သရုပ်လက္ခဏာဆိုင်ရာ နိုင်ငံရေး ကြီးထွားလာခြင်း၊ ယခင်အချုပ်အခြာအာဏာပိုင်နိုင်ငံများကိုအတူတကွစုစည်းပေးသောစမ်းသပ်မှုအသစ်များနှင့် ပဋိပက္ခအလွန်အခြေအနေတွင် တည်ငြိမ်သော အုပ်ချုပ်ရေးဖော်မြူလာကို ကြိုးပမ်းရှာဖွေလာခြင်းတို့ကြောင့် ဖြစ်သည်။

အထက်ပါအကြောင်းအချက်များသည်ဖက်ဒရယ်စနစ်ကိုယနေ့ခေတ်မီကမ္ဘာကြီးနှင့် ပိုမိုသင့်လျော်စေရန် လုပ်ဆောင်ပေးနေသလိုဖြစ်သည်။ အခြေခံအကျဆုံးအချက်မှာဒီမိုကရေစီကို ဖော်ဆောင်လာမှုများ ပျံ့နှံ့လာခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဒီမိုကရေစီဖော်ဆောင်လာခြင်းသည် မူလကအာဏာရှင်စနစ်ကျင့်သုံးသော ဖက်ဒရယ်နိုင်ငံများကို ပြန်လည်

အသက်ဝင်လာစေသည် သို့မဟုတ် မူလက တစ်ပြည်ထောင်စနစ်ကျင့်သုံးသော နိုင်ငံအချို့တွင် ဖက်ဒရယ်စနစ်ကျင့်သုံးရန် ဖိအားများဖန်တီးလာစေသည်။ ထို့အတူ ခွဲထွက်ရေးနှင့် ပတ်သက်၍ အားကောင်းသောအတွင်း သို့မဟုတ် အပြင်အင်အားစုများရှိသည့် ပဋိပက္ခလွန်အခြေအနေများတွင် ဖက်ဒရယ်စနစ်ဆီသို့ ဦးလှည့်လာကြခြင်းဖြစ်သည်။

## ဖက်ဒရယ်စနစ် အောင်မြင်စေရန် အခြေအနေများ

ဖက်ဒရယ်စနစ်သည် တရားဥပဒေစိုးမိုးမှု၊ လူဦးရေအုပ်စုအမျိုးမျိုးကြားတွင် မတူကွဲပြားခြားနားမှုကို လက်ခံမှုနှင့် နေရာပေးမှု အလေ့အထ၊ မျှဝေခံစားကြသည့် သရုပ်လက္ခဏာ၏ထင်ရှားသောအစိတ်အပိုင်းများတို့ကို ကျယ်ကျယ်ပြန့်ပြန့်အလေးထားသည့် နိုင်ငံများတွင် အကောင်းဆုံးအလုပ်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုကို အောင် အောင်မြင်မြင်ဖြစ်စေရန်အတွက် အင်စတီကျူးရှင်း အစီအစဉ်များမှာလည်း အရေးကြီးပါသည်။

အချို့ဖက်ဒရယ်နိုင်ငံများတွင် နက်ရှိုင်းသောဒဏ်ရာဒဏ်ချက်များပြည့်နှက်နေနိုင်ရာ ဖက်ဒရယ်နိုင်ငံတစ်ခု၏ လုပ်ငန်းဆောင်တာများမှာ တရားဥပဒေစိုးမိုးမှုကို အလေးထားပြီး တရားရုံးများ လွတ်လပ်မှုရှိသော လူ့အဖွဲ့အစည်းတွင် အကောင်းဆုံးဖြစ်လိမ့်မည်ဆိုသည်မှာ သံသယရှိစရာမလိုပေ။ မတူကွဲပြားမှု မြင့်မားသော လူ့အဖွဲ့အစည်းများတွင် မတူကွဲပြားမှုကို လက်ခံမှုနှင့် နေရာပေးမှုရှိသည့် နိုင်ငံရေးဓလေ့ ထွန်းကားရန် လိုအပ်သည်။ လူမျိုးရေး၊ ဘာသာဗေဒနှင့် ကိုးကွယ်သည့်ဘာသာဆိုင်ရာတို့တွင် နက်ရှိုင်းသော အက်ကြောင်းများရှိနေသော ဖက်ဒရယ်နိုင်ငံများတွင်မူ တည်ငြိမ်မှုဆက်လက်တိုးတက်ဖြစ်ပေါ်နေစေရန်မှာ မတူကွဲပြားမှုကို လက်ခံရုံမျှ အနေအထားကို ကျော်လွန်၍ မတူကွဲပြားမှုကို တက်ကြွနွေးထွေးစွာ လက်ခံမှုဓလေ့အားတိုင်းပြည်ကိုအဓိပ္ပာယ်သတ်မှတ်မှု၏အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်စေကာ ၎င်း၏တန်ဖိုးများကို ပေးအပ်နိုင်သာ ဖြစ်နိုင်ပါလိမ့်မည်။ အင်စတီကျူးရှင်းဆိုင်ရာအစီအစဉ်များသည် လူ့အဖွဲ့အစည်းကို ၎င်းတို့၏ပဋိပက္ခများအား ၎င်းတို့ဘာသာ စီမံခန့်ခွဲနိုင်အောင် ကူညီပေးနိုင်သည်။ သို့သော် အင်စတီကျူးရှင်းတစ်ခုတည်းမျှဖြင့် မလုံလောက်ပေ။ လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုနှင့်ပတ်သက်သော အနစ်သာရအပေါ် ကျယ်ကျယ်ပြန့်ပြန့် သံမိဋ္ဌာန်ချိုင်မာရမည်ဖြစ်သည်။ ဤနေရာတွင် ခေါင်းဆောင်လုပ်သူများသည် အရေးကြီး ပေသည်။ ယူဂိုဆလပ်ဗီးယားမှကဲ့သို့ လူ့အဖွဲ့အစည်းကို ခွဲခြားပစ်မည်လား၊ အိန္ဒိယမှ ဂန္ဒီနှင့် နေရူး၊ တောင်အာဖရိကမှ မင်ဒဲလားတို့ကဲ့သို့ အမျိုးသားရေး စိတ်ဓာတ်မျှဝေခြင်း၏ အနစ်သာရကို တည်ဆောက်ပေးမည်လား။ အတိတ်က ဖက်ဒရယ်စမ်းသပ်မှုမျိုးစုံ မအောင်မြင်ခဲ့ရသည်မှာ ဒီမိုကရေစီနှန်းခြင်း၊ နိုင်ငံကိုမျှဝေပိုင်ဆိုင်သည့်သမိုင်းကြောင်းအနည်းငယ်သာရှိခြင်း သို့မဟုတ် ဖက်ဒရယ်ကို ဖွဲ့စည်းထားပုံတွင် ကိုယ်စားပြုဒေသ နှစ်ခု၊ သုံးခုမျှဖြင့်သာ ပါဝင်ခြင်းအပြင် ထိုကိုယ်စားပြုဒေသများက အလွန်ထင်ရှားသောလူ့အသိုင်းအဝိုင်းနှစ်ခု သုံးခုကိုသာ ကိုယ်စားပြုထားခြင်းတို့ကြောင့် ဖြစ်သည်ကများပေသည်။ အချို့သော မတူကွဲပြားမှု မြင့်မားသည့် တိုင်းပြည်များတွင် အခြေခံဥပဒေအရ တက်လာသောအစိုးရအတွက် ဒီမိုကရေစီနည်းကျကျ တည်ငြိမ်စွာဖြင့် တသမတ်တည်း ရှိနေနိုင်ရန် ဖက်ဒရယ်စနစ်သည် တစ်ခုတည်းသောပုံစံ

ဖြစ်ကောင်းဖြစ်နိုင်သည်။

## ဖက်ဒရယ်စနစ်ကို နှိုင်းယှဉ်လေ့လာခြင်းမှ သင်ယူခြင်းများ

ဖက်ဒရယ်အင်စတီကျူးရှင်းများအား နားလည်ရန် သို့မဟုတ် ဒီဇိုင်းဆွဲရန် လွယ်ကူသော ဖော်မြူလာရယ်လို့ မရှိပါ။ သို့သော် ဖက်ဒရယ်နိုင်ငံအမျိုးမျိုး နှိုင်းယှဉ်လေ့လာခြင်းအားမှ ရရှိသောဗဟုသုတများသည်သီးသန့်အခြေအနေများတွင်မတူသောဖက်ဒရယ်အစီအစဉ်များက မည်သို့အလုပ်လုပ်သွားနိုင်သည်ကို စဉ်းစားရာတွင် အထောက်အကူဖြစ်ပါသည်။

ရှုပ်ထွေးလှသော လူ့အဖွဲ့အစည်းများ၏ နိုင်ငံရေးသည် အင်စတီကျူးရှင်းဆိုင်ရာ ဒီဇိုင်းရေးဆွဲရန် ရိုးရှင်းသော ဟင်းချက်နည်းစာအုပ်ကဲ့သို့သော ရိုးရှင်းသော နည်းလမ်းမျိုးကို ခွင့်မပြုပေ။ တူညီသော အင်စတီကျူးရှင်းများသည်ပင် အမျိုးမျိုးသော နိုင်ငံရေးနှင့် လူမှုရေး အခြေအနေများအောက်တွင် အတော်လေးကွဲပြားခြားနားစွာ အလုပ်လုပ်ကြသည်ကို မြင်တွေ့ရပါသည်။ တူညီသော ဖက်ဒရယ်အစီအစဉ်များသည်လည်း လူမျိုးတစ်မျိုးတည်းသာရှိသော လူ့အဖွဲ့အစည်းနှင့်ပို၍မတူကွဲပြားသောလူ့အဖွဲ့အစည်းတို့တွင်အလုပ်လုပ်ရပါက ကွဲပြားခြားနားစွာ လုပ်ဆောင်ကြပေလိမ့်မည်။ ထို့အတူ တစ်ခါတစ်ရံ ကြုံတွေ့ရမည့် ဆိုးရွားသည့် အခြေအနေများသည် အသေးစိတ်အစီအစဉ်များ၌ ရှိနေတတ်ရာ အဖွဲ့အစည်းများ၏ လက်တွေ့လုပ်ငန်းဆောင်တာများကို ပုံဖော်ပေးသည့် ပို၍အသေးစိတ်သော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်ရန် သတ်မှတ်ထားသော ဒေသ (ပြည်နယ်ကဲ့သို့သော) အရေအတွက်၊ အာဏာခွဲဝေမှု၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အဖွဲ့များစသည့် အခရာကျသော အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များကိုကျော်လွန်၍ကြည့်မြင်နိုင်ရမည်ဖြစ်သည်။ ဖက်ဒရယ်စနစ်ကိုနှိုင်းယှဉ်လေ့လာခြင်းသည် အဓိပ္ပာယ်ပိုရှိသောမေးခွန်းများ ပို၍မေးတတ်လာရန်၊ အဆက်အသွယ်ကောင်းရှာဖွေရန်နှင့် အချို့အစီအစဉ်များ၏ ဖြစ်လာနိုင်သော သက်ရောက်မှုများအပေါ် ပိုမိုအာရုံခံလာနိုင်စေရန် အထောက်အကူပြုမည် ဖြစ်သည်။ နှိုင်းယှဉ်လေ့လာမှုများသည် ကျွန်ုပ်တို့အား ပိုကောင်းသော စောင့်ကြည့်လေ့လာသူများဖြစ်လာစေသလို ကျွန်ုပ်တို့၏ အကောင်းအဆိုးပိုင်းခြားဆုံးဖြတ်မှုများကိုလည်း ပိုမိုထက်မြက်စေပါသည်။

# ကျေးဇူးတင်လွှာ

ဖက်ဒရယ်စနစ်နှင့်ပတ်သက်ပြီး အဓိကကျသည့်စာအုပ်များ၏ အကူအညီမပါပဲ ဤစာအုပ်ကို ရေးနိုင်လိမ့်မည်မဟုတ်ဟု ပြောလိုပါသည်။ ပထမဆုံးပြောလိုသည်မှာ Ron Watts ၏ Comparing Federal Systems စာအုပ် ဖြစ်ပြီး အနစ်ချုပ် နှိုင်းယှဉ်ဖော်ပြမှုများနှင့်ဇယားကွက်များအတွက် မှုရင်းကိုးကားစာအုပ်ဖြစ်ပါသည်။ Ron သည် ကျွန်တော်၏ ဆရာဖြစ်ခဲ့ဖူးကာ Forum of Federations ကို တည်ထောင်သူ ဒါရိုက်တာ ဖြစ်ပါသည်။ သူသည် ဤစာအုပ်၏စာသားများကို ဖတ်ရှုသုံးသပ်ပေးခဲ့ရာ အချက်အတော်များများကို ပိုကောင်းအောင် အကြံပြုခဲ့ရုံမျှမက သူ၏ကွန်ဝင်စာအုပ်ကို တတိအကြိမ်ရိုက်နှိပ်ရန် သုတေသနပြုနေသော ဘဏ္ဍာငွေဆိုင်ရာ အစီအစဉ်များ မှ ရလဒ်အချို့အား ရက်ရောစွာ ပေးသုံးခဲ့သည်။ ထို့ပြင် ကျွန်တော်သည် မှ Forum of Federations ထုတ်ဝေသော အစီအစဉ်မှလည်းများစွာ အကျိုးအမြတ်ရှိပါသည်။ ၎င်းမှာ အရေးပါသော အတွဲလေးခုအတွက် စာအုပ်ခြောက်အုပ် ထုတ်ဝေပြီးဖြစ်သည်။ အခြားကိုးကားခဲ့သော စာအုပ်များကို နောက်ထပ်ဖတ်စရာ စာအုပ်စာရင်းတွင် ဖော်ပြထားပါသည်။

ဤစာအုပ်စာမူကြမ်းကို ပညာရှင်မိတ်ဆွေအတော်များများက ဖတ်၍ မှတ်ချက်များပေးခဲ့ကြသည်။ ၎င်းတို့မှာ Miguel Angel Cabellos၊ David Cameron၊ Harvey Lazan Peter Leslie၊ Richard Simeon နှင့် Marie – Joelle Zahar တို့ဖြစ်ကြသည်။ Forum မှ အဖွဲ့ဝင်ဝန်ထမ်းများဖြစ်သည့် Raoul Blindenbachen Celine Auclair ၊ Rupak Chattopadyhay နှင့် Rod Macdonell တို့ကလည်း မှတ်ချက်များပေးခြင်းနှင့် အခြားအကူအညီများကို ပေးကြပါသည်။ Ernest Hillen နှင့် Marta Tomins တို့သည် တည်းဖြတ်သည့် အလုပ်ကြီးကို လုပ်ဆောင်ပေးကြသည်။ Marta သည် အောက်စ်ဖို့တက္ကသိုလ် ပုံနှိပ်တိုက်၊ ကနေဒါမှ David Stover နှင့် တန်ဖိုး မဖြတ်နိုင်သော မိတ်ဆက်ပေးခြင်းကို လုပ်ပေးခဲ့သည်။ ခတ္တမန်ဒူမှ Yash Ghai နှင့် Jill Cottrell တို့သည် ပထမဆုံး ဘာသာပြန်ဆိုမှုအဖြစ် နီပေါဘာသာသို့ ပြန်ဆိုပေးခဲ့ကြသည်။ ကျွန်တော်၏ ဇနီးဖြစ်သူ Charlotte Gray သည် ပိုမိုရှင်းလင်းသည့် စကားပြေပုံစံအပြင် အခြားများစွာသော ပံ့ပိုးမှုများပေးခဲ့ပါသည်။

## Further Readings

There is a vast literature on federalism. The following selections focus on relatively recent publications with a comparative perspective.

Ugo M.Amoretti and Nancy Bermeo, eds. *Federalism and Territorial Cleavages* (Johns Hopkins University Press: Baltimore, 2004)

Richard Bird and Thomas Stauffer, eds., *Intergovernmental Fiscal Relations in Fragmented Societies* (Institute of Federalism: Fribourg, Switzerland, 2001)

Raoul Blindenbacher and Arnold Koller, eds., *Federalism in a Changing World: Learning from Each Other* (McGill-Queen's University Press: Montreal, 2003)

Robin Boadway and Anwar Shah, eds., *Intergovernmental Fiscal Transfers: Principles and Practice* (World Bank: Washington, DC, 2007)

Michael Burgess, *Comparative Federalism: Theory and Practice* (Routledge: London, 2006)

D.J. Elazar, *Exploring Federalism* (University of Alabama Press: Tuscaloosa, 1987)

Edward L. Gibson, ed., *Federalism and Democracy in Latin America* (Johns Hopkins University Press: Baltimore, 2001)

Ann L. Griffiths, ed., *Handbook of Federal Countries, 2005* (McGill-Queen's for the Forum of Federations: Montreal, 2005)

Thomas O. Heuglin and Alan Fenna, *Comparative Federalism: A Systematic Inquiry* (Broadview Press: Peterborough Ontario, 2006)

*International Social Science Journal,* Special Issue on Federalism (2001)

John Kincaid and G. Alan Tarr, eds., *Constitutional Origins, Structure, and Change in Federal Countries,* (McGill-Queen's University Press: Montreal, 2005)*

Katy Le Roy and Cheryl Saunders, *Legislative, Executive and Judicial Governance in Federal Countries* (McGill-Queen's University Press: Montreal, 2006)*

Akhtar Majeed, Ronald L. Watts and Douglas M. Brown, *Distribution of Powers and Responsibilities in Federal Countries* (McGill-Queen's University Press: Montreal, 2006)*

*Publius: The Journal of Federalism,* Special Issue: The Global Review of
Federalism (2002)

Anwar Shah, ed., *The Practice of Fiscal Federalism: Comparative Perspectives* (McGill-Queen's University Press: Montreal, 2007)*

G. Alan Tarr, Robert F. Williams, Josef Marko, eds., *Federalism, Subnational Constiutions, and Minority Rights* (Praeger: Westport,

2004)
Teresa Ter-Minassian, ed., *Fiscal Federalism in Theory and Practice* (International Monetary Fund: Washington, DC, 1997)
Ronald L. Watts, *Comparing Federal Systems*, 2nd edition (McGill-Queens University Press: Montreal, 1999). A third edition is expected in late 2007.
Ronald L. Watts, *The Spending Power in Federal Systems: A Comparative Study* (McGill-Queen's University Press: Montreal, 1999)
* Indicates a volume in the Forum of Federations and the International Association of Centres for Federal Studies, *A Global Dialogue on Federalism. Volumes on Foreign Relations in Federal Countries* (Hans J. Michelmann, ed.) and *Local Government and Metropolitan Regions in Federal Countries* (Nico Steytler, ed.) are in preparation and other subjects
will follow. There are short booklets to accompany all of these volumes, published by the Forum of Federations and available on its website *www.forumfed.org. The website also includes many articles on federalism, including material from some of the volumes cited above*

Konrad Adenauer Stiftung

Forum of Federations

The Global Network on Federalism and Devolved Governance

ဖက်ဒရယ်နိုင်ငံများသည် အလွန်ကွဲပြားသော အခြေအနေအမျိုးမျိုးမှ ထွက်ပေါ်လာခဲ့ကြခြင်းဖြစ်ပြီး တစ်နိုင်ငံချင်းစီသည် နိုင်ငံရေးခေါင်းဆောင်များနှင့် သမိုင်းနောက်ခံ အင်အားစုကြီးများ၏ ရွေးချယ်မှုများက ထွက်ပေါ်လာသော သီးသန့်ရလဒ်များ ဖြစ်ကြသည်။ ဖက်ဒရယ်စနစ်သည် ယခင်က သီးခြားကွဲပြားနေသောအပိုင်းများကို နိုင်ငံသစ်တစ်ခုအဖြစ် အတူတကွပေါင်းစည်းရန်ဖြစ်စေ၊ ယခင်က တစ်ပြည်ထောင်နိုင်ငံကို ပြန်လည်ဖွဲ့စည်းရန်ဖြစ်စေ လုပ်ဆောင်ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်နှစ်ခုကို အတူတကွလုပ်ဆောင်ခြင်း၏ ရလဒ်လည်း ဖြစ်နိုင်သည်။

ဖက်ဒရယ်နိုင်ငံတိုင်းသည် သီးခြားအခြေအနေများ ရှိကြသည်။ ဖက်ဒရေးရှင်း ပြည်ထောင်စုများကို ဘာကြောင့် ဖန်တီးသလဲ၊ ဘယ်လိုဖြစ်ပေါ်တိုးတက်လာသလဲဟူသောကိစ္စတွင် အားလုံးဆင်တူသော အချက်အနည်းငယ်သာ ရှိသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ဖက်ဒရယ်နိုင်ငံ ထူထောင်မှုတိုင်းတွင် ရှိရင်းစွဲအကြမ်းဖက် ပဋိပက္ခကို လျှော့ချရာတွင် ဖြစ်စေ၊ အဆုံးသတ်လုပ်ဆောင်ရာတွင်ဖြစ်စေ အဆိုပါ ရည်မှန်းချက်အသီးသီးကို သိရှိနားလည်ပြီး ပြန်လည်စုစည်းနိုင်သည့် နည်းလမ်းအနေနှင့် နိုင်ငံရေးခေါင်းဆောင်များက အစိုးရအလွှာနှစ်မျိုး (ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ) ကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းကြသည်။